http://www.dhammadownload.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

## လမင်း၏ အလင်းသစ္စာ

(ဓမ္မစာစု)

လဟာ ... လောကသားတို့အပေါ်
ရံတစ်ခါခေါင်းရင်းကနေပြီး စောင့်ရှောက်ပေးတယ်။
ရံတစ်ခါ ကိုယ်ပေါ်တည့်တည့်ကနေပြီး စောင့်ရှောက်ပေးတယ်။
ရံတစ်ခါမှာတော့ ခြေရင်းကနေလည်း စောင့်ရှောက်မှုပေးတတ်ပြန်သေးတယ်။

ခေါင်းရင်းက စောင့်ရှောက်မှုပေးချိန်ဟာ အမေ့မေတ္တာလို စိတ်ချရပြီး
ကိုယ်ပေါ်ကစောင့်ရှောက်နေချိန်မှာ ခင်ပွန်းကောင်းပမာ စိတ်ချရပါတယ်။
ခြေရင်းက စောင့်ရှောက်ပေးပုံမျိုးကတော့ သားသမီးပမာ အားကိုးရပါတယ်။

လောကသားများအဖို့ နေရောင်အောက် လျှောက်လှမ်းရပါများပြီး
သွေးပူလို့စိတ်ကြွမ်း ကိုယ်သရမ်းလို့ ပင်ပန်းလှပါပြီဆိုရင် လရောင်နှင့်တူသော
သူမြတ်တို့ရဲ့စောင့်ရှောက်မှု ဓမ္မအေးရိပ်မှာ ခွေးသိပ်လှည့်ပါတော့လို့ ... ။

**မောင်သွေးချွန်**
စုစည်းပူဇော်သည်

2004 GRAPHIC DESIGNED BY ZIN MIN LU & AIKE MOON

မဟာဗောဓိမြိုင်ဆရာတော် လမင်း၏ အလင်းသစ္စာ





သု ဝဏ္ဏ သျှ မ် စာ ပေ

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

## လမင်း၏ အလင်းသစ္စာ

(ဓမ္မစာစု)



**မောင်သွေးချွန်**
စုစည်းပူဇော်သည်

http://www.dhammadownload.com

## အမှတ်တရ

အဖကိုယ်စား သာသနာထား၍
အမိကိုယ်စား နိုင်ငံထား၍
ချစ်သားပြုစု လုပ်ကျွေးမှုဖြင့်
နုရာမှရင့် ရင့်ပြီးပွင့်အောင်
ဖွံ့ဖြိုးနှောင်
ကျင့်ဆောင် အားသစ် ရပါစေ။

မောင်သွေးချွန်

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄၊ သာယာအေးလမ်း (၃)ရပ်ကွက်၊
မရမ်းကုန်း၊ ရန်ကုန်မြို့
ဖုန်း - ၆၆၀၆၇၀

http://www.dhammadownload.com

ပထမအကြိမ်

၁၃၆၆ ခုနှစ်၊ တန်ခူး-ကဆုန်

၂၀၀၄ ခုနှစ်၊ ဧပြီလ

စာမူခွင့်ပြုချက်အမှတ် - ၁၆၃/၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၁/၂၀၀၃ (၅)

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံး - ခင်မင်းလူနှင့် အိုက်မွန်း

စာစီ - 'စံ'ကွန်ပျူတာ

အတွင်းဖလင် - AZ

စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)၊ ဖုန်း- ၃၇၈၈၅၈

အဖွင့်ဓာတ်ပုံ - ခင်မောင်သန်း (နတ်တာလူ)

ထုတ်ဝေသူ

ဦးမြင့်စိုး (ယာယီ-၈၃၂) ပန်းစကြာစာပေ၊

အမှတ်(၇၄)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်

ဦးစွန်ကော်ယု မာကဏ္ဍရီအော့ဖ်ဆက်

အမှတ်-၄၉၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဒေါ်ထားထားကြည်(မြ-၀၆၀၁၃) ထင်အော့ဖ်ဆက်

အမှတ်-၃၇၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ရေး

နန်းရွှေအေး၊ ငြိမ်းချမ်းသာ၊ နန်းစုစန္ဒာစိုး

တန်ဖိုး 1500

မွမ်းမံပန်းတီးမှု - အိုက်မွန်း

http://www.dhammadownload.com

နမော တေ ဗုဒ္ဓ ဝီရတ္ထု။

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်-၂၃

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

၏

# လမ်း၏အလင်းသစ္စာ

(ဓမ္မစာစု)

မောင်သွေးချွန်
စုစည်းပူဇော်သည်။

http://www.dhammadownload.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း ကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသား အားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း**
**အေးရန်ကင်းကွာ ပြည်သာယာ။**

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဖင်းကျိုက် | ဖင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဖင်းကျိုက် | မင်းတစ်ရာတစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဖင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ်၊ |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဓာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ (ဒီးဒုတ်ဒုဋ္ဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဏ္ဍိုမ ဓမ္မမောနိဂူ | တစ်ဝါ (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရွာအနီး) |
| ၂၃ | ၁၃၆၃ | ပုလဲ | ပဋ္ဌိပတ်တောစခန်း | ဝက်ကျ၊ ကျော်တောရွာအနီး |
| ၂၄ | ၁၃၆၄ | ပုလဲ | စံရိပ်ငြိမ်တောရ | ဝက်ကျ၊ ကျော်တောရွာအနီး |

http://www.dhammadownload.com

## ခေတ္တ သီတင်းသုံးခဲ့ဖူးသော နေရာများ

| စဉ် | ခုနှစ် | ဒေသ | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဖင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ဖင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ယန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ● | အမှာစာ (လမင်း၏ အလင်းသစ္စာ) | ၁ |
| ၁။ | တစ်လိမ်နှစ်လိမ်ပွေလိမ်ရှုပ်တယ် | ၅ |
| ၂။ | စိတ်နှင့်ကိုယ် ယှိုးစီးခြင်း | ၁၃ |
| ၃။ | နေလ နှစ်ဆူ အပူအအေး | ၁၇ |
| ၄။ | သီလရှင်ဘဝသို့ ပထမခြေလှမ်း | ၂၅ |
| ၅။ | သိက္ခာစုံတင် သီလရှင်ဘဝသို့ ပန်းဝင်ခြေလှမ်းများ | ၃၇ |
| ၆။ | အများအကျိုး သယ်ပိုးဆောင်ရွက် နှတ်ပြည့်တက်လော့ | ၄၇ |
| ၇။ | အာရုံငါးပါး ကျော်လွှားလွန်မြောက် | ၅၉ |
| ၈။ | သိက္ခာသုံးဆင့် ဉာဏ်အပွင့် | ၆၇ |
| ၉။ | ဘူရိဒတ်လို ဥပုသ်သည်မျိုး | ၇၅ |
| ၁၀။ | မေတ္တာလမ်းစဉ် မေတ္တာကျင့်စဉ် | ၉၁ |
| ၁၁။ | ကြိုက်လောဘနှင့် ပြိတ္တာဘဝ | ၁၀၅ |
| ၁၂။ | ရဟန်းတစ်ပါး၏ လောကခံမှတ်စုများ | ၁၁၉ |
| ၁၃။ | လူချစ်နတ်ချစ် တောရရှင် | ၁၃၉ |
| ၁၄။ | မြွေကွန်ရက်ဖြန့်ကျက်ရာ | ၁၅၅ |
| ၁၅။ | နတ်တလူတောရမှ မင်းဘိသိက်ခံဘုရား | ၁၆၉ |

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝီရဿ

# လမင်း၏အလင်းသစ္စာ

## အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ ၁၃၆၁ ခုနှစ်ကစပြီး ပုံတောင်ပုံညာတောကြီးအတွင်း ကြွလှမ်းသွားတော်မူခဲ့ပါတယ်။ ပုံတောင်ပုံညာတောတောင်များအတွင်း တရားအားထုတ်နေစဉ် ဘယ်သူမှ လိုက်မလာရဟု ကြိုတင်မိန့်မှာခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါသော် အချို့သော တပည့်ဒကာတို့သည် ဧည်းကမ်းဖောက်ဖျက် နှောင့်ယှက်သောအားဖြင့် ဆရာတော်ဘုရားထံ အရောက်သွားဖူးမြော်ကြတယ်လို့ သိရပါတယ်။ တစ်ယောက်တစ်ဖွဲ့ တစ်ကြိမ်လိုက်လာ နှောင့်ယှက်လေတိုင်း ဆရာတော်ဘုရား တစ်တောတစ်တောင်ပြောင်း၍ ပြောင်း၍ သီတင်းသုံးအားထုတ်ခဲ့ရသည်မှာလည်း သုံးနေရာ သုံးဌာန ရှိခဲ့ပြီလို့ ကြားသိရပါတယ်။ တစ်တောမှ တစ်တောသို့ တစ်တောင်မှ တစ်တောင်သို့ ခရီးကြမ်း ဖြတ်သန်းရရှာသော ဆရာတော်၏ ကာယိက ဒုက္ခကို တပည့်ဒကာများ ငဲ့ညှာစာနာ ကြည်ညိုတတ်ကြပါစေလေ။

ကိလေသာအပူ လူသူဝေးရာ တောကြီးမြိုင်လယ်မှာ တရားမွေသာလျှင် ထောက်ရာတည်ရာဟူ၍ တရားရှာမှီးလျက် ရှိပါသော ဆရာတော်ကြီးအား တရားအလုပ်ပျက်အောင် နှောင့်ယှက်မိခြင်းသည် မည်မျှအပြစ်ကြီးသည်ကို ကျွန်တော်တို့ ပြန်သုံးသပ်ဖို့ လိုပါလိမ့်မယ်။ မိဘတို့ရှာသမျှ နေဥစ္စာတို့သည် သားသမီးများအတွက် ရည်ရွယ်သကဲ့သို့ ဆရာတော်ကြီး ရှာမှီးသမျှ တရားမွေဟူသည်လည်း တပည့်ဒကာ

http://www.dhammadownload.com



ဝေနေယျများ အားလုံးအတွက်သာပါ။ ပေးသူက ပေး၍ ယူသူက ယူတတ် ရပါလိမ့်မယ်။ တရားမွေဟူသည် ခနဥစ္စာများ ရယူသိမ်းပိုက်သကဲ့သို့ လောဘဒေါသ မာန်မာနများနှင့် ယူလို့မရကောင်းပါချေ။

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် တစ်ပါးတည်း အားထုတ်နေလျက်က တစ်ပါးမှ အများသို့ ဓမ္မဓာတ်များ ထုတ်လွှင့်ဖြန့်ဝေ ပေးလျက် ရှိပါတယ်။ သို့သော် ဆရာတော်ပေးဝေသော တရားမွေကို မသိကြ၊ မမြင်ကြကုန်သော အချို့ဝေနေယျတို့သည် ဆရာတော်တည်း ဟူသော ရုပ်ရှုပကာယကြီးရှိရာသို့သာ ပြေးကပ်နေချင်ကြပါတော့တယ်။ တစ်ချိန်တစ်ခါက တစ်ကြိမ်တစ်ခါမက နေ့ပေါင်းများစွာ ညပေါင်းများစွာ တပည့်ဒကာတို့ အပူကပ်သမျှ ဆရာတော်ဘုရားကြီး အပြုံးမပျက် အပူခံ ခဲ့ပြီးပါပြီ။ ယခုကဲ့သို့သော ဝိကာလအခါသမယ ရူတင်ဆောက်တည် နေချိန်တွင် ဆရာတော်ဘုရားကြီးအား အပူမကပ်သင့်တော့၊ မနှောင့် ယှက်အပ်တော့သည့်အပြင် ပို၍လေးမြတ် ပို၍သိတတ်စွာဖြင့်သာ ဖူးတွေ့ စေချင်ပါတော့တယ်။

လမင်းကြီးကို ဆုပ်ကိုင်ထားမှ လရောင်ရဲ့အလင်းဓာတ်၊ အအေး ဓာတ်တို့ကို ရသည်မဟုတ်။ လသာနေပါသည်ကို ခံယူတတ်ပါလျှင် လမင်း၏အလင်းဓာတ် အအေးဓာတ် ဟပ်တော့သည်သာ။ လမင်းကြီး သည် အဝေးမှာ သာနေပါသော်လည်း အအေးဓာတ် အလင်းဓာတ်တို့ကို ပေးမြဲသစ္စာ မပျက်ခဲ့ပါချေ။ ဒီလိုပဲ၊ ဆရာတော်ဘုရားကြီးသည် ဝနဝါသီ တောရပ်မှီ၍ အဝေးကြီးမှာ သီတင်းသုံးနေပါသော်လည်း ဝေနေယျတို့ အပေါ် မေတ္တာဓာတ်၊ မေတ္တာဓာတ် မပြတ်ပို့လွှတ်လျက်ဖြင့် အေးချမ်းသာယာ စေလျက် ရှိနေပါသည်ကို သတိမူစေလိုပါတယ်။ ဖူးခွင့်ရလိမ့်မယ်လို့ မျှော်လင့်စောင့်စားနေသူများလည်း လမင်းရဲ့အလင်းသစ္စာကို အေးအေး မြမြခံယူစေချင်ပါတယ်။

ယခု စုစည်းထုတ်ဝေလိုက်တဲ့ ဓမ္မစာစုကို ရှေးဦးစွာ ဖော်ပြခဲ့တဲ့ အပွမာဒ၊ ဂရုဏ္ဍနဲ့ ဘာသာသွေးမဂ္ဂဇင်းများမှ အယ်ဒီတာများ၊ စာမူ စိစစ်

http://www.dhammadownload.com



ခွင့်ပြုခဲ့တဲ့ သာသနာရေးဦးစီးဌာနနှင့် စာပေစိစစ်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်လိုပါတယ်။ ဒီစာအုပ်မှာ အားနည်းချက်ချော်မှု တစ်စုံတစ်ရာပါရှိခဲ့ပါသော် ကျွန်တော် တစ်ဦးတည်းမှာသာ တာဝန်ရှိပါကြောင်းလည်း ဝန်ခံအပ်ပါတယ်။

အားလုံးကျန်းမာချမ်းသာကြပါစေ။

လေးစားစွာဖြင့်

မောင်သွေးချွန်
၁၃၆၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက်
၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်

http://www.dhammadownload.com

http://www.dhammadownload.com

# တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်တယ်

"ဘဝနဲ့ စည်းစိမ်ဥစ္စာတွေဆိုတာ တဏှာအရင်းအနှီးနဲ့ ယူထားခဲ့ကြတာတွေ၊ ဘာမဆို လိုချင်လွန်းလို့ ရခဲ့တာတွေ၊ ဒါကြောင့် ဒါတွေ (ဘဝနဲ့စည်းစိမ်) ဘယ်သူပိုင်ပါသတုံးမေးရင် "တဏှာပိုင်" လို့ပဲ ဖြေရလိမ့်မယ်။ လက်ရှိဘဝသည်ပင်လျှင် အတိတ်က ကံပြုစဉ်တုန်းက အစွဲသိသာယာစိတ်အတိုင်း သေခါနီးနိမိတ် အပြခိုင်းပြီးတော့ သွားရမယ့်ဘဝကို သဘောကျ သဘောတူပြီဆိုတော့ ခုနှစ်ကြိမ်တိတိ ဆန္ဒမဲပေးပြီးမှ (ဇောခုနစ်ကြိမ်ကျပြီးမှ) ဘဝရလာတာ။ ဒီဘဝ ရှာလို့ရသမျှ စည်းစိမ်ဥစ္စာ အရာရာတွေဆိုတာလည်း အဲဒီအတိတ်ကံပြုစဉ်တုန်းက အစွဲသိရဲ့နှုန်း၊ သာယာစိတ်ရဲ့ အပြင်းအပျော့ပေါ်လိုက်ပြီး ဒီဘဝဘက်က ကံ၊ ဉာဏ်၊ ဝီရိယတို့နဲ့ ဖော်ထုတ်သုံးစွဲတတ်မှသာ ပေါ်ထွန်းလာရတာတွေ၊ ဘာပဲဖြစ်ဖြစ်၊ ဘဝနဲ့ စည်းစိမ်ဥစ္စာတွေအပေါ်မှာ တဏှာကြီးစိုးနေတာကတော့ အမှန်ပါပဲ"။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



"မယားပဲဖြစ်ဖြစ်၊ တခြားပဲ ဖြစ်ဖြစ်၊ ကြိုက်စွဲတဏှာ ပူဆာလို့ ရှာခဲ့ ရခဲ့တာချည်း... "

"လူတွေပြော,ပြောနေတဲ့ ဘဝပေးအသိဆိုတာ တဏှာကပြော သလောက်သာသိရတာ၊ တဏှာကကောင်းတယ်ပြောလိုက်ရင် လူတွေ ရဲ့အသိမှာ ကောင်းတယ်လို့ ထင်မှတ်သွားရော၊ အဲဒီဘဝပေး အသိဟာ အတိတ်ဘဝပြုစုဉ်တုန်းကပင် ကံ ဝိညာဉ်အဖြစ်နဲ့ အစွဲသိ သာယာစိတ် နောက်က မသိမသာခိုကပ်ပြီး လိုက်ပါလာတာ၊ အဲဒီမှာ ဉာဏ်လည်းမရှိ၊ သတိလည်း မပါသူအဖို့တော့ ဒီလို အတွင်းဝင်ပြီး ရေးရေးကလေး ခိုကပ်လိုက်ပါလာတာ ဘာမျှ မသိလိုက်ရဘူး၊ သည်းခြေပျက်၊ နှလုံး သွေးပျက်ပြီး သွက်သွက်ခါ ရူးနေတဲ့ အရူးတစ်ယောက်လို ဘာမျှမသိ တတ်ရှာတဲ့ 'အ,အ'ကြီးပေါ့"

"တဏှာကလည်း လည်တော့ လှည့်မယ်၊ လိမ်မယ်၊ ညာစရာ 'အ,အ'ကိုပဲ ရှာရတယ်။ 'အ,အ'တွေကို ကြာကြာမရှာလိုက်ရဘူး၊ လောက နဲ့ အပြည့် ထုနဲ့ထေးပါပဲ။ 'အ,အ'တွေဆိုတာ လိမ်မယ့်၊ ညာမယ့် သူကိုပဲ မျှော်နေတာ။ အလိမ်အညာ တဏှာကို အဖော်လုပ်နေရတာ။ အလိမ် အညာမခံရရင်ကိုဘဲ မနေတတ် မထိုင်တတ်ဖြစ်နေတာ၊ ဒီတော့ အလိမ် အကောက်တွေက အိမ်အရောက် ပေါက်ချလာပါလေရော၊ လိမ်စရာရှိလို့ လာလိမ်နေတာ၊ အမှားကို အမှန်၊ အမှန်ကို အမှား၊ အရိပ်အယောင်ကို အကောင်ထင်တတ်တဲ့ လူပြိန်းများကို တဏှာနဲ့ သူ့အသင်း အပင်းတွေက တယ်သဘောကျဆိုကိုး"

"အလုပ်လက်မဲ့ အလုပ်ရှာ၊ အလုပ်ရှင်ကို အားကိုးနေသလို လူ တွေဟာ လိမ်မယ့် ညာမယ့်တဏှာကိုသာ အားကိုးပြီး မျှော်လင့်နေတတ် ကြတာ။ ဒီတော့ လိမ်တဲ့ တဏှာရဲ့အပြစ်လား။ အလိမ်ခံချင်တဲ့ တို့အပြစ် လား။"

"အလိမ်ခံချင်တဲ့ တပည့်တော်တို့ အပြစ်ပါဘုရား... "

"လိမ်ပြီဆိုမှတော့ ရိုးရိုးမလိမ်ဘူးနော်၊ ကျစ်နေ မာနေအောင်

http://www.dhammadownload.com



လိမ်တာ၊ ကြိုးကျစ်တာများ မြင်ဖူးကြလားဗျ"

"မမြင်ဘူးပါဘုရား... "

"ကြိုးကျစ်တဲ့အခါ ချည်တစ်မျှင်က တစ်ခင်၊ တစ်ခင်က တစ်ထုံး ဖြစ်လာအောင် အထပ်ထပ် အခါခါ ကျစ်ပေးပြီး လိမ်လိုက်တော့မှ ကြိုးဖြစ်လာတာ၊ အလွန်ခိုင်တဲ့ ကြိုးမို့ လွန်ကြိုးလို့တောင် ခေါ်ကြပါသေးတယ်။ ဒီလို လိမ်ပြီးကျစ်တဲ့အခါ ညာဘက်ကျ ချ,ချပြီးတော့ လိမ်ရ ကျစ်ရပါတယ်။ ဒါကြောင့် ကြိုးမှန်သမျှ လိမ်ညာ သို့မဟုတ် ညာလိမ်တွေချည်းပဲ။ သံယောဇဉ် ကြိုးဆိုတာကရော... "

"လိမ်ညာ သို့မဟုတ် ညာလိမ်ပါပဲ ဘုရား... "

"တဏှာကတော့ နည်းမျိုးစုံနဲ့ လိမ်မှာပဲ။ အဆင်းလေးပြ၊ အသံလေးပေး၊ အနံ့လေးပေး၊ မွှေး အရသာနဲ့ အထိအတွေ့လေးပေးပြီးတော့ လိမ်မှာပဲ၊ အလိမ်ခံရသူဘက်ကလည်း ဒီလို အာရုံငါးပါးနဲ့ လိမ်တာခံချင်နေတာ၊ လိမ်စမ်းပါစေ၊ လာစမ်းပါစေ၊ မျှော်နေကြတာ။ အလိမ်အညာလာချင်ရင်လာ၊ အိမ်ရှင် မလိမ်မာရင် ဧည့်သည် ညာသမျှ ခံရမှာပဲ... "

"တဏှာဖမ်းတော့ ကန်းတတ်တယ်၊ တဏှာပူးတော့ ရူးတတ်တယ်၊ သူ့ကြောင့် ကန်းလည်း ကန်း၊ ရူးလည်း ရူးနေတဲ့သူတွေကို တဏှာက အထူးအားထုတ်ပြီး မလိမ်လိုက်ရပါဘူး၊ သာသာလေးလိမ်သွားတော့တာပါပဲ၊ လူ့,လူချင်းသာ လူစွာလုပ်ချင်နေကြတာပါ၊ တဏှာနဲ့လည်း တွေ့ရော လူတွေဆိုတာ ခြင်းထဲကကြက် အစာခွက်တွေ ရေခွက်တွေလာထည့်ပေးတော့ ကြက်တွေခမျာ ပျော်လိုက်ကြတာ၊ အစာလုကောက် ခွပ်လိုခွပ်၊ တွန်လိုတွန်၊ အံမယ်... မိတ်လိုက်တဲ့ ကြက်က မိတ်လိုက်နဲ့၊ ကြက်ခြင်းကြီးထဲမှာနော်၊ ဟိုမှာ ကြက်သည်မ ရေနွေးအိုးကြီးတည်ထားတာ၊ ချိန်ခွင်ကြီးချိတ်ထားတာ၊ စဉ်းတီတုံးကြီးပေါ် ဓားကြီးစိုက်ထားတာ မြင်နေလျက် ကြက်တွေခမျာ ခြင်းထဲမှာ ပျော်ကြတုန်း၊ အော်ကြတုန်း၊ ခွပ်ကြတုန်း၊ ခဏနေ ကြက် သည်မ ရောက်လာပြီး တစ်ကောင်ပြီး တစ်ကောင် ဆွဲထုတ်သတ်ရောင်းတော့မှာ ကြက်တွေ မသိရှာဘူး။ ဒီလိုပဲ

http://www.dhammadownload.com



တဏှာဆိုတဲ့ အကြိုက်ကလေး ပေးကျွေးထားတာ၊ ဘယ့်နှယ့်လဲ၊ တော်တော်နေပျော်ကြ ထင်တယ်ဟေ့"

"မနေပျော်ပါ ဘုရား"

"လူတွေရဲ့ ဘဝတစ်သက်တာဆိုတာ ကိုယ်နှမ်းစိတ်ပန်းနဲ့ နေပန်းမလှ၊ နေပန်းမပွင့်၊ နေပန်းမှ မပွင့်ရင် သေပန်းလည်း မပွင့်ရှာ၊ လူ့ဘဝလာပြီး ကြက်သေ သေရသလို ဖြစ်တော့မယ်"

"ဒီတော့ တဏှာကတော့ သူ့တာဝန် သူ့သဘာဝအရ လိမ်မှာပဲနော်။ မဟုတ်လို့ ဟုတ်လေသယောင် လိမ်ရာမှာ တဏှာဟာ အစွဲဝိညာဉ်နဲ့ 'အာရုံ'တွေနဲ့ ပေါင်းပြီးတော့ လိမ်လိမ့်မယ်။ တဏှာက အကြိုက်ပေးဖြားယောင်းပြီးမှ လိမ်တတ်လို့ ချော့လိမ်။ အစွဲသိဝိညာဉ်က တစ်စိတ်ကို တစ်အိတ်လုပ် ချဲ့ထားပေးပြီး 'ကောင်းပါပေ့'ဆိုတဲ့ မှတ်ချက်နဲ့ လိမ်လေ့ရှိတဲ့အတွက် နှော့လိမ်။ အာရုံက စိတ်ကို တိုက်ဆွဲဆွဲပြီး လိမ်လေ့ရှိတဲ့အတွက် ကော့လိမ်။ အဲဒီလိမ်နည်းသုံးမျိုးထဲမှာ တဏှာနဲ့အစွဲသိ ဝိညာဉ်တို့က အတွင်းကပ်လိမ်နည်းကို အသုံးပြုပြီး အာရုံကတော့ အဝေးပြေလိမ်နည်းကို သုံးတယ်။ အဲဒီမှာပဲ တဏှာဟာ အစွဲသိဝိညာဉ်နဲ့ပူးပေါင်းမိရင် လှည့်လိမ်ကိုသုံးပြီး၊ မာန ဒိဋ္ဌိတို့နဲ့ ပေါင်းမိရင် ချဲ့လိမ်ကို အသုံးပြုပြန်တယ်။ ဝေဒနာနဲ့ ပေါင်းမိရင်လည်း ချဲ့လိမ်ပဲ။ တစ်ဘက်အာရုံတွေနဲ့ ပေါင်းမိရင်တော့ အချဲ့ရော အလှည့်ရော ကျရာကြုံရာ အသုံးပြုသွားတော့တာပါပဲ။ ဒါကြောင့် ဘယ်လိုပဲ လိမ်လိမ်၊ တဏှာ မပါဘဲ လိမ်လို့မရ၊ တဏှာသည်သာ အလိမ်အညာတို့ရဲ့ ခေါင်းဆောင်"

"လူလူချင်း လိမ်တာသာ အလိမ်ပေါ်မယ်။ တဏှာ၊ ဝိညာဉ်၊ အာရုံ ဒီသုံးခုလိမ်နေတာ မသိနိုင်ကြဘူး။ ဒီသုံးခု လိမ်နေပုံက လူလိမ်၊ ကြိုးလိမ်တွေထက် ပိုပြီး ပိရိသေသပ်တယ်။ အဲဒီမှာ တဏှာရဲ့ စွမ်းရည်သတ္တိထူးက ဝေဒနာအာရုံတွေနဲ့ ပေါင်းမိသွားတဲ့အခါ ငြိကပ်တွယ်တာခြင်းနဲ့ ပူဆာခြင်းကို ဖြစ်စေတယ်။ ဝိညာဉ်နဲ့ပေါင်းမိတော့ ပူဆာရုံ သက်သက်ပဲ ဆိုကြပါစို့... "

http://www.dhammadownload.com



"မြေခွေးခံအားကဲတဲ့ လူတစ်ယောက်ဟာ သူနဲ့ တည့်မယ့် မြေခွေးကိုပဲ အမြင့်လင့်နေမှာပဲ။ သူလိုချင်တဲ့ မြေခွေးကလေးရသွားမှ နေသာထိုင်သာ ရှိမှာ (မရလို့ကတော့ လိုက်ရန်ရှိနေမှာပဲ)၊ အဲဒီမှာ တဏှာက အခွင့်ကောင်းယူပြီး ဝိညာဉ်နဲ့သွားရောက်ပူးပေါင်းပြီး ခံစား ခိုင်းတယ်။ မှတ်သား ခိုင်းတယ်။ ဘယ့်နှယ့်လဲ သွေးထိုးစမ်းတယ်။ ဝိညာဉ် ခမျာ ဂျုံမှုန့်ထဲ သကြားရော၊ ရေနဲ့နယ်၊ မီးဖုတ်လို့ဖြစ်လာတဲ့ ကိတ်မုန့်ကို (ဂျုံမှုန့် အစုမုန့်း) မသိရှာတော့ဘဲ 'ဟာ... ကိတ်မုန့်တယ်ကောင်း'ဆိုတဲ့ စွဲမိစွဲရာ အသိတစ်ထွာ တစ်ညှိုလေးနဲ့ ဆုံးဖြတ်ပေးရတော့တယ်။ ဒီအချိန် ကစပြီး တဏှာဟာ ဒီကောင်ကြီး ကိတ်စွဲစွဲသွားပြီဆိုတာ အပိုင်သိ၊ သိ သွားပြီ၊ ခန္ဓာ ဒီကောင်ကြီး ဝမ်းဟာ ဗိုက်ဆာခြင်းဆိုတဲ့ ယေ်နိုင်ကိုင်ပြီး ကိတ်စားချင်တယ် ပူဆာတော့တာပဲ။ အာရုံအတိုင်း ပေါ်လာတော့လည်း တဏှာက ကိတ်မုန့်ကြီး လက်ညှိုးထိုးပူဆာတော့တာပဲ"

"ဒီလိုနဲ့ တဏှာဟာ ဝိညာဉ်သိကို အပိုင်စီးသွားပြီး ထိထိမိမိ ဖိဖိစီးစီး ခိုင်းစားတော့တာပဲ။ ဒီလိုနဲ့ တဏှာ့ သားကောင်ဘဝ လှလှကြီး ရောက်ခဲ့ကြတာ။ ခြင်းထဲက ကြက်၊ ကြက်သည်မက အချိန်မရွေး သတ် ပစ်နိုင်တယ်။ ကြက်သည်မက ဝယ်သူရှိမှ သတ်တာ၊ တဏှာကတော့ ရှေ့ကြိုတွေးပြီးတော့လည်း ထုတ်သတ်၊ နောက်ပြန်လှန် တွေးပြီးတော့ လည်း ထုတ်သတ်တတ်ရဲ့"

"ဝိညာဉ်ရဲ့စွမ်းရည်သတ္တိကတော့ သူ့လက်အောက်ခံ ဝေဒနာက ချဲ့ကားပြောသမျှ ကြိုက်ရင် အကောင်း မကြိုက်ရင် အဆိုး ဆုံးဖြတ်ပေး လိုက်တယ်။ လင်မယားပေါင်းတော့လည်း သူ၊ ကွာရှင်းတော့လည်း သူ၊ ဝိညာဉ်က လှည့်စားနေတာ၊ တခြားအရာတွေမှာလည်း ဒီလိုပဲ၊ သူ့ဝိညာဉ် သူ့စရိုက်၊ သူ့ဓာတ်သဘာဝအလိုက် ဖြစ်ပျက်လှုပ်ရှားနေတာကိုပဲ ဝိညာဉ် က တဏှာမာနဒိဋ္ဌိတို့ရဲ့ နောက်ခံအားပေးမှုနဲ့ ကြိုက်၊ မကြိုက် ဆုံးဖြတ် နေတာ။ တစ်ခါ သူပိုင်ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ရဲ့ခံစားခြင်း၊ မှတ်ချက်ယူခြင်း၊ မျက်ခြေပြတ် မခံခြင်းတွေကို အကူအညီတောင်းပြီး

http://www.dhammadownload.com



တော့လည်းပဲ အထင်နဲ့ကောင်းတယ် ဆုံးဖြတ်ပြီး 'ကြိုက်ညှဉ်း' ညှဉ်းပေးရပါလေရော။ ဝိညာဉ်ရဲ့ အလိမ်ဟာ တဏှာနဲ့ ပေါင်းပြီး ဓာတ်သိချင်းထပ်လိမ်တာဖြစ်လို့ ခံရသူ အထိနာစေတယ်။ အပြင်က လူလိမ်လူညာထက် အတွင်းက ဝိညာဉ်လိမ်ဟာ မကြိုက်လည်း လိမ်၊ ကြိုက်လည်းလိမ်မို့ တော်တော်ကြောက်စရာ ကောင်းတယ်"

"အာရုံရဲ့ စွမ်းရည်သတ္တိကတော့ သညာရဲ့လက်ခံမှုယူပြီး မရှိတာကိုရှိသယောင် လိမ်ပေးရတယ်။ အရိပ်အရောင်ကို အကောင်ထင်စေရတယ်။ အာရုံကလာဆွဲပြီဆိုတာနဲ့ ဝိညာဉ်နဲ့ တဏှာတို့ကလည်း အလိုတူအလိုပါ တွန်းထိုးပြီး ထည့်လိုက်ပါရော၊ ဒီလိုနဲ့ အာရုံခေါ်ရာ ကောက်ကောက်ပါသွားရပါပကော၊ ခေါ်သွားတဲ့နေရာကတော့ ကိလေသာစားကျက် အာရုံတောနက်ကြီး။ အာရုံတစ်ခုပေါ် အသိလေး တက်မိပြီဆိုရင် တစ်အာရုံက တစ်အာရုံကို လက်ဆင့်ကမ်း ပေးလိုက်လေ့ရှိတယ်။ အပြင်အာရုံစုံ အကုန်တက်မိပြီဆိုရင်တော့ အတွင်းအာရုံသွင်း အကျဉ်းချထားလေ့ရှိတယ်"

"အာရုံပေါ်မှာ သိတဲ့ အသိဟာ အာရုံကြားက ထွက်မသွားသာတော့ဘူး။ အာရုံရဲ့ရစ်ပတ်မှု ခံလိုက်ရပြီ၊ ပင့်ကူအိမ်မှာ အမိအငြိခံလိုက်ရသလိုပဲ၊ မပြေးသာတော့ဘူး။ နောက်ဆုံးတော့ ယယ်ထိပ်ကို ဖောက်ပြီး သွေးစုပ်တာခံရမှာပဲ။ ဒီနေ့အချင်းချင်း ဖမ်းယူသွေးစုပ်နေတာ မှန်သမျှ လိမ်နည်း ညာနည်း အသီးသီးရဲ့ လက်အောက်ခံတွေချည်းပဲ။ အသက်အရွယ်သာ ကြီးရင့်လာမယ်။ သွေးမကုန်သေးသမျှ စုပ်မြဲ စုပ်နေကြဦးမှာပဲ၊ ခေါင်းတုန်လည်ရမ်း ကိုယ်ဘယ်လောက်ပန်းပန်း သွေးဘယ်လောက်ခမ်းခမ်း မလွတ်စတမ်း ဆိုသလိုဘဲ အရင်သေဆုံးသူက အရှုံးပေးမှ လွတ်ပေးလိမ့်မယ် ထင်ပါတယ်"

"မှန်လှပါ ဘုရား... "

"ဒီတော့ တဏှာလိမ်၊ ဝိညာဉ်လိမ်၊ အာရုံလိမ် သုံးမျိုးကို လူလိမ်ကြီးသုံးယောက်လို့ မှတ်လိုက်ပါ။ ချဲ့လိမ်လှည့်လိမ် နှစ်မျိုးကိုတော့ ဒီလူ

http://www.dhammadownload.com



လိမ်ကြီးသုံးယောက်ရဲ့ အသုံးအဆောင် ကိရိယာတန်ဆာပလာအဖြစ် မှတ်ယူလိုက်ပါ။ ဒီလိုဆိုရင် လောကကြီးမှာ လူလိမ်လူညာတွေ ခြေချင်း လိမ်နေတဲ့ကြား ညပ်ပါ၊ ကပ်ပါမသွားအောင် (ဝါ) မိမိကိုယ်တိုင်လည်း လူလိမ်စာရင်းအသွင်းမခံမိရအောင် အပ္ပမာဒဆိုတဲ့ သတိကိုသာလျှင် ကိုယ်နဲ့မကွာ ဆောင်ထားကြပါဗျာ... "

"သာဓု... သာဓု... သာဓုပါ ဘုရား... "

အညွှန်း

※ ၁၉၉၈၊ ကျောက်ထီးတောရဝတ်ပြည့်ည ဩဝါဒများ။

[ အတွဲ-၁၊ အမှတ်-၃၊ မတ်လ၊ ၂၀၀၀ ပြည့်၊ အပ္ပမာဒမဂ္ဂဇင်း ]

http://www.dhammadownload.com

http://www.dhammadownload.com

# စိတ်နှင့်ကိုယ် ယိုစီးခြင်း

ဘယ်အရာမဆို လိုတာထက်ပိုလာရင် ယိုစီးသွားရမှာချည်း။

ရေငါးခွက်ဝင် အိုးကလေးထဲ နောက်တစ်ခွက် ထပ်လောင်း အပို လောင်းဖြည့်ရင် တစ်ခွက်စာ ဖိတ်လျှံကျပြီး ယိုစီးသွားရမှာ အသေအချာ ပါပဲလေ။ ယိုစီးမှုဆိုတာ အထက်ဆီ ဆန်ရိုးထုံးစံမရှိ။ အောက်ကိုသာ နိမ့်ရာဆီ စုန်လေ့ရှိတယ် မဟုတ်ပါလား။ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေ မှာ လိုတာထက်ပိုမိခဲ့ကြလို့ မလိုချင်ပါဘူးဆိုတဲ့ ဒုက္ခဆင်းရဲတွေ ရခဲ့ကြ တယ်။ မသွားချင်ပါဘူးဆိုတဲ့ နိမ့်ရာအောက်ဘုံတွေဆီ တစ်သွားတည်း သွားနေကြတယ်လို့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူခဲ့ပါတယ်။

ဘဝဆိုတဲ့ ဖြစ်စဉ်တန်းကြီးဟာ စိတ်နဲ့ကိုယ် (ဝါ) နာမ်နဲ့ရုပ်တို့ ရဲ့ အပေါင်းအဖွဲ့။

သုဝဏ္ဏသျှမ်းစာစဉ်

http://www.dhammadownload.com



ကမ္မသတ္တိရဲ့ သဘာဝတရားဟာ သတ္တဝါတွေကို စိတ်၊ စေတနာ၊ သဒ္ဓါတရားအလိုက် ထိုက်တန်တဲ့ဘဝတစ်ခုကို ဖန်တီးပေးလိုက်ပြီး ဖြစ်ပါတယ်။ ဘဝရှင်သန်ရေး ဘဝဝမ်းစာရှာဖွေတတ်မှု ပြုပြင်နိုင်ဖို့အတွက် မျက်စိ၊ နား၊ နှာခေါင်းစသည် အကြည်ဓာတ်ခွက်တွေ တပ်ဆင်ပေးလိုက်ပြီး ဖြစ်ပါတယ်။ အဲဒီ အကြည်ဓာတ်ခွက်တွေမှာ မူလသဘာဝတာဝန်တွေ ပါလာပြီး ဖြစ်ပါတယ်။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး က...

"မျက်စိဆိုပါတော့ဗျာ။ သူ့တာဝန်က အဆင်းအာရုံကို ဖမ်းယူပေးဖို့ရတဲ့ တာဝန်ပဲရှိတယ်။ မျက်စိက ဖမ်းယူလိုက်တဲ့အဆင်းကို အတွင်းမနောက ဆင်ခြင်ပေးရတယ်။ အကောင်းလား၊ အဆိုးလား၊ သုံးသပ်ချက်ဖော်ပေးရတဲ့တာဝန်ကို အတွင်းမနောက လုပ်လိမ့်မယ်။ ပြီးတော့... မျက်စိရဲ့တာဝန်က လာရာ သွားရာမှာ ကျင်း၊ ချိုင့်၊ ခလုတ်စတဲ့ အန္တရာယ်တွေ တွေ့ရှောင်သွားလာနိုင်အောင် လမ်းပြတာဝန်လည်း လုပ်ပေးတယ်။ တိုတိုပြောရရင်တော့ မျက်စိနဲ့ပတ်သက်တဲ့ တာဝန်ဟာ 'မြင်တာနဲ့သိတာ' ဒီနှစ်ခုပဲ ရှိတယ်။ ဒီထက် မပိုဘူး။

ဒီထက်ကဲပြီး ဘာပဲ ညာပဲဆိုတဲ့ အစွဲမိရာ အရှိဖော်၊ အစွဲရှိကို အသိထင်ပြီး ဆင်ခြင်မိမှားမယ်ဆိုရင်တော့ သူမှာသူဆိုတဲ့ သူ့စွဲကြီးနဲ့ စိတ်ယိုစီးမှုကြီး စတင်ခဲ့ပြီ"လို့ ဖော်ပြတော်မူခဲ့ပါတယ်။

စိတ်သွားရာ ကိုယ်ပါဆိုတဲ့စကားလိုပါပဲ။ စိတ်ယိုစီးမှတော့ ကိုယ်ယိုစီးဖို့လည်း မခက်တော့ပါဘူး။ စိတ်ယိုစီးက ကိလေသာပွား၊ ကိုယ်ယိုစီးက သွေးပွားပွားတာလို့ဆိုပါတယ်။ သွေးပွားကြောင်းကလေးများ ဖွားမြင်လာသော် တစ်ကိုယ်ရေဝမ်းစာနဲ့ မပြီးတော့။ သားသမီးဝမ်းစာ သားသမီးတာဝန်တွေပါ ထမ်းပိုးလာရ၊ အပိုဒုက္ခတွေကြောင့် ဘဝဟာ ပိုပြီးလေးလံခဲ့ရပြီ။

မျက်စိ ဥပမာ၊ မြင်ခြင်းနဲ့ သိခြင်းလိုပဲ။

ကြားခြင်းနဲ့ သိခြင်း၊ နံခြင်းနဲ့ သိခြင်း၊ စားခြင်းနဲ့ သိခြင်း၊ ထိခြင်း

http://www.dhammadownload.com



နဲ့သိခြင်း၊ ကြံစည်ခြင်းနဲ့ သိခြင်းဆိုတဲ့ မူလသဘာဝတာဝန်တွေထက် ပိုလွန်လာမိခဲ့ကြလို့ စိတ်နဲ့ ကိုယ် ယိုစီးခဲ့ရတာတွေပါ။

ယိုစီးမှုဆိုတာ အောက်ကိုသာ စုန်တယ်လို့ ဆိုခဲ့ပါပြီ။ စိတ်ယိုစီးတယ်ဆိုတာ စိတ်အောက်တန်းကျသွားတာ။ စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်ဆိုတဲ့ ဘုရားဟောရှိတယ် မဟုတ်ပါလား။ ကိုယ်ယိုစီးတယ်ဆိုတာက ဒီခန္ဓာကိုယ်ကြီး ယိုယွင်းသွားစေခြင်းရဲ့ အကြောင်းရင်းဖြစ်လာပါတော့တယ်။ စိတ်ရော ကိုယ်ပါ ယိုစီးခြင်းကတော့ ဘဝယိုယွင်းပျက်စီးခြင်းကို ဖြစ်စေပါတော့တယ်။

ပြီးတော့ ယိုစီးခြင်းဟာ အင်အားလည်း ပြင်းထန်လေရဲ့။

စိတ်ယိုစီးမှုမှာ ဗိတ်ဆို့စောင့်စည်းထိန်းသိမ်းဖို့ အချိန်မရတတ်သလို၊ ကိုယ်ယိုစီးမှုမှာလည်း ဒီကိုယ်ကောင်ကြီးကို ကုစားဖို့အချိန်တောင် မပေးနိုင်တော့လောက်အောင်ဘဲ။ အမြင်နောက်လိုက်၊ အကြားနောက်လိုက်၊ အကြိုက်နောက်လိုက်ခဲ့ကြတာ ယိုစီးကြောင်းကြီးထဲ ပိုးစိုးပက်စက်မျောပါသွားနေတာတွေဟာ သူတော်ကောင်းအမြင်မှာ တကယ့်ကို မရှုမလှပါဘဲ။ အမြင်ရှင် အကြားရှင်တို့ရဲ့ လိုအင်ကို ဖြည့်စွမ်းပေးလျက်က တစ်မြင်မှ တစ်မြင်၊ တစ်ကြားမှ တစ်ကြားသို့ စီးအားသန်သန် မျောပါသွားရလေပြီလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဆိုပါတယ်။

ပုဂ္ဂိုလ်ရေး ယိုစီးမှုတွေဆီ ကြည့်လိုက်ပြန်ပါလျှင်လည်း အောက်ငုံ့ကြည့်လျှင် အောက်ကိုသာ မြင်ရတဲ့ ဓမ္မတာ သဘောအတိုင်း။

* ငါ့ ဘိုးဘွားသည် ဘေးဘီသို့ကား မဆန်လေ။ ငါ့ မိဘတို့ဖို့သာ စုန်ဆင်းလာခဲ့ပါသည်။

* ငါ့မိဘတို့သည်လည်း ဘိုးဘွားသို့ကား မဆန်နိုင်။ ငါနှင့် ညီအစ်ကိုမောင်နှမများသို့သာ စုန်ဆင်းခဲ့ပါသည်။

သည့်အတူ ငါသည်လည်း၊ ငါ့မိငါ့ဖတို့ဖို့ကား မဆန်နိုင်။ ငါ့သား ငါ့သမီး ငါ့မြေးမှသည် အသက်မီသေးက တီတွတ်၊ ကျွတ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် စီးဆင်းစုန်ကျသွားတော့မည်သာ။

http://www.dhammadownload.com



"ဤသည်တို့မှာ အပိုအလုပ်မှ ယိုစီးကျလာသော 'ဘဝမျက်မြင်များ' ဖြစ်ကြပြီး၊ စိတ်ယိုစီးမှုကား 'ဘဝမျက်ကွယ်'ဝယ် နောက်ဘဝအောက်ဘဝများထိ စီးဆင်းဦးမည်"လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။ ဒါကြောင့်...

"မပိုနဲ့၊ ပိုလျှင် ယိုမယ်။

မယိုကျစေနဲ့၊ ယိုသမျှ လိုဘပြည့်မှာ မဟုတ်ဘူး"လို့ သြဝါဒပေးတော်မူပါတယ်။

ဒီနေ့ စိတ်ဆန္ဒမပြည့်ဝ၊ ကိုယ်ကာယ မစေ့ငှခြင်းဟာ အပိုမှ အယို၊ အယိုမှအလိုသို့ ခရီးဆက်နေလို့ဆိုတာ ဉာဏ်မျက်စိနှစ်ကွင်း နက်နက်ထွင်းပြီး စဉ်းစားကြပါကုန်လို့လည်း နှိုးဆော်တော်မူပါတယ်။ အပိုမှ အယိုဖြစ်လာတဲ့ သဘောကို ဆင်ခြင်ပြီး 'ကပိုကရို မဖြစ်ကြစေနဲ့'ဆိုတဲ့ နေ့စဉ်သုံး စကားနောက်က တရားသဘောကိုပါ ဟောပြခဲ့ကြောင်းပါဗျာ။

အညွှန်း

* ၁၀-၇-၉၇ နတ်တလှတောရ သြဝါဒများမှ....။

[ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဘာသာသွေးမဂ္ဂဇင်း ]

http://www.dhammadownload.com

# နေ့လနှစ်ဆူ အပူအအေး

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ နေလဂြိုဟ်စတဲ့ သဘာဝတရားကြီးများနဲ့ ဆက်စပ်ပုံနိုင်းပြီး တရားဟောခဲ့ပုံတွေကို သတိရနေမိပါတယ်။

လောကသားမှန်သမျှ ဂြိုဟ်နဲ့ မကင်းပါဘူး။ တနင်္ဂနွေနေ့ မွေးသူဟာ တနင်္ဂနွေဂြိုဟ်သက်ပါလာတာပဲ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး စသည်ဖြင့် မွေးလာရာမှာလည်း ဆိုင်ရာဂြိုဟ်ရဲ့ ဩဇာမကင်းပါဘူး။ ဂြိုဟ်တွေအားလုံးထဲမှာ နေဂြိုဟ်ကြီးဟာ အကြီးအကဲအချုပ်။ ဂြိုဟ်တွေမှ မဟုတ်ပါဘူး။ ရှိရှိသမျှ အရာအားလုံးဟာ နေ့ရဲ့ ဩဇာနဲ့ မကင်းပါဘူး။ ကြည့်ပါ၊ လေတိုက်တာတောင် နေရှိရာဘက် လှည့်တိုက်ပေးရပါတယ်။

ဆောင်းရာသီမှာ နေဟာ ဒက္ခိဏာယဉ်စွန်းခေါ်တဲ့ ကမ္ဘာ့တောင်ခြမ်းလမ်းမှာ သွားလာကျက်စားနေပါတယ်။ ဒီအချိန်မှာ လေဟာ နေရှိရာ

http://www.dhammadownload.com



တောင်ဘက်သို့ ဦးခိုက်ပြီး တိုက်ပေးရပါတယ်။ ဒါကြောင့် ဆောင်းရာသီမှာ မြောက်လေတိုက်တာပါ။ မြေပြင်ပေါ်မှာရှိတဲ့ သစ်ပင်ပန်းမန်တွေဟာလည်း နေရှိရာ တောင်ဘက်သို့သာ ဦးတည်ညွတ်ကိုင်းပေးရပါတယ်။ ပွင့်စရာရှိ တောင်ဘက်ကသာ ပွင့်ပေးတတ်ပါတယ်။ သီးစရာရှိလည်း တောင်ဘက်ကိုင်းကသာ စတင်ပြီး သီးတတ်ပြန်ပါတယ်။ မှည့်စရာရှိတော့လည်း ဒီလိုပါပဲ။ နေနဲ့နီးတဲ့ တောင်ဘက်ကိုင်းက အသီးတွေ ဦးစွာမှည့်ပါတယ်။

နွေရာသီမှာတော့ နေဟာ ဥတ္တရာယဉ်စွန်းခေါ်တဲ့ ကမ္ဘာ့မြောက်ဘက်ခြမ်းမှာ သွားလာကျက်စားပါတယ်။ အဲဒီမှာ လေဟာလည်း နေရှိရာ မြောက်ဘက်ဆီ 'တောင်လေ'တိုက်ပေးရပါတယ်။ ရှိရှိသမျှ ပန်းမန်တွေဟာလည်း နေရှိရာ မြောက်ဘက်ဆီ ကိုင်းညွတ်လို့ပေါ့။ အပွင့်အသီးတွေဟာ နေရှိရာ ဦးတိုက်ပြီး ပွင့်သီးကြလို့ပေါ့။ သစ်ပင်တွေကို သေချာကြည့်ရင် နေနဲ့နီးတဲ့မြောက်ဘက်ကိုင်းက စပြီး ရွက်နုရွက်သစ်တွေ ထွက်လာတာတွေ့ရပါလိမ့်မယ်။

ဒီနည်းနဲ့ အပွင့်အသီးအရွက်တွေဟာ နေမင်းကြီးကို ဆက်သကြရတယ်။ ကြိုဆိုကြရတယ်။ ဦးညွတ်ကြရတယ်။ ဒီလောက် တန်ခိုးကြီးတဲ့ ဖနေမင်းကြီးဟာ ဆောင်းနှင့်နွေ၊ တောင်စွန်းလမ်းနှင့် မြောက်စွန်းလမ်းတို့ ကို ဗဟိုထားပြီး သူ့အောက်ရှိ ဂြိုဟ်အားလုံး၊ ဂြိုဟ်တွေနဲ့ မကင်းနိုင်တဲ့ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါစတဲ့ ဂြိုဟ်နေ့သားသမီးများအားလုံး သက်ရှိသက်မဲ့ လောကသားအားလုံးတို့အပေါ် လွှမ်းမိုးမင်းမူထားတော့တယ်။

တောင်စွန်းနဲ့ မြောက်စွန်း ဒက္ခိဏနဲ့ ဥတ္တရအစွန်းလမ်းတွေပေါ်မှာသာ ပျော်နေတဲ့ နေမင်းကြီးဟာ မဇ္ဈိမ အလယ်လမ်းနှင့် မိုးရာသီကိုတော့ ဖြတ်သွားဖြတ်လာလောက်သာ ပြုပါတယ်။

ဓူဆောင်းမှ နွေအကူး... တန်ခူးတစ်လ၊
မိုးအကုန် ဆောင်းစ... သီတင်းကျွတ်တစ်လ၊

ဒီနှစ်လမှာသာ နေဟာ အလယ်လမ်းက သွားပါတယ်။ အရှေ့

http://www.dhammadownload.com



မှ အနောက်သို့ တည့်တည့်ကြီး အဝင်အထွက်ပြုပါတယ်။ အလယ်လမ်းစဉ်အတိုင်း နေသွားချိန် အဲဒီနှစ်လသာ ဥတုမျှတသာယာတယ် မဟုတ်ပါလား။ ကျန်အချိန်တွေမှာတော့ နေဟာ အပူညှဉ်း၊ အအေးညှဉ်းနဲ့ နေမင်းရဲ့ သတ္တိကို ပြတတ်ပါတယ်။

တကယ်တော့ သတ္တဝါအားလုံးဟာ နေရဲ့မျက်နှာကိုကြည့်ပြီး အသက်ရှင်နေကြရတာ (ဝါ) နေရောင်အောက်မှာ အသက်ရှင်နေကြရတာ ပါလေ။ နေထွက်တာနဲ့ ငှက်တုတ်ထထိုင်၊ နေတက်တော့ သက်ဝင်လှုပ်ရှား၊ အပူငွေ့များ၊ လောဘများ၊ သောကများက ခိုင်းစားဖို့ အသင့်ဖြစ်နေပြီကော။ နေ ထန်းတစ်ဖျား၊ ဆွမ်းခံဝင်ချိန် ကိုးနာရီလောက်အရောက်မှာ ခြေလက်တွေ အထူးသက်ဝင်လှုပ်ရှား (ဆီဝနေတဲ့စက်တွေလို) အပူဓာတ်ပြည့်လာပြီဖြစ်လို့ သွက်လက်မြန်ဆန်လာပါပြီ။ ဝမ်းစာစားကျက်မှာ ပျားပန်းခပ် ကုန်ကြပါပြီ။ မွန်းတည့်ချိန် နေပူရှိန်ပြင်းလာတော့ ကျောကော့တွန့်လိမ် ဣန္ဒြေမရတော့ပါဘူး။ သွေးဆူလာတာနဲ့အမျှ ဆူညံပူညံ အသံဗလံတွေ ညံပွက်လျှံထွက်လာပါတော့တယ်။ ဒီအသံ ဒီအမူအရာတွေထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာမစ္ဆရိယစတဲ့ တရားဆိုးတွေ ရောပါလာခဲ့ပြီလေ။

ဒီလိုနဲ့ တဖြည်းဖြည်း၊ နေလည်းအကျ စိတ်ကျကိုယ်ပမ်း နွမ်းလျှ အိမ်ပြန်ရောက်ခဲ့ပါတယ်။ နေမင်းကြီးကတော့ အနောက်မိုးကုပ်စက်ဝိုင်းဆီ အနိုင်ပိုင်းထွက်ခွာသွားပါပေါ့။ နေဝင်တော့ သွေးအေး၊ စိတ်ကလေးအေးအေးမြမြ၊ အခုမှ စိတ်နှင့်ကိုယ် ကပ်ခွင့်သာတော့တယ်။ ဒီအချိန်မှာမှ ဘဝ၊ ခန္ဓ၊ ကာမ စည်းစိမ်ခံစားလိုက ခံစားနိုင်ကြပြီ ဖြစ်ပါတယ်။ နေစလျှင်ထ... နေသိပ်တော့ အိပ်ရတဲ့ဘဝများပါပေ။

ကမ္ဘာဦးလူသားများ စတင်ဖြစ်ပေါ်ချိန်တုန်းကတော့ ထက်ကောင်းကင်မှာ နေလဗလာ။

နေ့လည်း မရှိ၊ ညလည်းမရှိ၊ ကိလေသာသွေး၊ မဆူပွက်သေးတော့ အိပ်စားကာမ ဘာမှမလို၊ ကမ္ဘာမီးလောင်စဉ်က မီးလွတ်ဘုံများ

http://www.dhammadownload.com



ဖြစ်တဲ့ ပြဟ္မာဘုံသား ပြဟ္မာများသာ ကမ္ဘာမြေသစ်မှာ စတင်ခြေချလာတာ ဖြစ်ပါတယ်။ ပြဟ္မာဆိုတာ ကိလေသာဓာတ် မညစ်ပတ်လေတော့ အစာမလို၊ ဈာန်ပီတိသာ သူ့အစာ၊ စိတ်ပူ စိတ်ပြန့်ခြင်း မရှိ၊ ပကတိတိတ်ဆိတ်နေလို့ အိပ်ပေးစရာလည်း မလို၊ ဒါပေမဲ့ မြေဆီကို စမ်းဝါးစားသုံးမိပြီးချိန်မှာကား...

တဖြည်းဖြည်း မြေဆီဩဇာဆုတ်ယုတ်၊ မြေဆီအစား သလေးစပါးများ ရှာဖွေစားသုံး၊ မာကျောတဲ့ အစာကြောင့် ခန္ဓာရှိအကြောအခြင်များ မာလာပြီး အကြိတ်အဖုတွေ ပေါ်ထွက် ပေါ်လွင်လာတော့တယ်။ အဲဒီအကြောတွေ၊ အကြိတ်အဖုတွေကြား အစာမှ ဖြစ်သော သွေးတို့စီးဆင်းစပြုလာခဲ့ပေပြီ။ အစာမှာ မြေဓာတ်ပါဝင်လာတဲ့အတွက် ခန္ဓာမှာလည်း မြေဓာတ်ရဲ့လက္ခဏာ ထင်ရှားလာပါတော့တယ်။ သွေးစုံသားစုံအကုန်ပိပြင်လာချိန်မှာတော့ သွေးများစတင်လည်ပတ်၊ ဒီမှာ နှလုံးသွေးကို မှီပြီးဖြစ်တဲ့ မနောအကြည်ဓာတ်လေးအတွင်းရှိ စိတ်ကလေးဟာလည်း ကစားလှုပ်ရှားလာပါတော့တယ်။ စိတ်ကစားတော့ ကိုယ်လည်း အအားမနေသာ ဖိုစိတ်၊ မစိတ်များ ဝင်လာကြပြီကိုး။

အစာမှသွေး၊ သွေးမှအသား၊ အသားမှ အဆီ၊ အဆီမှ အဆီခဲဆင့်ကဲဖြစ်လာရာ သွက်သွက်ခါ လှုပ်ရှား၊ အပူပေးခြင်းများ ခံရချိန်မှာတော့ ခြင်ဆီတွေ အရည်ပျော်ကာ 'သုက်သွေး' ရယ်လို့ ဖြစ်လာပါရောတဲ့။ သာမန်အပူနဲ့ အရည်မပျော်၊ ကိလေသာမီးပြင်းကြောင့် အရည်ပျော်ခဲ့ရတာတွေလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြခဲ့ပါတယ်။ စိတ်နှမှ စိတ်ကြမ်း၊ စိတ်ကြမ်းက ရမ္မက်ငန်းဖမ်းတဲ့အခါ သွေးတက်ကြမ်းဖမ်းချုပ်မရပြီ ဆိုပါတယ်။

ဒီမှာ ငြိမ်းချမ်းတဲ့ ဈာန်ပီတိစိတ်များ ဆိတ်သုဉ်း၊ ဈာန်ကြောင့်ဖြစ်တဲ့ ကိုယ်ရောင်ကိုယ်ဝါတွေလည်း လုံးလုံးကြီး ပျောက်ကွယ်သွားတဲ့အခါ၊ ကြိုက်စိတ်နောက်ကြောက်စိတ်များ ရောက်လာရတော့တယ်။ အဲဒီမှာ အလင်းရောင်ကို တမ်းတတဲ့ ဆန္ဒတွေဖြစ်ပေါ်လာတယ်။ ကမ္ဘာဦး

http://www.dhammadownload.com



လူသားဖြဟ္မာကြီးများဟာ ကာမနောက် လိုက်မိမှားတဲ့ အတွင်းကံသာ ကျိုးသေးတယ်၊ မသတ်မခိုးစတဲ့ အပြင်ကံတွေ မကျိုးသေးလို့ သီလ အာနုဘော်ရှိနေသေးတယ်။ အဲဒီသီလရဲ့ အကျိုးကြောင့် သူတို့ဆန္ဒအတိုင်း ညနက်နက်မှာ လထွက်လာတယ်။ ဆန္ဒအားလျော်စွာ ဖြစ်ပေါ်လာတဲ့ လဖြစ်လို့ 'ဆန္ဒာ'လို့ ခေါ်ခဲ့ကြတယ်။ ကာလရွေ့လျားတော့ 'စန္ဒာ'ရယ်လို့ ဖြစ်လာသပေါ့။

လဟာ မြလိုအေးပြီး ပုလဲလို တောက်ပတယ်။ ညနှင့် ပုလဲတွဲဖက်ထားတဲ့ သူ့အရောင်ဟာ နှစ်လိုဖွယ်ရာ ကောင်းလှတယ်။ ဒါကြောင့် သူသွားလာရာအခါကို ရတ္တိ–ညဥ့်လို့ခေါ်တယ်။ ရတ္တိဆိုတာ နှစ်လိုဖွယ်ကောင်းတဲ့အချိန်ပိုင်းကလေး။ လသာနေတဲ့အချိန်ကလေးမှာ စိတ်ကလေးအေးကြည်နေပါတယ်။ ကြိုက်လောဘ၊ မကြိုက်ဒေါသတွေ ကင်းစင်နေတဲ့အတွက် ကြည်ညိုဖွယ် လက္ခဏာတွေသာ ပေါ်လွင်နေပါတယ်။ ဒါပေမဲ့ ဈာန်ပီတိတွေ ဆုံးရှုံးပြီးစ ကိုယ်ပိုင်လင်းရောင်ဝါ ဆိတ်သုန်းပြီးစဖြစ်တဲ့အတွက် ကြောက်စိတ်ကား မပြေသေး။ 'မကြောက်ရောင်'ကို မျှော်လင့်ငေးဆဲ။

ဒီမှာနေဟာ လရဲ့နယ်ပယ်ထဲက အချိန်တစ်ဝက် ခွဲထွက်တိုက်ခိုက်ပြီး ပေါ်ထွက်လာပါတော့တယ်။ နေရောင်အောက်မှာ လူသားတွေ အကြောက်ကင်း၊ ရဲတင်းစိတ်ဖြစ်ပေါ်လာလို့ နေကို 'သူရိယ'လို့ ခေါ်ခဲ့ကြတယ်ဆိုပါတယ်။ နေဟာ ပတ္တမြားလို ရဲရင့်ပြီး စိန်လို မာကျောတယ်။ ပတ္တမြားရောင် စိန်ရောင်ပေါင်းပြီး တစ်ရောင်တည်း ပေါ်ထွက်လာချိန်ကစပြီး လူတွေရဲ့သွေးဟာ ဆူပွက်လာတယ်။ သွေးလှုပ်ကြမ်းလို့ စိတ်သရမ်းပြီး အနုယောဂ ဝိရောဓခေါ် ခွင့်ပြုခြင်း၊ ဆန့်ကျင်ခြင်းများ ဖြစ်ပေါ်လာပြီး အားချင်းပြိုင် အနိုင်ကြံ ရင်ဆိုင်ပွဲတွေ ဖြစ်လာခဲ့တယ်လို့ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ညွှန်ပြပါတယ်။

အဲဒီအချိန်ကစပြီး ပြင်ပကံ ကျူးလွန်ရမှာ မကြောက်တော့ဘဲ သတ်တာ၊ ခိုးတာတွေ၊ ကမ္ဘာဦးက ဖြစ်ခဲ့တယ်ဆိုပါတယ်။ နေဟာ လူသား

http://www.dhammadownload.com



တွေကို စီးပွားဝမ်းစာ အရှာခိုင်းတယ်။ မရ့ရတဲ့နည်းနဲ့ အတွန်းအတိုက် အကြောက်အကန် အကြိတ်အနယ် ယှဉ်ပြိုင်စေခဲ့တယ်။ ဒါကြောင့် နေရောင်အောက်မှာ လူစိတ်ဟာ ယုတ်လာတယ်။ ကြမ်းလာတယ်လို့ဆိုပါတယ်။ အဲဒီယုတ်ကြမ်းလာတဲ့ စိတ်ကလေးတွေကို လရောင်က အေးရိပ်ပေး ချွေးသိပ်ပေးရပြန်ပါတယ်။

တကယ်တော့ လဟာ နေမလိုချင်တဲ့ အချိန်ပိုင်းကလေးမှာသာ အနစ်နာခံပြီး သာရရှာတာပါ။ နေကို အတိုက်အခံမလုပ်ပါ။ နေက အချိန်ပိုယူလို့ နေ့တာရှည်သွားရင်လည်း လက အလျှော့ပေးပြီး အချိန်တိုမျှနှင့်သာ သွားလာရရှာပါတယ်။ တစ်ခါတစ်ရံ နေသွားလမ်းကို ရှောင်တိမ်းပေးနေရလို့ သူလာရမယ့် ရက်တွေမှာတောင် လဟာ မှန်မှန်ရောက်မလာ၊ ရံတစ်ခါ ပြန်လှည့်၊ ရံတစ်ခါ ရှေ့တိုးပြီး မရဲတရဲထွက်ပြူရရှာပါတယ်။ စိတ်ချလက်ချသာခွင့်ရမှ ပြည့်ပြည့်ဝဝကြီး သာခွင့်ရပြီး စိတ်မချရချိန်များမှာ ပြန်ဆုတ်သွားခဲ့ပါလေရော။

လရဲ့ အအေးဓာတ်နဲ့အတူ လူတွေလည်း စိတ်အေးအေးအိပ်ကြရ အနားယူကြနဲ့။

လဟာ လောကသားတို့အပေါ် ရံတစ်ခါ ခေါင်းရင်းကနေပြီး စောင့်ရှောက်ပေးတယ်။ ရံတစ်ခါ ကိုယ်ပေါ်တည့်တည့်ကနေပြီး စောင့်ရှောက်ပေးတယ်။ ရံတစ်ခါမှာတော့ ခြေရင်းကနေပြီးတော့လည်း စောင့်ရှောက်မှုပေးတတ်ပြန်သေးတယ်။ ခေါင်းရင်းက စောင့်ရှောက်ပေးနေချိန်ဟာ အမေ့မေတ္တာလို စိတ်ချရပြီး ကိုယ်ပေါ်က စောင့်ရှောက်ပေးနေချိန်ကတော့ လင်သားပမာ စိတ်ချရတယ်ဆိုပါတယ်။ ခြေရင်းက စောင့်ရှောက်ပေးချိန်မျိုးကတော့ သားသမီးပမာ အားကိုးရတယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အလင်္ကာစကားနဲ့ တရားပြပါတယ်။

ခေတ်ပေါ်လူသားတို့အဖို့ကား နေရောင်အောက် လျှောက်လှမ်းရချိန်တွေ မရေတွက်နိုင်အောင် များလှပါသော်လည်း လရောင်အောက်သို့ကား အရောက်နည်းလှလေစွ။ ဒါကြောင့်များ စိတ်ကြမ်းတွေ ပိုများ

http://www.dhammadownload.com



လာပြီး စိတ်သိမ်မွေ့မှုတွေ လျော့ပါးခဲ့လေသလား။ သွေးပူလို့ စိတ်ကြမ်းပြီး ကိုယ်သရမ်းလို့ ပင်ပန်းလှပါပြီဆိုရင်တော့ လရောင်နှင့်တူသော သူမြတ်တို့ရဲ့ စောင့်ရှောက်မှုတည်းဟူသော ဓမ္မအေးရိပ်မှာ ခွေးသိပ်လှည့်ပါတော့လို့သာ ဆုပန်လွှာပါးလိုက်ရပါတယ်။

အညွှန်း

* ၉-၇-၉၇ နတ်တလူတောရ ဩဝါဒများ... ။

* အာယုသုက္ခ အင္ဂကထာ

[ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဘာသာသွေးမဂ္ဂဇင်း ]

http://www.dhammadownload.com

http://www.dhammadownload.com

# သီလရှင်ဘဝသို့ ပထမခြေလှမ်းများ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံတော်မှာ တရားနာကြ၊ တရားစခန်းဝင်ဖူးကြတဲ့ တပည့်ဒကာ၊ ဝေနေယျတွေထဲက တချို့ဟာ သဒ္ဓါတိုးပြီး ဒီလိုမျိုး လျှောက်ထားကြပါတယ်။

"တပည့်တော်၊ တပည့်တော်မတို့ ဒုလ္လဘရဟန်းဝတ်လိုကြပါတယ်။ သီလရှင်ဝတ်လိုကြပါတယ် ဘုရား"

အဲဒီမှာ ဆရာတော်ဘုရားကြီးက

"ဆံပယ်ရုံမျှနဲ့တော့ ရဟန်းစစ်စစ်၊ သီလရှင်စစ်စစ် မဖြစ်သေးပါဘူးဗျာ။ တကယ်ပယ်ရမှာက ကိလေသာပယ်ရမှာ။ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေကိုပယ်သတ်ပြီး သွားရတဲ့လမ်းသာလျှင် ရဟန်းတို့လျှောက်သောလမ်း၊ သီလရှင်တို့ သွားရာလမ်း၊ ဗုဒ္ဓဘာသာဝင် သမ္မာဝါဒီရှင်တို့ရဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို ရည်

http://www.dhammadownload.com



မှန်းပြီး အစဉ်သဖြင့် အကျင့်မြတ်ကိုဆောင်ပြီး လျှောက်လှမ်းနိုင်မှ ရဟန်းဘဝ၊ သီလရှင်ဘဝကို ပိုင်ပိုင်ကြီး ရနိုင်ပါတယ်ဗျာ”လို့ အစချီရင်း...

တို့ဘုရားရှင် ရွှေလက်ထက်တော်ကာလတုန်းကတော့ ဘိက္ခုရယ်၊ ဘိက္ခုနီ (ရဟန်းမိန်းမ) ရယ်လို့ သုံးကြ၊ ခေါ်ကြတယ်။ ဘိက္ခုဆိုတာ ပဋ္ဌိပတ္တိ ပူရဏောဟိ ဒေဝေါ ဝါဟောတု မနုဿောဘဝါ ဘိက္ခုတိ သင်္ခေ ဂစ္ဆတိလို့ ဆိုတယ်ဗျာ။ အဓိပ္ပာယ်ကတော့ ပဋိပတ္တိအကျင့်နှင့် ပြည့်စုံနေလျှင် နတ်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ဘိက္ခုစာရင်းဝင်တယ်လို့ ဆိုပါတယ်။ ဒီတော့ ဘိက္ခုလို့ခေါ်တဲ့ ရဟန်းဖြစ်ချင်ရင် ရဟန်းအကျင့်ကျင့်ရမှာပဲ။ ရဟန်းတရား အားထုတ်ရမှာပဲ။ ဘိက္ခုနီကတော့ ဒီနေ့ခေတ်မှာ မရှိတော့ဘူး။ ဘိက္ခုနီအစား သီလရှင်ဆိုတဲ့စကား အစားထိုးပေါ်ပေါက်လာတယ်။ သီလရှင်ဆိုရမှာလည်း သူ့စကားထဲမှာ သူ့အဓိပ္ပာယ် ပါနေပြီးသားပဲ။

သီလရှင်ဆိုတာ အကျင့်ကောင်း၊ အကျင့်မှန် သိက္ခာကံထပ်နေလျှင် သီလရှင်၊ သီလမဂ္ဂင်အကျင့်နဲ့ ပြည့်စုံနေလျှင် သီလရှင်လို့ ရဟန်း (ဘိက္ခု)နှင့် သီလရှင်တို့ရဲ့ နက်ရှိုင်းတဲ့ အဓိပ္ပာယ်ကို ပဏာမဖွင့်ဆို ရှင်းပြတော်မူခဲ့ပါတယ်။ ဒီနေရာမှာ သီလရှင်ဘဝနှင့် သီလရှင်လောက တောက်ပပေါ်လွင် အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်နဲ့ ဆရာတော်ဘုရားကြီး ပြုစုပေးတော်မူတဲ့၊ ‘သီလသာမိက ဝိဘင်္ဂကထာ’စာတမ်းအကြောင်း ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

လူ့သာမန် ပုထုဇ္ဇဘဝကနေ အရိယာလမ်းကြောင်းပေါ်က သီလရှင်ဖြစ်လိုပါလျှင် အရိယာသီလလို့ခေါ်တဲ့ ဆယ်ပါးသီလကို ရှေးဦးစွာ ဆောက်တည်ခံယူဖို့ လိုပါတယ်။ မိမိရဲ့ ကိလေသာအမှိုက်တွေကို အနီးကပ်ရှို့မြိုက်ပေးမယ့် ဥပဇ္ဈာယ်ဆရာလည်း လိုပါတယ်။ ဆရာကောင်းဆီမှာ အကျင့်ကောင်းကို ဆည်းပူးလျက်က ပရိက်နှစ်ပါး ဆောက်တည်ထားဖို့လိုပါတယ်။ ပရိက်နှစ်ပါးက ဘဝပရိက်နှင့် ကမ္မဋ္ဌာန ပရိက်တို့ ဖြစ်ပါတယ်။ ဘဝပရိက်မှာ ပလိဗောဓကြီးဆယ်ပါးနှင့် ပလိဗောဓငယ်များကို ဖြတ်တောက်ဖို့ဖြစ်ပြီး ကမ္မဋ္ဌာန ပရိက်မှာ ဘာဝနာအကျင့်လမ်း ဖြောင့်တန်းစေဖို့ဖြစ်တယ်လို့ ဆရာတော်ဘုရားကြီးက ရှင်းပြပါတယ်။

http://www.dhammadownload.com



ပလိဗောဓကြီးဆယ်ပါးအကြောင်းကို တစ်ချက်ချင်း ရှင်းလင်းပုံမှာ...

(၁) မနေအပ်သော ကျောင်းကြီး၊ ကျောင်းသစ်၊ ကျောင်းအို၊ လူပြောများရာကျောင်း စသည့်အရပ် ဆယ့်ရှစ်ပါးတို့၌ နေသော် စိတ်အထိုင်မကျ၊ စိတ်ဂဏှာမငြိမ်တတ်။

(၂) ဒါယကာ၊ ဒါယိကာမများနှင့် ရောနှောမိသော် လူကား လူလိုသာသိမည်ဖြစ်သဖြင့် ၎င်းတို့အလို လိုက်ပါမိချေက သီလညှိုးနွမ်းသွားပေမည်။

(၃) လာဘ်လာဘရလိုမှု အားကြီးနေသော် ပါပိစ္ဆာ (စိတ်ယုတ်မာ) လည်း ဝင်မည်။ ပိတော (ဆိတ်ငြိမ်မှု)လည်း လက်လွှတ်မည်။

(၄) အုပ်စုဖွဲ့နေသော် သူ့ငဲ့ကိုယ်ငဲ့ဖြင့် အငဲ့လွန်က စောင်းသွားတတ်လှချေသည်။

(၅) ပြင်ပကိစ္စ အသားပေးနေသော် ကိလေသာအသင်းဝင်ဖြစ်သွားတတ်လှချေသည်။

(၆) ခရီးများနေသော် အာရုံလည်းများ၊ ကိုယ်လည်းဖားလျက် စိတ်ဂယောက်ဂယက် ဖြစ်လာတတ်သည်။

(၇) ဆွေမျိုးကိစ္စ အရေးပေးနေသော် သံယောဇဉ်ကြီး ခရီးမတွင်ဖြစ်တတ်သည်။

(၈) အနာရောဂါ ဖိစီးနေသော် ဒုက္ခဝေဒနာ နှိပ်စက်ခံနေရပြီဖြစ်၍ စိတ်မချမ်းသာစေတတ်။

(၉) စာပေသင်အံပို့ချမှု၌သာ အားစိုက်နေသော် ပညတ်စွဲအားကြီးနေ၍ ပရမတ်ထဲ စိတ်မဝင်ဆံ့။

(၁၀) ဘုန်းတန်ခိုးကြီးနေသော် ဘုန်းဒဏ်ပိသဖြင့် မချိမဆံ့ ခံစားနေရတတ်သည်။

ပလိဗောဓငယ်များမှာ ဆံပယ်ခြင်း၊ အဝတ်လျှော်ဖွတ်ဆေးခြင်း စသည့် အသေးအဖွဲကိစ္စလေးများပင် ဖြစ်ကြ၏။ ရှေ့ပြေးပြုကျင့်မထားက

http://www.dhammadownload.com



စိတ်အထိုင်မကျတတ်။

ဒီနေရာမှာ 'တရားနှင့် စာပေ' (ပဋိပတ်နှင့် ပရိယတ်)တို့ရဲ့ သဘောကို ဆရာတော်ဘုရားကြီး ဖော်ပြလိုက်ပုံမှာ အလွန်မှတ်သားစရာ ကောင်းပါတယ်။

"တရားကား ခန္ဓာကြား၌ ပရမတ်တရားကိုသာ မိမိပိုင်သတိဖြင့် ရှုသိစေကာ မိမိပိုင် ပဋိဝေဓသို့ ခေါင်းဆိုက်ရမည်ဖြစ်၏။ ဘာဝနာမယ ဉာဏ်ကို အားပေး၏။"

"စာပေကား စာအုပ်ကြား၌ ပညတ်စကားကိုသာ ဆရာတို့ ဟောပြောမှုကို နားထောင်ကာ ဆရာကိုင် သုတသိ၊ စိန္တသိသို့ ခေါင်းဆိုက် တော့မည် ဖြစ်၏။ အနုဗောဓသိကို အားပေး၏။"

* ပရိယတ်သည် မြေပုံလမ်းညွှန် ရေးဆွဲပြထားသော စက္ကူကား ချပ်ပမာ၊
* ပဋိပတ်သည် မြေပုံကို အခေါက်ခေါက်လေ့လာပြီးနောက် ခရီး အပေါက်သွားရသည့်ပမာ။

သို့ကြောင့် ကင်းကားမကင်း၊ ကွာကား အလွန်ကွာလှ၏။ စာရင်းနှင့် ငွေကြေးပမာလည်း တူ၏။ ငွေသည် စာရင်းနှင့် မကင်းရ။ ငွေအတိအကျသိလိုလျှင် စာရင်းပြန်လှန်ကြည့်မှ သိရ၏။ သို့သော် ထိုစာ ရင်းသည် ငွေကဲ့သို့ အသုံးချ၍ မရချေ။ သို့ကြောင့် မကျင့်မီ သုတဗုဒ္ဓတို့ ထံမှ တပည့်ခံ သင်အံလေ့ကျက်ခဲ့ပြီး ကျင့်ရာ၌ကား စာပညတ်ကို အာရုံ ပြုလျက်က ပြုကျင့်မနေသင့်။ ခန္ဓာစဉ်ရှိ လှုပ်ရှားမှုမှတစ်ပါး အခြားအာရုံ ယူ၍ မရစကောင်း။

အဲဒီ ပလိဗောဓကြီးငယ်တို့ဟာ မိမိရဲ့ ဝန်ထမ်းဘဝ (သီလရှင် ဘဝ) အသက်မငင်ရေးအတွက် အရေးအကြီးဆုံးအချက်တွေပါတဲ့။ ဒါတွေ လိုက်နာပါမှ ကြောင့်ကြမဲ့နေနိုင်လာမယ်။ ကြောင့်ကြမဲ့သမားသာလျှင် သတိအင်အားကြီးထွားပြီး ဝန်ထမ်းသက် (သီလရှင်သက်) ထွန်းကား ကျန်းမာမယ်ဆိုပါတယ်။

http://www.dhammadownload.com



ကမ္မဋ္ဌာနရဲ့ ဘာဝနာပရိကံမှာ မေတ္တာသုတ်တော်လာအတိုင်း ဖြစ်ပါတယ်။

(၁) ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရက်ရက်စက်စက်ကြီး ကျင့်မယ်ဆိုတဲ့ စိတ်ထား၊

(၂) ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ဖြောင့်မှန်စေရမယ်ဆိုတဲ့ စိတ်ထား၊

(၃) ကိုယ်၊ နှုတ်ဖွင့်ရာ စေတနာပါ ဖြောင့်မှန်စေရမယ်ဆိုတဲ့ စိတ်ထား၊

(၄) ဘုရားစကား၊ ဆရာသမားစကား တစ်ထစ်ချနားထောင်မယ်ဆိုတဲ့ စိတ်ထား၊

(၅) နူးညံ့တဲ့ သဘောထား အမြဲထားမယ်ဆိုတဲ့ စိတ်ထား၊

(၆) ထောင်လွှားတက်ကြွ မာန်မာနကို ချိုးနှိမ်မယ်ဆိုတဲ့ စိတ်ထား၊

(၇) တရားသောက၊ အခြားသောက ငဲ့ဆီမဝင်ရဆိုတဲ့ စိတ်ထား၊

(၈) စိတ်အလို ကိုယ်မလိုက် ထိုက်သင့်ရာလေးနှင့်သာ ပြီးပြေအံ့ဆိုတဲ့ စိတ်ထား၊

(၉) မလုပ်မဖြစ်သော ကိစ္စမှတစ်ပါး အခြားပြုဖွယ်ရာ စွန့်ပယ်မယ်ဆိုတဲ့ စိတ်ထား၊

(၁၀) သရဏဂုံပွား ဘာဝနာတရားများ လျင်မြန်စွာ တိုးပွားစေမည်ဆိုတဲ့ စိတ်ထား၊

(၁၁) စိတ်လည်းလုံ၊ အာရုံလည်း မများစေရန် မျက်စိစသည် တံခါးများ ပိတ်ထားမည်ဆိုတဲ့ စိတ်ထား၊

(၁၂) ကိလေသာ အလိုဆိုးအတွင်း ဝင်စီးပိုးနေတာကိုလည်း ဖျက်ချိုးချထားခဲ့မယ်ဆိုတဲ့ စိတ်ထား၊

(၁၃) ခန္ဓာဝန် ခန္ဓာ့ကိစ္စ ကျဉ်းနိုင်သမျှ ကျဉ်းစေမည်ဆိုတဲ့ စိတ်ထား၊

(၁၄) ဆွေမိတ်မျိုးမိတ်တို့မှာ ငြိနေတဲ့စိတ် မချိတ်မိအောင် ပြုပြင်မယ်ဆိုတဲ့ စိတ်ထား၊

http://www.dhammadownload.com



(၁၅) ပညာမျက်စိဖြင့် အကြည့်ခံနိုင်ရန် ကြိုးစားမယ်ဆိုတဲ့ စိတ်ထား။

ဒီစိတ်ထားများဖြင့် စိတ်မည်းကို ဖြူအောင် ပြုပြင်ထားနှင့်သင့်ပါတယ်။ အရေးကြီးတာက 'ကိလေသာ မထကြွစေနိုင်တဲ့ အကြောင်းခြင်းရာတို့အပေါ်၌သာ စိတ်ကျက်စားနေခြင်း'ပဲ ဖြစ်ပါတယ်။

'ငြိမ်သက်အေးချမ်းမည့် အကြောင်းအရာကိုသာ ဉာဏ်သက်ဝင်နေစေရမည်ဆိုသည်မှာ ကိလေသာစိတ်လှေး အတွေးမဝင်သာစေသည့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ဟူသော သဒ္ဓါပွားကမ္မဋ္ဌာန်း၊ မေတ္တာဟူသော ဒေါသအဆိပ်ချဆေးကမ္မဋ္ဌာန်း၊ ကောဋ္ဌာသဟူသော မာနအဖျားပျောက်ဆေးကမ္မဋ္ဌာန်း၊ အသုဘ စသောရောဂါအနာကျက်ဆေး ကမ္မဋ္ဌာန်းများကို ညွှန်းဆို၏။ တကူးတက အချိန်ပေးနိုင်ကောင်း၏။ မပေးနိုင်သော် ကာမအရသာ နိုးထလာစေမည့် အာရုံတို့အကြား မိမိစိတ်အတွေးနက်မသွားဖို့ သတိထိန်းပေးထားရမည် ဖြစ်၏။

* သို့မှသာ ကမ္မဋ္ဌာန်းအာရုံရှိ ပရမတ်ဂုဏ်ပုံဖော်၍ ကြည့်နိုင်စွမ်းရှိ၏။

* သို့မှသာ စိတ်သည် အာရုံမှန် အာရုံဖြောင့်ပေါ်သို့ တစ်ဖြောင့်တည်း သွားသာ၏။

* သို့မှသာ စေတနာသည်လည်း စိတ်သွားရာညွှန်းလျက်က အမွှမ်းတင်ပေးသာ၏။

ဖော်ပြပါ ဘာဝနာပရိကံများဟာ အားမထုတ်မီနှင့် အားထုတ်ဆဲမှာ 'အသက်မငင်ရေး'အတွက် အရေးကြီးလှတယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။

သိက္ခာစုံတင် သီလရှင်ဖြစ်လိုသူဟာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဆင့်တို့ ရင့်ကျက်အောင် ပျိုးထောင်ဖို့ လိုပါဦးမယ်။ စပါးများ ပျိုးထောင်သလိုပါပဲတဲ့။ ပျိုးသားတို့ ရင့်မာလာလို့ အကိုင်ခံ၊ အနုတ်ခံပြီဆိုမှ စိုက်ကွက်စိုက်ခင်းထဲ တစ်ဖန်ပြောင်းစိုက်ရသလိုပါပဲ။ မြေဆီအားနည်းပါးလာတဲ့ ဒီနေ့ခေတ်အခါမှာ စိုက်ခင်းထဲ ချက်ချင်းစိုက်လို့ မဖြစ်

http://www.dhammadownload.com



နိုင်သလို သီလရှင်များအဖို့ ဘုရားခေတ်ကလို တရားတစ်ပုဒ် နာရုံမျှနဲ့ မဂ်အဆင့် ချက်ချင်းမပွင့်နိုင်ပါတဲ့။ ကိလေသာ အပူဓာတ်တွေ များများ ကြီး အဟပ်ခံနေရတဲ့ ခေတ်ကာလမှာ ဘာဝနာမယဉာဏ် တစ်ဆင့်ခံပြီး မှသာလျှင် မဂ်အဆင့်တက်ခွင့်သာစေတယ်လို့ ညွှန်ပြပါတယ်။ ဒီတော့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဆင့်တို့ကို တစ်ခုပေါ် တစ်ခုဆင့် စိတ် ကိုတိုးမြှင့်၊ တိုးမြှင့်ပေးလျက်ကလည်းကောင်း၊ စိတ်ကို ကိလေသာဘေး နှင့် ဝေးရာသို့ ပို့ပေးလျက်ကလည်းကောင်း၊ ကိလေသာ မဟန့် စိတ်သန့် စိတ်ကြည်ချည်း ဖြစ်ပေါ်လာစေရန် ဘာဝနာမယဉာဏ် တစ်ဆင့်ခံဖို့ လိုအပ်သေးတယ်လို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အတိအလင်း ညွှန်ပြတော်မူပါတယ်။

ဆရာတော်ဘုရား သုံးသပ်ပြပုံမှာ...

(က) ထိုသို့ အမှတ်စု၊ အသိဆောင်းရာတို့၌ အောက်,အောက်ရှိ သီလ ခန်း၊ သမာဓိခန်း၊ ပညာခန်းဟူသော ခန္ဓာ့ဖြစ်ပျက်စုံတို့ကို ရှု ကြည့်လျက်က ဝိပဿနာ ဉာဏ်စဉ်တက်နည်းကို 'အခြေပျိုး' ဆိုရ၏။

(ခ) တစ်ဖန် ငါမသိ၊ သူမသိ ဖြစ်ပျက်ကိုချည်း ရှုသိဖန်များလာသဖြင့် ငါစွဲကြီးများ များရာမှပါး၊ ပါးရာမှ နည်း၊ နည်းရာမှ စဲသွားတော့ ပြီဖြစ်၍ မဂ်ကျခြင်းကို 'ဉာဏ်ပွင့်ခန်း' ဆိုရ၏။

*(သီလသာဓိက ဝိဘင်္ဂကထာ စာတမ်းမှ)*

ဒီတော့ ဘာဝနာလမ်းမှသာ မဂ်စခန်းသို့ သွားရမှာဖြစ်ကြောင်း ထင်ရှားပါတယ်။ ဘယ်လိုသွားရမလဲ (ဝါ) ဘယ်လိုကျင့်ရမလဲဆိုတာကို လည်း ဆရာတော်ဘုရားကြီးက တစ်ဆက်တည်း လမ်းပြပါတယ်။

သိက္ခာစုံတင် သီလရှင်ဖြစ်လိုသူဟာ လူသူကင်းဆိတ်၊ ကာမ အာရုံတို့ တိတ်ဆိတ်ရာ သစ်တစ်ပင်ရင်း၊ တောတောင်ရိပ်ဆီ သွားရမယ်။ ဒီနှစ်မျိုးမရနိုင်သော်မှ 'ဆိတ်ငြိမ်ရာ'ကို ချဉ်းကပ်ရပါမယ်တဲ့။ အဲဒီမှာ...

http://www.dhammadownload.com



(က) ကိုယ်ဆိတ်ငြိမ်ရန် တင်ပျဉ်ခွေ၊ အထက်ကိုယ် ဖြောင့်၊ ခေါင်း တည့်တည့်ထား၍ မျက်စိမှိတ်ပေး၊

( ခ ) စိတ်ဆိတ်ငြိမ်ရန် ရာဂမပွက်၊ စိတ်မကလက်စေသော သာမန် တွေ့ အာရုံပေါ်သို့ သတိတင်ပေးထား။

ထိုသို့အတွေ့အာရုံနှင့်သတိ ချိန်ကိုက်ပေးထားပြီးနောက် အလုပ် ခွင်မဝင်မီ ဘုရားအာရုံပြုလျက်က မိမိခန္ဓာအား ဘုရားသို့လှူဒါန်းပို့အပ် ထားရာ၏။ သို့မှသာ အတွင်းရန်၊ အပြင်ရန် အောင်နိုင်သဖြင့် အတွင်း ရန်အောင်သော် စိတ်ငြိမ်၊ အပြင်ရန်အောင်က ကိုယ်ကျန်းမာမပျက်တော့ ရကား သွားလိုရာခရီး တစ်ကြောင်းတည်း သွားသာရာ၏။

ဤ၌ အတွင်းရန်ဆိုသည်မှာ ရှုကွက်အဝ သတိလေးအထိုင်ချ နေစဉ် မိမိဘာသာ စိတ်အထိုင်မကျသေးမီကာလ ဖြစ်လေ့ဖြစ်ထရှိသော နာကျင်ကိုက်ခဲမှု ပေါ်သောအခါ ခြင်၊ ပုရွက်တို့ကြောင့်ဖြစ်သော ယားမှု၊ နာကျင်မှုဖြစ်ပေါ်လာသည့်အခါ ငါနှင့်မဆိုင်၊ ငါပိုင်ခန္ဓာ မဟုတ်ဟူသော အသိက နှိုးဆော်နေတတ်လှသဖြင့် ထိုမခံချင်စရာကနေ ပေါက်ထွက်လာ လေ့ရှိသော ဒေါသနှင့် မာနတို့ကို အောင်နိုင်၏။ ၎င်းတို့သည် အတွင်းရန် များဖြစ်ကြ၏။ စိတ်အထိုင်ကျ အာရုံလှ၍ ခံချင်စရာနှင့်တွေ့သော ကာလ မျိုးတို့၌လည်း ငါအားထုတ်လို့ ဒါမျိုးရလာတာ၊ (သို့မဟုတ်) ငါ ကြိုးစား လို့ သည်အဆင့်ရောက်လာတာ စသည့် တဏှာ၊ မာန၊ ဒိဋ္ဌိများ ဖြစ်ပွား လာတတ်သေး၏။ ၎င်းတို့ကိုလည်း အတွင်းရန်သူများပင် ဆိုရ၏။

အပြင်ရန်ဆိုသည်မှာကား မျက်စိကိုမှိတ်၊ တည်စိတ်ကိုသွင်းပေး နေစဉ် အဓိကအားဖြင့် မမြင်အပ်ရသော 'အတိတ်ညှိုးသမားများ'ပင် ဖြစ်၏။ တစ်ဦးနှင့် တစ်ဦး ရာဇဝင်ကြေသော်လည်း ဥဒါန်းမကြေဟူသော မုန်းငြိုး၊ မိမိ လူ့ဘဝထွက်ခွင့်ရ အလှည့်ကျသဖြင့် ထွက်လာရစဉ် နောက် ၌ အစောင့်အဖြစ် ကျန်နေရစ်ကြသည့် သူများ၏ ချစ်ငြိုး၊ မုန်းငြိုးများကို ဆို၏။ ၎င်းတို့သည် မာရ်ငါးပါးတွင် ဒေဝပုတ္တမာရ်၏ စာရင်းဝင်များ ဖြစ်ကြ ရာ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော ဘုရားရှင်အား မိမိခန္ဓာ

http://www.dhammadownload.com



ပေးလှူထားခြင်းဖြင့် ၎င်းတို့ မနှောင့်ယှက်နိုင်။ ပြီးသော် အားလုံးကျန်းမာချမ်းသာကြပါစေဟူသော မေတ္တာပွားနည်းကို မိနစ်မျှ အချိန်ယူပွားပို့ပေးရာ၏။ အားလုံးဆိုသဖြင့် ရန်မိတ်နှစ်ပါး အနီးနှင့်အဝေးရှိ မြင်အပ်ကောင်း၊ မမြင်အပ်ကောင်း ပေါင်းစုံပါသွားတော့၏။ မေတ္တာသည် ရန်သူလည်း ကြိုက်၊ မိတ်ဆွေလည်း ကြိုက်၊ မိမိကိုယ်တိုင်လည်း နှစ်ခြိုက်သောတရားပင်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက အကျင့်လမ်းစကို အဲဒီလိုဖော်ပြလိုက်ပြီး ဂုဏ်တော်က စိတ်ရှုပ်ကို ရှင်းပေးပြီး မေတ္တာက စိတ်ပူကို အေးစေတယ်လို့ ဆိုပါတယ်။ အခြေခံအားဖြင့် အဲဒီလို ကိုယ့်စိတ်ကိုယ် ပြုပြင်ပြီးပြီဆိုရင် သတိကလေးကို ဆက်ပြီး အသက်သွင်းပေးပါတဲ့။ ဒီနေရာမှာ အများသိ၊ အများသုံး အာနာပါန နည်းနာအားဖြင့် သာဓကဆောင်ပြပါတယ်။

'ထိုနှာသီးဝ ရှုကွက်အထိ လေနှင့်အထိခံ နှာဝကြားမှ ပေါ်ထွက်လာသော အတွေ့အာရုံသည် ကာမဓလေ့ အငွေ့အသက်မပါသဖြင့် အားပြုသင့်သော သာမန်အတွေ့အာရုံမျိုးဖြစ်၏။ ထိုယောဂီ၏ မှတ်တင်စကာလသည် ဝင်,ဝင်မှန်း သိ၊ ထွက်, ထွက်မှန်းသိမျှသာ ရှိသေး၏။ အစကဘာမသိ ညာမသိနှင့်စာလျှင် တော်တော်လေး ခရီးရောက်ပြီ ဆို၏။ ထိုအချိန်မျိုး၌...

(က) အဝင်နှင့်အမှတ် ထပ်လျက်ကပ်နေစေရန် နောက်ခံကြောင့်ကြစိုက်အားလေး အလိုက်သင့်သုံးပေး၊

(ခ) အထွက်နှင့်အမှတ် ထပ်လျက်ကပ်နေစေရန် နောက်ခံကြောင့်ကြစိုက်အားလေး အလိုက်သင့်ဖိအားပေး။

ထိုသို့ သတိနောက် ဝီရိယဒေါက်ကလေး တွန်းပင့်ပေးထားခြင်းသည် အသိဝင်လာရန် လမ်းစပျိုးပေးခြင်းတည်း။ သို့ကြောင့် တမင်သိရန်ဟူ၍ ကိစ္စအထူးပြုကျင့်ရန် မလိုတော့ပြီ။ ထိုသို့ သတိနောက် ဝီရိယဒေါက်ကလေး ထောက်ပေးထားခြင်းသည် မိမိစိတ် တွေးလည်းမတွေးသာ၊ ပြေး

http://www.dhammadownload.com



လည်း မပြေးသာတော့ရကား ခေါင်းအေးအေး စိတ်အထိုင်ကျကျ ထားရန် ဟူ၍ အထူးပြုရန် မလိုတော့ပြီ။ သို့ကြောင့် အမှတ်နှင့် အမှတ် မလွတ်ရန် အမှတ်ထိန်းဝီရိယသည် အထူးအရေးကြီးလှကြောင်း သဘောပေါက်ပါလေ။

ၡင်းတို့အလုပ် တွင်ကျယ်လာသောအခါ ဝင်,ဝင်မှန်းသိမှ အေးသောအသိ၊ ထွက်, ထွက်မှန်းသိမှ နွေးသောအသိများ တိုးပွားလာစေတော့၏။ ထိုမှတစ်ဆင့် မှတ်အားနှင့် တွန်းအားတို့ ရင့်ကျက်လာသောအခါတွင်ကား အေးမှု၊ နွေးမှုတို့၏ ရိပ်ရိပ်မျှသော လှုပ်ရှားမှုတို့သည်လည်း စိတ်ဝင်စားစရာ ပေါ်ပေါ်လာတော့၏။ ထို 'လှုပ်ရှားမှုအသိ'နှင့် 'ဖြစ်ပျက်သိ'စကားနှစ်မျိုးတို့သည် အမည်သာကွဲသော တစ်သဘောတည်းစကားများ ဖြစ်ကြ၏။

ထို့ထက် မှတ်အားနှင့်တွန်းအားတို့ အားချင်းလည်းညီမျှ၊ အသွားချင်းလည်း ညီမျှလာပါသော်ကား ထိုအေးမှု၊ နွေးမှုတို့၏ ရိပ်ရိပ်မျှလှုပ်ရှားသိသည် တစ်ဆင့်တက်ရောက်လာတော့ကာ လှုပ်ရှားနေပုံများ၏သဘာဝအခြင်းအရာများကိုပါ အတိုင်းသားမြင်တွေ့လာစေ၏။ ထိုလှုပ်ရှားပုံအမြင်နှင့် ဖြစ်ပျက်မြင်စကားနှစ်မျိုးတို့သည်လည်း သဘောတူ အမည်ကွဲစကားဟူ၍သာ မှတ်ပါလေ' (သီလသာမိက ဝိဘင်္ဂကထာစာတမ်းမှ)

သီလရှင်ဖြစ်ချင်သူများကို သီလစင်ကြယ်သော ဝိပဿနာလမ်းကြောင်းပေါ်သို့ ဆရာတော်ဘုရားကြီးက ပို့ပေးနေပေပြီ။ အဲဒီလိုလှုပ်ရှားပုံ ဖြစ်ပျက်မြင်လာတယ်ဆိုတာ သမာဓိတည်လာခြင်း၊ ဒီအချိန်မှာ တည်လာတဲ့သမာဓိ မပျက်ပြယ်အောင် ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ နတ်တလူတောရ အလုပ်ပေးစခန်းမှာ ညွှန်ပြခဲ့တာတွေ သတိရလာပါတယ်။

"ဒီလှုပ်ရှားမှု ဖြစ်ရိပ်၊ ပျက်ရိပ်ကလေး ပေါ်မလာပြန်တော့ မျှော်ပြန်ရောဗျာ။ မျှော်တယ်ဆိုတာ စိတ်ကစားတာ၊ စိတ်ကစားပြီဆိုမှတော့ စုစည်းပြီး သမာဓိကို ဖြိုဖျက်နေတာနဲ့ အတူတူပဲပေါ့။ ပြီးတော့ ဒီလှုပ်ရှားမှုကလေး မပေါ်,ပေါ်အောင် လုပ်ယူတာ။ ပေါ်လာပြန်တော့ လိုသလို

http://www.dhammadownload.com



ဆွဲယူပြီး ကစားနေတာတွေဟာလည်း သမာဓိကို ဖြိုဖျက်နေတာပါပဲ'

'ဒီမှာ သတိပြုစေချင်တာက လှုပ်ရှားမှုဖြစ်ပျက်ပေါ်လာတယ်ဆိုတာ ရှုကွက်နဲ့ မှတ်စိတ်တည့်လို့ ပေါ်လာတာ။ စိတ်ဟာ တွေးလည်း မတွေး၊ ပြေးလည်း မပြေး ကိလေသာနဲ့ ဝေးခဲ့လို့ ဒီဖြစ်ပျက်မြင်တယ်ဆိုတာ မမေ့ပါနဲ့။ မှန်နဲ့မျက်နှာတည့်လို့ မှန်မှာ မျက်နှာရိပ်ပေါ်လာတာမျိုးပါ။ ဒီမှာ အဲဒီလှုပ်ရှားမှုဖြစ်ပျက်အပေါ် သတိတင်မထားဘဲ မူလရှုလက်စနှာသီးဖျား၊ နှာဝမှာသာ မှတ်နေပြီး စိတ်ကိုမြဲအောင်ချည်နှောင်ထားပေးပါ။ ဒါမှသာ စိတ်ဟာ တည်သည်ထက် တည်၊ ကြည်သည်ထက် ကြည်လာပြီး ရှုကွက်ကိုလည်း ထင်သည်ထက် ထင်၊ မြင်သည်ထက် မြင်လာပါလိမ့်မယ်။ ဒါဟာ သမာဓိနိမိတ်မွေးမြူနည်းပါပဲ'

'ကိုယ့်သမာဓိကိုယ် မထိန်းသိမ်း၊ မစောင့်ရှောက်တတ်ရင် တက်စိတ်၊ ကျစိတ်တွေ ဖြစ်ပေါ်လာပြီး ဖြစ်ပျက်မြင် အချက်ပြ ပျောက်ကွယ်သွားတတ်တယ်။ စိတ်က လန့်ခုန်၊ ပျံ့ခုန်၊ မျှော်မှတ်၊ ခေါ်မှတ်နဲ့ မငြိမ်မသက် ကယောက်ကယက်ဖြစ်နေတတ်တယ်။ ဒီအချိန်မှာ ရှုကွက်နဲ့မှတ်စိတ် တစ်သားတည်းကျအောင် လုပ်ရုံကလွဲပြီး တခြားနည်း မရှိနိုင်ပါဘူး။ ရှုကွက်နဲ့ မှတ်စိတ်ကြား စိတ်ပါသွားပြီဆိုရင် ဝမ်းသာမှုကြောင့်ဖြစ်တဲ့ တက်ကြွမှု မရှိတော့ဘူး။ တက်ကြွမှုမရှိတော့ရင် ဘဝင်လေလှုပ်ရှားခြင်းလည်း မရှိတော့ဘူး။ ဘဝင်လေမလှုပ်ရှားရင် နှလုံးသွေးဆူပွက်ခြင်းလည်း မရှိတော့ဘူး။ နှလုံးသွေးငြိမ်၊ စိတ်ဏှစ္ဆေ့ရလာတဲ့အခါ မနောအကြည်ဓာတ်ဟာ ကြည်လင်တောက်ပလာလိမ့်မယ်။ ရာဂ၊ ဒေါသ၊ မောဟတို့ကြောင့်ဖြစ်တဲ့ နီရဲခြင်း၊ မည်းတူးခြင်း၊ ပျစ်ချွဲခြင်းတွေ ကင်းပြီး စမ်းရေပမာ အေးမြကြည်လင်လာပါလိမ့်မယ်။

အေးမြကြည်လင်နေတဲ့ နှလုံးအကြည်ပြင်ထက်မှာ လှုပ်ရှားမှုတို့ ဖြတ်ကျော်သွားလာကြတဲ့အခါ ရုပ်ဖောက်ပြန်ပုံရဲ့ အမျှင်တန်းကြီးကို သူ့သဘာဝအတိုင်း၊ သူ့ပုံစံ သူ့သဏ္ဍာန်အတိုင်း အရောင်အဆင်းနဲ့တကွ မြင်သိရပါလိမ့်မယ်။

http://www.dhammadownload.com



ဒီအခြေအနေ ဒီအချိန်ကိုရောက်မှသာ 'စိတ်စင်ကြယ်တဲ့ သီလရှင်'လို့ ဆိုနိုင်ပါတယ်။ ဒီအချိန်မှာ အမှတ်မှ အမှတ်သို့ ခရီးဆက်နေပြီးဖြစ်လို့ စိတ်တပိုတပါး ကွေ့ကောက်သွားတာမျိုး မရှိတော့ဘူး။ ရှုကွက်ရှိ တစ်ခုတည်းသော အာရုံမှာပဲ စိတ်ဝင်စားနေတော့တယ်။ နားရှိလို့ ကြားမိသော်မှ ဘယ်သူလဲ၊ ဘာသံလဲ မစုံစမ်း မစပ်စုတော့ဘူး။ ဒီအဆင့်ကိုရောက်အောင်ကျင့်နိုင်ရင် သမာဓိနယ်မြေအတွင်း ခြေတစ်ဖက်နင်းမိပြီလို့ ဆိုနိုင်ပါတယ်။ ဥပစာသမာဓိအရာမှာ စာရင်းဝင်သွားပါပြီ။ ဒီအဆင့်ကိုရောက်မှသာ 'သီလစင်ကြယ်သူ'ဆိုတဲ့ အမည်ထူး၊ ဘွဲ့ထူးကို စတင်ခံယူထိုက်ပါတယ်။ ဒါတောင်မှ သီလရှင်ကြီးမဖြစ်သေး၊ သီလရှင်ကလေးလို့သာ ဆိုနိုင်ပါသေးတယ်။

သီလစင်ကြယ်နေတဲ့ သီလရှင်ကလေးဟာ ကိလေသာအပူတွေကတော့ ငြိမ်းအေးနေပြီပေါ့။

အညွှန်း

* သီလသာမိက ဝိဘင်္ဂကထာ စာတမ်းငယ်။

* ၇-၃-၉၉ နတ်တလှအလုပ်ပေးတရားစု ဟောစဉ်။

[ အမှတ်-၇၂ ၂၀၀၁ ဇူလိုင်လ၊ ဂမ္ဘီရမဂ္ဂဇင်း ]

http://www.dhammadownload.com

# သိက္ခာစုံတင် သီလရှင်ဘဝသို့ ပန်းဝင်ခြေလှမ်းများ

သတိမြဲစ သီလရှင်ရဲ့ သမာဓိနယ်မှာ 'မီးခိုးရောင်'သဏ္ဌာန်ကို သာ မြင်နေရတတ်ပါတယ်။ ဘာဖြစ်လို့လဲ။ ကိလေသာရဲ့ အငွေ့အရှိန် မကင်းသေးလို့။ မူလစရိုက်တွေ မတိမ်မြုပ်သေးလို့။ မီးခိုးရောင်သော်မှ တစ်ခါတစ်ရံ ဆီချေးမီးခိုး၊ တစ်ခါတလေ ရွက်ခြောက်မီးခိုး အရောင်ကွဲ နေတတ်ပါသေးတယ်။ ပျောက်လိုက်၊ ပေါ်လိုက်အားဖြင့်လည်း ကစား နေတတ်ပါသေးတယ်။ တိုလိုက် ရှည်လိုက်၊ လုံးလိုက် ပြားလိုက်နဲ့လည်း ကစားတတ်ပါသေးတယ်။ သူ့ဟာသူ ဘယ်လိုပဲ ကစား ကစား ကိုယ့် အလုပ်က ရှုကွက်တွင်း စိတ်စိုက်ချထားရုံပဲ။ ဒီအချိန်မှာ 'စူးစိုက်အား' ကို အားပြုရပါတယ်။

ဖြစ်ပျက်မြင် ပေါ်ထင် နိမိတ်လည်း ငြိမ်သက်ပြီ။ ရှုကွက်နဲ့ မှတ် စိတ်လည်း ချိန်သားကိုက်မိပြီဆိုရင် စူးစိုက်အား သုံးသင့်ပါပြီ။ မသုံးရင်

http://www.dhammadownload.com



တွေနေမယ်၊ (သို့မဟုတ်) အတွေးဝင်လာမယ်။ ဝိပဿနာဆိုတဲ့ အထူးရှုပါ စကား ဒီနေရာမှာ သုံးရလိမ့်မယ်။ ဒီလို တင်းတင်းရင်းရင်း စူးစူးစိုက်စိုက် မှတ်သိနေပြီဆိုရင် နိမိတ်ဟာလည်း ငြိမ်သည်ထက်ငြိမ်လာပါလိမ့်မယ်။ အရောင်အဆင်းကလည်း နွားနို့လို၊ ဝါဂွမ်းလို ဖြူလာပါလိမ့်မယ်။ အဖြူ၊ အမည်း နေရာလုတတ်တာမျိုးလည်း ကြုံရတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်ပျက်မြင် မှတ်ဉာဏ်ကတော့ ထက်မြက်သန်မာလာပါပြီ။

ထိုင်ခါစ မိနစ်ပိုင်းကလေးမှာပဲ နိမိတ်ပေါ်လာပါပြီ။ ရတ်တရက် အာရုံမှားလို့ဖြစ်စေ၊ စိတ်ကစားလို့ဖြစ်စေ ဒီနိမိတ်ကလေး ပျောက်သွားရင် တောင်မှ သူ့အာရုံပြန်ပြု၊ သူ့နဂိုအတိုင်း ပြန်ပေါ်နေတတ်ပါပြီ။ ဒါဟာ စိတ်ရင့်ကျက်လို့ နိမိတ်ရင့်ကျက်တာကို ပြနေတာပါ။ ဒါကြောင့် ဒီမှာ ဒီနိမိတ်ကို စိတ်စိုက်သွင်းပြီး တင်းတင်းရင်းရင်း ရှုပေးစမ်းပါ။ ရှုဖန်များရင် လှုပ်ရှားမှုနှင့် လှုပ်ရှားနေမှန်းသိမှု တစ်ခုစီ၊ တစ်သဘောစီဆိုတဲ့ ရိပ်မိဉာဏ် ကိုယ်ပိုင်သိမှတ်ချက်ဟာ ပြက်ပြက်ထင်ထင် ပေါ်လွင်လာပါလိမ့်မယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'သီလ သာမိက ဝိဘင်္ဂကထာ'စာတမ်းမှာ ဒီလိုရေးသားဖော်ပြခဲ့ပါတယ်။

'အသိဉာဏ်ဟူသည် မှတ်ဉာဏ်၏ ဖြစ်ပျက်မြင်ကို ရုပ်၏ ဖောက်ပြန်ပုံ သွင်ပြင်မှုရာ လက္ခဏာများကိုလည်းကောင်း၊ နာမ်၏ အသိပေးနေပုံ သွင်ပြင်မှုရာ လက္ခဏာများကိုလည်းကောင်း ရိပ်မိလာခြင်းကို ဆို၏။ ခေါင်းတုံးဟူ၍ သီးခြားမရှိ၊ ရိတ်မိ၍ ပြောင်လာခြင်းကိုပင် ဆို၏။ သည့်ပမာ ရုပ်၊ နာမ်တို့၏ သူ့သဘာဝ၊ သူ့လက္ခဏာများနှင့်အတူ လှုပ်ရှားနေကြပါသည်ကို ရိပ်မိလာသဖြင့် ပြောင်ပြောင်တင်းတင်း ရှင်းရှင်းလင်းလင်းကြီး သိမြင်ရခြင်းကိုပင် ဉာဏ်ဟူ၍ မှတ်ပါလေ'

'ငင်းသိသောအတိုင်းလျှင် အဆက်မပြတ် မှတ်ချက်အား၊ စူးစိုက်အားတို့ ရှုကွက်တွင်း တရစပ် ဆက်လက်ကျသွားလေသောအခါ မလှုပ်ရှားမီကပင် အသိလေးက ရှေ့ပြေးပေါ်လာတတ်၏။ ထို့နောက် လှုပ်ရှားရ၏။ လှုပ်ရှားသော် လှုပ်ရှားမှန်းအသိလေးက နောက်ပွင့်ပေါ်လာတတ်၏။

http://www.dhammadownload.com



* စိတ်ညွတ်ရာ ရုပ်ဖောက်ပြန်ခြင်း၊ စိတ်သွားရာ ကိုယ်ပါ နေပါသည်။
* ရုပ်ဖောက်ပြန်၍ စိတ်ကသိပေးရခြင်း၊ ရုပ်ဖောက်ပြားရာ စိတ်ဝင်စားနေပါသည်။

ထိုသို့သော ရုပ်၊ နာမ် နှစ်ပါးတို့၏ အပြန်အလှန် ကြောင်းကျိုးဆက်သဘောတရားများ ဘွားခနဲ ရိပ်မိလာခြင်းသည်ပင် အသိတိုးလာသဖြင့် ဉာဏ်စဉ်တက်လာခြင်း ဆိုရ၏။'

ဉာဏ်စဉ် တက်တယ်ဆိုပေမယ့် ဉာဏ်စဉ်ဆယ်ပါးထဲမှာ စာရင်းမဝင်သေးပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ရဲ့ လက္ခဏာများကို မဆင်ခြင်နိုင်သေးလို့ပါဘဲ။ ဒီလိုဉာဏ်စဉ်တက်လာတာကို ဝိပဿနာဉာဏ်လို့တော့ ဆိုနိုင်ပါတယ်။ ဝိပဿနာဉာဏ်စဉ်နဲ့ထောက်ပြီး အထက်၊ အထက်ဉာဏ်စဉ်ဆယ်ပါးကို တက်သွားတာကိုတော့ ဘာဝနာမယဉာဏ်လို့ ဆိုရပါတယ်။

သမ္မာသနဉာဏ်ကစတဲ့ အထက်၊အထက်ရှိ ဉာဏ်စဉ်ဆယ်ပါးတို့ဟာ ခန္ဓာခွင်ရှိ ရုပ်၊ နာမ်ဖြစ်ပျက်တို့ကိုချည်း ရှုသိပေးနေပြီး လက္ခဏာရေးသုံးပါး ထင်ရှားစေခြင်းဖြင့် အဆင့်ဆင့် အရှိကို အရှိအတိုင်း မြင်သိလာစေပါတော့တယ်။ စိတ်နဲ့ ကိလေသာ ဝေးသည်ထက် ဝေးကွာနေစေခြင်း၊ စိတ်ရင့်ကျက်စေခြင်းတို့ကို ဖြစ်ပွားစေတဲ့ အပိုင်းများပါပဲ။ ဉာဏ်စဉ်ဆယ်ပါးကို အုပ်စုဖွဲ့ပြီး ဘယ်အပိုင်းမှာ ဘာတွေတွေ့ရမလဲဆိုတာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'သီလသာမိက ဝိဘင်္ဂကထာ'မှာ အောက်ပါအတိုင်း အကျဉ်းမျှ ဖော်ပြထားပါတယ်။

(၁) သမ္မာသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ကတစ်ပိုင်း

ဤအပိုင်းတွင် ရုပ်၊ နာမ်သည် ဖြစ်ပျက်မျှသာရှိကြောင်း မီးမောင်းထိုးပြ၏။ ထိုဖြစ်ပျက်မြဲသလော၊ ကောင်းသလော၊ ပိုင်သလော သုံးသပ်၍ ဆုံးဖြတ်ချက်ပေးရသော အပိုင်းဖြစ်၏။

http://www.dhammadownload.com



(၂) ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုစ္စိတုကမျတာဉာဏ်များက တစ်ပိုင်း

ဤအပိုင်းတွင် တစ်ခုဖြစ်ခြင်းသည် တစ်ခုပျက်ခြင်းမှ အကြောင်းခံပြီး၊ တစ်ဖန် ထိုတစ်ခုဖြစ်သည်လည်း ပျက်၍သာ သွားချေတော့ရကား ဖြစ်ပျက်ဆိုသည်မှာ အပျက်မှ အပျက်သို့ချည်းသာ ဆိုက်နေကြသည့် ပျက်စုကြီးမျှသာပါတကား။ အပျက်မှ အပျက်သို့ချည်း ဆက်နေပါသည်ကို လက်ခံထားရပါသဖြင့် ကြောက်ဖွယ်ရာမျှသာပါတကား။ ရှေ့ဆက်နေပါကလည်း အပျက်ကိုသာ လက်ခံရမည်ဖြစ်သဖြင့် ငြီးငွေ့ဖွယ်ရာမျှသာပါတကား။

ထိုအပျက်ဘေးမှ လွတ်ရေးသည်သာ မိမိကိစ္စဆောင်ရွက်နေသူခေါ်ရသည်သာပါ တကား။ ဤသို့ ကိုယ့်ကိုယ်ကို အပြစ်မြင် စွဲချက်တင်ပေးရသော အပိုင်းများပင် ဖြစ်ကြ၏။

(၃) ပဋိသင်္ခါမှ သင်္ခါရုပေက္ခာ၊ သစ္စာနုလောမတို့က တစ်ပိုင်း

ဤအပိုင်းများသည် အပျက်ပေါ် သတိစိုက်အားတင်း ပြင်းပြင်းရှုလိုက်သဖြင့် ဖြစ်ပျက်တို့ တစ်ဖန်ပေါ်လာချိန်၊ ထိုဖြစ်ပျက်တို့ကိုလည်း လက္ခဏာရေးသုံးပါးပေါ် ထင်ရှားလာအောင် ပြန်လည်သုံးသပ်ပေးရပြီး ရှေ့သွားရမည့်လမ်းကို ထင်ထင်ရှားရှား ဖော်ပြပေးထားရသောအပိုင်း။

ထိုလက္ခဏာသုံးချက် တစ်ချက်ချက်ကို ကိုင်လျက်က ရှုသိနေချိန် သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယ အားချင်းညီမျှလာပါက ဖြစ်ပျက်လွတ်ရာသို့ တွန်းပို့ပေးခြင်းဟူသော အပိုင်း။

ဤသို့ သင်္ခတနယ်ပယ်မှ အသင်္ခတနယ်ခြားသို့ ပို့ပေးရသော အပိုင်းများပင် ဖြစ်ကြ၏။

ဒီလို ဉာဏ်စဉ်ဆယ်ပါး အဆင့်ဆင့်တက်ခြင်းအပိုင်းကို အခြေပျိုးအဆင့်လို့သာ ဆရာတော်ဘုရားကြီးက သတ်မှတ်သုံးသပ်တော်မူပါတယ်။ မဂ္ဂင်လမ်းအတိုင်း ပထမမဂ်မှသည် စတုတ္ထမဂ်သို့တိုင်အောင် အကျင့်ဖြင့် ဖွင့်မှသာလျှင် ကျင့်စရာကိစ္စ ပြီးဆုံးသွားပြီလို့ ဆိုပါတယ်။

http://www.dhammadownload.com



'အဆုံးသိ သိနေပြီဖြစ်၍ အသိဆုံးသွားပြီ'လို့ ဆရာတော်ဘုရားကြီးက အလင်္ကာစကားနဲ့ တရားပြပါတယ်။

* မျိုးစပါး တိုးပွားစေလိုလျှင် ပျိုးခင်း၊ စိုက်ခင်း နှစ်ခင်းသုံးမှ အကောင်းဆုံးရ၏။
* ပါရမီမျိုးစေ့ တိုးစေလိုလျှင်လည်း မဂ္ဂင်ပိုင်း၊ မဂ်ပိုင်း နှစ်ပိုင်း သုံးမှ အဆုံးရ၏။

သို့ကြောင့် သိက္ခာစုံတင် သီလရှင်ဖြစ်လိုသူသည် မဂ္ဂင်ပိုင်းမျှသာ ဖြစ်သော ခန္ဓာဖြစ်ပျက်မြင် ရှုမှတ်ပိုင်းကိုလည်းကောင်း၊ မဂ်ရပိုင်းဖြစ်သော ဖြစ်ပျက်မြင်ရာမှ ဖြစ်ပျက်လွတ်ရာအပိုင်းကိုလည်းကောင်း၊ တစ်ဆင့်မှ တစ်ဆင့် သဒ္ဓါပေါ် ပညာဆောင်း၊ သမာဓိပေါ် ဝီရိယလောင်းလျက်က တက်ကြပါလေကုန်လို့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက တိုက်တွန်းနှိုးဆော်ပေးပါတယ်။ သိက္ခာစုံတင် သီလရှင်ဘဝသို့ ပန်းဝင်နိုင်စေဖို့ ဘုရားရှင်ရွှေလက်ထက်တော်က 'ပဋာစာရီ ဉာဏ်အလင်းရပုံ'သာကေဖြင့် ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူခဲ့ ပြန်ပါတယ်။

သောကပရိဒေဝ လောင်မီးကျပြီး အရူးမကြီးလုံးလုံး ဖြစ်ခဲ့ရှာတဲ့ ပဋာစာရီသော်မှ ဘုရားအဆုံးအမနဲ့ သတိကလေး တစ်ချက်လင်းလက်ပြီး မဂ်အဆင့်ဆင့်ကျ ဉာဏ်အလင်းရခဲ့ပါတယ်။

ပဋာစာရီ ဘာကြောင့်ရူးသလဲပြန်ကြည့်ရင် လက်ရှိဘက်က လင်နဲ့သား နှစ်ယောက်ဆုံးသွားလို့၊ လက်မဲ့ဘက်ကလည်း မိဘနှစ်ပါးနဲ့ မောင်လေးဆုံးသွားလို့။ အဲဒီမှာ ပဋာစာရီရဲ့စိတ်က လင်တွေ၊ သားတွေဆိုတဲ့ 'အစွဲ'ပေါ်မှာသာ တန့်နေတဲ့အတွက် စိတ်မနှံ့ဖြစ်ခဲ့ရတာ။

* အရူးအမူးချစ်ခြင်းသည် ရူးခြင်းရဲ့ အကြောင်းခံ အမှန်တရား၊
* မမြဲပစ္စည်း လက်ခံသိမ်းပေးထားရခြင်းကတော့ ဒုက္ခရောက်ခြင်းရဲ့ အကြောင်းခံ အမှန်တရား။

ပဋာစာရီ ဘယ်လောက်ရူးသလဲ၊ ဘယ်လောက် ဒုက္ခကြီးသလဲ ဆိုရင် ခါးမှအဝတ် ကျွတ်နေတာတောင် မသိတော့လောက်အောင် မေ့

http://www.dhammadownload.com



မေ့ကြီးနဲ့ ရှူးနေတာ။ ပဋာစာရီဟာ ခြေဦးတည့်ရာသွားရင်းနဲ့ ဇေတဝန် ရွှေကျောင်းတော်ကြီးဘက် ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း ပရိတ်သတ်ဝေနေယျတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလျက် ရှိပါတယ်။

ပဋာစာရီရဲ့ နားဝမှာ ဗုဒ္ဓဘုရားရှင်တော်ရဲ့ အလွန်အေးမြကြည် သာလှတဲ့ အသံလှိုင်း ရိုက်ခတ်စပြုပြီ။ လှမ်းကြည့်လိုက်တော့ အလွန် အင်မတန်မှ ကြည်ညိုဖွယ်ရာကောင်းလှတဲ့ ဗုဒ္ဓဘုရားရှင်ကို တလှိုက် လှိုက် ဖူးမြော်လိုက်ရတယ်။ နေပူထဲက ခရီးသွား အရိပ်အေးအေးကလေး မှာ ခိုနားလိုက်ရသလို၊ ရေဆာနေတဲ့ ခရီးသွား စမ်းချောင်းကလေးနား ရောက်လာသလို ပဋာစာရီ ခံစားလိုက်ရတယ်။ အအေးဓာတ်ကြီး ရစ် ပတ်လွှမ်းခြုံလျက်က ပဋာစာရီဟာ ပရိသတ်ကြီးကို တိုးဝှေ့ပြီး ဘုရားရှေ့ တော်မှောက်ရောက်အောင် ကြိုးစားပါတော့တယ်။ ပရိသတ်ကြီးက အဝတ်မကပ်တဲ့ အရူးမကြီးဆိုပြီး တားဆီးကြတာပေါ့။

"နှမပဋာစာရီ… လာခဲ့"

ဝရုန်းသုန်းကားဖြစ်နေတဲ့ ပရိသတ်ကြီးကို ငြိမ်ကျသွားစေတဲ့ အသံ၊ ဘုရားရှင်တော်ရဲ့အသံ။

ပရိသတ်ကြီး မလွန်ဆန်ဝံ့ကြပြီ။ ပဋာစာရီကို ကြည့်ကောင်း မြင်ကောင်းအောင် နံငယ်ပိုင်းတစ်ခုနဲ့ ပတ်ပေးလိုက်ပြီး ဘုရားရှေ့တော် မှောက် ပို့ပေးလိုက်ကြပါတယ်။

ပဋာစာရီဟာ ဘုရားရှေ့တော်မှောက်ရောက်တာနဲ့…

"ဘုရားတပည့်တော်မရဲ့ ဒုက္ခ ကယ်မတော်မူပါဘုရား… "

တသွင်သွင်စီးကျနေတဲ့ မျက်ရည်တွေကြားက အားယူလျှောက် ထားလိုက်တယ်။

'နှမပဋာစာရီ… သင် ငိုခဲ့တဲ့မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်း မကတော့ပြီ'

http://www.dhammadownload.com



ဘုရားရှင်ရဲ့ နိဒါန်းစကားမျှနဲ့ပင် ပဋာစာရီအငိုတိတ်လို့ စိတ်ကလေး အေးကြည်သွားခဲ့ပေပြီ။ ဘုရားရှင်ရဲ့စကားက သူ့ဉာဏ်၊ သူ့နှလုံးသားဆီ တည့်တည့်ကြီး တိုးဝင်ခဲ့ပေပြီ။ ဟုတ်ပေသားပဲ။

ပဋာစာရီ သုတမယဉာဏ်မှတစ်ဆင့် စိန္တာမယဉာဏ်ပွင့်ခဲ့ပေပြီ။

သည်ဘဝ အမေ့ဝမ်းမှ ကျွတ်စကတည်းက အငိုနဲ့ စခဲ့ရတာ။ လိုတာတွေလည်း အငိုနဲ့တောင်းခဲ့ပြီး မလိုတာတွေလည်း အငိုနဲ့ပဲ ငြင်းပယ်ခဲ့ရတာ။ အကြိုက်မရတိုင်းလည်း ငို၊ အကြိုက်မကျတိုင်းလည်း ငိုခဲ့ရတာ။ ဝမ်းနည်းတော့လည်း ငို၊ ဝမ်းသာတော့လည်း ငိုခဲ့ရတာ။ ဘဝ၊ ကာမ၊ ဝမ်းစာ အရာရာအတွက် ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ အစမထင် သံသရာတစ်ခွင်လုံးက ငိုခဲ့ရတဲ့မျက်ရည်တွေကိုသာ စုထားလိုက်ရရင် သမုဒ္ဒရာလေးစင်းမကတော့ပါကလား။

အို... ဘုရားဟောတာ မှန်လှပါကကား။

အမှန်တရားမှာ နားသက်မိပြီဖြစ်တဲ့ ပဋာစာရီ သောကပရိဒေဝတို့ကို ကျော်နိုင်ခဲ့ပေပြီ။ ပဋာစာရီရဲ့ စိတ်ကလေး အေးရာကတည်၊ တည်ရာက ငြိမ်၊ ငြိမ်ရာက ငြိမ်းလာစဥ်မှာပဲ...

'နှမပဋာစာရီ... '

ဘုရားရှင်ရဲ့အသံတော် ပေါ်လာပြန်တယ်။ ပဋာစာရီကတော့ စူးစိုက်နာကြားလို့ပေါ့။

'သေသောကာလ ကိုယ့်ကြမ္မာ ကိုယ်သာလျှင် ငင်ရမည်'

'အဘယ် မိဘမောင်ဖွား လင်သားကမျှ ဝင်ရောက်ကယ်တင် လိမ့်မည် မဟုတ်ပြီ... '

ဘုရားစကားတော်မှာ တစ်လုံးချင်းလိုက်ပါ နာကြားလာတဲ့ ပဋာစာရီဟာ စကားအဆုံးမှာ တစ်မဟုတ်ချင်းအတွင်း ပထမဉာဏ်တော် အလင်းကြီးကို ရသွားတော့တယ်။ ဒုက္ခဒေါမနဿတို့ ချုပ်ငြိမ်းသွားပြီး နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုလိုက်တော့တယ်။ တရားပွဲအဆုံးမှာ သာသနာ့ဝန်ထမ်း ဘိက္ခုနီမအဖြစ် ရိုရိုသေသေ လိုလိုချင်ချင် တောင်းပန်

http://www.dhammadownload.com



ရှာတော့တယ်။ ဘုရားရှင်ခွင့်ပြုတော်မူလို့ ဘိက္ခုနီကျောင်းသွားကာ ရဟန်းမဘာဝ ခံယူလိုက်တော့တယ်။ ပဋာစာရီဟာ အဲဒီအချိန်ကစပြီး သိက္ခာစုံတင် သီလရှင်ကြီးဖြစ်ဖို့ အားထုတ်ပါတော့တယ်။

သတိမကပ်တဲ့ အရှူးမဘာဝကနေ သတိတမံ၊ ဉာဏ်ဦးစီးတဲ့ ဘိက္ခုနီမကြီး ဖြစ်ခဲ့ပါပြီ။

တစ်နေ့ ဆွမ်းခံကအပြန် ခြေဆေးမယ်အလုပ် ရေခွက်ကိုလှမ်းကိုင်၊ ကိုင်,ကိုင်မှန်း သိ သတိနဲ့၊ ရေခပ် ခပ်,ခပ်မှန်းသိ သတိနဲ့၊ ခြေထောက်ကို ရေလောင်း လောင်း,လောင်းမှန်းသိ သတိနဲ့။ သတိနဲ့အသိ၊ အသိနဲ့ သတိတို့ဟာ ပဋာစာရီရဲ့ အမူအရာတိုင်းမှာ ကပ်ပါနေခဲ့ပြီ။

ခြေထောက်ရေဆေးပြီးတဲ့အခါ ရေတွေဟာ မြေနိမ့်ရာအတိုင်း စီးဆင်းသွားကာ မကြာခင်မှာဘဲ ခန်းခြောက်ပျောက်ကုန်သွားတယ်။ လက်ထဲက ခွက်ထဲမှာလည်း ရေမရှိတော့။ မရှိရာမှ လာခဲ့တဲ့ ရေတွေဟာ မရှိရာသို့ ပြန်သွားခဲ့ပေပြီ။

ဪ... ငါ့ခန္ဓာကြီးဟာလည်း...

ပဋာစာရီဟာ အဲဒီ စိန္တာမယဉာဏ်ကို ဖြတ်ထားခဲ့ပြီး မှတ်အားကလေးနဲ့ ကျောင်းပေါ်တက်ခဲ့တယ်။ သူ့ရုပ်ခန္ဓာကြီးပြန်ကြည့် သတိနဲ့ ရှုမှတ်လိုက်စဉ်မှာ စိတ်ခိုင်းရာ ရုပ်အလိုက်၊ ရုပ်အလိုက် နာမ်ကိန်း၊ ချိန်းလျက်က ဖောက်ပြန်နေပုံများကို အထင်းသား မြင်သိနေရတော့တယ်။ အဲဒီ အသိတန်းလန်းနဲ့ပဲ စခန်းဝင် ရှုမှတ်ဆင်ခြင်နေဆဲမှာ...

'နှမ ပဋာစာရီ...

⁜ အကြင်သူသည် အသက်တစ်ရာပြည့် နေသွားရ၏။ သို့သော် ဖြစ်ပျက်ကား မမြင်၊ ထိုသူကား အမြင်မထွက်၊ ရှုံးလျက်ကသာ သေပွဲဝင်ရသူတည်း။

⁜ အကြင်သူကား ဖြစ်ပျက်မြင်လျက်က တစ်ရက်မျှ အသက်ရှင်ခွင့်ရ၏။ ထိုသူကား အရှုံးမရှိ၊ အမြတ်အစွန်းအပြည့်ဖြင့် နေသွားရသူတည်း။

http://www.dhammadownload.com



ဘုရားရှင် ကြွတော်မူလာပြီး အဲဒီတရားနဲ့ ချီးမြှောက်တော်မူပါတယ်။ ပဋာစာရီဟာ ဘုရားအသံတော် နာကြားလျက်က မိမိခန္ဓာရဲ့ ဖြစ်ပျက်ကို စိတ်စိုက်ရှုမြင်လိုက်စဉ်ခဏ တစ်မုဟုတ်ချင်း ဉာဏ်အလင်း တိုးလျှိုပေါက်ပွင့်သွားခဲ့ပေပြီ။ အဆုံးသိလို့ အသိဆုံးသို့ရောက်ခဲ့ကာ ကျင့်စရာကိစ္စလည်း ဒီမှာတင် ပြီးစီးအောင်မြင်ခဲ့ပေပြီ။

အဲဒီကနေ သက်တမ်းတစ်လျှောက်လုံး ဘုရားရှင်ပညတ်တဲ့ သိက္ခာပုဒ်များကို တလေးတစားလိုက်နာရာမှာ ဘိက္ခုနီမများတွင် အသာဆုံး၊ အစွာဆုံး (ဝိနည်းဓတဒဂ်) ဘွဲ့ရတော်မူခဲ့ပါတယ်။ အဲဒီ မဟာသာဝိကာမအဖြစ်ကို သိမြင်တော်မူလို့ ဘုရားရှင်ဟာ ပဋာစာရီကို တွေ့စကပင် ချစ်သမီးလို့ မခေါ်၊ နှမလို့ ခေါ်ခဲ့ခြင်း ဖြစ်ပါကြောင်းကိုလည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဓမ္မသုတ ဖြန့်ဝေလိုက်ပါတော့တယ်။

ရေကြောင့်ဖြစ်တဲ့ ရွှံ့ကို ရေနဲ့ပင် ဆေးကြောသန့်စင်ရသလို ကိလေသာစိတ် အညစ်တွေကိုလည်း သတိဆိုတဲ့ ရှုမှတ်စိတ်နဲ့ စင်ကြယ်စေကာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာစုံ အကုန်မြှင့်၍ ဝိပဿနာဉာဏ်မှသည် ဘာဝနာမယဉာဏ်၊ ဘာဝနာမယဉာဏ်မှသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပွင့်အောင် ကျင့်ဆောင်အားသစ် သီလရှင်ကြီးများ ဖြစ်ကြပါစေလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတိုက်တွန်းကြောင်းပါဗျာ။

အညွှန်း

* သီလသာမိက ဝိဘင်္ဂကထာ စာတမ်း
* ၇-၃-၉၉ နတ်တလေတော်ရ စတုတ္ထပတ် တရားစခန်းဟောစဉ်၊

[ အမှတ် - ၇၃၊ ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ၊ ဝဏ္ဏရမဂ္ဂဇင်း ]

http://www.dhammadownload.com

http://www.dhammadownload.com

# အများအကျိုး သယ်ပိုးဆောင်ရွက် နတ်ပြည်တက်လော့

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဦးက လက်ဦးဟောကြားတော်မူခဲ့တဲ့ တရားနှစ်ပုဒ်ရှိပါတယ်။ တစ်ပုဒ်က ပဥ္စဝဂ္ဂီငါးပါးကို ဟောတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော် ဖြစ်ပါတယ်။ ဓမ္မစကြာတရားတော်ဟာ ဗုဒ္ဓရဲ့မူဝါဒ လမ်းစဉ် ကြေညာချက်ဖြစ်ပြီး ဒီမူဝါဒလမ်းစဉ်ကို ဘယ်လိုသယ်ဆောင် ထမ်းပိုးရမလဲ ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပါတယ်။ ဗုဒ္ဓ မြတ်ဘုရားသည် ဓမ္မစကြာကို ဟောကြားပြီးနောက် 'အနုပုဗ္ဗိက ကထာ' ကို ဆက်ဟောပါတယ်။ တရားနာပရိသတ်ကား ယသ သတို့သားနှင့် သူ့မိဘ၊ သူ့မယားများနှင့် အဆွေတော်ငါးယောက်၊ မိတ်ကောင်းငါးဆယ် တို့ ဖြစ်ကြပါတယ်။ အနုပုဗ္ဗိကဆိုတာ အဆင့်မကျော်ဘဲ အစဉ်အတိုင်း ပြောတဲ့စကား (ဝါ) ဟောတဲ့တရားဖြစ်ပြီး ဟောသူနှင့် တွေ့ဆုံစမှာ ဟော သူဘက်က နှုတ်ခွန်းတော်ဆက် ဝါဒကြွေးကြော်ချက်လည်း ဖြစ်တယ်လို့

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဖွင့်ဆိုရှင်းပြပါတယ်။

အနုပုဗ္ဗိက ဆိုတာ ဒါန၊ သီလ၊ သဂ္ဂ၊ မဂ္ဂ စသည့် အကြောင်းအရာခြောက်မျိုးကို အစဉ်အတိုင်း ဟောသွားတဲ့တရား ဖြစ်ပါတယ်။ ဒါန၊ သီလ၊ အခြေခံမှသည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်းအထိ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်မြှင့်ပြီးဟောသွားတဲ့ တရားစုဖြစ်ပါတယ်။ ဗုဒ္ဓမြတ်ဘုရားပွင့်တော်မူချိန်က ဝါဒမျိုးစုံက ဘာသာရေးခေါင်းဆောင်များ တရားဟောပြရာမှ တချို့က အစကောင်း၊ အလယ်မှာလမ်းပျောက်၊ အဆုံးမှာ ပန်းတိုင်မရှိနဲ့ ကပေါက်တိကပေါက်ချာ ရောက်တိရောက်ရာ ဟောနေချိန်မှာ ဗုဒ္ဓမြတ်ဘုရားက စ၊ လယ်၊ ဆုံး သုံးပါးကောင်းတရားကို ဟောခဲ့ခြင်းဖြစ်ပါတယ်။ ကိုယ်လည်းချမ်းသာ သူလည်းကောင်းစား၊ အခုလည်း ကောင်း၊ နောင်လည်းချမ်းသာ၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးဖလကို ပြည့်ပြည့်ဝဝကြီး ခံစားရစေမယ့် တရားမျိုးကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါပေတယ်။

အဲဒီတုန်းက လူတွေရဲ့ တွေးခေါ်ခံယူချက်က

'ကိုယ့်ရှိမှ ကိုယ်စားရသည်၊ ပေးကမ်းခြင်းသည် ကုန်ခန်းခြင်း၏ ဇာစ်မြစ်' ဒါကြောင့် မပေးရက်မကမ်းရက်၊ နှမြောတွန့်တိုဖြစ်နေကြချိန်မှာ မြတ်စွာဘုရားက ပေးကမ်းလှူဒါန်းခြင်းဟာ သူလည်းဝမ်းသာ၊ ကိုယ်လည်းဝမ်းမြောက်ရကြောင်းနှင့် စွန့်လှူပေးကမ်းရခြင်းရဲ့အကျိုးကို တစ်ချိန်၊ တစ်ဘဝ၊ တစ်ကွေ့မှာ အတိုးအညွန့်နှင့်တကွ မိမိပင် ပြန်လည်ခံစားရပုံစတဲ့ ဒါနရဲ့အကျိုးကြီးမြတ်ပုံတို့ကို ပထမဦးဆုံးသော နှုတ်ခွန်းဆက်စကား အဖြစ် ဟောကြားတော်မူခဲ့ပါတယ်။

တစ်ဖန် ဆက်ဟောရာမှာ ဒါနသည် ကာမကုသိုလ် သက်သက်မျှသာ ရှိနေသေး၍ မမြတ်သေး။ ပြင်ပဝတ္ထုစွန့်လွှတ်ရုံမျှဖြင့် စိတ်မှဖြစ်သော ကိလေသာတို့ကို အမြစ်မပြတ်စေနိုင်သေး။ ဘဝ၏ ဘောဂသမ္ပတ္တိဟူသော (ရုပ်ချမ်းသာ) ကောင်းစားရေးမျှသာ ရှိနေသေး၍ စိတ်မချမ်းသာသေး။

http://www.dhammadownload.com



ဒါကြောင့် ဒါနထက် မြင့်သော၊ မြတ်သော သီလကို ဆက်ဟော ပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလိုအနှစ် ချုပ်ပြီး ဖော်ပြထားပါတယ်။

'သီလသည်ကား အလိုဘာဝ၊ အာသယတို့ကို စိတ်မှနှင်ထုတ်ရာ အကျင့်ဖြစ်သဖြင့် ကာမကို အညွန့်ကျိုးစေခြင်း၊ စိတ်ဖြင့် ကိလေသာတို့ကို စွန့်လွှတ်ရာ ဖြစ်သဖြင့်လည်း ပင်ခြေအမြစ်ပြတ်စေခြင်း၊ ဘဝ၏ ဘဝ သမ္ပတ္တိဟူသော (စိတ်ချမ်းသာ) ကောင်းစားရေးအထိ တိုးတက်ဖွံ့ဖြိုးနိုင် စေခြင်းတို့ကြောင့် တစ်ချက်မျှ (ရမ္မက်ကို သတိပါသော သရဏဂုံဖြင့် ချိုးဖျက်၍) တည်သော သီလသည်ပင် အသက်တစ်ရာပြည့် လှူသော ဒါနထက် အကျိုးကြီးမားပုံတို့ကို ဒုတိယမြောက် နှုတ်ခွန်းတော်ဆက် စကားအဖြစ်ဖြင့် ဟောကြားတော်မူခဲ့ပါချေသည်။ *(၁၉၉၆ ခုနှစ်၊ မတ်လ ထုတ်၊ အနုပုဗ္ဗိက,ကထာ၊ စာ-၃)*

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည်လည်း မြတ်စွာဘုရား၏ တပည့်သားသံဃာပိဋိ ဝေနေယျတို့အား အနုပုဗ္ဗိက ကထာ တရားစကားအားဖြင့် တောရအသီးသီးမှာ နှုတ်ခွန်းတော်ဆက် ဟောမြွက်တော်မူခဲ့ဖူးလှလေပြီ။ ဒါန၊ သီလတို့၏ သဘောသရုပ်တို့ကို ဆိုင်ရာ, ဆိုင်ရာ သုတ္တန်သာဓကများဖြင့် ဟောကြားတော်မူခဲ့သမျှ ကျွန်တော်လည်း ဆောင်းပါးများစွာဖြင့် မှတ်တမ်းတင်ပူဇော်ပြီးခဲ့လေပြီ။ ဒါန၊ သီလတို့၏ အကျိုးဆက်ဖြစ်သော 'နတ်ပြည်နှင့်စပ်ဆိုင်သောစကား (မဂ္ဂပဋိသံယုတ္တကထာ)' ကိုကား ယခုမှပင် ဆက်၍တင်ပြပါတော့မယ်။

ဥပမာအားဖြင့် ဆင်တို့ရဲ့အားထားရာ၊ ဆင်တို့ရဲ့အကြီးအကဲ ဆင်မင်းကြီးဟာ ဆင်တို့ရဲ့နတ်။ ဒီလိုပဲ လူတို့ရဲ့အားထားရာ၊ လူတို့အကြီး အကဲ မင်းအစိုးရတို့ဟာ လူတို့ရဲ့နတ်၊ နတ်ပြည်မှာ နတ်တို့အားထားရာ အကြီးအကဲ သိကြားမင်းဟာ နတ်တို့ရဲ့နတ်၊ သုံးဆယ့်တစ်ဘုံသားအားလုံး ရဲ့ အားကိုးရာ၊ အားလုံးကို စင်ကြယ်စေပြီး မိမိကိုယ်တော်တိုင်လည်း

http://www.dhammadownload.com



စင်ကြယ်တော်မူတဲ့ ဘုရားရှင်ဟာ 'ဝိသုဒ္ဓိနတ်' ဖြစ်တယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ရှင်းပြပါတယ်။ *(၄င်း စာ-၁၃၁)*

နတ်တို့၏နတ်(သိကြားမင်း)ဖြစ်ရန် မဆိုထားဘိ၊ လူတို့ နတ်ဖြစ်ရန်ပင် အလွန်ခက်ခဲလှချေ၏။ ထိုလူ၊ နတ်တို့တွင် လေးကျွန်းပိုင် စကြာမင်းကိုသော်လည်းကောင်း၊ တစ်ကျွန်းပိုင် ဧကရာဇ်မင်းကိုသော်လည်းကောင်း၊ တစ်နယ်ပိုင် ပဒေသရာဇ်မင်းကိုသော်လည်းကောင်း မဆိုထားဘိ၊ တစ်ရွာပိုင် ရွာဆော်ကဲဖြစ်ဖို့ပင် အလွန်မလွယ်ကူချေ။ *(၄င်း၊ စာ-၁၃၂)*

'တစ်ရွာလုံး၏ မှုခင်းတို့ကို မိမိ၏အလုပ်ခွင်လက်လွှတ်၍ လိုက်ပါဆောင်ရွက်ပေးနိုင်သလား၊ စေတနာကော ထက်ရဲ့လား၊ ကိုယ်ကျင့်ကရော ကောင်းရဲ့လား။ ထိုသို့သော လား,ကလေးများကို နိုင်နင်းပိုင်ဆိုင်မှသာ တစ်ရွာလုံး၏ ယုံကြည်အားကိုးမှုကိုရ၍ ရွာဦးနတ်ဖြစ်နိုင်ချေ၏။ ပုဉ်းကံ(ဘုန်းကံ) အရှိန်ကြောင့် အများက ပူဇော်ပသလျှင် စားနိုင်၏။ မပသ၍ ဖမ်းစားသော် နတ်သက်အကြွေစေတတ်၏' *(၄င်း၊စာ-၁၃၂)*

'ထိုရွာဦးနတ်သော်မှ သည်မျှခက်ခဲလှချေသေးလျှင် နတ်ပြည်၏နတ်မျိုးကား သာ၍ပင် ခက်ခဲလှချေ၏။ အနည်းငယ်မျှသော ရှေးကုသိုလ်၊ ရှေးဘုန်းကံမရှိဘဲနှင့် မတက်ရောက်နိုင်' *(၄င်း၊ စာ-၁၃၂)*

ရှေးကုသိုလ်၊ ရှေးဘုန်းကံဆိုတာ 'အများအကျိုးဆောင်ရွက်ခြင်း' ဆိုတဲ့ ဒါနမှု၊ သီလမှုတို့ကို ရည်ညွှန်းပါတယ်။ အထက်နတ်မှန်သမျှ ဒါန၊ သီလ တစ်ချက်ကောင်းကြီးကို မိမိရရဆုပ်ကိုင်ပြီးမှ တက်လာကြတာလို့ ဆိုပါတယ်။ (ဒါကြောင့် နတ်အများအားထားရာ နတ်သိကြားမင်းဖြစ်ဖို့ ဆိုတာ အလွန့်အလွန်မလွယ်ကူပါ။) ဒါနပြုစဉ်တုန်းက စွန့်လွှတ်မှု မည်ကာမတ္တနဲ့ နတ်ပြည်မတက်နိုင်သေး။ စိတ်စေတနာ စင်ကြယ်ထက်သန် အသိဉာဏ်ပါတဲ့ ကောင်းမှုမျိုးမှသာ နတ်ပြည်တက်နိုင်တယ်ဆိုပါတယ်။ သီလစောင့်ရာမှာလည်း သီလ မည်ကာမတ္တနဲ့မရ၊ စိတ်နှလုံး အစင်ကြယ်ဆုံးဖြစ်မှသာ နတ်ပြည်တက်နိုင်တယ် ဆိုပါတယ်။

http://www.dhammadownload.com



အထက်နတ်ပြည်ဆိုတာက လူ့ပြည်မှာလို စီးပွားဝမ်းစာ မရှာဖွေရ၊ တောင့်တရုံမျှဖြင့် လိုတာအကုန်ရ၊ လိုတရကာမစည်းစိမ် ဘဝအကျိုးပေးခံစားရာမှာ အထွတ်အထိပ်ပဲလို့ဆိုပါတယ်။ နတ်တို့၏စွမ်းအားအဆင့်အတန်းများကို ဒီလိုမှတ်သားခဲ့ရပါတယ်။

* စတုမဟာရာဇ်နတ်ဘုံ – တစ်လောကလုံးကို စောင့်ရှောက်ရသောနတ်မင်းကြီးလေးပါးတို့ စံရာဘုံ၊
* တာဝတိံသာ(သုံးဆယ့်သုံးဌာနမြို့) – လူ့ပြည်က ဒါနအား၊ သီလအား ကောင်းကြတဲ့ မောင်မာဃ(သိကြားမင်း)တို့ စခန်းချရာမြို့၊
* ယာမာ(အောင်ချမ်းသာမြို့) – ဆင်းရဲမှုဆိုလို့ ဘာတစ်ခုမှ မတွေ့ရတဲ့ ဘေးလွတ်ရာမြို့၊
* တုသိတာ(နှစ်သက်စရာမြို့) – ပါရမီဖြည့်ဆဲ အလောင်းအလျာများနေရာ၊
* နိမ္မာနရတိ(လိုတရမြို့) – အာရုံအမျိုးမျိုးတို့ကို စိတ်ဖြင့် ဖန်ဆင်းခံစားနိုင်သောမြို့၊
* ပရနိမ္မိတ ဝသဝတီ(ယသဝတီမြို့) – အာရုံအမျိုးမျိုးကို မိမိကိုယ်တိုင် မဖန်ဆင်းရဘဲ တပည့်များက အလိုက်သင့် ဖန်ဆင်းထားတာကို အဆင်သင့်ကောက် ခံစားနိုင်တဲ့မြို့၊

*(၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ မဂ္ဂပဋိသံယုတ္တကထာ၊ စာ-၆၄)*

စတုမဟာရာဇ်နတ်တွေရဲ့ သက်တမ်းက နှစ်ပေါင်းငါးရာ၊ နတ်ပြည်တစ်ထပ်တက်သွားတိုင်း လေးဆတိုးသက်တမ်းနဲ့ နေကြရဟယ်ဆိုပါတယ်။ ဥပမာ–တာဝတိံသာနတ်သက်က နှစ်ပေါင်းနှစ်ထောင် စည်းစိမ်အခြံအရံ၊ အရွယ်အဆင်းအားဖြင့်လည်း နတ်ပြည်တစ်ထပ်တက်တိုင်း လေးဆတိုး သာလွန်နေပါတယ်။ ဒီလိုနတ်တွေထဲမှာမှ ဒါနလွန်ကဲမှုဖြင့် တက်ရောက်လာတဲ့ နတ်၊ သီလလွန်ကဲမှုဖြင့် တက်ရောက်လာတဲ့ နတ်မျိုးတွေဟာ အခြားနတ်များထက် အသက်၊ အဆင်း စသည်တို့မှာ တစ်မျိုးတိုးပြီး ထူးကဲနေတယ်ဆိုပါတယ်။

http://www.dhammadownload.com



ဒီလောက် အခြေအနေကြီးတဲ့ နတ်ဘဝရဖို့ဆိုတာ လွယ်ပါ့မလား။

လူ့ဘဝမှ လူ့ဘဝသို့ ရင်းစားပြန်ရဖို့ဆိုတာ ကုသိုလ်ကံလည်း အားကြီး၊ အာရုံယူဖို့လည်း ထင်လွယ်ပြီး အစွဲဖြင့် ကူးဝင်မယ်ဆိုရင် ဖြစ်နိုင်ချေရှိပေမယ့်လည်း လူ့ပြည်မှ နတ်ပြည်သို့၊ အောက်မှအထက်သို့ တက်ဖို့ဆိုရာမှာ အာရုံယူဖို့လည်း ခဲယဉ်း၊ အာရုံထင်ဖို့လည်း ခဲယဉ်းလှတယ်ဆိုပါတယ်။ ကိုယ်ပြုတဲ့ကံက အထက်နတ်ဘုံသွားဖို့ အားကောင်းပေမယ့် သေခါနီး နိမိတ်ထင်ရာမှာ ကျောင်းလှူ၊ ကျောင်းစွဲ အာရုံငြိကပ်မိပါသော် အထက်နတ်ဘဝအစား ကျောင်းကပ်နတ်ဘဝသို့သာ ရောက်ရှိသွားတတ်တဲ့အတွက် အထက်နတ်ဘုံနဲ့ လွဲရပြန်ချေပြီလို့ ဆရာတော်ဘုရားက ညွှန်ပြထားပါတယ်။

'ထို ကံ၊ ကမ္မနိမိတ်ခေါ် ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၏ မြင်ကွင်းပုံရိပ်ကိုကြည့်လျက်က ဖြစ်ပျက်မြင်ဖြင့် ကျော်လွှားလျက်ကလည်းကောင်း၊ လက္ခဏာအမြင်ဖြင့် ကျော်လျက်ကလည်းကောင်း၊ ထိုအာရုံကို ရှောင်လွှဲလျက်က ကျော်လွှားခြင်းဖြင့်လည်းကောင်း မိမိစိတ်၌ အငြိအတွယ်မခံမှသာ မိမိသွားရောက်ရမည့် ဂတိနိမိတ်ကို ဆွဲကိုင်လျက်က နတ်ဘဝသို့ ရောက်ရချေ၏။

သင် တစ်ထစ်ချမှတ်ယူစေချင်သည်မှာ အကြောင်းခံဖြစ်သော ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့၌ သင့်စိတ်မငြိတွယ်စေဘဲ အကျိုးပေးဖြစ်သော သွားရောက်ရမည့်ဘဝသို့ သာယာစိတ်သွင်းလိုက်မှသာ မိမိကုသိုလ်ကံနှင့် အလိုက် ဖြစ်ထိုက်သော ဘဝဆီသို့ တန်းမတ်စွာရောက်နိုင်သည်ဟူသော အချက်ပင်တည်း။

ငါစွဲသည် ကုသိုလ်စေတနာမျိုးစေ့ ခိုအောင်းနိုင်သော စိတ်ထား မဟုတ်။ ဒိဋ္ဌိခေါ် အမြင်မှားမှု ကုသိုလ်စေတနာ၏ တည်းခိုအိမ်သာဖြစ်သဖြင့် နတ်ပြည်သို့မပို့နိုင်။ ဝတ္ထုနှင့်ပုဂ္ဂိုလ်စွဲတို့သည်လည်း ကုသိုလ်ဓော စေခွင့်မရသော အစွဲမျိုးချည်းသာ ဖြစ်ချေရကား တဏှာ၏ မူပိုင်အိမ်သာ ဖြစ်သဖြင့် နတ်ပြည်သို့ ပို့မပေးနိုင်။ ထို ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့ ဆုံစဉ်ကာလ

http://www.dhammadownload.com



တုန်းက ဖြစ်ပွင့်ထားသော စေတနာတို့ကသာ နတ်ပြည်သို့ ပို့နိုင်ချေရကား နတ်ပြည်သွားလက်မှတ်သည် ငါလည်းမစွက်၊ ဝတ္ထုဘာက်လည်း မပါ၊ ပုဂ္ဂိုလ်မှာလည်း မစွဲမက်။ သက်သက်သော ကုသိုလ်စေတနာသာဖြစ်ကြောင်း ကောင်းကောင်းကြီးသဘောပေါက်၍ အားကိုးမမှားသင့်ကြောင်းသာ အကြံပေးလို၏။

* အဆင့်မြင့်စည်းစိမ်ကို ခံစံလိုလျှင် သင့်စေတနာထက်သန်နေပါစေ။

* ကြောင့်ကြမဲ့စည်းစိမ်မျိုး ခံစားလိုလျှင် သင့်စေတနာသန့်ရှင်းနေပါစေ။

*(၁၉၉၆ ခုနှစ်၊ မတ်လထုတ်၊ အနုပုဗ္ဗိက,ကထာ၊ စာ-၁၃၅)*

ဒီသဘောပေါ်လွင်အောင် သီဟိုဠ်ခေတ် ဒုဋ္ဌဂါမဏိမင်းကြီးနဲ့ သာဓကဆောင်ပြပါတယ်။

ဒုဋ္ဌဂါမဏိမင်းကြီးဟာ သာသနာတော်ကို ဘယ်လောက်ထိ ကြည်ညိုပါသလဲဆိုရင် လူမှန်းသိတတ်စအချိန်ကစပြီး သံဃာကို မလှူဒါန်းရသေးမီ မည်သည့်အစားအသောက်ကိုမျှ စားဦးစားဖျား မစားဘူးလို့ ဆိုပါတယ်။ ဘုရင်ဖြစ်လာချိန်မှာလည်း ကုဋေတစ်ထောင်တန်တဲ့ သာသနိကအဆောက်အအုံတွေလှူဒါန်းပြီး သာသနာတော်ကို ပူဇော်ပါတယ်။ စေတီ၊ ဘုရား တည်ထားကိုးကွယ်ရာမှာ လှူဒါန်းခဲ့တာတွေကလည်း အမြောက်အမြားပါပဲ။ ဒီလို အားရပါးရကြီး လှူဒါန်းခဲ့ပေမယ့်လည်း သေခါနီးအချိန်မှာတော့ အားငယ်ခြင်းဖြစ်မိသေးသတဲ့။ အဲဒီအချိန်မှာ မိမိနှင့်ပြည်ထောင်ဖက် မိစ္ဆာဒိဋ္ဌိတို့ကို အတူတကွ နှိမ်နင်းခဲ့တဲ့ စစ်သူကြီး ထေရပုတ္တာဘယဟာ ရဟန္တာအရှင်သခင်ကြီး ဖြစ်တော်မူနေပေပြီ။

ဒုဋ္ဌဂါမဏိဘုရင်ကြီး အားငယ်နေတာကို သိမြင်တော်မူလို့ နှစ်သိမ့်အားပေးဖို့ရာ ကြွတော်မူလာပါတယ်။ ကုသိုလ်ကောင်းမှုတွေ ဒီလောက်အများကြီးပြုခဲ့ပြီမို့ သောကရောက်စရာမလိုကြောင်း မိန့်တော်မူခဲ့ပါတယ်။ ဒီမှာ ဘုရင်ကြီးလည်း မော်ကွန်းထိန်းကိုခေါ်ယူပြီး မိမိပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုစာရင်းကို ဖတ်ကြားစေပါတယ်။

http://www.dhammadownload.com



'ထိုကုသိုလ်တော် ကုဋေတစ်ထောင်ကျော်ကား မင်းအာဏာဖြင့် မင်းဘဝရောက်မှ ပြုခွင့်ရခဲ့သော ကုသိုလ်များဖြစ်၍ မင်းကြီး ဝမ်းမမြောက်မိ။ မင်းကြီးအနှစ်သက်ဆုံးကား ညီတော်နှင့် စစ်တိုက်စဉ်ကာလ စစ်ပွဲကြားက လှူခဲ့ရသော ထမင်းတစ်နပ်စာပင် ဖြစ်ချေ၏။

မင်းကြီးသည် ထိုထမင်းတစ်နပ်စာ လှူခဲ့ရာဒေသ၊ လှူခဲ့ရပုံတို့ကိုက်၊ ကမ္မနိမိတ်အဖြစ် ပုံရိပ်များထင်လာစေ၏။ ထိုပုံရိပ်များကို လွန်ခဲ့ပြီပျောက်ပြယ်သွားလေပြီဟူ၍ နှလုံးသွင်းမိသောအခါ တုသိတာသွား နတ်ရထားကြီးသည် ဘွားခနဲပေါ်စေ၏။ တုသိတာရှိ မိမိခံစားခွင့်ရမည့် စည်းစိမ်တို့၏ ပုံရိပ်သည်လည်း ဘွားခနဲပင် ပေါ်စေ၏။ ထိုပေါ်ထင်လာသော(မိမိသွားရမည့်) နေရာဆီသို့ စိတ်ညွတ်သာယာရင်းက လူ့ဝိညာဉ်ချုပ်ခန်းသွားချေရာ တုသိတာ၏ နတ်ဝိညာဉ်အဖြစ်သို့ (ဖယောင်းတိုင်မီးတစ်တိုင်မှသည် တစ်တိုင်သို့ ကူးလိုက်သည့်ပမာ) ရောက်ကာ တုသိတာနတ်ဘဝသို့ ရောက်ရချေသည်။ *(၄င်း၊ စာ-၁၃၇)*

ဒါကြောင့် အထက်နတ်ဘဝသို့ ရောက်ဖို့ဆိုတာ သာမန်ကုသိုလ်မျိုးနှင့် မဖြစ်နိုင်ကြောင်း ထင်ရှားပေပြီ။ ကုသိုလ်ပြုစဉ်အခါမှာလည်း ငါစွဲ၊ ဝဋ္ဋစွဲ၊ ပုဂ္ဂိုလ်စွဲကင်းမှသာ စေတနာအကျိုးပေးခံစားရမည် ဖြစ်ကြောင်းကိုလည်း သိသာခဲ့ပေပြီ။ ဘယ်လောက်ထိ အစွဲတွေကို ပယ်သတ်ရမှာပါလဲဆိုရင် အလှူတစ်ခု ပြုကြသည်ဆိုပါစို့၊ ထိုအလှူမြင်ကွင်းဝယ် ငါ၊ သူ၊ အလှူခံပုဂ္ဂိုလ်ဟု မတွေ့မိ၊ မစွဲမိ။ ရုပ်အဆင့်ဆင့်၊ နာမ်အဆင့်ဆင့်တို့ချည်း လှုပ်ရှားပြောင်းလဲနေသည်ကိုသာ တွေ့မြင်နိုင်ပါမှ အစွဲလွတ်တယ်ဆိုပါတယ်။ ထိုသို့ရုပ်တို့ရဲ့ အပေါ်ယံကြောကို ကျော်ဖြတ်ပြီး အတွင်းကြောအထိ အသိဉာဏ်ဆင်းသက်မိသူရဲ့ စေတနာမျိုးသည်သာ သာယာတပ်မက်နှစ်သက်စိတ် မကပ်သာသဖြင့် အေးဆေးငြိမ်သက်မှုရှိတယ်။ ငါစွဲတန်းလန်း မကျေချမ်းဖိတ်များလည်း မခိုသာတော့လို့ အေးဆေးငြိမ်သက်တယ်။ ဒွိဟစိတ်၊ ပျံ့စိတ်များ မကိန်းသာတော့တဲ့အတွက်လည်း ကြည်သန့်စေတယ်ဆိုပါတယ်။

http://www.dhammadownload.com



မျိုးကောင်းရပြီဆိုရင် မြေကောင်းမှာစိုက်ဖြစ်ဖို့လည်း လိုပါသေးတယ်။ ဆရာတော်ဘုရားကြီးက ဒီလိုဆက်ပြီး ရှင်းလင်းဖော်ပြထားပါတယ်။

'ဒါနမှု၊ သီလမှု ကုသိုလ်တစ်ခုပြုရာ၌လည်း စေတနာအဆံဝင်နေသော စိတ်၏အေးသန့်ခြင်း၊ တည်ကြည်ခြင်းတို့သည် မရှိမဖြစ်သော အောက်ခံဖိနပ်များဖြစ်လာချေ၏။ ထိုသို့ ဖြစ်ရန်မှာလည်း ပြုပြင်ယူမှ ရချေ၏။ မေ့မေ့ကြီးနှင့်လည်း ရလိမ့်မည်မဟုတ်။ ပျော်ပျော်ကြီးနှင့်လည်း ရလိမ့်မည်မဟုတ်။ မော်မော်ကြီးနှင့်လည်း ဖြစ်လာလိမ့်မည်မဟုတ်ပြီ။

ထိုသို့ ရှုမှတ်ဆင်ခြင်မှုဖြင့် မိမိစိတ်ကိုပြုပြင်၍ သာယာတပ်မက်စိတ်ကင်းသော အလောဘစေတနာ၊ နှလုံးမကြည်စိတ်ကင်း အဒေါသစေတနာ၊ ပျံ့လွင့်ထွေလာ ဇဝေဇဝါစိတ်ကင်းသော အမောဟစေတနာ၊ ထိုကုသိုလ်ကံအကြောင်းခံသုံးမျိုးပါသော ဒါနမှု၊ သီလမှုမျိုးတို့သည် အထက်နတ်ဘုံဆီသို့သွားရာ မျိုးစေ့ဖြစ်ချေ၏။ အထက်နတ်ဖြစ်နိုင်သော ပုထုဇဉ်မျိုးတို့သည်

* ဝိပဿနာဉာဏ် ဆယ်ဆင့်အထိ ခရီးပေါက်နေသော ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်ကြီးများ၊
* နာမ်၊ ရုပ် နှစ်ပါး ကွဲပြားနေသည်အထိ အမြင်သန့်သော စူဠသောတာပန် ပုထုဇဉ်များ၊
* သမထစျာန်သမာဓိ အခြေခံရှိသော သမာဓိရှင် ပုထုဇဉ်များသာ တက်ရောက်နိုင်ခွင့်ရှိချေ၏။

နောက်,နောက်က ထိုအဆင့်များအထိ အားထုတ်ခဲ့ဖူးသဖြင့် အကြောင်းခံနှစ်ပါး၊ သုံးပါးပါရှိသော ဘဝမျိုးသို့ ရောက်နေချိန်ဖြစ်သော ပုထုဇဉ်သာမန်များသည်လည်း တက်ရောက်နိုင်ခွင့်ရှိသောကြောင့် လာဇာနတ်သမီး၊ ဣန္ဒက၊ အင်္ကုရနတ်သားများနှင့် ဖားနတ်သား၊ နွားနတ်သားများကို တွေ့ထောက်၍သိနိုင်၏။ ထိုအထက်နတ်ဘုံသို့ရောက်၍ နတ်စည်းစိမ်ခံစားရသောအခါတွင်ကား စွန့်လွှတ်မှုဒါနမျိုးစေ့ကြောင့် ကိုယ်ချမ်းသာမှုကို

http://www.dhammadownload.com



ဖြည့်စွမ်းပေးတတ်သော၊ အခြေအရံ ဗိမာန်စည်းစိမ်တို့ကို သိမ်းပိုက်ရပြီး လေ့ကျင့်မှု သီလမျိုးစေ့ကြောင့် စိတ်ချမ်းသာမှုကို ဖြည့်စွမ်းပေးတတ်သော လိုသလိုရ၊ တ,သလိုပြီးစီးစေနိုင်ခြင်းတို့ကို လက်ခံရ၏။ အကြောင်းခံ စေတနာ အေးသန့်မှုကြောင့် ထိုစည်းစိမ်တို့၌ မကြောင့်မကြ၊ မတောင့်မတ ခံစားခွင့်ရစေ၏။ *(၄င်း၊ စာ-၁၄၁)*

နတ်ဖြစ်လာပြီဆိုရင် 'ကမ္မဇိဒ္ဓိတန်ခိုး' သည် မန္တီးဘဲနဲ့ ထ,နေတယ် လို့ဆိုပါတယ်။ ကမ္မဇိဒ္ဓိဆိုတာ 'ကံကြောင့်ဖြစ်သောတန်ခိုး' လို့ အဓိပ္ပာယ် ရပါတယ်။ ဒါန၊ သီလ စတဲ့ ကောင်းကံတွေပြုစဉ်အခါက စေတနာသန့်ပြန့် မှုကြောင့် ပေါ်ထွန်းလာတဲ့ အကျိုးဆက်ဖြစ်ပါတယ်။ ကမ္မဇိဒ္ဓိဆိုတဲ့စကား မှာ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ စတဲ့ နတ်တို့ရဲ့အမြင်၊ အကြားဆိုင်ရာ တန်ခိုး တွေကို ဖြစ်စေခဲ့ပါတယ်။ ဘယ်လောက်ဝေးဝေး ဘယ်လောက်သေးသေး မြင်နိုင်ခြင်း၊ ဘယ်လောက်တိုးတိုး၊ ဘယ်လိုအသံမျိုးကိုမဆို ကြားနိုင်ခြင်း တို့ဟာ ကောင်းမှုပြုစဉ်အခါ ကိလေသာအငွေ့တစ်စက်ကလေးမရှိအောင် ဝိပဿနာဉာဏ်နဲ့ သုတ်သင်နိုင်ခဲ့တဲ့ ကျေးဇူးပါပဲ။

နတ်တို့ဟာ အဲဒီလို မြင်နိုင်သောမျက်စိ၊ ကြားနိုင်သောနားနဲ့ လူ့ပြည်သို့ အမြဲအကဲခတ်နေကြပါတယ်။ တကယ်လို့ လူ့ပြည်မှာ ကြမ္မာ ဆိုး၊ ဘေးဆိုးကြီးတွေ ကျရောက်လာတော့မယ်ဆိုရင် ကုသိုလ်ရှင်၊ ကောင်းမှုရှင်တွေ ဘေးအန္တရာယ်ကင်းရအောင် ကောလာဟလအမျိုးမျိုး ဖန်ဆင်းကြွေးကြော်ပြီး နှိုးဆော်ပေးရပါတယ်။ လူ့ပြည်မှာ အကျင့်ကောင်း များ ပွင့်ပေါ်တော့မည်ဆိုလျှင်လည်း လက်မလွှတ်ရလေအောင် နှိုးဆော် အသိပေးရပါတယ်။

'ကမ္ဘာကြီးပျက်တော့မည်ကိုလည်း နတ်တို့ကသာ အစင်းသိ၏။ ဘုရားပွင့်တော့မည်ကိုလည်း ထိုနတ်တို့ကသာ အတွင်းသိ၏။ ထိုနတ်တို့ က ကြွေးကြော်ပေးမှသာ လူတို့သိခွင့်ရချေ၏။ နတ်သည် လူတို့၏ရှေ့ ဆောင်တည်း။ သတ္တဝါအပေါင်းတို့၏ သခင်တည်း' *(၄င်း၊ စာ-၁၄၂)*

ပြီးတော့ လူ့ပြည်အကြောင်းကို စတုမဟာရာဇ်နတ်တို့နှင့် နတ် သဘင်စည်းဝေးထိုင်ကာ စုံစမ်းမေးမြန်းရတယ်ဆိုပါတယ်။ စတုမဟာရာဇ်

http://www.dhammadownload.com



နတ်တွေကလည်း သူတို့လက်အောက်ရှိ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့ရွာစောင့်နတ် စသည် အဆင့်ဆင့်သောနတ်တို့ကို အထောက်တော်ထားကာ လူတို့၏ကောင်းမှု၊ မကောင်းမှု အမှုအကျင့်တွေကို မှတ်တမ်းယူစေတယ်လို့ သိရပါတယ်။

'ဤသို့ဖြင့် နတ်တို့သည် လောကပါလခေါ် လူတို့ကို စောင့်ရှောက်ကြရကုန်၏။ ထိုသို့ လူတို့အား စောင့်ရှောက်တတ်သောကြောင့်ပင် နတ်ဟူသော အမည်ထူးကို ခံယူကြလေကုန်၏။ ထိုသို့ လူအမျိုးမျိုး၊ ယုံကြည်မှုအထွေထွေတို့ဖြင့် ရှုပ်ထွေးပွေလီမ်လှသော လူတို့ကို စောင့်ရှောက်နိုင်စွမ်းရှိသော ကံအရှိန်မျိုးသည် သာမန်မျှသော စွန့်လွှတ်မှုမျိုး၊ လေ့ကျင့်မှုမျိုးတို့ဖြင့် မရနိုင်၊ မရောက်နိုင်သည်ကို အထူးသတိပြုသင့်ချေ၏'*(၄င်း၊ စာ-၁၄၃)*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အဲဒီလို ထပ်မံသတိပေးရေးသားတော်မူပါတယ်။ အများက ယုံကြည်အားကိုးလောက်တဲ့ အကျင့်မျိုးနှင့် ပြည့်စုံစေပြီး ကိုယ်ကျိုးမဖက် အများအကျိုးကိုသာလျှင် သယ်ပိုးဆောင်ရွက်သူတို့သာ အထက်နတ်ပြည်သို့ ရောက်ရကြောင်း သိကြားမင်းကြီးရဲ့ မာဃလုလင်ဘဝနဲ့ သာဓကဆောင်ပြပါတယ်။ ဒါန၊ သီလ ဆိုတဲ့ လက်ဦးကုသိုလ်များမှာပင် စေတနာစင်ကြယ်ပါမှ ဘဝဆိုးများမှ လွတ်မြောက်ရာ နတ်ပြည်စသောဘဝကောင်းကို ရနိုင်ကြောင်း အနုပုဗ္ဗိကကထာအားဖြင့် ဆရာတော်ဘုရားကြီးက မီးမောင်းထိုးပြတော်မူခဲ့ကြောင်းပါဗျာ။

အညွှန်း:

* ၁၉၉၆ ခုနှစ်၊ မေလထုတ်၊ အနုပုဗ္ဗိကကထာ၊
* ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ မင်္ဂပဋိသံယုတ္တကထာ။

[ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ၊ ဂန္ထိရမဂ္ဂဇင်း ]

http://www.dhammadownload.com

# အာရုံငါးပါးကျော်လွှားလွန်မြောက်

ဒါနှ၊ သီလအားဖြင့် ကိုယ်ကျိုးကိုတတ်နိုင်သလောက် စွန့်၊ အများအကျိုးသယ်ပိုးဆောင်ရွက်ခြင်းဖြင့် နတ်ပြည်ခြောက်ထပ်သို့ တက်ရောက်နိုင်ကြောင်း တင်ပြခဲ့ပြီးပေပြီ။ သို့သော် နတ်ပြည်ဟူသည်လည်း 'ကာမဘုံ' စာရင်းဝင်ပင်ဖြစ်လေရာ 'ကာမဝဋ်' မှ မလွတ်သေး။ ကာမဝဋ်မှ မလွတ်သေးဘူးဆိုရင် ကာမစည်းစိမ်ခံစားရာမှ အကြိုက်မိုးမွှန် နယ်ကျွံပြီး ကျရတဲ့ 'အပါယ်လေးဘုံ' ကလည်း မလွတ်သေးလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ကြောက်မယ်ဖွယ်ဘေးကြီးကို ညွှန်ပြတော်မူပါတယ်။ ဒါကြောင့် နတ်ပြည်ဆိုတာ 'ကောင်းကျိုး' ခံစားရာဌာန ဖြစ်ပါသော်လည်း 'ကောင်းကျင့်' များ ထွန်းကားပြည့်စုံရာ ဘုံဌာနကား မဟုတ်ပါပြီတဲ့။

ကာမနဲ့ဆက်စပ်ပြီး ကောင်းကျင့်၊ မကောင်းကျင့် နတ်တို့ရဲ့ အနေအထားလားရာကို ဆရာတော်ဘုရားကြီးက ဒီလိုဖော်ပြထားပါတယ်။

http://www.dhammadownload.com



မကောင်းကျင့်ဟူသည် မိမိ၏ကာမအတွက်နှင့် သူတစ်ပါးသို့ သံယောဇဉ်များဖြင့် ချည်နှောင်ပတ်ဖွဲ့ကာ ဖျက်ဆီးနှိပ်စက်ခြင်းပင်။

ကောင်းကျင့်ကား ထိုမှပြန်လှန်၍ မိမိကာမအတွက်နှင့် သူတစ်ပါးသို့ သံယောဇဉ်များဖြင့် ချည်နှောင်တုပ်ဖွဲ့ထားရာမှ မိမိရစ်ပတ်ထားသော သံယောဇဉ်ကြိုးကို ဖြေချပေးကာ သွားလိုရာသွားပါစေ ဆန္ဒဖြင့် ခွင့်လွှတ်ခြင်းပင်။

သို့ကြောင့် နတ်၏အလားသည် ဒါန၊ သီလကောင်းတစ်ချက်ဖြင့် တစ်ဖက်သို့ ပစ်ဖမ်းခြင်းသာဖြစ်၍ ကောင်းလျက်နှင့် မကောင်းသာဖြစ်သေး၏။ တစ်ဦးနှင့်တစ်ဦးရစ်ပတ်ထားသော ချစ်ခင်တပ်မက်စိတ် ပြင်းထန်မှုများ၊ အလိုမကျစိတ် ပြင်းထန်မှုများ၊ ငါပြီး ငါပိုင် စိတ်အားကြီးမှုများတို့ အထပ်ထပ်အလိမ်လိမ် ဖြစ်နေကြသဖြင့် စားစားသွားသွား၊ နားနားနေနေ သူသည် ကိုယ့်စိတ်နှင့်သာနေရပြီး ကိုယ်သည်လည်း သူ့စိတ်နှင့်သာ အသက်ရှင်ရချေ၏။ ထိုရစ်ပတ်မှုတို့ တင်းကျပ်လာသော်။

သူရောကိုယ်ပါ လုံးထွေးပြီး အောက်ကျမှာ(ဝါ)အပါယ်ကျမှာ သေချာလှတယ်လို့ဆိုပါတယ်။ *(၉၆-မတ်လထုတ်၊ အနုပုဗ္ဗိက ကထာ၊ စာ- ၁၄၅၅)*

မဂ်အကျင့်ကား ကာမအကျင့်နှင့် ဆန့်ကျင်ဘက်။

ရန်သူအဝိုင်းခံထားရာမှ ထွက်ပေါက်ကိုပြသော မိတ်ဆွေကောင်းပမာ မစင်လူးပေးနေသည်ကို ဆေးကြောသုတ်သင်ရာ ,ရေစင်တစ်ခွက်ပမာ၊ အနာရောဂါဖိစီးနေသည်ကိုကုစားပျောက်ကင်းစေရာ ဆေးတစ်ခွက်ပမာ ကာမအကျင့်ရဲ့ ကိလေသာတွေကို ပယ်သတ်သွားမှာ မဂ်အကျင့်မဂ်လမ်းပဲဖြစ်ပါတယ်။

ကြွေးကြေရင် ကြွေးရှင်ကို မျက်နှာပူစရာမလိုတော့သလိုဘဲ မဂ်လမ်းပေါ်ရောက်ရင် အပါယ်ဘေး တွေးပူစရာ မလိုတော့ပြီလို့ ဆိုပါတယ်။ ထောင်ကလွတ်လာပြီဆိုရင် ထောင်ကြပ်၊ ထောင်ပိုင်တွေနဲ့ ဆက်ဆံစရာ

http://www.dhammadownload.com



မလိုတော့သလိုဘဲ မဂ်လမ်းပေါ်ရောက်ပြီဆိုရင် အပါယ်လေးဘုံနဲ့ဆက်ဆံစရာ မလိုတော့ဘူးလို့ ဆိုလိုပါတယ်။

မဂ်ရပုဂ္ဂိုလ်တို့မည်သည့် ကိလေသာ ဘယ်လောက်ဆူဆူ မတုန်လှုပ်တော့ပါဘူး။ ဒါကြောင့် မဂ်ရပုဂ္ဂိုလ်ဆိုတာ စကြာမင်းထက်လည်း အမြတ်သာ၊ သိကြားမင်းထက်လည်း အစွန်းထွက်ပို၊ ဗြဟ္မာမင်းကြီးထက် ပင် အလေးသာသေးလို့ ဖော်ပြထားပါတယ်။ အဲဒီ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ဟာ သူတစ်ပါးတို့အပေါ်မှာ မင်း၊ မိမိကိုယ်တွင်းရှိ ကိလေသာများအပေါ်မှာ ကျွန်ဖြစ်နေကြတယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အတိအလင်း ထောက်ပြထားပါတယ်။ *(၄င်း စာ-၁၄၆)*

မဂ်စခန်းဖြင့် မဂ်ကုသိုလ်ကို ရချင်တယ်ဆိုရင်

ကာမကုသိုလ်ကိုလည်း ရပ်လိုက်ပါ၊ ဈာနကုသိုလ်ကိုလည်း ဖြတ်လိုက်ပါ။

ကာမကုသိုလ်အပိုင်းမှာ မိမိရဲ့ကာမအလိုကို နှိုးဆွပေးရသလို တစ်ဖက်(အလှူခံ)ရဲ့ ကာမအလိုကိုလည်း နှိုးပေးရခြင်းများကြောင့် 'အပ္ပေါသုတ္တ' (ကြောင့်ကြမဲ့)ကို မရနိုင်ဘူးလို့ ညွှန်ပြပါတယ်။ ဈာန်ကုသိုလ်အပိုင်းမှာတော့ ဈာန်ရှုရာ၊ ဈာန်ဝင်စားရာ ကသိုဏ်းကွက် စသည်တို့မှာ စိတ်ပို့လွှတ်ထားရခြင်း၊ ပြင်ပအာရုံ၌သာ ဉာဏ်ကျက်စားရခြင်းများကြောင့် ခန္ဓာဖြစ်စဉ်များနဲ့ မနီးစပ်ဘူးလို့ ဆိုပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ 'အာဘော်'မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

စင်စစ် ထိုကာမကုသိုလ်၊ ရူပကုသိုလ်တို့သည် ကာမရာဂနှင့် ရူပရာဂတို့ ကြီးပွားတိုးတက်ရန် 'ဖွဆေး၊ ဆွဆေး' များသာ ဖြစ်ကြချေ၏။ ရောင်စုံခြယ်သထားသော ကော်ရုပ်ကလေးကို ပြင်ပမှငေးကြည့်ကာ သွားရည်ယိုလက်ယားနေသော ကလေးပမာ ကာမအာရုံနှင့် ဘဝအာရုံတို့၏ အပြင်အဆင်အမွမ်းအမံတို့ကို ကြည့်လျက်က သာယာနှစ်သက် တပ်မက်စိတ်များ တိုးပွားရန်မျှသာ ဖြစ်ချေ၏။ ထိုကုသိုလ်နှစ်မျိုးစလုံး ပြင်ပကိုသာ အာရုံပြုရသဖြင့် ခန္ဓာ၏ရုပ်နာမ်ဖြစ်ပျက်တို့ကို မမြင်နိုင်သေး။

http://www.dhammadownload.com



ကာမကုသိုလ်သည် သက်ရှိသက်မဲ့ဖြစ်သော ဝတ္ထုနှင့် ပုဂ္ဂိုလ်များသို့ လိုက်လံ၍ ဆက်ဆံရပြီး ရူပကုသိုလ်တို့ကား ကသိုဏ်းကွက် စသည့် သက်မဲ့များသို့ လိုက်လံကာ ဆက်ဆံနေရဆဲဖြစ်၏။

မဂ်ကုသိုလ်ကား ထိုသို့ မဟုတ်ပြီ။ စိတ်သည် မိမိကိုယ်ပေါ်မှာ သာရှိရပြီး အာရုံသည်လည်း မိမိကိုယ်ပေါ်မှာပင် ရယူခံစားရချေ၏။ တစ်ဖက်အာရုံတို့က လာရောက်တိုက်ခိုက်သော်လည်း မိမိကိုယ်ပေါ်မှာသာ စိတ်မေးတင်လျက်က သတိမပြတ် ရှုမှတ်ဆင်ခြင်ရချေ၏။ ထိုအာရုံတို့၏ တိုက်ခိုက်မှုကြောင့် မိမိကိုယ်ဖောက်ပြားနေခြင်း၊ သို့မဟုတ် အပြင်ဧည့်သည် အာရုံနှင့် အတွင်းအိမ်ရှင်ကိုယ်တို့ အချိန်းအချက်ပြုကာ ဖောက်ပြားနေကြပါသည်ကို မိမိစိတ်က ချောင်းမြောင်းကြည့်၍ အသိပေးခြင်းတို့ကို ဆင်ခြင်ဉာဏ်ဝင်၍ ခံစားရာ၌ မှတ်ချက်ထားပေးရခြင်း၊ အမှတ်အသားပြုရာ၌ မှတ်ချက်ထားပေးရခြင်း၊ အပေးအယူပြုလုပ်ရာမှာ မှတ်ချက်ထားပေးရခြင်း၊ အစွဲထားရာမှာ မှတ်ချက်ထားပေးရခြင်းဖြင့် ခန္ဓာ၏အပြစ်ကိုလည်းကောင်း၊ ကာမ၏အပြစ်ကိုလည်းကောင်း၊ ဘဝ၏အပြစ်ကိုလည်းကောင်း ဖော်ထုတ်ပေးသော ကုသိုလ်ပင် ဖြစ်ချေ၏။(ဤကုသိုလ်သာလျှင် ကုသိုလ်စစ်စစ်)

ဤသို့ ခန္ဓာအား သုဘထင်မှ အသုဘအပြင်သို့ ရောက်စေပြီးနောက် မိမိကိုယ်မိမိ ချစ်နေသော ဓာတ္တာကို အပိုးကျိုးစေပြီးနောက်မှ ခန္ဓာရှိ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို ကြည့်ရာ၏။ ခန္ဓာရှိ ရုပ်နာမ်တို့၏ ဖြစ်ပုံပျက်ပုံကိုလည်း ကြည့်ရာ၏။ ဖြစ်ပျက်မြင်၌ သမာဓိတည်ရုံမျှ ဖြစ်ပြီး ဖြစ်ပုံပျက်ပုံမြင်မှ ရုပ်ကွဲ၊ နာမ်ကွဲ စသည် ဉာဏ်စခန်းသို့ တက်နိုင်ချေ၏။

*(၄င်းစာ–၁၄၈)*

ဒီမှာလည်း ဆရာတော်ဘုရား အလေးအနက်ထား ဖော်ပြထားတဲ့ အပိုင်းသုံးပိုင်းကို မူရင်းအတိုင်း ဖော်ပြချင်ပါတယ်။

အစ၏ဆုံးခြင်းကိုလည်းကောင်း၊ အဆုံး၏ပြန်စခြင်းကိုလည်းကောင်း၊ ခေါက်ချိုးခေါက်ပြန် အလှန်လှန်အပြန်ပြန် စစ်ဆေးလျက်က

http://www.dhammadownload.com



ဦးစွာဖြစ်စုထင်ရခြင်း၊ ကွင်းဆက်ကျေးဇူးပြုနေခြင်း၊ လက္ခဏာပေါ်ခြင်း၊ ဖြစ်ပျက်မြင်ခြင်းတို့ဖြင့် သာယာညှင်းပြောင်း အကောင်းပိုင်းများကိုလည်း ရေရေလည်လည် စေ့စေ့စပ်စပ် သုံးသပ်ထားခဲ့ပြီး ရှေ့ဆက်မှတ်တမ်းတင်ရချေ၏။

အလယ်ပိုင်းတို့၏ ပျက်စုထင်ခြင်း၊ ကြောက်မက်ဖွယ်ဘေးဟု မြင်ခြင်း၊ အပြစ်မြင်ခြင်း၊ အပျက်လက်ဆက်နေရသဖြင့် ငြီးငွေ့လာခြင်းတို့ဖြင့် ပျင်းရိခြောက်သွေ့၊ ဆွေ့ဆွေ့ခုန်အပိုင်းများကိုလည်း ရေရေလည်လည် စေ့စေ့စပ်စပ် သုံးသပ်ထားခဲ့ပြီး၊ ရှေ့ဆက်မှတ်တမ်းတင်ရချေ၏။

အဆုံးပိုင်း၌လည်း ပျက်စုမှလွတ်မြောက်လိုခြင်း၊ လက္ခဏာတင်၍ ရုန်းထွက်ခြင်း၊ ဖြစ်စုပျက်စုနှစ်ခုလုံးကိုပင် မမျှော်ခြင်းများတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့၊ ဘာကိုမျှမအောက်မေ့သော အပိုင်းများကိုလည်း ရုန်းထွက်ခြင်း၊ ရေရေလည်လည် စေ့စေ့စပ်စပ် သုံးသပ်ခဲ့ပြီးဖြစ်၍ ဤ၌ စီရင်ချက် ချမှတ်ရန်သာ (သို့မဟုတ်) အကောင်အထည်ဖော်ရန်သာ ကြိုးစား ရချေတော့၏။ တရားသူကြီးမင်း၏ အမိန့်သံမျိုးသာ ဤ၌ လိုအပ်ပေတော့၏။

* လက်ဝယ်ရှိ မိနေသော ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မလှုပ်မယှက် ငုတ်တုတ်ထိုင်စေ၍

* ထိုရုပ်နာမ်တို့၏ ဖြစ်ပျက်ပေါ် လက္ခဏာစု တစ်ခုခုတင်ထား၍

* ထိုလက္ခဏာတို့၏ ချုပ်ပြတ်မှုပေါ်သို့ သတိကိုစိုက်ချထား၍

* ထိုသတိစိုက်ချထားရာသို့ အသိကို မြဲမြဲစွာ ကပ်ထား၍

ဖြစ်ပေါ်တိုးတက်လျက်က တဖွားဖွားချုပ်ပျောက်နေကြသော ရုပ်နာမ်အစုံကိုလည်းကောင်း၊ ပျက်ကျဆုတ်ယုတ်လျက်ကလည်း တလှုပ်လှုပ်ချုပ်ပျောက်နေကြသော ရုပ်နာမ်အစုံကိုလည်းကောင်း၊ မြေတစ်မှုန့်ချင်းကို ဗျာန်ယဉ်သွင်းကာ ရေတွက်နေခြင်းမျိုးကဲ့သို့ တိုး၍တိုး၍ ရှုကြည့်နေရင်းမှ ဖြစ်ပျက်ကြည့်လျက်က ဖြစ်ပျက်မရှိဘက်သို့ အသိစိတ်ကူးထွက်သွားချေတော့၏။ *(၄င်းစာ–၁၄၉)*

http://www.dhammadownload.com



အဲဒီမှာ 'ကြည်စိတ်' ကလေး ပိုလို့ကြည်၊ 'တည်စိတ်' ကလေး ပိုလို့တည်လာပါတော့တယ်။ စူးစူးစိုက်စိုက် မြှပ်နှံထားတဲ့ သတိနဲ့အသိတို့ရဲ့ အတွင်းသား လှိုက်ဖော် ထုတ်ပေးခြင်းကြောင့် ငုပ်ကောင်များဖြစ်တဲ့ အမှုရဲ့ လက်သည်တရားခံအစစ်များ(ရုပ်၊နာမ်)လည်း သေစား သေစေဆိုတဲ့ အပြစ်ဒဏ်ကို ချက်ချင်းချမှတ်ခံရကာ အဆုံးသေဘာဝနဲ့ သေဆုံးကြရပါတော့တယ်။ အဲဒီမှာ

ပထမမဂ်ဖြင့် ငါစွဲဒိဋ္ဌိပြုတ်ပြီး ရတနာသုံးပါးအပေါ် ယုံမှားခြင်း မရှိတော့လို့ အအေးဓာတ်၊ အငြိမ်းဓာတ်ကြီး ခံစားခွင့်ရစေခဲ့ပါပြီ။

ဒုတိယမဂ်ဖြင့် ကြိုက်စွဲ၊ မကြိုက်စွဲနှစ်ပါးကို အခြေယိုင်စေခဲ့ပြီး ကြိုက်စွဲရန်၊ မကြိုက်စွဲရန်က ဝေးခဲ့ပြီဖြစ်လို့ အအေးဓာတ် အငြိမ်းဓာတ်ကြီးကို ခံစားခွင့်သာစေခဲ့ပါပြီ။

"ထိုမဂ်ကုသိုလ်နှစ်မျိုးတို့သည် အကျင့်မှန်ရှိမှုဖြင့်(သီလစင်ကြယ်ရှိမှုဖြင့်) ရောက်နိုင်ကြသော ကုသိုလ်မျိုးဖြစ်ရကား တစ်ခုကျမိလျှင် နောက်တစ်ခု ဆက်လက်ကျရောက်ရန် မခဲယဉ်းပြီ။ ရှုမှတ်မှုအကျင့်ကို တစ်စိတ်တည်းထား၍ ကျင့်သဖြင့် ရနိုင်သော မဂ်ကုသိုလ်မျိုးများဖြစ်ကြသဖြင့် လက်လွှတ်မြှားကဲ့သို့ တစ်ဟုန်ထိုးကြိုးစားကြပါလေကုန်"လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အထူးတိုက်တွန်းတော်မူပါတယ်။

နှုတ်ဖြင့်စော်ကားတာတောင် ဒီမျှအပြစ်ကြီးလေးခဲ့ပါလျှင် ကိုယ်ထိလက်ရောက်ကား မေးမနေသင့်ပြီ။ ဘယ်လောက်ကြောက်ဖို့ကောင်းပါသလဲ။ သောတာပန်ဘဝနဲ့ ကာမပြစ်ခံရတဲ့ သာဓကေကို ဗိမ္ဗိသာရမင်းကြီးနဲ့ ဆက်ပြီးသာဓက ဆောင်ပြပါသေးတယ်။ သားတော် အဇာတသတ်ရဲ့ ညှင်းဆဲခြင်းခံရသမျှ ချစ်မိသော ကာမအပြစ်ပင် မဟုတ်ပါလားလို့ ညွှန်ပြတော်မူခဲ့ပါတယ်။

သားတော်က နန်းစည်းစိမ်တောင်းလျှင် ကျေနပ်စွာ ပေးအပ်ရ၏။ ထောင်သွင်းအကျဉ်းချထားသော်လည်း စိတ်မဆိုးမိ၊ အစာဖြတ်ထားသော်လည်း စိတ်မခုမိ၊ ဤသို့ဖြင့် အဆင့်ဆင့် ဖဝါးဓားခွဲခံရသည်ထိ

http://www.dhammadownload.com



ညွှင်းဆဲပါသော်လည်း စိတ်မဆိုးနိုင်ခြင်းများမှာ ကာမပြစ်၏ရလဒ်များ ချည်းဖြစ်ချေ၏။ ချစ်နေသမျှ မုန်းစိတ်ဝင်ရန် ခဲယဉ်း၏။ ကြိုက်နေသမျှ ကြောက်စိတ်ဝင်ရန်လည်း ခဲယဉ်းလှချေ၏။

* ခွေးတို့၏ မစင်ကို မရွံမုန်းခြင်းသည် ကြိုက်စိတ်ပြင်းနေသောကြောင့်၊
* ပိုးဖလံတို့ မီးကိုမကြောက်ခြင်းသည်လည်း ကြိုက်စိတ်မွန်နေခြင်း ကြောင့်ပင်။

သားတော်အပေါ် သံယောဇဉ်ကြီးမားသလောက် သားတော်၏ ဒဏ်ကို အလူးအလဲခံရရှာချေ၏။ သားတော်၏ဖျက်ဆီးမှုဒဏ်သည် မိမိ၏ အတွင်းရှိ ကာမ၏ဒဏ်နှင့် နှိုင်းဆလျှင် ဘာမှမပြောပလောက်သော အရာသာဖြစ်ချေ၏။ ပြင်ပ၏ တိုက်ခိုက်မှုဒဏ်သည် ဖဝါးခွဲသော် ဖဝါးလောက်မျှ ဒဏ်ရာရစေ၏။ မိမိအတွင်းရှိ ကာမစိတ်၏ ထိုးနှက်မှုဒဏ်သည်ကား တစ်ကိုယ်လုံးလည်း သွက်သွက်ခါစေ၏။ စိတ်မှာလည်း စွဲကျန်ရစ်တတ်၏။ ဘဝအဆက်ဆက် ကူးသည်အထိလည်း ဒဏ်ချက်ပြင်းစေ၏။

ဗိမ္ဗိသာရမင်းကြီးတစ်ဘဝကြွေ၍ တစ်ဘဝပြည်သို့ ကူးရန် အာရုံယူသော ကာလတွင်လည်း ဝေဿဝဏ်နတ်မင်းကြီး၏ အစေခံဇဝနနတ်သား၊ (ခြေမြန်တော်နတ်သား)အဖြစ်ဖြင့် ခုနစ်ကြိမ်ထမ်းဆောင်ခဲ့ရသော ကာမစိတ်ကို အာရုံမှားသဖြင့် ထိုဝေဿဝဏ်နတ်မင်းကြီး၏ အစေခံ ဇဝနနတ်သားဘဝသို့သာ တန်းမတ်စွာ ကျရောက်ရှာချေ၏။ ကာမပြစ်ကား တွေးသလောက် ကြောက်စရာကောင်းလှချေ၏။ *(၄င်းစာ ၁၅၂-၁၅၃)*

သောတာပန် အရိယာတစ်ဦးရဲ့ ကာမပြစ်သော်မှ ဒီလောက်ခံရချက်နာသည်ဆိုပါလျှင် ပုထုဇဉ်တို့ရဲ့ ကာမပြစ်ကားဆိုဖွယ်ရာ မရှိပါပြီ၊ ဒါကြောင့် ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက

"ကာမ၏ဂုဏ်ကို အာရုံမပြုဘဲ ဓမ္မဂုဏ်သို့ အာရုံပို့လွှတ်တတ်ရန် အရေးကြီး၏။ ကာမခံစားနေရင်းက ကာမ၏ဂုဏ်(သတ္တိ)မှာ စိတ်မျှော၊ မထားဘဲ ထိုကာမကြောင့် မိမိပျက်စီးနေသည်ကိုလည်းကောင်း၊ သ

http://www.dhammadownload.com



တစ်ပါးသို့ ဝင်ရောက်ပျက်စီးမိသည်ကိုလည်းကောင်း ကြည့်တတ်ရန်ပင် ဖြစ်ချေ၏။" လို့ နည်းလမ်းပေးတော်မူခဲ့ပါတယ်။ "ကြီးမားသော မြေထု ကို တသွင်သွင်စီးသော ရေအားဖြင့် တိုက်စားက လွန်မြောက်ရ၏သို့ ကြီးမားသော ကာမစိတ်ကိုလည်း တရစပ် ကျရောက်စေသော တည်စိတ် ဖြင့်သာ ထိုးဖောက်နိုင်၏။" လို့လည်း ညွှန်ပြတော်မူခဲ့ကြောင်းပါဗျာ။

အညွှန်း

* ၁၉၉၆– မတ်လထုတ်၊ အနုပုဗ္ဗိက ကထာ။
* ၇–၆–၉၇ နတ်တလူတောရ ဩဝါဒများမှ။

[ ၂၀၀၂ ခုနှစ်၊ ဧပြီလ၊ ဘာသာသွေးမဂ္ဂဇင်း ]

http://www.dhammadownload.com

# သိက္ခာသုံးဆင့်ဉာဏ်အပွင့်

ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေမှာ မရှောင်မလွှဲသာဆိုသလို အကုသိုလ်နဲ့ ဒုစရိုက်တရားတွေ ပွားများလာတာ ကြုံဆုံနေကြရပါတယ်။ ပရိယေသနဆိုတဲ့ ဝမ်းစာရေးနဲ့ စီးပွားရှာဖွေမှုဟာ နိစ္စဓူဝ ဘဝရှုခင်းပဲ ဖြစ်ပါတယ်။ စီးပွားဝမ်းစာရှာတဲ့အခါ ငါရဖို့သာ ပဓာနဖြစ်လေတော့ လောဘက ဦးဆောင်ပြီး (ဝါ) လောဘ စေတသိက်နဲ့ စီးပွားရှာရပါတယ်။ ရှာရဖွေရတဲ့ 'ဒုက္ခ'ကို လူတိုင်းသိကြပေမယ့် ဒုက္ခအသိ ကြီးထွားမလာမီမှာပဲ တဏှာက ဖြားယောင်းဖြို့ခွဲ သမုဒယပန်းခင်းထဲမှာ ချော့သိပ်လှည့်စားထားလိုက်ပါတယ်။ စီးပွားဝမ်းစာရှာနေချိန်မှာ ရရင်ထပ်လိုချင်တဲ့ လောဘ၊ မရတော့ဒေါသ၊ ကိုယ်လုပ်တာ မှားသလား၊ မှန်သလား မခွဲခြားနိုင်တဲ့ မောဟ၊ ကိုယ်လုပ်တာ မှားနေသည့်တိုင်အောင် ငါ့တရားနွားရ အနိုင်လိုချင်တဲ့ ဒိဋ္ဌိ၊ ငါ့အတွက်သာဆိုတဲ့ အတ္တ၊ ရည်ရွယ်ချက်တွေကို ကြည့်လိုက်ရင် တစ်နေ့ တစ်နေ့ ကျွန်တော်တို့ ရှာဖွေစုဆောင်းခဲ့သမျှဟာ

http://www.dhammadownload.com



ကုသိုလ်လား၊ အကုသိုလ်လား၊ သုစရိုက်လား၊ ဒုစရိုက်လား၊ အကောင်းလား၊ အဆိုးလား အတိုင်းသား ပေါ်လွင်နေပါတော့တယ်။

စင်စစ်တော့ ဒီအကုသိုလ် ဒုစရိုက်တရားဆိုးတွေဟာ အခုမှ မိုးပေါ်ကကျလာတာမဟုတ်။ အနမတဂ္ဂ သံသရာကျင်လည်စဉ်ကတည်းက တိရစ္ဆာန်ဘဝပေါင်းများစွာက လိုက်ပါလာတဲ့ 'သံသရာဆိုးမွေ' တွေပဲ ဖြစ်ပါတယ်။ မြွေက ဖားကို ငါ့ဝမ်းပူဆာမနေသာလို့ ဆိုပြီး အားကြီးက အားနည်းကို ညှဉ်းဆဲသတ်ဖြတ်စားသောက်တယ်။ ဖားကို မြွေကသတ်စားတာ မှန်တယ်ဆိုရင် ဒါဟာ ဒိဋ္ဌိအမြင်ပဲဖြစ်ပြီး တိရစ္ဆာန်ဉာဉ်၊ တိရစ္ဆာန်အကျင့်ပဲ ဖြစ်ပါလိမ့်မယ်။

လူ့ဘဝဆိုတာ ကုသိုလ်ကြောင့်ရခဲ့တဲ့ ဘဝကောင်းပါ။ ဘဝကောင်းမှာ တိရစ္ဆာန်တို့ရဲ့ဉာဉ်ဆိုး၊ အကျင့်ဆိုးတွေ ဘာကြောင့်လိုက်ပါကျင့်သုံးနေရပါသလဲ။ သစ်ပင်တစ်ပင်ရဲ့ အရွက်၊ အပွင့်၊ အသီးတွေဟာ ရေသောက်မြစ်ကလာရသလိုပဲ ဒီအကုသိုလ် ဒုစရိုက်တွေဟာလည်း ငါကောင်းစားရေးဆိုတဲ့ ငါစွဲက အညွန့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ မသိလို့ကြိုက်၊ ကြိုက်လို့လွန်ကြူး၊ မသိလို့မိုက်၊ မိုက်လို့လွန်ကြူး၊ မသိလို့ကောင်း၊ အကောင်းထင်စွဲလန်း၊ စွဲလန်းတော့လွန်ကြူး၊ အစွဲတကာ့အစွဲတွေထဲမှာ 'ငါစွဲ ဒိဋ္ဌိ' သာလျှင် ဗဟိုချက်မအကျဆုံးဖြစ်ကြောင်း တိရစ္ဆာန်ဘဝပေါင်းများစွာကို မျက်မြင်သက်သေအဖြစ် ရှုမြင်ပါလေ။

လူမှ တစ်ပါးသော တိရစ္ဆာန်စတဲ့ အပါယ်ဘုံသားတို့ရဲ့ ဘဝမျိုးတွေဟာ ဉာဉ်ဆိုး၊ အကျင့်ဆိုး၊ ဆိုးကြွေးဆိုးပြစ်တွေ အညွန့်တက်ရာ ရွက်စိုတောကြီးပမာ လူ့ပတ်ဝန်းကျင်နဲ့ဝေးရာမှာ တိုးတက်ပေါက်ရောက်လျက်သာရှိပါတော့တယ်။ လူ့ပတ်ဝန်းကျင်မှာကတော့ ပေါင်းပင်ကအစ သုတ်သင်ရှင်းလင်းပစ်တာဆိုတော့ လယ်မြေကောင်းနဲ့တူတဲ့ ဘဝကောင်း။ လယ်မြေကောင်းမှာ အကုသိုလ် ဒုစရိုက်တည်းဟူသော အဆိပ်ပင်တွေ ထပ်မစိုက်မိပါစေနဲ့တော့။ စိုက်မိပြီးဖြစ်ခဲ့သော်မှ ဒီအဆိပ်ပင်တွေကို ရှင်းလင်းပစ်ဖို့ ဝန်လေးမနေပါနဲ့တော့။

http://www.dhammadownload.com



သဗ္ဗပါပဿ အကရဏံ... ၊

မကောင်းမှုမှန်သမျှ ဘာမှမလုပ်ပါနဲ့ဆိုတဲ့ ဘုရားရှင်တိုင်းရဲ့ မိန့်မှာစကား လူ့ဘဝမှာ ထင်ရှားစေသင့်ပါပြီ။ သို့သော် လူ့ဘဝရဲ့ ကံသုံးပါးမှာ အကုသိုလ်တွေ များများစားစား နေရာယူတည်မှီလို့ပေါ့။ ငါစွဲဒိဋ္ဌိမှာ ဒုစရိုက်တွေ ထုနဲ့ထည်နဲ့ တည်မှီလို့ပေါ့။ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတွေမှာ 'ကြံ၊ ပြော လုပ်' (မနောကံ၊ ဝစီကံ၊ ကာယကံ) ကံသုံးပါးနဲ့လွတ်တဲ့အမှုရယ်လို့ မရှိပြီ။ ကြံစည်ပြီဆိုကတည်းက ငါ့ဖို့ ပြောလိုက်တာလည်း ငါ့ဖို့ လုပ်နေတာလည်း ငါ့ဖို့ ငါ့ဖို့ချည်းသာပါတကား။ လား... လား... လက်စသတ်တော့ အကုသိုလ် ဒုစရိုက်တွေကို ဦးဆောင်နေတာ ငါစွဲဒိဋ္ဌိပါတကား။

အကုသိုလ်က ဒိဋ္ဌိနဲ့ယှဉ်ပြီး ကံကို စီရင်လို့၊

ဒုစရိုက်က ဒိဋ္ဌိနဲ့ယှဉ်ပြီး ကံပြုရာကို ခံယူလို့၊

ဒိဋ္ဌိနဲ့ယှဉ် ဒိဋ္ဌိစီရင်တာ ခံနေရတာ၊ ဒိဋ္ဌိကဆရာကြီး ခေါင်းဆောင်၊ စာထဲမှာ ဒိဋ္ဌိ ၆၂ ပါးရယ်လို့ မြားမြောင်လှပါသော်လည်း လက်သည်တရားခံကား 'ငါ' တစ်လုံးတည်း။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဆိုတဲ့ ငါစွဲအတ္တဒိဋ္ဌိဟာ အမှားကြာ အမှန်ထင်၊ ညှိသည်ရင်းတော့ အိမ်ရှင်သဖွယ်ဖြစ်ခဲ့ပြီ။ ငါစွဲဒိဋ္ဌိ သည်းထန်လာသလောက် ကိလေသာရဲ့နယ်ပယ်ဟာလည်း ပိုပြီးတော့ ကျယ်ပြန့်ကြီးထွားလို့ လာပါတော့တယ်။ ငါရဖို့ ကြံ၊ ပြော၊ လုပ်မှု သာမကတော့ဘဲ ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲတွေ အာရုံနှင့် သဏ္ဌာန်ထဲမှာ ကြိတ်ပုန်းကျက်စား မျိုးပွားဖို့ မျိုးစားချန်ထားရစ်ခဲ့လေတော့တယ်။ ဒီမျိုးစေ့တွေက အိပ်ပျော်သူနိုးလာသလိုပဲ တစ်နေ့မှာ အပင်ထပေါက်တော့မယ်။ ကိုယ်သိုမှီးထားတာက အဆိပ်မျိုးစေ့( အကုသိုလ် ဒုစရိုက်) ဆိုတော့ အဆိပ်ပင်ပဲ ပေါက်တော့မယ်။

အာရုံနဲ့သဏ္ဌာန်မှာ ဝှက်ကွယ်သိုလှောင်ခဲ့တဲ့ မျိုးစေ့တွေ... ။

ဓာတ်ပုံရိုက်သလိုပါပဲလေ။ ကင်မရာရဲ့ မှန်ဘီလူးမှာ စွဲထင်သွားတာက အာရုံစွဲ၊ ဖလင်မှာ စွဲကျန်နေတာက သဏ္ဌာန်စွဲပေါ့။ တစ်ချိန်ချိန်

http://www.dhammadownload.com



ဒီဖလင်လိပ်ကို ဓာတ်ပုံဆေးကူးခန်းထဲ ပို့လိုက်လို့ မီးနဲ့တွေ့လိုက်ရင် ဒီအာရုံ၊ ဒီသဏ္ဌာန်တွေ ပြန်ထင်လာမှာပါလေ။ အာရုံခံစားတုန်းကလည်း ကြိုက်၊ မကြိုက် စသည့် စွဲကျန်နေခဲ့တဲ့ အစွဲတွေဟာလည်း အကျိုးပေးခွင့်သာတဲ့ကာလမှာ ဘဝအဖြစ်ကိုရစေပြီးတော့ ကြိုက်စွဲ၊ မကြိုက်စွဲတွေ အတိုင်း အကျိုးဝိပါက်တွေ ပြန်လှန်ခံစားရတတ်ပါတယ်။ အစွဲဟာ ဆိုးဖြစ်ဖြစ်လို့ ဆိုးကျိုးပေးမှာ သေချာလှလေရဲ့။ အာရုံနဲ့သဏ္ဌာန်မှာ တင်ကျန်ကိန်းစက်နေတဲ့ အစွဲကို 'အနုသယ' လို့ ခေါ်ပါတယ်။ အဲဒီ အနုသယဟာ ဆိုးကျိုးပေးဖို့အတွက် ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးတို့ အသက်ဝင်လာအောင် အိပ်ရာကထပြီး နှိုးဆော်ပေးလေ့ရှိပြန်ပါရော။ အနုသယဆိုတာ နိဗ္ဗာန်ဆော်မဟုတ်တဲ့ အကုသိုလ်ဆော်... ။

ထန်းလျက် တစ်ခါစားဖူးသူဟာ 'ချိုတယ်' ဆိုတဲ့ အစွဲကျန်ရစ်ခဲ့တယ်။ ထန်းလျက်က စားလိုက်လို့ ကုန်သွားပြီ။ အချိုက အစွဲအဖြစ်ကျန်ရစ်ခဲ့တယ်။ အဲဒီအစွဲက နောက်တစ်ကြိမ် ထန်းလျက်စားချင်အောင် နှိုးဆော်ပေးတယ်။ ထန်းလျက်ကိုမြင်ရုံနဲ့ မစားရသေးမီ ကြိုပြီး ချိုနေနှင့်ပြီ။ အစွဲအနုသယဟာ အဲဒီလို တန်ခိုးပြတတ်ပါတယ်။ အခြား အခြားသော အာရုံခံစားမှုတွေမှာလည်း ဒီသဘော ဒီအတိုင်းပါပဲ။ ထန်းလျက်တစ်လုံး၏ အချိုစွဲသော်မှ ဒီလောက် သတ္တိပြတတ်ပါလျှင် ကာမဂုဏ်ခံစားမှုကဲ့သို့သော အစွဲတို့၏ သတ္တိစွမ်းရည်ကား ဆိုဖွယ်ရာမရှိပါပြီ။

ဒီအစွဲတွေကို ဘယ်လိုချေချွတ်ဖြတ်တောက်ရမည်လဲ။

ထန်းလျက်ကို နောက်တစ်ကြိမ် ပြန်မစားချင်အောင် တစ်ကြိမ်တည်းနဲ့ ဝအီ မုန်းသွားအောင် အဝစားပစ်လိုက်မယ်ဆိုပြီး စားလိုက်ပြန်တော့လည်း ဝအီသွားတုန်းခဏ အစားရပ်သွားတာ။ နောက်တစ်ကြိမ် ဆာလောင်တော့ အစွဲက နှိုးဆော်လိုက်တဲ့အခါ ထန်းလျက်ကိုပဲ သတိရမိပြန်ပါရော။ ထန်းရည်မှူးသမား အမူးပြေတော့ ထန်းပင်မော့ကြည့်တာပဲ မဟုတ်ပါလား။

http://www.dhammadownload.com



ဆေးလိပ်ဖြတ်၊ ကွမ်းဖြတ်၊ ဘိန်းဖြတ်ကိစ္စတွေမှာ ရုတ်တရက် ရပ်မသွားတာ အစွဲကို မသတ်နိုင်ကြလို့ပါ။ မနက်ဖြန်ကစပြီး မသောက်တော့ဘူး။ ဒီအရက်မုန်းအောင်သောက်ပစ်မယ်ဆိုပြီး အလဲအကွဲသောက်ပစ်ပေမယ့် အရက်နာကျတာပဲ အဖက်တင်၊ နေကောင်းတာနဲ့ အရက်ဆိုင်ဘက် ခြေလှမ်းပြင်ရတာပဲ မဟုတ်လား။ ဆိုလိုတာက အာရုံကိုမုန်းအောင်ခံစားခြင်းဖြင့် အာရုံကို ဖြတ်မရ၊ တမာစေးကို သစ်စေးသုတ်ပြီးခွာလို့မရ။ အစေးကွာစေချင်ရင် ရေဆွတ်ဖြန်းပေးရပါတယ်။ စေးကပ်အားကြီးမားလှတဲ့ အကုသိုလ် ဒုစရိုက်တွေကို မဂ္ဂင်ဆိုတဲ့ ရေအေးအေးလေး ဆွတ်ဖြန်းပေးပြီး ခွာထုတ်ကြရမှာပါ။

အဲဒီတော့ အကုသိုလ် ဒုစရိုက်တွေ သောင်းကျန်းရာကလည်း မနောကံ၊ ဝစီကံ၊ ကာယကံဆိုတဲ့ ကံသုံးပါး ဌာနသုံးခုမှာ ဒီအကုသိုလ် ဒုစရိုက်တွေကို ပယ်သတ်ရမှာလည်း မဂ္ဂင်အုပ်စု အဆင့်သုံးဆင့်။

၁။ သီလ သိက္ခာ... ကိုယ်၊ နှုတ်တို့ဖြင့် သောင်းကျန်းမှုကို နှိမ်နင်းရန်၊

၂။ သမာဓိ သိက္ခာ... စိတ်၌ဖြစ်သော ကြိတ်ပုန်းကို တားဆီးရန်၊

၃။ ပညာ သိက္ခာ... အာရုံနှင့် သဏ္ဍာန်၌ကိန်းသည့် မျိုးစေ့ကို နုတ်ပယ်ရန်၊

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အထပ်ထပ် လည်ပတ်စေခြင်းဖြင့် ကိုယ်နှုတ်ငြိမ်မှု–ကာယဝိဝေက၊ စိတ်ငြိမ်မှု–စိတ္တဝိဝေက၊ အာရုံငြိမ်မှု–ဥပဓိဝိဝေက သုံးမျိုးကို ဖြစ်စေပါတော့တယ်။ ကိုယ်သောင်းကျန်း၊ စိတ်သောင်းကျန်း၊ အာရုံသောင်းကျန်းတွေ ချုပ်ငြိမ်းသွားတဲ့အခါ 'သမထ' အရာမှာ တည်လာပြီဖြစ်ကြောင်း ဆိုင်ရာ သမာဓိနိမိတ်တွေကြည့်ပြီး သိနိုင်ပါတယ်။ သမာဓိနိမိတ်ဆိုရာမှာ ရုပ်ရဲ့ဖောက်ပြန်လှုပ်ရှားပုံနဲ့ နာမ်ရဲ့ သိပေးနေပုံတွေ ထင်ထင်ရှားရှား ဖြစ်ပေါ်လာခြင်းကို ဆိုလိုပါတယ်။ ဒီလို ရုပ်နာမ်တို့ရဲ့ သဘောသွားကို ဟုတ်တိုင်းမှန်ရာ ဖြစ်လာတာကိုပဲ 'သမ္မာဒိဋ္ဌိ' အမြင်မှန်ခြင်းလို့ ခေါ်ပါတယ်။ အမြင်မှန်ခြင်းမှာ မျက်ခြည်မပြတ် အသိကပ်ထားခြင်းဟာ မဂ္ဂင်ရှစ်ပါးထဲက 'သမ္မာသင်္ကပ္ပ' ဖြစ်ပြီး သူပါမှလည်း သမ္မာဒိဋ္ဌိဟာ ခိုင်မြဲတတ်ပါတယ်။

http://www.dhammadownload.com



သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဆင့်တို့ အချင်းချင်း ကျေးဇူးပြုပြီး အလုပ်လုပ်သွားတဲ့အတွက် ကိုယ်၊ စိတ်တို့ ငြိမ်သက်သွားပြီ။ ဒါဟာ အခြေခံပဲ ရှိပါသေးတယ်။ သမထပိုင်းလို့ သုံးစွဲခေါ်ဝေါ်လေ့ရှိပါတယ်။ သမထပိုင်းမှာ ပူပန်စေတတ်၊ နှိပ်စက်တတ်တဲ့ ကိလေသာတို့ မထကြွသာတော့ဘူး။ ဒီလို ငြိမ်သက်စပြုလာချိန်မှာ...

* ငါဆိုတာ တကယ်ရှိရဲ့လား။

* မြဲတယ်ဆိုတာ ဟုတ်သလား။

* ကောင်းတယ်ဆိုတာ ဟုတ်သလား။

* ပိုင်တယ်ဆိုတာ အမှန်ပဲလား။

ဆိုတဲ့ မေးခွန်းတွေကို ကိုယ်ပိုင် ဉာဏ်နဲ့ ဖြေဆိုတတ်ဖို့ အားထုတ်ကြည့်ရပါတော့မယ်။ အစဉ်အလာ စွဲသိလာတာက ငါရှိ၊ ငါသိ၊ မြဲတယ်၊ ကောင်းတယ်၊ ပိုင်တယ်၊ အဲဒီလို 'ရှိ၊ မြဲ၊ ကောင်း၊ ပိုင်' ကနေ ကိုယ်စိတ်ငြိမ်သက်စွာနဲ့ 'မရှိ၊ မမြဲ၊ မကောင်း၊ မပိုင်' ဆိုတဲ့ အနတ္တအသိကို ဦးတည်အားထုတ်နေတာကို 'သမထမှ ဝိပဿနာကူးတယ်' လို့ ဆိုပါတယ်။ သမထကနေ ဝိပဿနာကူးရာမှာ ဘယ်သူမှ လှေကားလာထောင်မပေးဘူး။ ဘယ်သူမှလာပြီး တံတားထိုး မပေးဘူး။ မဂ္ဂင်အုပ်စုရဲ့ခေါင်းဆောင်ဖြစ်တဲ့ သတိတစ်လုံးကပဲ အမှတ်မှ အသိ၊ အလှုပ်မှ အငြိမ်၊ အငြိမ်မှ အငြိမ်းအဆင့်ဆင့် ဉာဏ်ပွင့်အောင် လုပ်ဆောင်ပေးသွားတာပါ။ အဲဒီမှာ...

* စိတ်ကြည်လင်တာက သမာဓိသိက္ခာ တက်လာတာ။

* အသိဉာဏ်တက်လာတာက ပညာသိက္ခာ တက်လာတာ။

* ကိလေသာ ခေါင်းပါးပြီး ဒိဋ္ဌိဦးဆောင်တဲ့ အကုသိုလ်တွေ နယ်ကျဉ်းလာတာက သီလသိက္ခာတက်လာတာ။

မဂ္ဂင်အုပ်စုရဲ့ကျေးဇူးကြောင့် တစ်သံသရာလုံး လှည့်စားအနိုင်ကျင့်လာတဲ့ ငါစွဲဒိဋ္ဌိကို တွန်းလှန်ခါချနိုင်ခဲ့ပါပြီ။ သိက္ခာသုံးဆင့်ရဲ့ စွမ်းဆောင်ချက်တွေ ပေါ်လွင်အောင် ဒီလိုပြဆိုထားပြန်ပါတယ်။

http://www.dhammadownload.com



* သမာဓိသိက္ခာက စိတ်ကိုသိလိုရာ ရုပ်နာမ် ဟူသော ရှုကွက်တွင်း၌ တည့်မတ်စွာ ကပ်ရောက်နေစေခြင်းကို ပြုလုပ်ပေးရ၏။
* ပညာသိက္ခာက ထိုသမာဓိကတည့်ပေးထားသော စိတ်ကိုကိုင်၍ ၎င်း၏စိတ်အောက်ရှိ ရုပ်ဖြစ်စဉ်ကို ခွဲခြမ်းကြည့်၏။
* သီလ၊ သိက္ခာဖြစ်စဉ်၏ အဖြစ်မှန်ကို သိသဖြင့် အသိများကိုပယ်၍ မကောင်းမှုတို့ ပြုကျင့်ရန် မြူဆွယ်လာခြင်းကို ခေါင်းခါ၏။

*(ဓမ္မောဝါဒကထာ၊ စာ-၈၆၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာထုတ်)*

သီလ သိက္ခာက မကောင်းမှုကို လက်သင့်မခံ ပယ်လှန်လိုက်တဲ့ အခါ စိတ်ဟာ ပိုပြီးဖြူစင်လာပါတော့တယ်။ စိတ်ဖြူစင်လာတာ ရှေ့ တစ်ဆင့်တက်ဖို့ လမ်းခင်းပေးနေတာပါပဲ။ စိတ်တည်လာတယ်၊ ခွဲခြမ်းပြီး သိလာတယ်၊ မကောင်းမှုမှ ကင်းဝေးလာတယ်ဆိုတာတွေဟာ 'အဆင့် တစ်ခုကို တက်နေပြီ' ဆိုတာ ပြဆိုနေခြင်းပါပဲ။ သိက္ခာသုံးဆင့်တို့ တစ် ပတ်ပြည့်တိုင်းပြည့်တိုင်း ဉာဏ်အဆင့် တစ်ခုကျတက်ခြင်းဖြင့် စိတ်စင် ကြယ်ခြင်း၊ အမြင်စင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်း တို့ကို အကျိုးဖြစ် ထွန်းစေနိုင်ပါတယ်။

ဒီမှာ သတိပြုစရာကတော့ သိက္ခာသုံးဆင့်မှာ တစ်ခုခုက အင်အားပြည့်ဖြစ်မလာခဲ့လျှင် (ဝါ) အရှိန်မကောင်းသေးလျှင် ဉာဏ်အဆင့် ရှေ့မတက်ဘဲ ထစ်နေတတ်တယ်ဆိုတာပါပဲ။ ဒါကြောင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးလုံး အားပြည့်အောင် အားထုတ်ထားဖို့ လိုပါတယ်။ ဒီတော့မှ 'ကြိုက်၊မကြိုက်' ချစ်၊ မုန်း နှစ်ပါးဟာ 'မသိမှု'နဲ့ အပေါင်းများပြီး ငါစွဲစွဲလျက် ငါကောင်းစားရေး မကောင်းမှုတွေ ကျူးလွန်လာပုံ မြင်လာမှာ ဖြစ်ပါတယ်။ မကောင်းတာတွေ လုပ်နေသမျှ မကောင်းကျိုးပေး၊ မကောင်းပြစ်ဒဏ် အကျိုးပေးခံနေရပုံကိုလည်း ထင်ရှားသိသာ အမှုပေါ် လာမှာ ဖြစ်ပါတယ်။ ဒီတော့...

* မကောင်းမှုသည် မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။

http://www.dhammadownload.com



* မကောင်းမှုကို မည်သူက ဦးဆောင်ပါသနည်း။
* မကောင်းမှုကို မည်သို့ပယ်မည်နည်း ဆိုတဲ့ မေးခွန်းသုံးခွန်းကို စိတ်အေးအေးဖြေနိုင်ပြီဆိုပါလျှင် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ဖို့လည်း 'မဝေးတော့ပြီ' လို့ ရိပ်မိနိုင်ကြောင်းပါဗျာ။

အညွှန်း

* ဓမ္မာဝါဒကထာ၊ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ (ဒုတိယအကြိမ်)

[၂၀၀၂ ခုနှစ်၊ မေလ၊ ဘာသာသွေးမဂ္ဂဇင်း]

http://www.dhammadownload.com

# ဘုရိဒတ်လို ဥပုသ်သည်မျိုး

ဝါတွင်းကပါလာတဲ့ ဥပုသ်အရှိန်ကလေးက ယခုလို ဝါပကာလများအထိ တန့်မသွားဘဲ အရှိန်ကောင်းနေဆဲဖြစ်ပါတယ်။ အမှန်ကိုဝန်ခံရရင် ယခုနှစ် (၁၃၆၂) ခုနှစ် ဝါတွင်းကမှစပြီး ကျွန်တော် ဥပုသ်စောင့်ဖူးတာပါ။ ဘာသာရေးလမ်းပေါ် လျှောက်နေတာလည်းကြာပြီ၊ အခုမှ ဥပုသ်စောင့်ဖြစ်ရသလားဆိုပြီးတော့ ကိုယ့်ကိုယ်ကို ဝေါက်ငမ်းခဲ့ပါတယ်။ လူဝတ်နဲ့ဆိုတော့ ငါးပါးသီလထိန်းပြီး ကြိုးစားရင် လုံလောက်ပြီ ထင်ခဲ့လို့ပါ။ သို့သော် ကိုယ်ထိန်းခဲ့တဲ့ ငါးပါးသီလဆိုတာလည်း ညှိုးခြောက်ပြောက်ကျားတဲ့ နေ့ရက်တွေရှိခဲ့လေတော့ အားရစရာမကောင်းလှပါဘူး။ အကျီ၊ လုံချည်များသာဆိုရင် ဖာထေးရာတွေ ပွစာတက်ပြီး မြင်မကောင်းအောင် ရှိလိမ့်မယ်ထင်ပါတယ်။ ဒီလိုနဲ့ ကိုယ့်ကိုယ်ကို အားမရတော့ဘူးဆိုပြီး ဒုလ္လဘရဟန်းဝတ်ကာ တောထဲဝင်၊ ကိုယ့်ကိုယ်ကို ဆေးကြောသန့်စင် အားထုတ်ရပါတယ်။ ဒုလ္လဘရဟန်း ဝတ်ဖြစ်ပါမှလည်း ဥပုသ်စောင့်ပြီးသား ဖြစ်သွားပါတော့တယ်။

http://www.dhammadownload.com



ညစာမစားခြင်း တစ်ခုတည်းနဲ့လည်း ဥပုသ်သီလရပြီလို့ မဆိုနိုင်ပါဘူး။ သို့သော် ဒီညစာကလေးကို ကြောင့်ကြမိလို့ ဥပုသ်မစောင့်ဖြစ်ခဲ့တာကိုတွေးပြီး ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ဖြစ်ခဲ့ပါတယ်။ ယုံကြည်ရာ၊ ဝါသနာပါရာ အလုပ်တွေကုန်းကျုံးပြီး လုပ်ခဲ့တုန်းကတော့ နေ့မှန်း ညမှန်း သိခဲ့လို့လား၊ နေ့စာ ညစာရယ်လို့ ရှိခဲ့လို့လား။ တစ်ဖက်ကလည်း ဆင်ခြေက အဆင့်ဆင့်တက်လာလိုက်တာ။ လူဆိုတာ လုပ်ရကိုင်ရ၊ သွားရလာရ၊ ပြောရဆိုရနဲ့ ဆာသတဲ့လေ။ တောက်လာတဲ့ ဝမ်းမီးကလေး ငြိမ်းရပါသတဲ့။ အစာအိမ်ရောဂါကိုလည်း ကြဲဖန်ပြီး မေးငေါ့တတ်မိရဲ့။

ဒီလိုနဲ့ ဥပုသ်မစောင့်ဖြစ်တဲ့ နေ့ရက်တွေထဲက မိမိကိုယ်ကို ရှာဖွေကြည့်ခဲ့ပါတယ်။ ရာသက်ပန် သက်သတ်လွတ်သမား တစ်ယောက်အနေနဲ့ အစားအစာ ရသတဏှာ မကပ်ငြိခဲ့တာလည်း သေချာခဲ့ပြီ။ တစ်ပန်းကန်ထက် ပိုမစားနိုင်တဲ့ညစာကို နာမည်ပျက်ရုံစားမိခဲ့ပြီး ဥပုသ်တော်သီလနဲ့ လွဲချော်ခဲ့တာပါကလား။ ဥပုသ်နေ့မှာမှ အလုပ်တွေ စုပြုံကျပြီး ပင်ပန်းဝမ်းဟာ ဖြစ်ချင်ဖြစ်ပါစေတော့။ ဒီဝမ်း၊ ဒီဗိုက်၊ ဒီခန္ဓာ အစာကျွေးခဲ့ပေါင်းများပါပြီ။ ကျွေးတုန်းခဏ ငြိမ်ကျသွားပြီး စားရလေ စားချင်လေပဲ မဟုတ်လား။ ဒီတစ်ခါ ဒီဝါကစပြီး ဒင်းကို သီလအစာကျွေးရမယ်။ စားပြီးရင် ပုပ်သိုးနံစော် စွန့်ပစ်စရာမလိုတဲ့ သီလအစာ။

တကယ်ဥပုသ်စောင့်တော့ ဒီဝါတွင်းမှာ ဥပုသ်သုံးရက် ထမင်းနဲ့ မတွေ့ခဲ့ရပါဘူး။ ဥပုသ်ယူပြီးတာနဲ့ အလုပ်တွေပေါ်လာလိုက်တာ မွန်းတည့်ခါနီးမှ ကွမ်းယာဆိုင်က ငှက်ပျောသီးဝယ်စားပြီး ဝမ်းမီးငြိမ်းလိုက်ရပါတယ်။ ကောင်းကျင့်တစ်ဆင့် မြှင့်လိုက်တိုင်း ဒီလိုပဲ စမ်းသပ်တာနဲ့ ကြုံရစမြဲပါ။ မိမိရဲ့ ကြောင့်ကြစိတ်ကို ဆုံးမခြင်း၊ ကြွေးဆပ်ခြင်းပဲ ဖြစ်ပါတယ်။

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးရဲ့ ရှေ့တော်မှောက် သာသနာ့နယ်မြေ ရောက်ခဲ့စဉ်က ငါးပါးသီလမျှနဲ့ ကျေနပ်ပြီး ဥပုသ်မစောင့်ခဲ့တဲ့အကြွေး အခုမှ နားလည်ပေးဆပ်နိုင်တာပါ။ သာသနာ့နယ်

http://www.dhammadownload.com



မြေရောက်တဲ့အခါ သားမယား၊ အလုပ်စီးပွားတွေနဲ့ ကင်းကွာပြီး နေ့စဉ် ဥပုသ်စောင့်နိုင်ပါတယ်။ (သို့သော် မစောင့်ဖြစ်ခဲ့) အိမ်နေ၊ အလုပ်ခွင်တွင်းက လူ့ဝတ်ကြောင်ဘဝမှာတော့ တစ်ပတ်မှာတစ်ရက် ဥပုသ်စောင့်ရမယ်ဆိုတာ ဗုဒ္ဓဘာသာရဲ့ ပြဋ္ဌာန်းချက်ပါ။ တစ်ပတ်လုံးလုံး ရှန်းရင်းဆန်ခတ် ပျားပန်းခပ်အောင် လောဘ၊ ဒေါသတွေနဲ့ ပူလောင်ခဲ့သမျှ ဒီဥပုသ်နေ့ကလေးမှာ ငြိမ်းအေးစေရမှာပါ။ အထူးသဖြင့် တစ်ပတ်စာ စိတ်အညစ်တွေကို ဒီနေ့ ဆေးကြောသန့်စင်ရမှာပါ။

ညစာ မစားခြင်းတစ်ခုတည်းနဲ့ ဥပုသ်သီလ မရနိုင်ဘူးလို့ ဆိုခဲ့ပါပြီ။ သို့သော် နေ့လွဲညစာ မစားခြင်းဟာလည်း ဥပုသ်တော်သီလရဲ့ အစောင့်အထိန်းဖြစ်နေပါတော့တယ်။ ငါးပါးသီလမှာ နံပါတ်(၃)သိက္ခာပုဒ်ဖြစ်တဲ့ 'ကာမေသုမိစ္ဆာစာရာ ဝေရမဏီ' လို့ သိက္ခာပုဒ်ဆောက်တည်ရပါတယ်။ 'မမြတ်သော မေထုန်အမှုမှ ရှောင်ကြဉ်ပါ၏' လို့ အဓိပ္ပာယ်ရပါတယ်။ ငါးပါးသီလမှာ သူ့လင်၊ သူ့မယားကို ရှောင်ရတယ်။ ဥပုသ် သီလအဗြဟ္မစရိယာမှာ ကိုယ့်လင်၊ ကိုယ့်မယားသော်မှ မပြစ်မှားရတော့ပါ။ ဒီလို မေထုန်အမှုက ရှောင်နိုင်အောင် 'ဝိကာလဘောဇနာ'ဆိုတဲ့ နေ့လွဲညစာစားခြင်းမှ ရှောင်ရတာပါပဲ။ နေ့လွဲညစာ မစားခြင်းဖြင့် ခန္ဓာမာန်၊ ကိလေသာမာန် မထကြွတော့ပါဘူး။ နောက်သိက္ခာပုဒ်တွေဖြစ်တဲ့ နစ္စ၊ ဂီတ စတဲ့ သီဆို၊ ကခုန် ပွဲလမ်းသဘင်ရှောင်တယ်ဆိုတာလည်း အာရုံကို ပယ်သတ်ပြီး မေထုန်ရှောင်ကြဉ်ရေး အထောက်အပံ့ဖြစ်အောင်လို့ပါ။ မြင့်သောနေရာ၊ မြတ်သောနေရာ၊ မွေ့ရာ၊ ခြင်ထောင်၊ အဆောင်အယောင်တွေကို ရှောင်တယ်ဆိုတာလည်း မေထုန်ရှောင်ကြဉ်ရေး အထောက်အပံ့ဖြစ်အောင်လို့ပါ။

ကျေးရူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'ဥပုသ်သည်အဖြစ် နာမည်ခံလိုသော်'

(က) မိမိစိတ် တစ်ဖက်အာရုံတို့နောက် သွားရောက်၍ ခံစားခွင့်မပေးရချေ။

http://www.dhammadownload.com



(ခ) တစ်ဖက်အာရုံတို့၏အတိုက် မိမိစိတ်နောက်သို့ လိုက်ပါခွင့်မပြုရချေ။

လို့ ညွှန်ပြခဲ့ပြီး 'ဥပုသ်စောင့်ခြင်းဟူသည်...' အာရုံလုံရန် မိမိစိတ်သို့ သတိကလေး အစောင့်ချပေးထားလိုက်ခြင်းတည်း။

* သင့်စိတ် မျက်စိထိပ်မှ ထွက်မည့်ကြံ မျက်စိတံခါးပေါက် သတိအစောင့်ချထားပေး၊
* ကိလေသာနှင့်အာရုံ မျက်စိတံခါးခုံသို့လာရပ်ပြီး စိတ်ကို ဆွဲမည့်ကြံ ထိုမျက်စိသို့ အစောင့်ချထားပေး၊

သည့်အတိုင်း နားတံခါး၊ နှာခေါင်းပေါက်တံခါး၊ ပါးစပ်ပေါက်နှင့် လျှာတံခါး၊ ကိုယ်တံခါး၊ မနောတံခါး ထိုတံခါးအားလုံးတို့ကို အစောင့်ချထားပေးခြင်းသည်ပင် ဥပုသ်စောင့်သည်ဟူ၍ ဆိုစမှတ်ပြုရချေမည်'

*(၂၀၀၁ ခုနှစ်၊ အောက်တိုဘာလထုတ်၊ ရတနာစစ်တမ်း၊ စာ-၅)*

အာရုံနဲ့စိတ် မချိတ်မိစေရန် သူ့ဆိုင်ရာတံခါးပေါက် သတိအစောင့်ချထားပေးခြင်းဟာ လိုရင်းပဲလို့ ဆိုပါတယ်။ မျက်စိတံခါးပေါက်က အဆင်းဝင်လာ၊ မြင်တာနဲ့ ပြီးပါစေ။ ဘာလဲ၊ ဘယ်သူလဲ စုံစမ်းမနေနဲ့တော့။ နားပွင့်နေလို့ အသံဝင်လာရင်လည်း ဘာပြောတာလဲ၊ ဘာသံလဲ စုံစမ်းမနေရ။ 'အာရုံလုံမှ ဥပုသ်ရ' တယ်လို့ ညွှန်ပြပါတယ်။ အာရုံလုံအောင် သရဏဂုံပွားထုံနေရမယ်လို့လည်း ထပ်ဆင့်ညွှန်ပြတော်မူပါတယ်။ သားအာရုံ၊ မယား အာရုံ၊ စီးပွားအာရုံ၊ ကာမဂုဏ်တွေနဲ့ ပူနေတဲ့ စိတ်ကလေး ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာ့အာရုံကြား စဉ်ဆက်မပြတ် ပို့လွှတ်ပွားများပြီး အေးစေရမှာဖြစ်ပါတယ်။

ရတနာသုံးပါးအာရုံမှ သတိကလေး တစ်ချက်လွတ်သွားတာနဲ့ ဥပုသ်တစ်ချက်ထွက်သွားပြီလို့ မိန့်မှာပါတယ်။ နောက်တစ်နေ့နံနက် ထမင်းစားမှ ဥပုသ်ထွက်တာ မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ညစာမစားခြင်းဟာ အဖြပ်ဟွာ့စရိယာ သိက္ခာပုဒ်ကို အထောက်အပံ့ပေးရုံဖြစ်ပြီး ဥပုသ်ရဲ့အနှစ်သာရကတော့ အာရုံလုံအောင် သတိဖြင့် စောင့်ထိန်းခြင်းသာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး ကျောက်ဆည်နယ် ကျောက်ထီးတောရမှာ ခေတ္တသီတင်းသုံးနေစဉ်က ဖြစ်ပါတယ်။ ဥပုသ်ရက်ရှည် စောင့်လေ့ရှိတဲ့ မန္တလေးဆေးရုံကြီးက ဓာတ်ခွဲကျွမ်းကျင် ဦးတင်မောင်ဆွေနဲ့အတူ ဆရာတော်ဘုရားကြီးထံ အဖူးမြော်ရောက်ခဲ့ပါတယ်။ ဦးတင်မောင်ဆွေက

'တပည့်တော် ဝန်ထမ်းဖြစ်လို့ ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်၊ တရားထိုင် မလုပ်နိုင်ပါ။ လုပ်ငန်းခွင်မှာ လူအများနဲ့ဆက်ဆံပြီး အလုပ်လုပ်နေရတဲ့အတွက် တရားထိုင်တာမျိုး စိတ်ရှိသလောက် မလုပ်နိုင်ပါ။ ဒါပေမဲ့ ဥပုသ်စောင့်တာကိုတော့ မဖြစ်မနေစောင့်ပါတယ်။ အလုပ်လုပ်ရင်းနဲ့ ဥပုသ်စောင့်လို့ ရမရ သိချင်ပါတယ်ဘုရား' လို့ မေးလျှောက်ပါတယ်။

'ဥပုသ်စောင့်တယ်ဆိုတာ စိတ်နဲ့အာရုံကြား သတိအစောင့်ချထားတာကိုပြောတာ၊ တရားထိုင်တယ်ဆိုတာ သတိအထိုင်ချထားတာကိုပြောတာ။ သတိရှိနေရင် လုပ်ငန်းခွင်မှာဖြစ်ဖြစ်၊ အိမ်နေနေ၊ ကျောင်းအောင်းအောင်း၊ တောပြောင်းပြောင်း နေရာမရွေး ဥပုသ်စောင့်လို့ရတယ်' လို့ ဆရာတော်ကြီးက ပိုင်ပိုင်နိုင်နိုင် အဖြေပေးပါတယ်။

'ဒီနေ့ခေတ်လူတွေ ဥပုသ်စောင့်ရတာ ဘူရိဒတ်နဂါးမင်းကြီး လူ့ပြည်လာပြီး ဥပုသ်စောင့်ရသလောက် မခက်ပါဘူးဗျာ။ အလောင်းတော်ဘူရိဒတ် နဂါးမင်းဘဝတုန်းက နဂါးပြည်မှာ ဥပုသ်စောင့်ချင်ပေမယ့် နဂါးမင်းစည်းစိမ်၊ နဂါးမအာရုံတွေနဲ့ စောင့်မရတော့ လူ့ပြည်လာပြီး ဥပုသ်စောင့်တယ်ဗျာ။ အလမ္ပာယ်ပုဏ္ဏားကဖမ်းပြီး ရိုက်နှက်ညှဉ်းပန်းနှိပ်စက်က,ခိုင်း၊ သီခိုင်းနဲ့ အလောင်းတော်နဂါးမင်းဟာ ကိုယ်သာ အနာခံတယ်၊ ဥပုသ်ကို အနာမခံဘူး။ ပုဏ္ဏားနှိပ်စက်လို့ ဥပုသ်ကျိုးတယ် ကြားမိသလားဗျ'

'မကြားမိပါဘုရား'

'ပြီးတော့ဗျာ... နစ္စ၊ ဂီတဆိုတဲ့ သိက္ခာပုဒ်စောင့်ထိန်းထားရင်းက ရွာစဉ်လှည့်ပြီး ပုဏ္ဏားခိုင်းသမျှ ကပြရတာလေ။ ဘယ်လောက်ခက်မယ် ထင်သတုန်း'

http://www.dhammadownload.com



'အင်မတန်ခက်ပါတယ်ဘုရား'

'က,ဆိုရင် က၊ နစ္စ၊ ဂီတ သိက္ခာပုဒ်လည်း မညှိုးစေရ။ က,ရင်း စိတ်ပါသွားရင်လည်း ကြိုက်အာရုံ ကြိုက်စွန်းနင်းမိပြီး သိက္ခာပုဒ်ပျက်သွားနိုင်တယ်။ အလမ္ဗာယ်ပုဏ္ဏား ခိုင်းသမျှ မာန်တင်းငြင်းဆန် ရန်တုံ့ပြန်ရင်လည်း မကြိုက်စွန်းနင်းမိပြီးတော့ ဥပုသ်ကျိုးသွားနိုင်တယ်။ ဒီတော့ ဘူရိဒတ်နဂါးမင်းဟာ ကြိုက်အာရုံ၊ မကြိုက်အာရုံ အစွန်းနှစ်ခုကြား သတိကလေးအစောင့်ချထားပြီး သူ့စိတ်က ဥပုသ်တော်သီလကိုပဲ အာရုံပြုပြီးနေပါတယ်။ အပြင်မှာ က,နေပေမယ့် အတွင်းက သတိမြဲနေတော့ အလောင်းတော်ကို ဥပုသ်ကျိုးတယ်လို့ ဆိုနိုင်ပါ့မလား'

'မဆိုနိုင်ပါဘုရား'

'ပြီးတော့ ဘူရိဒတ်ဆိုတာ နဂါးမင်းဗျ။ နယ်နယ်ရရ မဟုတ်ဘူး။ နဂါးတို့မျက်စောင်း အကြောင်းမရွေးဘူးဆိုကိုး။ အလမ္ဗာယ်ပုဏ္ဏား ပြာကျသွားအောင် ချေမှုန်းပစ်နိုင်ပေမယ့် ဥပုသ်ကျိုးသွားမှာစိုးလို့ ပုဏ္ဏားလုပ်ချင်ရာလုပ် ဥပုသ်သီလကို ထိန်းပြသွားတာ ခန္တီပါရမီဖြည့်တာပဲ မဟုတ်လားဗျ'

'တင်ပါ့ဘုရား။ ဘူရိဒတ်ဇာတ်တော် အမိန့်ရှိပါဦးဘုရား'

'အောင်မယ်... မင်းဗျာ၊ ဥပုသ်သည်တွေက ပုံကြိုက်တတ်ရန်ကောဗျာ။ လောကမှာ ကြိုက် မကြိုက်ဆိုတာတွေက တဏှာကပုံသွင်းထားတာပါ။ ကြိုက်ရင်အကောင်း၊ မကြိုက်ရင်အဆိုး၊ လောကဓံတရားရှစ်ပါး ဆိုတာမှာလည်း ကောင်းလေးပါး ဆိုးလေးပါး ကွဲပြားနေပေမယ့် အတွင်းခံ တရားကိုယ်က တဏှာပါပဲ။ အကောင်းနဲ့အဆိုး ဆိုတာ တဏှာနှစ်ကိုယ်ခွဲက ဆွဲငင်ထားတာ'

ဆရာတော်ဘုရားကြီးက တရားသဘောနဲ့ယှဉ်ပြီး ဘူရိဒတ်ဇာတ်အကြောင်းကို 'စံပြဥပုသ်သည်' အဖြစ် ပုံခိုင်းပြတော်မူပါတယ်။

ဘူရိဒတ်ရဲ့မူလအမည်က 'ဒတ္တ' တဲ့။ သူ့မှာ သုဒဿန၊ သုဘောဂ၊ အရိဋ္ဌ ဆိုတဲ့ ညီအစ်ကိုတွေရှိတယ်။ ခမည်းတော် နဂါးမင်းနဲ့ မယ်တော်

http://www.dhammadownload.com



ဗာရာဏသီ မင်းသမီးတော်တို့က ပေါက်ဖွားလာတဲ့ သားတော်လေးပါး ဖြစ်ပါတယ်။ မယ်တော်က ဗာရာဏသီမင်းသမီးတော်ဆိုပေမယ့် နဂါးသွေး ပါလာသူဖြစ်တယ်။ ခမည်းတော်မင်းကြီးဟာ အိမ်ရှေ့မင်းသားဘဝက ယမုန်နာမြစ်နားမှာ ရသေ့အသွင်နဲ့ နေခဲ့ဖူးတယ်။ အဲဒီတုန်းက နဂါးမ တစ်ဦးနဲ့ ချစ်ကြိုက်ပေါင်းသင်းပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ဖူးတယ်။ သားကို သာဂရ၊ သမီးကို သမုဒ္ဒဇာလို့ အမည်ပေး ခဲ့တယ်။ ဗာရာဏသီနေပြည်တော်မှာ ဘုရင်ကြီး နတ်ရွာစံလို့ အိမ်ရှေ့ မင်းကို မှူးမတ်တွေ လာပင့်တဲ့အခါ နဂါးမက လူတွေကြားမလိုက်ရဲလို့ နေခဲ့တယ်။ သားတော်၊ သမီးတော်တို့ကတော့ နန်းတော်ကိုပါသွားတယ်။ သမီးတော် သမုဒ္ဒဇာ အရွယ်ရောက်လာတော့ နဂါးမင်းက လာတောင်း တယ်။ သမီးတော်ကိုမပေးရင် ရန်ပြုမယ်လို့လည်း ခြိမ်းခြောက်တယ်။ ဒါကြောင့် 'သမုဒ္ဒဇာ' ကို နဂါးပြည်ထည့်လိုက်ရာက ဒတ္တအပါအဝင် သား တော်များ မွေးဖွားလာခဲ့ခြင်း ဖြစ်ပါတယ်။

သားတော်လေးပါး အရွယ်ရောက်လာချိန်မှာ နဂါးမင်းကြီးက နဂါးပြည်ကို ငါးပုံ,ပုံပြီး လေးပုံကို သားတော်များ တစ်ပါးစီအုပ်ချုပ် မင်း ပြုစေတယ်။ မိမိကိုယ်တိုင်က ကျန်တစ်ပုံမှာ အုပ်ချုပ်မင်းပြုပါတယ်။ သား တော်လေးပါးအနက် သုဒဿန၊ သုဘောဂ၊ အရိဋ္ဌတို့ဟာ တစ်လတစ်ကြိမ် အဖူးမြော်ရောက်လာကြတယ်။ ဒတ္တကတော့ (၁၅)ရက်တစ်ကြိမ် အဖူး မြော်ရောက်ပါတယ်။ ဒတ္တနဂါးမင်းဟာ အလောင်းတော်လည်းဖြစ်တဲ့ အတွက် ဉာဏ်ပညာနဲ့ အထူးပြည့်စုံပါတယ်။ နဂါးပြည်က ပြဿနာအရပ် ရပ်ကို ဒတ္တကပဲ ဖြေရှင်းပေးရပါတယ်။

တစ်နေ့မှာ နတ်နဂါးတို့ကို အစိုးရတဲ့ ဝိရူပက္ခနတ်မင်းကြီးက နတ်နဂါးများခြံရံပြီးတော့ သိကြားမင်းထံ ခစားဝင်ပါတယ်။ အဲဒီမှာ နတ် နဂါးနဲ့ သိကြားပရိသတ်တို့ကြား ပြဿနာတစ်ရပ် ပေါ်ခဲ့ပါတယ်။ ဒီပြဿနာကို ဒတ္တနဂါးမင်းက ကြားဝင်ဖြေရှင်းပေးခဲ့ပါတယ်။ အဲဒီမှာ သိကြားမင်းကြီး အားရနှစ်သက်တော်မူလှသဖြင့် နတ်ပန်းတို့ဖြင့် အလောင်းတော်ကို ပူဇော်ပြီး

http://www.dhammadownload.com



'သင်သည် မြေကြီးကဲ့သို့ ထုထည်ကြီးမားသော ပညာရှိသည် ဖြစ်၍ ယနေ့မှစ၍ ဘူရိဒတ္တ အမည် ငါမှည့်ခေါ်ပါ၏။ ငါ့ထံသို့ မပြတ်ခစား ရန် ပန်ကြားပါ၏' လို့ ချီးကျူးဖိတ်ခေါ်ပါတယ်။ အလောင်းတော်နဂါးမင်း ဟာ အဲဒီအချိန်ကစပြီး ဘူရိဒတ္တ အမည်နဲ့ ထင်ရှားလာပါတော့တယ်။ သိကြားမင်းကြီးထံသို့လည်း မပြတ်ရောက်ရှိ ခစားကာ သိကြားမင်းဘဝ၊ သိကြားမင်းစည်းစိမ်ကို အားကျတောင့်တမိပါတော့တယ်။ သိကြားမင်း ဘဝ ရဖို့၊ ရောက်ဖို့ဆိုတာ အကြောင်းကိုရှာလိုက်တော့ ဥပုသ်တော်သီလ ရဲ့ အာနိသင်ကို သွားတွေ့ပါတယ်။

ဒါပေမဲ့ နဂါးပြည်မှာ ဥပုသ်စောင့်ရတာ အာရုံမဆိတ်၊ စိတ်တည် ကြည်ရာ သမာဓိမရ။ ဒါ့ကြောင့် လူ့ပြည်သွားပြီး ဥပုသ်စောင့်မယ်လို့ ဆုံးဖြတ်ပါတယ်။ ဘူရိဒတ္တ(ဘူရိဒတ်) နဂါးမင်းဟာ ယမုန်နာမြစ်အနီး ပညောင်ပင်ရင်းရှိ တောင်ပို့ကြီး အမှီပြုပြီး ဥပုသ်သီတင်းသီလများ ဆောက် တည်ပါတော့တယ်။ ဘူရိဒတ်ရဲ့ ဥပုသ်အဓိဋ္ဌာန်ကား

(၁) ငါ၏အရေကို သုံးလိုသူရှိက ခွာသုံး၊ ငါကား ဥပုသ်အပျက်မခံပြီ။
(၂) ငါ၏အရိုးတို့ကို သုံးလိုသူရှိက ထွင်သုံး၊ ငါကား ဥပုသ်အညှိုးမခံပြီ။
(၃) ငါ၏အသားများကိုလည်း ယူလိုကယူသုံး၊ ငါကား ဥပုသ် အဆုံးမခံ ပြီ။
(၄) ငါ၏အသွေးများကိုလည်း သုံးလိုသူရှိက ခပ်သုံး၊ ငါကား ဥပုသ် အရှုံး မခံပြီ။

အဲဒီလို အင်္ဂါနဲ့အသက် ငဲ့ကွက်ခြင်းမရှိတဲ့ အဓိဋ္ဌာန်နဲ့ ဥပုသ်စောင့် ရင်း သီတင်းသုံးလျက်ရှိပါတယ်။ အဲဒီအချိန်မှာ 'နေသာဒ' အမည်ရှိ ပုဏ္ဏား ဟာ သား 'သောမဒတ္တ' နဲ့အတူ တောလိုက်ရင်း (သမင်လိုက်ရင်း) ဘူရိ ဒတ်နဂါးမင်း ဥပုသ်စောင့်ရာ အနီးအပါး ရောက်လာပါတော့တယ်။ တကယ်လို့များ ဒီပုဏ္ဏားသားအဖဟာ ဘူရိဒတ်နဂါးမင်းအကြောင်း အလမ္ပာယ်ဆရာကို သွားရောက်သတင်းပေးရင် ဘူရိဒတ်ရဲ့ဥပုသ်လမ်း ဖြောင့်တန်းတော့မှာ မဟုတ်ပါဘူး။

http://www.dhammadownload.com



ဒါကြောင့် ပုဏ္ဏားသားအဖကို နဂါးပြည်သို့ ဆောင်ယူပြီး ခမ်းနားဆန်းပြားတဲ့ စည်းစိမ်ခြွေရံသင်းပင်း အနှင်းထားခဲ့ပါတယ်။ ဘူရိဒတ်နဂါးမင်းကတော့ လူ့ပြည်ပြန်လာပြီး ဥပုသ်စောင့်မြဲ စောင့်လျက်ပါ။ ရိုး၊ ရေ၊ သား၊ သွေး လေးပါးသော ဘဝရာဂကို ပယ်စွန့်လျက်က၊ မာနသံယောဇဉ်ကိုလည်း ပယ်ခွာလျက်က ဥပုသ်တော်သီလကို စောင့်ထိန်းနေခြင်းဖြစ်ပါတယ်။

အလောင်းတော်က မယ်တော်၊ ခမည်းတော်တို့ထံ (၁၅)ရက်တစ်ကြိမ် သွားရောက်ခစားမြဲ ဝတ်ကိုလည်း မပျက်စေရပါဘူး။ နဂါးပြည်ပြန်ရင်းလည်း နေသာဒတို့ သားအဖကို မမေ့မလျော့တွေ့ဆုံပြီး နှုတ်ဆက်အားပေးနေလေ့ရှိပါတယ်။ စည်းစိမ်အဆောင်အယောင်တွေလည်း မပြတ်ဖြည့်တင်းပေးလေ့ရှိပါတယ်။ ဒါပေမဲ့ အဖေဖြစ်သူ နေသာဒပုဏ္ဏားဟာ ဘုန်းကံနည်းပါး စိတ်ထားယုတ်ညံ့သူ ဖြစ်လေတော့ နဂါးပြည်မှာ မပျော်မွေ့တော့ဘူး။ ဒီလိုနဲ့ လူ့ပြည်ပြန်ဖို့ သားကို အဖော်ညှိတယ်။ စည်းရုံးတယ်။ သားက လူ့ပြည်မှာ ဘယ်လိုမှမရနိုင်တဲ့ စည်းစိမ်တွေခံစားနေရတာ ဘူရိဒတ်နဂါးမင်းရဲ့ ကျေးဇူးဖြစ်ပါတယ် စသည်ဖြင့် အကြောင်းပြငြင်းဆိုပေမယ့် နောက်ဆုံးမှာ ဖခင်ရဲ့အလိုကို လိုက်ရရှာပါတော့တယ်။ ဘူရိဒတ်နဂါးမင်း နဂါးပြည် ခေတ္တပြန်လာချိန် ပုဏ္ဏားသားအဖရဲ့ဆန္ဒကို သိရတဲ့အခါ နဂါးမင်းက ဗွတ်မတားပါဘူး။ လိုတရ မနောမယ ပတ္တမြားကိုတောင် လက်ဆောင်အဖြစ် ပေးအပ်ပါတယ်။ သူ ဥပုသ်စောင့်နေတာကို အလမ္ပာယ်ဆရာ စတဲ့ အနှောင့်အယှက်ပေးမယ့်လူဆိုးတွေ မသိစေလိုရင်းကြောင့် နှုတ်ပိတ်တဲ့အနေနဲ့ ပေးတာဖြစ်ပါတယ်။

ဒါပေမဲ့ နေသာဒပုဏ္ဏားဟာ ဒီပတ္တမြားကို ယူလိုက်မိရင် လူ့ပြည်အပြန်ခက်မှာစိုးတာကြောင့် သူလည်း နဂါးမင်းကဲ့သို့ ဥပုသ်စောင့်မှာဖြစ်ကြောင်း၊ လူ့ပြည်ရောက်တာနဲ့ ရဟန်းပြုမှာဖြစ်ကြောင်း လှည့်ပတ်ပြောဆိုပါတယ်။ ဒါနဲ့ ဘူရိဒတ်မှာ မတားသာတော့ဘဲ ခွင့်ပြုလိုက်ရပါတယ်။ အကူအညီလိုရင် အချိန်မရွေး လာခဲ့ဖို့လည်း မှာလိုက်ပါတယ်။

http://www.dhammadownload.com



ဒီလိုနဲ့ ပုဏ္ဏားသားအဖဟာ နေရင်းရွာ ပြန်ရောက်လာခဲ့ကြပါတယ်။ အိမ်ပြန်ရောက်တော့ သူတို့နဂါးပြည်က ပြန်လာကြပုံ ဖြစ်ပုံ ပျက်ပုံ အကြောင်းစုံကို ပုဏ္ဏေးမကြီးကို ရှင်းပြပါတယ်။ ပုဏ္ဏေးမကြီးက နဂါးပြည်ရဲ့ အံ့မခန်းဆန်းကြယ်ပုံတွေနားထောင်ပြီး နောက်ဆုံးမှာ လိုတရ မနောမယ ပတ္တမြားကြီး ယူမလာတဲ့ နေသာဒကို အိမ်ကနှင်ချလိုက်ပါရော။ ပုဏ္ဏားခမျာရှေးကလိုပဲ မုဆိုးအလုပ်နဲ့ အသက်မွေး၊ ဇနီးကိုလည်း လုပ်ကိုင်ကျွေးမွေးပါမည် တောင်းပန်ပြီး ကုတ်ကတ်နေရရှာပါတယ်။

အဲဒီအချိန်မှာပဲ အခြားသောပုဏ္ဏားတစ်ယောက်ဟာ ကြွေးပူပြီးစိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာသွားရင်း တောထဲ ရောက်လာပါတယ်။ အဲဒီတောမှာ ရသေ့တစ်ပါး သီတင်းသုံးနေထိုင်ပါတယ်။ ကြွေးပူပုဏ္ဏားဟာ ရသေ့ဆီမှာပဲ ကပ်ရပ်စားသောက်ပြီး ဝေယျာဝစ္စလုပ်ကျွေပြုစုလျက်နေပါတော့တယ်။ ဒီလို ကူညီပြုစုတာကိုပဲ ရသေ့က ကျေးဇူးတင်လွန်းလှတဲ့အတွက် 'နဂါးနှိမ်နိုင်မန္တန်' သင်ပေးပါတယ်။ ကြွေးပူပုဏ္ဏားဟာ ဒီမန္တန်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုတော့မယ်ဆိုပြီး ရသေ့ဆီက ထွက်ခွာလာပါတယ်။ လမ်းခရီးတစ်လျှောက်လုံး မြွေနဂါးနိုင်မန္တန်ကို ရွတ်ဆိုလာခဲ့တာပေါ့။

အဲဒီအချိန်မှာ ဘူရိဒတ်နဂါးမင်းရဲ့ မိဖုရားနဂါးမနဲ့ အဖော်နဂါးမတို့ဟာ ယမုန်နာမြစ်မှာ ရေကစားနေကြပါတယ်။ သူတို့ယူဆောင်လာတဲ့ ပတ္တမြားမျက်ရှင်ကို မြစ်ကမ်းဘေးမှာ ချထားခဲ့ပြီး ပျော်ပျော်မောမောကြီး ရေကစားနေကြခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ဟာ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားကြတယ်။ ဆက်ပြီးတော့ ရေမကစားနိုင်တော့ဘူး။ အကြောင်းကတော့ ပုဏ္ဏားရဲ့မန္တန်ရွတ်သံကြားရလို့ပဲ ဖြစ်ပါတယ်။ မန္တန်ရွတ်သံ ပိုပြီးနီးကပ်ပြင်းထန်လာတာနဲ့ သူတို့ဟာ ပတ္တမြားမျက်ရှင်ကို သော်မှ ယူချိန်မရတော့ဘဲ ရုတ်ခြည်းထွက်ပြေးကြပါလေရော။ အဲဒီမှာ ကြွေးပူပုဏ္ဏားဟာ ပတ္တမြားမျက်ရှင်ကိုကောက်ရပြီး ချက်ချင်းပဲ ဘဝပြောင်းသွားတယ်။ လိုတရ မနောမယပတ္တမြားမျက်ရှင်ပိုင်တဲ့ တကယ့်ပုဏ္ဏားကြီးဖြစ်ခဲ့ပေပြီ။

http://www.dhammadownload.com



ဒီအချိန်မှာပဲ နေသာဒတို့ မုဆိုးသားအဖဟာ အမဲလိုက်လာရင်း ပတ္တမြားရတဲ့ပုဏ္ဏားနဲ့ ပက်ပင်းကြီးတွေ့ဆုံမိကြတယ်။ ဒီပတ္တမြားကြီးဟာ ဘူရိဒတ်နဂါးမင်းကြီးက သူတို့ကိုပေးဖူးတဲ့ ပတ္တမြားကြီးဆိုတာလည်း ချက်ချင်းမှတ်မိသွားတယ်။ ဒီပတ္တမြားကြီးကို ပေးတုန်းက မယူ၊ အခုမှ လိုချင်စိတ်တွေ သွေးထဲကဆူတက်လာကြတော့တယ်။ 'ဒီပတ္တမြား ငါတို့ကို ရွှေချိန်တစ်ရာနဲ့ရောင်းပါ'လို့ တောင်းဆိုလိုက်ပေမယ့် ပုဏ္ဏားက 'ဒီပတ္တမြားကို ဘယ်ဈေးပေးပေး မရောင်းနိုင်။ သို့သော် တန်ခိုးကြီးနဂါးတစ်ကောင်ကို ပြနိုင်ရင်ပေးမယ်' လို့ ဈေးခေါ်လိုက်ပါတယ်။ အဲဒီမှာ ဖခင်ပုဏ္ဏား(နေသာဒ)က ဘူရိဒတ်နဂါးမင်းကို ချက်ချင်းပြေးမြင်ပြီး သတင်းပေးဖို့ အကြံရတယ်။ သား သောမဒတ္တက ဒီအကြံကို လက်မခံ။ 'ကျေးဇူးရှိသော အဆွေခင်ပွန်းကို မဖျက်ဆီးပါနှင့်' လို့ တားမြစ်ရှာတယ်။ ဒါပေမဲ့ နေသာဒဟာ ပတ္တမြားကြီးကို သိပ်လိုချင်နေပြီ။ အိမ်က ပုဏ္ဏေးမကြီးကို မျက်နှာလုပ်ချင်နေလှပြီ။ သား သောမဒတ္တဟာ ဖခင်ကိုကြည့်ပြီး အလွန်စိတ်ဆင်းရဲသွားတယ်။ အဖေပင်ဖြစ်သော်လည်း ကျေးဇူးကန်းသူနဲ့ တစ်လမ်းတည်းမသွားလိုပြီ။ ဒါကြောင့် သားပုဏ္ဏားဟာ ဖခင်နှင့်လမ်းခွဲ၊ တောထဲဝင် ရဟန်းပြုသွားပါတော့တယ်။

ကျန်ခဲ့သူ ဖခင်ပုဏ္ဏားကား ပတ္တမြားရလိုမှုဖြင့် ဘူရိဒတ် ဥပုသ်စောင့်ရာဆီ သစ္စာဖောက်တို့ရဲ့ ခြေလှမ်းနဲ့ရောက်လာခဲ့ပါပေါ့။ ခြေသံ၊ စကားသံ၊ မန္တန်ရွတ်သံတွေ ကြားရတာနဲ့ ဘူရိဒတ်ရဲ့စိတ်မှာ ထင့်ခနဲ၊ နင့်ခနဲ၊ ဥပုသ်သီလကို အာရုံပြုနေတဲ့စိတ်ဟာ ချက်ချင်းညှိုးသွားရှာတယ်။ ဒါပေမဲ့ 'ဪ... ငါ့ကို ခင်္ဂပါရမီ လာဖြည့်ကြတာပဲ' လို့ စိတ်ကိုပြောင်းအကောင်းမြင်လိုက်တာနဲ့ စိတ်ပြန်ကြည်လာတယ်။ အလောင်းတော်ဟာ (အရိုး၊ အရေ၊ အသား၊ အသွေး ယူလိုရာပေးဆပ်မည်) ဆိုတဲ့ အဓိဋ္ဌာန်ကို မြဲမြံအောင်ကြိုးစားပြီး စိတ်ထားကို ပြုပြင်နှင့်ပါတယ်။ နဂါးဆိုတဲ့မာန်၊ မင်းဆိုတဲ့ မာန ကိလေသာတွေ မလှုပ်ရှား၊ မတက်ကြွအောင် စိတ်ကို သတိနဲ့ ထိန်းချုပ်ထားလိုက်ပါတယ်။ 'ဪ... မိမိရဲ့တစ်ကိုယ်တည်း

http://www.dhammadownload.com



ဥပုသ်မှ လောကစံပေးဥပုသ်သို့ တက်လှမ်းရတော့မှာပါလား' လို့ အားယူ အသင့်ပြင်လိုက်ပါတယ်။

မန္တန်ရှင် ပုဏ္ဏားဟာ ဘူရိဒတ်နဂါးမင်းရဲ့ အမြီးကို တို့လှုပ်ကြည့်တယ်။ နဂါးမင်း ငြိမ်နေတယ်။ အမြီးကနေ ခပ်ပြင်းပြင်းဆွဲဆောင့်တယ်။ နဂါးမင်းကြီး ရန်တုံ့မပြန် သည်းခံနေတယ်။ ဒီမှာ နေသာဒပုဏ္ဏားက

'ယူတော့လေ နဂါး၊ ပေးတော့လေ ပတ္တမြား' လို့ ဆိုလိုက်တယ်။ မန္တန်ရှင်ပုဏ္ဏားက နေသာဒရဲ့လက်ထဲ ပတ္တမြားကိုထည့်လိုက်တယ်။ ပတ္တမြားဟာ လက်မှာမတည်၊ မြေဆီလျှောကျ၊ မြေမှသည် နဂါးပြည်ဆီ ပြန်ရောက်သွားပါတော့တယ်။ ဒီတော့မှ နေသာဒပုဏ္ဏားဟာ နောင်တ နှလုံး မီးဟုန်းဟုန်းတောက်ပြီး ...

'ငါ့မှာ ပတ္တမြားလည်းမရ၊ သူတော်ကောင်းနဂါးမင်းကြီးနဲ့လည်း ဝေးကွာ၊ သားအရင်းကပင် ခွဲခွာသွားပါပေါ့လား' လို့ မြည်တမ်းငိုကြွေးကာ လာရာလမ်းအတိုင်း ပြန်သွားရှာတော့တယ်။

မန္တန်ရှင် အလမ္ပာယ်ပုဏ္ဏားကတော့ အလောင်းတော် ဘာမှပြန်မလုပ်မှန်းသိတာနဲ့ အမြီးကကိုင်မြှောက်၊ ဦးခေါင်းကို ဖောက်ထိုးထား၊ အစာများကို အန်ထုတ်စေခြင်းဖြင့် နဂါးမင်းကို အင်အားချည့်နဲ့အောင် လုပ်ပစ်တယ်။ ပြီးတော့ တကိုယ်လုံးကို တံတားလိုမြေမှာခင်း၊ တက်နင်း၍ ခုန်နင်းနဲ့ နှိပ်စက်ပြန်တယ်။ နဂါးမင်းရန်တုံ့မပြန်၊ သည်းခံခြင်းနဲ့အတူ ဥပုသ်အာရုံကိုသာ တွင်တွင်ကြီးယူနေရှာတော့တယ်။ အလမ္ပာယ်ပုဏ္ဏားဟာ ဘူရိဒတ်နဂါးမင်းကို လက်နှိုးစုတ်လို ပျော့ခွေသွားအောင် နှိပ်စက်ပေမယ့် နဂါးမင်းဟာ ဝေဒနာကိုမမှု၊ ဥပုသ်သီလကို သတိဖြင့် စောင့်ထိန်းလျက်သာ ရှိပါတော့တယ်။ ပုဏ္ဏားယုတ်နှိပ်စက်လိုက်တာ အမြီးနံရိုးတွေ အပိုင်းပိုင်းကျိုးပြတ်လုပေါ့။ အရေတွေလည်း စုတ်မတတ်၊ အသားတွေလည်း ကြေအပ်ခဲ့ပြီ။

ဒီဝေဒနာတွေကို ဥပေက္ခာပြု၊ ဥပုသ်မှဥပုသ်၊ အဓိဋ္ဌာန်မှ နောက်မဆုတ်ပြီ။ ဘယ်လောက်ပဲနှိပ်စက်နှိပ်စက် အမျက်မထွက်အောင် သတိနဲ့

http://www.dhammadownload.com



ထိန်း၊ ငါ နဂါးမင်းဆိုတဲ့ မာန်မထအောင် သတိကလေးအစောင့်ချလို့ ကိုရွှေပုဏ္ဏားပြုသမျှ နရှာတယ်။ ပုဏ္ဏားဟာ ကြီးမားတဲ့ပခြုပ်ကြီးလုပ်ပြီး နဂါးမင်းကို ပခြုပ်ထဲထည့်သွင်း၊ ကိုယ်လုံးမဆန့်တော့ ခြေနဲ့ဆောင့်ကန်သွင်း၊ ပါးစပ်တွင်းကို တံတွေးထွေးထည့် ကမ်းကုန်အောင် ယုတ်ညံ့ခဲ့လေပြီ။

'အသပြာတစ်ထောင်ပြည့်အောင်ရခဲ့ရင် သင်နဂါးမင်းကို လွှတ်ပေးမယ်'လို့လည်း ကတိကို အလွယ်ပေးတယ်။ ဒီလိုနဲ့ နီးရာရွာထဲဝင်ပြီး 'နဂါးကပွဲ၊ နဂါးပြပွဲ' လုပ်ပါတော့တယ်။ နဂါးက,တာ မမြင်ဖူးသူတွေ ဝိုင်းအုံရောက်ရှိလာ၊ အသပြာတွေပစ်ပေးကြနဲ့ ပုဏ္ဏားအလိုကျ နဂါးကပွဲ စလေပြီ။

ပွဲကိုလည်းကပြ၊ နစ္စဂီတ သိက္ခာပုဒ်ကိုလည်း မညှိုးစေရ၊ မည်မျှ ခက်ခဲပါသနည်း။ အလမ္ပာယ်ရဲ့ မြွေသီချင်းအလိုက် ကြိုက်စွန်းသို့လည်း မလိုက်မိအောင် သတိဖြင့်ထိန်း၊ အလမ္ပာယ်ကို မုန်းတီးခြင်းဆိုတဲ့ မကြိုက်စွန်းသို့လည်း မလိုက်မိအောင် သတိဖြင့်ထိန်း၊ သတိသာလျှင် ဥပုသ်ရဲ့ အထိန်းတော်၊ ပုဏ္ဏားခိုင်းသမျှ က,နည်းအစုံနဲ့ ဖြေဖျော်ကပြနေရပြီ။ အလမ္ပာယ်ပုဏ္ဏားဟာ အသပြာတစ်ထောင်ရပေမယ့် သူပေးခဲ့တဲ့ ကတိအတိုင်း နဂါးမင်းကို လွှတ်မပေးဘဲ နောက်ပွဲဆက်ခဲ့ပြန်လေပြီ။ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်မြို့ဝင် တစ်မြို့ထွက်နဲ့ 'နဂါးကပွဲ'ကြီး ကျင်းပကာ ပုဏ္ဏားဟာ သူဌေးကြီးဖြစ်လာခဲ့ပေပြီ။ ဒီလိုနဲ့ နောက်ဆုံးမှာ ဗာရာဏသီမင်းရဲ့ နန်းရင်ပြင်အထိ နဂါးကပွဲကြီး ခြေဆန့်လာတော့တယ်။

အလမ္ပာယ်ပုဏ္ဏားဟာ သူ့ကိုယ်သူ လူစွမ်းကောင်းကြီးလုပ်လို့ပေါ့။ 'အရှင်မင်းကြီး... ရောမနဂါးမင်းကြီးကို ကျွန်ုပ်ရဲ့အစွမ်းနဲ့ ဖမ်းလာခဲ့ပြီ။ အကမျိုးစုံလည်း သင်ပေးခဲ့ပြီမို့ အရှင်မင်းကြီး ရှုစားပါလော့' လို့ ဝါကြွားပြောဆိုပါတော့တယ်။ ပင်ပန်းလှပြီဖြစ်တဲ့ အလောင်းတော်ကိုလည်း အသား၊ ငါး၊ ဖား၊ ပျား၊ ပေါက်ပေါက်တွေကျွေးတယ်။ အလောင်းတော်က ဥပုသည်ပဲ... သူ့အသက်သတ်ခြင်း သိက္ခာပုဒ်ထိန်းထားတာ။

http://www.dhammadownload.com



ဖားစိမ်း၊ ငါးစိမ်းတွေမစား၊ ဥပုသ်သီလရဲ့ စိတ်သတ္တိအရှိန်ကြောင့် ဆာတယ်၊ စားချင်တယ်ဆိုတဲ့စိတ် လုံးဝမရှိခဲ့ပါဘူး။

အဲဒီအချိန်မှာ ဗာရာဏသီမင်းကြီးက အလောင်းတော်ရဲ့ မိခင်ရင်းသမုဒ္ဒဇာရဲ့ အစ်ကိုရင်း သာဂရဘုရင်ကြီးပေါ့။ အလောင်းတော်ရဲ့ ဦးကြီးတော်ပေါ့။ အိမ်ရှေ့မင်း ရသေ့ပြုစဉ်က နဂါးမနဲ့ရခဲ့တဲ့သားလေ။ နဂါးပြည်မှာရှိတဲ့ မယ်တော်ကြီး သမုဒ္ဒဇာကတော့ ဘူရိဒတ်နဂါးမင်း အလမ္ပာယ်ဆရာ့လက်တွင်းကျစဉ် ညကပဲ အိပ်မက်ဆိုးမြင်မက်ခဲ့ပါတယ်။ မိမိရဲ့ညာလက်ရုံး ပြတ်သွားတယ်လို့ အိပ်မက်,မက်ပါတယ်။ (၁၅)ရက်တစ်ကြိမ် ပြန်လာနေကျ သားတော်ဘူရိဒတ်လည်း ပြန်မလာ၊ တစ်ခုခုဖြစ်နေတာ သေချာပေပြီ။ တစ်လပြည့်မှ လာလေ့ရှိတဲ့ ကျန်သားတော်တွေ စုံညီရောက်လာချိန်မှာတော့ ဘူရိဒတ်အတွက် အားလုံးမှာ ပူပန်စရာဖြစ်လာခဲ့ပြီ။ နဂါးပြည်မှာ ဘူရိဒတ်ကိုရှာ၊ ဘယ်မှာမှ မတွေ့ရတဲ့အခါ မယ်တော်ကြီးရင်ကွဲနာနဲ့ သေလုမတတ် ခံစားရပြီ။ နဂါးအပေါင်းတို့လည်း မျက်ရည်လည်ရွဲ ငိုပွဲဆင်ခဲ့ကြလေပြီ။

အဲဒီမှာ ကျန်ခဲ့တဲ့ နဂါးမင်းညီနောင်သုံးပါး သုံးနေရာခွဲပြီး လိုက်ရှာဖို့ စီစဉ်ကြပါတယ်။ သုဘောဂက ဟိမဝန္တာ၊ အရိဋ္ဌက တာဝတိံသာနတ်ပြည်၊ သုဒဿနကတော့ လူ့ပြည်ကို ရသေ့ဟန်ဆောင်ပြီး ဘူရိဒတ်ကို ရှာပုံတော်ဖွင့်မယ်။ ဒီမှာ အစမုခီဆိုတဲ့ နှမတော်က လူ့ပြည်ကို သူလည်း လိုက်မယ်။ ဖားမလေးအသွင်ဖန်ဆင်းပြီး အစ်ကိုရသေ့ရဲ့ ဆံကျစ်ကြားက လိုက်ခဲ့မယ်ဆိုပါတယ်။

ဒီလိုနဲ့ အလောင်းတော် ဥပုသ်စောင့်ရာ ပဉောင်ကြီးကစပြီး ခြေရာခံလိုက်ခဲ့ကြတာ ဗာရာဏသီမင်းရဲ့ နန်းရင်ပြင်ဆီ အချိန်မီရောက်ခဲ့ကြပါတော့တယ်။ အလမ္ပာယ်ပုဏ္ဏားဟာ ဝတ်ကောင်းစားလှတွေဝတ်ပြီး နဂါးကပွဲတင်ဆက်ဖို့ စီစဉ်၊ ဘူရိဒတ်ကို ပခြုပ်တွင်းကထုတ်လိုက်ပါတော့တယ်။ ဘူရိဒတ်ဟာ ပရိသတ်ထဲမှာ ရသေ့ယောင်ဆောင်ထားတဲ့ သူ့ရဲ့ ညီအစ်ကိုတော်တဲ့ သုဒဿနကို တွေ့တယ်ဆိုရင်ပဲ သုဒဿနဆီ လျှော

http://www.dhammadownload.com



သွားကာ ခြေဖမိုးမှာမေးတင်ပြီး မျက်ရည်သွင်သွင်စီးကျ ငိုရှာတော့တယ်။ သုဒဿနလည်း ဘူရိဒတ်ရဲ့ဖြစ်အင် မမြင်ရက်စွာ ငိုရှာတော့တယ်။ အဲဒီအချိန်မှာ နဂါးကပွဲကြည့်မယ့် ပရိသတ်က နဂါးကြီးလွတ်ထွက်လာပြီဆိုပြီး ထွက်ပြေးကုန်ကြတယ်။

အလမ္ပာယ်ပုဏ္ဏားဟာ ရသေ့ငိုတာမြင်တော့ 'သင့်ကို နဂါးကိုက်သလား' မေးတယ်။ ရသေ့က 'ငါကိုယ်တိုင် မြွေဆရာဖြစ်တယ်။ ငါ့ကို မြွေနဂါးတို့ ရန်မပြုနိုင်။ ငါ့ကို ပြိုင်နိုင်သော မြွေဆရာမရှိ' လို့ စိန်ခေါ်လိုက်တာနဲ့ အလမ္ပာယ်ပုဏ္ဏားဟာ ဒေါသထွက်ပြီး ရသေ့ကို ဘူရိဒတ်နဂါးနဲ့ တိုက်တယ်။

အဲဒီမှာ ရသေ့ရဲ့ဆံကျစ်ကြားက ဖားမလေးခုန်ဆင်းလာတယ်။ နဂါးနဲ့တိုက်တဲ့ အလမ္ပာယ်ပုဏ္ဏားကို ရသေ့က ဖားနဲ့ပြန်တိုက်တယ်။ ဖားမလေးက အဆိပ်သုံးစက်အန်ချလိုက်တာနဲ့ အဲဒီအဆိပ်ငွေ့တွေအလမ္ပာယ်ကိုဟပ်မိပြီး ပုဏ္ဏားလည်း ချက်ချင်းပင် နူနာစွဲ ခွေးဝဲစားအသွင်ပေါက်ကာ နန်းရင်ပြင်က ထွက်ပြေးသွားရပါတော့တယ်။

နောက်ဆုံးမှာ ဗာရဏာသီမင်းကြီးဟာ အဖြစ်မှန်ကို သိသွားတယ်။ ဘူရိဒတ်၊ သုဒဿနနဲ့ အဇမုခိတို့ဟာ သူ့ရဲ့ တူ၊ တူမများဖြစ်နေကြောင်း သိရတဲ့အခါ ဝမ်းနည်းဝမ်းသာနဲ့ ငိုရှာတယ်။ ဗာရာဏသီမင်းကြီးက 'သင်တို့ရဲ့ အဘိုးတော်တဲ့ ဗြဟ္မဒတ်မင်းကြီးဟာ ထီးနန်းအရိုက်အရာကို ငါ့အား လွှဲအပ်ပြီး တောထွက်ရသေ့ပြုလျက်ရှိကြောင်း' ရှင်းပြတဲ့အခါ ဘူရိဒတ်တို့မောင်နှမတွေဟာ အဲဒီအဘိုးရသေ့ကြီးကို သွားရောက်ကန်တော့ကြဖို့ အချိန်းအချက်ပြုပြီး နဂါးပြည်ပြန်လာခဲ့ကြပါတော့တယ်။ ဘူရိဒတ်ဟာ နဂါးမင်းဘဝမှ စုတေလွန်လေသော် ဥပုသ်တော်သီလရဲ့ အကျိုးဖလကြောင့် နတ်ပြည်ရောက်သွားကြောင်း ဇာတ်တော်က ဖော်ပြပါတယ်။

အဲဒီတော့ ဘူရိဒတ်ဇာတ်တော်ကို ထောက်ဆပြီး ဥပုသ်ဖော်င့်တယ်ဆိုတာ သတိဆိုတဲ့ အစောင့်ကလေးရှိနေရင် နေရာမရွေးစောင့်နိုင်

http://www.dhammadownload.com



ကြောင်း သိအပ်ပါတယ်။ ရန်သူလက်တွင်း ကျဆင်းရသော်မှ မိမိသီလ မညှိုးမခြောက်ရလေအောင် ဘူရိဒတ်နဂါးမင်းက ဥပုသ်စောင့်ပြသွားပါပြီ။ ဒီတော့ မိမိတို့ရဲ့လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရင်းကလည်း သတိကလေး အစောင့်ချပြီး ဥပုသ်စောင့်နိုင်ပါကြောင်း ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက မိးမောင်းထိုး အလင်းပြတော်မူခဲ့ကြောင်းပါဗျာ... ။

အညွှန်း

* ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလထုတ်၊ ရတနာ့စစ်တမ်း။
 တာမူစွင့်ပြုချက် – ၇၃၄/၉၉(၁၂)

* ၁၉၉၉ ခုနှစ်၊ မေလထုတ်၊ မင်းယုဝေ ဓာတ်ကြီးဆယ်ဘွဲ့အနှစ်ချုပ်၊
 တာမူစွင့်ပြုချက် – ၁၄/၉၇(၉)

[ အမှတ် ၈၁၊ ၂၀၀၂ ခုနှစ်၊ ဧပြီလ၊ ဂန္ဓိရမဂ္ဂဇင်း ]

http://www.dhammadownload.com

# မေတ္တာလမ်းစဉ် မေတ္တာကျင့်စဉ်

သာမန်လူတစ်ယောက်၏ အလွန်ရိုးစင်းသော ဘဝ၏နေထိုင်ပုံနည်းလမ်းမှာဖြစ်စေ၊ ကြီးကျယ်မြင့်မြတ်သူတို့၏ အများအကျိုး သယ်ပိုးရာမှာဖြစ်စေ၊ သူတော်ကောင်းကျင့်စဉ်မှာဖြစ်စေ 'မေတ္တာ' သည် စေတစ်လုံးပိုင်၊ အရာရာကိုအောင်နိုင်ပြီးမြောက် ခရီးရောက်စေပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါးမှာလည်း မေတ္တာသည် ရှေ့ဆုံးက ဦးစွန်းနေရာမှာ ရှိပါတယ်။ ကောင်းကင်ကြီးမှာ နယ်နိမိတ်ပိုင်းခြားမှု မရှိသလိုဘဲ မေတ္တာမှာလည်း အပိုင်းအခြား တစ်စုံတစ်ရာမရှိပါ။ အတိုင်းအဆပမာဏ ကန့်သတ်၍မရသောကြောင့် မေတ္တာထားခြင်း၊ မေတ္တာပို့ခြင်းတို့ကို 'သဗ္ဗာလွန်ကုသိုလ်' လို့ ဆိုရပါတယ်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက

'ဒါနလို ကုသိုလ်မျိုးကမှ အပိုင်းအခြား အကန့်အသတ်ရှိပါသေး

http://www.dhammadownload.com



တယ်ဗျာ။ ဘယ်ရွှေဘယ်မျှလှူမယ်၊ လှူဘယ်လောက် ဖိတ်မယ်၊ ငါ လှူတယ်၊ ဘာလှူမယ်၊ ဘယ်ဆရာတော်ကို လှူတယ်ဆိုတဲ့ အကန့်အသတ်တွေ၊ မှော်ခေါ်တွက်ချက်မှုတွေ၊ ငါစွဲတွေ တင်းကျမ်းပြည့်နေတာ။ မေတ္တာကတော့ စကတည်းက သဗ္ဗေသတ္တာနဲ့စတာ။ သတ္တဝါအကုန်လုံးအပေါ် အညီအမျှ လွှမ်းခြုံထားတာ။ အပိုင်းအခြား အကန့်အသတ်မရှိဘူး။ နယ်ကုန်ပယ်ကုန်ပဲလို့ ညွှန်ပြခဲ့ဖူးလေရာ မေတ္တာ၏အာနိသင်ကို ပိုပြီးဝင်စား၊ ပိုပြီးယုံကြည်အားကိုး လာမိပါတော့တယ်။

မေတ္တာဆိုတာ စပြီးပို့လွှတ်စဉ်မှာကတည်းက မိမိရဲ့ရာဂ၊ ဒေါသစတဲ့ စိတ်ဆိုး၊ စိတ်ပုပ်တွေကို ချေဖျက်ထွင်းဖောက်ပြီးတော့မှ ကမ္ဘာလောကထဲမှာ လေထုလိုပျံ့နှံ့လွှမ်းမိုးသွားတော့တာ။ မိမိရဲ့မေတ္တာဟာ သာမန်မဟုတ်ဘဲ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဓမ္မဓာတ်အားနဲ့ ထုံမွှမ်းထားတဲ့ 'ဓမ္မမေတ္တာ' ဆိုလျှင်ကား အကျိုးပြုနိုင်စွမ်းအား ခန့်မှန်း၍မရစကောင်းပြီ။ ကမ္ဘာစစ်မီးကြီးတွေ ငြိမ်းစေခဲ့တာ၊ လေမုန်တိုင်း စတဲ့ သဘာဝဘေးရန်တွေ ကာဆီးပေးတာ စသည်ဖြင့်... ။

လူတစ်ဦးချင်းမှာလည်း ဖြစ်ဆဲ၊ ဖြစ်အံ့ ဘေးအန္တရာယ်တွေက လွတ်မြောက်သွားတာ။ ဖြစ်ဆဲ၊ ဖြစ်အံ့ အကျိုးစီးပွားတွေ တိုးပွားလာတာ ကာယကံရှင်ကိုယ်တိုင်ပင် မခန့်မှန်းနိုင်ပြီ။ ဒါကြောင့် 'မေတ္တာသတ္တော အနန္တရော' ၊ မေတ္တာစွမ်းအား သက်ရောက်ရာအရပ်သည် အဆုံးအပိုင်းအခြားမရှိတဲ့။ မေတ္တာရဲ့အာနိသင် စကြဝဠာလွန်အထိ ပျံ့နှံ့လွှမ်းခြုံပေးနိုင်တာ ယုံမှားစရာမရှိပါ။

'မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ' ဆိုတဲ့ အောင်ခြင်းရှစ်ပါးသီချင်းလေး ကြားယောင်မိပါရဲ့။

အာဠာဝကဘီလူးကြီးရဲ့ ကြမ်းတမ်းခက်ထန်မှုနဲ့ လက်နက်ဆန်း၊ လက်နက်ဆိုး အမျိုးမျိုးကို အောင်နိုင်ခဲ့တာ မေတ္တာ၊ အလွန်အင်မတန်အင်အားကြီးမားလှတဲ့ စိတ်ကြမ်းကိုယ်ကြမ်း နာဠာဂီရိဆင်ကြီးကို အောင်မြင်တော်မူခဲ့တာ မေတ္တာ၊ အရိုင်းကို ယဉ်စေခဲ့တာမေတ္တာ၊ (၄၅)ဝါလုံး ဗုဒ္ဓဘုရားရှင် သာသနာပြုတော်မူခဲ့တာ မေတ္တာနဲ့... ။

http://www.dhammadownload.com



ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အမိန့်ရှိခဲ့ဖူးတယ်။ ပဋ္ဌာနဘာသာဋီကာဒသနကထာ ကျမ်းကြီးမှာလည်း ရေးခဲ့ဖူးတယ်။

'တို့အဖဘုရားရှင်ဟာ ဘုရားမဖြစ်ခင် အလောင်းတော်ဘဝများစွာမှာ သစ္စာကို အဓိကထားခဲ့တယ်။ ဘုရားဖြစ်ပွင့်ပြီးချိန်ကစပြီး မေတ္တာကို အဓိကထားတော့တယ်'

ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းကြီးများရဲ့ မေတ္တာကို ခံယူချင်တယ်ဆိုရင် မိမိကိုယ်တိုင်က သန့်ရှင်းဖြူစင်ဖို့လိုပါတယ်။ အထူးသဖြင့် စိတ်စင်ကြယ်နေဖို့လိုပါတယ်။ ဆရာတော်ဘုရားကြီးကို 'မေတ္တာပို့ပေးပါဘုရား'လို့ လျှောက်ထားလျှင်...

'မြန်မာ့အသံကတော့ သူ့အချိန်နဲ့သူ ထုတ်လွှင့်နေတာပါပဲဗျာ။ သူလွှင့်တာမိဖို့ဆိုတာ ကိုယ်မှာ ရေဒီယိုလည်းရှိပါမှ၊ ရေဒီယိုရှိပြန်တော့လည်း သူ့လိုင်းနဲ့သူ ဖွင့်မိ၊ ဖမ်းမိပါမှ 'ဟူ၍ ဥပမာပေး ညွှန်ပြလေ့ရှိပါတယ်။ အရိယာသူတော်ကောင်းကြီးတွေကတော့ မေတ္တာဓာတ်ခံယူနိုင်လောက်အောင် မဖြူစင်ကြတာဟာ မြန်မာ့အသံက လွှင့်တာတွေဖမ်းယူနားဆင်ဖို့ ရေဒီယိုလေးတစ်လုံးသော်မှ မရှိတာနဲ့တူနေပါတယ်။ မိမိကိုယ်တိုင် မေတ္တာ အကျင့်နဲ့ မနေတာကတော့ ရေဒီယိုရှိပါလျက် မဖွင့်တဲ့သူလိုပါပဲ။

သူတော်ကောင်းကြီးများရဲ့ မေတ္တာကိုသာ ထိထိမိမိခံယူရရှိမယ်ဆိုရင် ဘေးကင်းရန်ကင်း လက်ငင်းချမ်းသာတဲ့ အကျိုးကို ပြည့်ပြည့်ဝဝ မုချရရှိနိုင်တာမလွဲပါ။ လွဲနေတာကတော့ ကျွန်တော်တို့ဟာ သရဏဂုံမတည်၊ သီလမမြဲ၊ လောဘ၊ ဒေါသ၊ မောဟတွေထဲ တဝဲလည်လည်ဖြစ်နေတာပါပဲ။ သရဏဂုံသည်သာလျှင် အရိုင်းမှအယဉ် မေတ္တာစိတ်ဝင်ရာ၏ လမ်းမကြီးမဟုတ်ပါလား။ သရဏဂုံပွားနေခြင်းဟာ 'မေတ္တာသုတ်'တော်လာ ဘာဝနာပရိက် (တရားအားမထုတ်မီ ကြိုတင်ပြင်ဆင်မှု) တစ်ဆယ့်ငါးချက်နဲ့အညီ 'အာရုံမှန်'ထားနေခြင်းပဲဖြစ်ပါတယ်။

အာရုံမှန်ထားခြင်းဟာ ရာဂ၊ ဒေါသများရဲ့ ဆန့်ကျင်ဘက်မေတ္တာ

http://www.dhammadownload.com



စိတ်ကို သက်ဝင်စေပါတယ်။ ငါ၊ သူ အစွဲမစွဲတော့ဘဲ ကိုယ်ချင်းစာတရား အားကောင်းစေပါတယ်။ အရိယာသူတော်ကောင်းကြီးတွေ ပို့သတဲ့ မေတ္တာရအောင်၊ မိမိကိုယ်တိုင် မေတ္တာပို့တဲ့အခါမှာလည်း အစွမ်းထက်အောင်၊ ရတနာသုံးပါးနဲ့ထိုက်တန်တဲ့ ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်အောင် 'မေတ္တာသုတ်ကညွှန်ပြတဲ့ ဘာဝနာပရိကံ တစ်ဆယ့်ငါးပါး'နဲ့အညီ မိမိတို့ စိတ်နေစိတ်ထားများကို ပြုပြင်ထားရပါမယ်။

(၁) သရဏဂုံ ကျင့်စဉ်တော်အပေါ် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရက်ရက်စက်စက်ကြီး ကျင့်မယ်ဆိုတဲ့စိတ်ထား၊
(၂) ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ဖြောင့်မှန်စေရမယ် ဆိုတဲ့စိတ်ထား၊
(၃) ကိုယ်နှုတ်ဖွင့်ရာ စေတနာပါ ဖြောင့်မှန်စေရမယ်ဆိုတဲ့ စိတ်ထား၊
(၄) ဘုရားစကား၊ ဆရာသမားစကား တစ်ထစ်ချနားထောင်မယ်ဆိုတဲ့ စိတ်ထား၊
(၅) နူးညံ့သောသဘောထား အမြဲထားမည်ဆိုတဲ့စိတ်ထား၊
(၆) ထောင်လွှားတက်ကြွ မာန်မာနတွေကို ချိုးနှိမ်ထားမယ်ဆိုတဲ့စိတ်ထား၊
(၇) တရားသောက၊ အခြားသောက ငှါဆီမဝင်ရဆိုတဲ့ စိတ်ထား၊
(၈) စိတ်အလို ကိုယ်မလိုက် ထိုက်သင့်ရာလေးဖြင့်သာ ပြီးပြေအံ့ဟူသော စိတ်ထား၊
(၉) မလုပ်မဖြစ်သော ကိစ္စမှတစ်ပါး အခြားပြုဖွယ်ရာ စွန့်ပယ်မယ်ဆိုတဲ့ စိတ်ထား၊
(၁၀) သရဏဂုံပွား ဘာဝနာတရားများ လျင်မြန်စွာတိုးပွားစေမည်ဟူသော စိတ်ထား၊
(၁၁) စိတ်လည်းလုံ၊ အာရုံလည်းမများစေရန် မျက်စိ စသည်တံခါးများ အမြဲပိတ်ထားမည်ဟူသော စိတ်ထား၊
(၁၂) ကိလေသာအလိုဆိုးအတွင်း ဝင်စီးပိုးနေသည်ကို ဖျက်ချိုးချထားခဲ့တော့မည်ဟူသော စိတ်ထား၊

http://www.dhammadownload.com



(၁၃) ခန္ဓာဝန်၊ ခန္ဓာကိစ္စ ကျဉ်းနိုင်သမျှ ကျဉ်းစေရမည်ဟူသော စိတ်ထား၊
(၁၄) ဆွေမိတ်မျိုးမိတ်တို့သို့ ငြိနေသော စိတ်ကိုလည်း မရှိတ်မိစေရန် ပြု ပြင်ထားမည်ဟူသော စိတ်ထား၊
(၁၅) ပညာရှိတို့ ပညာမျက်စိဖြင့် အကြည့်ခံနိုင်ရန်လည်း ကြိုးစားမည်ဟူ သော စိတ်ထား။ *(မေ္တာဝါဒကထာ၊စာ -၂၁၉)*

ဗုဒ္ဓဘာသာဝင်လို့ အမည်ခံတော့မယ်ဆိုရင် အထက်ပါစိတ်ထား များ မုချမွေးမြူအပ်ပါတယ်။ ဒီလိုစိတ်ထားမျိုးသည်သာလျှင် မေတ္တာနှင့် ထိုက်တန်သောစိတ်ထားမျိုး ဖြစ်ပါတယ်။ သရဏဂုံမပွားမိ (သို့မဟုတ်) တရားမထိုင်မိမှာ ဒီလိုစိတ်ထားမျိုး မွေးမြူပြီးမှ မေတ္တာပို့အပ်ပါတယ်။ မြင်အပ်၊ မမြင်အပ်၊ ဝေးနေ၊ နီးနေ၊ ကြောက်တတ်၊ မကြောက်တတ်၊ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါအရပ်ရပ်သို့ မေတ္တာဓာတ်ပို့လွှတ်ရပါ တယ်။ အကယ်လို့ မေတ္တာမပို့မိခဲ့ပါသော်

* သရဏဂုံပွား (တရားထိုင်) ရာမှာ မိမိစိတ် အထိုင်မကျဖြစ်နေတတ် တယ်။ တစ်ဖက်ကမုန်းသူ၊ ရန်သူတို့ရဲ့အာဃာတစိတ်တွေ မိမိဆီ ညွှတ်နေလို့ပါပဲ။
* မိတ်ဆွေတို့က သောကစိတ်တွေနဲ့ မိမိဆီ စိတ်လွှတ်နေရင်လည်း အပူလှိုင်းတွေမိပြီး မိမိစိတ် မငြိမ်သက်နိုင်၊
* တရားမထိုင်မီ မိမိစိတ်က ထိုသူတို့အကြား သွားရောက်ကျက်စားနေ ခဲ့သော် တရားအာရုံပြုလိုက်သည်နှင့် ထိုစိတ်ကြမ်း သရမ်းလာတတ် လှချေသည်။

(ထိုအချက်များကြောင့် တရားထိုင်အံ့ဆဲဆဲ မေတ္တာဓာတ်ပို့လွှတ် ရခြင်းတည်း။)

*(၁၉၉၈၊ ဒီဇင်ဘာလထုတ်မေတ္တာဝါဒကထာ-မှုသစ်၊စာ -၂၂၁)*

ဒီလို မေတ္တာဓာတ်ပို့လွှတ်ထားခြင်းဖြင့် မေတ္တာရဲ့အနီးရန် ရာဂ နှင့် မေတ္တာ၏အဝေးရန် ဒေါသ စတဲ့ကိလေသာတွေကို နှိမ်နင်းပြီးသား လည်း ဖြစ်နေပါတော့တယ်။

http://www.dhammadownload.com



မေတ္တာပွားနည်းကတော့ ကုသိုလ်ဖြစ်မေတ္တာပွားနည်းနဲ့ ဈာန်ဝင်စားပွားများနည်း နှစ်မျိုးရှိပါတယ်။

## ကုသိုလ်ဖြစ်မေတ္တာပွားနည်းမှာ

ရှေးဦးစွာ မိမိ၏မိသားစုအပေါ် မိမိနှင့်ထပ်တူထားလျက် မေတ္တာပို့ပါ။ ပြီးတော့မှ မိမိဆွေမျိုး၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်၊ ကမ္ဘာမှသည် အနန္တစကြဝဠာအထိချဲ့၍ချဲ့၍မေတ္တာပို့ပါ။အထက်ဘဝဂ်မှသည် အောက်အဝီစိထိလည်း တိုး၍တိုး၍ မေတ္တာပို့ပါ။

* မိမိသည် ဘေးရန်မရှိ ချမ်းသာစွာနေရဘိသို့ အားလုံး မိမိနှင့်ထပ်တူ ဖြစ်ကြပါစေ။
* မိမိသည် စိတ်ဆင်းရဲခြင်းကင်းသကဲ့သို့ အားလုံးလည်း မိမိနှင့်ထပ်တူ ဖြစ်ကြပါစေ။
* မိမိမှာ လက်ရှိပစ္စည်းမြဲနေဘိသို့ အားလုံးလည်း မိမိသို့ပင် ဖြစ်ကြပါစေ။
* မိမိသည် စေတနာအကျိုး တိုး၍ခံစားနေရသလို အားလုံးလည်း မိမိသို့ပင် ဖြစ်ကြပါစေ။

ဒီနည်းအားဖြင့် အရပ်ဆယ်မျက်နှာသို့လည်း မေတ္တာပို့ပါလေ။ ဒီလိုမေတ္တာပို့နေချိန်မှာ စေတနာကောင်းနှင့် ကုသိုလ်စိတ်များသာ မိမိမှာ ဖြစ်ပေါ်နေပါတော့တယ်။ မေတ္တာပို့နေချိန်မှာ တဏှာရာဂလည်း မထကြွ၊ ဒေါသအမျက်လည်း မထွက်တော့ဘဲ 'မေတ္တာကုသိုလ်' စစ်စစ်သာ ဖြစ်ပေါ်နေပါတော့တယ်။

## ဈာန်ရအောင်မေတ္တာပွားနည်းမှာ

ဈာန်ဆိုသည်မှာ ကိလေသာတို့ကို ရှို့မြှိုက်ဖျက်ဆီးပစ်နေတာကို ခေါ်ပါတယ်။ မိမိစိတ်ကို အာရုံတစ်ခုတည်းမှာ တည်စေပြီး ကိလေသာတွေကို ရှို့မြှိုက်ဖျက်ဆီးပစ်တာ၊ အာရုံတစ်ခုတည်းအတွင်းရှိ သွင်ပြင်လက္ခဏာတွေကို ရှုသိလျက်က ရှို့မြှိုက်ဖျက်ဆီးပစ်နေတာပါပဲ။

http://www.dhammadownload.com



ဒီတော့ မေတ္တာပို့ရင်း ဈာန်သို့ချဉ်းကပ် တက်လှမ်းနိုင်အောင် ဦးစွာ မိမိကိုယ်တိုင် မေတ္တာစိတ် ဝင်စားကြည့်ရပါတယ်။

'ငါသည် ဒုက္ခကိုမလို၊ သုခကိုသာ အလိုရှိ၏'

ငါ့လိုပဲ ဘယ်သူမဆို သုခကိုသာ အလိုရှိပေလိမ့်မယ်။ ဒါ့ကြောင့် အားလုံးသတ္တဝါတွေ ချမ်းသာပါစေလို့ စိတ်ညွတ်ပြီး မေတ္တာပို့ရပါမယ်။

မိမိရဲ့ မေတ္တာစိတ်ထိရောက်အောင် လေ့ကျင့်ဖို့ကတော့ ဒီနေ့မှ စတွေ့ဖူးသူကစပြီး (၁၀)နှစ်အတွင်း ဆုံတွေ့ခဲ့ရတဲ့ မိတ်ဆွေအားလုံး၊ ပြီးတော့ (၁၀)နှစ်အလွန်က မိတ်ဆွေအားလုံးသို့ မေတ္တာပို့ပေးပါ။ မေတ္တာပို့နည်းကတော့ ဒီနေ့က စတွေ့သူကနေ မနေ့က၊ တစ်ပတ်အတွင်းက၊ ပြီးတော့ တစ်လ၊ နှစ်လအတွင်းက တွေ့ဖူးသူမိတ်ဆွေတွေဆီ တိုးတိုးပြီး မေတ္တာပို့သွားပါ။ (၁၀)နှစ်အပိုင်းခြားလောက်အထိ နောက်ပြန်ပြီးဆုံ စည်းခဲ့ရာ မိတ်ဆွေများသို့ တစိမ့်စိမ့်မေတ္တာပို့ပါ။ အဲဒီကနေ ဆယ်နှစ် ကျော်ကာလများအထိ မှတ်မိသမျှအချိန်ကာလများထဲက မိတ်ဆွေတွေကို မေတ္တာပို့ပါ။

အဲဒီ မှတ်မိသမျှကာလများကနေ ဆယ်နှစ်အတွင်းထိ၊ ဆယ်နှစ် အတွင်းမှသည် ယနေ့တွေ့တဲ့ မိတ်ဆွေအထိ တစ်ခေါက်ပြန်ပြီး မေတ္တာပို့ ပါဦး။

ယနေ့ ဆယ်နှစ်၊ ဆယ်နှစ်ကျော်ကာလများ။

ဆယ်နှစ်၊ ဆယ်နှစ်ကျော်ကာလများမှ ယနေ့အထိ။

အသွားအပြန် အဖန်ဖန်မေတ္တာပို့ပါလို့ ကျေးဇူးရှင် မဟာဗောဓိ မြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြထားပါတယ်။

မိမိမေတ္တာပို့ရမယ့် နှစ်ကာလအတွင်း မေတ္တာပို့ရမယ့် သူ(၁၀၀) ခန့် မှတ်မိသည် ဆိုပါစို့။ အဲဒီတစ်ရာလုံးကို တစ်မှတစ်ရာ၊ တစ်ရာမှတစ် အဖန်ဖန်အထပ်ထပ် မပြတ်အာရုံပြုပါ၊ (ဝါ) မေတ္တာပို့ပေးပါလေ။ အာရုံပြု တယ်ဆိုတာ

* ငါသည် ဒုက္ခဆင်းရဲကင်းချင်၏။ သူလည်းကင်းပါစေ။

http://www.dhammadownload.com



* အနာရောဂါ ဝေဒနာကအစ ပျောက်ကင်းချမ်းသာပါစေ။

* ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။

* ဆင်းရဲအပေါင်းမှ လွတ်မြောက်၍ ချမ်းသာမှုအပေါင်းနှင့် ပြည့်စုံပါစေ လို့ စိတ်ညွှတ်ပေးတာကို ဆိုလိုပါတယ်။

ဘယ်လောက်ထိ မေတ္တာပို့ရမှာလည်းဆိုတော့ ...

မိမိသွားခဲ့ဖူး၊ ရောက်ခဲ့ဖူး၊ နေခဲ့ဖူးတဲ့ အရပ်ဒေသအားလုံးမှ တွေ့မြင်ဆက်ဆံခဲ့ဖူးသမျှ၊ အတူနေထိုင်ပြောဆိုခဲ့ဖူးသမျှ၊ အပြန်အလှန် ကျေးဇူးပြုဖူး ကူညီခဲ့ဖူးသမျှ၊ ကြီး၊ငယ်၊ရွယ်၊လတ်၊ လူမျိုးစုံ၊ဘာသာစုံ အားလုံးတို့ကို ပြန်လှန်တွေးယူပြီး တစ်ဦးချင်းသို့ မေတ္တာပို့ပေးရမှာပါ။ ကျေးဇူးပြုဖူးတဲ့သူဆိုရင် တိရစ္ဆာန်တောင် မကျန်ခဲ့ပါစေနဲ့။ အားလုံးသို့ လွှမ်းခြုံမေတ္တာပို့ပေးပါလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက လမ်းညွှန်တော်မူပါတယ်။

မေတ္တာစျာန်ဝင်စားရာမှာ စေတနာမှန်ဖို့ အဓိက၊ စင်ကြယ်နေဖို့ ပဓာန၊ ဘက်မလိုက်မှ မေတ္တာ။ မေတ္တာဟူသည် ညီမျှခြင်း။ တစ်ဦးတည်း သောသားအပေါ်ထားတဲ့ အမေတစ်ယောက်ရဲ့ မေတ္တာမျိုး တစ်လောကလုံးအပေါ် ထားနိုင်ရမယ်လို့ ညွှန်ပြပါတယ်။ ဒီမေတ္တာမျိုးသာလျှင် စျာန်အဆင့်တက်မယ့်မေတ္တာ။

အဲဒီလို တွေ့ခဲ့၊ ဆုံခဲ့ဖူးသမျှ မိတ်ဆွေများဆီ အစမှအဆုံး၊ အဆုံးမှအစ အသွားအပြန် အဖန်ဖန်မေတ္တာပို့လေသော် နောက်ဆုံးမှာ နှစ်သက်စရာအကောင်းဆုံး မိတ်ဆွေတစ်ယောက် ပေါ်လာပါလိမ့်မယ်။'နှစ်သက်စရာ'ဆိုရာမှာ 'တဏှာ'လုံးဝမပါကြောင်း အထူးသတိပြုရပါဦးမယ်။ အဲဒီနှစ်သက်စရာအကောင်းဆုံး မိတ်ဆွေကို အာရုံစူးစိုက်ပြီးတော့

* သူသည် ငါ့အား သနားချစ်ခင်ရှာပေ၏။ ကူညီစောင့်ရှောက်ခဲ့ပေ၏။ ကျေးဇူးအထူးပြုခဲ့ဖူးပေ၏။ သူသည်လည်း ငါ့လို အသက်နှင့်သတ္တဝါပေကပဲ။

* ဆင်းရဲမလို၊ ချမ်းသာလိုပေလိမ့်မယ်။ ဒါကြောင့် ...

http://www.dhammadownload.com



* ဘေးရန်အန္တရာယ်ခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာပါစေ၊
* အနာရောဂါ ဝေဒနာများမှ ကင်းငြိမ်းချမ်းသာပါစေ၊
* ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊

ဆိုတဲ့ မေတ္တာစိတ်နဲ့ ခြေဖျားမှသည် ဦးခေါင်းဖျားအထိ၊ ဦးခေါင်းဆံဖျားမှသည် ခြေဖျားအထိ အစဉ်အတိုင်း မေတ္တာဓာတ်ကြီး လွှမ်းခြုံပေးပါလေ။

ပြီးတော့ သူ့တစ်ကိုယ်လုံးရှိ အတွင်းပိုင်းမှ အပြင်ပိုင်း၊ အပြင်ပိုင်းမှ အတွင်းပိုင်းသို့ စိတ်ကိုင်းညွှတ်လျက် မေတ္တာပို့ပါလေ။ အတွင်းပိုင်းမှာမှ သူ့နှလုံးအတွင်းရှိ စိတ်ကလေးဆီ မိမိ၏မေတ္တာစိတ် သွင်းပေးပါလေ။ သူ့စိတ်ကလေး အေးငြိမ်းပါစေ၊ ပူလောင်ခြင်းအလျဉ်း မရှိပါစေနှင့်လို့ လွှမ်းခြုံပြီး မေတ္တာပို့ပါလို့ ဆရာတော်ဘုရားကြီးက မှာကြားလမ်းပြတော်မူပါတယ်။

အဲဒီလို သူ့ရင်ကြားက နှလုံးသားမှာခိုနေတဲ့ စိတ်ကလေးအထိ မေတ္တာပို့နိုင်ပြီဆိုရင် သူ့ကို မိမိရှေ့မှာ ဘွားခနဲပေါ်လာသလို တွေ့မြင်လာရမှာ ဖြစ်ပါတယ်။ ဒီလိုအနေအထားကို ရောက်ပြီဆိုရင် မိမိရဲ့ 'မေတ္တာကျင့်စဉ်အောင်ပြီ'လို့ မှတ်ယူနိုင်ပါပြီ။ အဲဒီအချိန်မှာ မိမိစိတ်ကလေးဟာလည်း တပိုတပါးသို့ များစွာမပြေးလွှားတော့ဘဲ မိမိမေတ္တာပို့သူဆီမှာပဲ ငြိမ်ပြီးတည်နေပါတော့တယ်။ အဲဒီလို မလှုပ်မယှက်ငြိမ်သက်တည်ကြည်နေတဲ့ စိတ်ကလေးနဲ့ မေတ္တာပွားပို့နေတဲ့အခါ ...

* အာရုံအများကြီးထဲက ကိလေသာမကပ်တတ်ရာ အာရုံတစ်ခုကိုပေါ်အောင် ဖော်ပေးနေပါပြီ။
* ပေါ်နေတဲ့အာရုံ ပျောက်မသွားအောင် မျက်ခြည်မပြတ် သုံးသပ်ပေးနေပါပြီ။
* မိမိကျင့်နေတဲ့ အကျင့်အပေါ် နှစ်သက်အားရ သဘောကျလာပါပြီ။
* မိမိရဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာနေတာကိုလည်း ခံစားနိုင်ပါပြီ။
* မိမိလက်ခံကျင့်သုံးနေတဲ့ တစ်ခုတည်းသော အာရုံအပေါ်မှာ မိမိစိတ်တည်နေပါပြီ။

http://www.dhammadownload.com



ဒါဟာ ကိလေသာကို ရှို့မြှိုက်ဖျက်ဆီးနေတဲ့ အဂ်ါရပ်များပါပဲ။ စိတ်တည်ကြည်သန့်စင်မှုပေးတဲ့ ဒီအင်္ဂါရပ်များကို အချိန်မရွေး ဝင်စားနိုင်အောင်၊ အချိန်ကန့်သတ်ပြီး အတိအကျဝင်စားနိုင်အောင်၊ ကန့်သတ်ချိန်စေ့တာနဲ့ ရုတ်တရက် ထနိုင်အောင်၊ ထပြီး ပြန်ဝင်စား၊ ဝင်စားပြီးတစ်ဖန်ပြန်၍ ဈာန်ဝင်စားနိုင်အောင် ပတ်လည်ကျက်စားပြီး လေ့ကျင့်ထားရမယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူပါတယ်။

ဒီနည်းအားဖြင့် မိမိနှစ်သက်ဆုံးသူအပေါ်မှာ မေတ္တာကျင့်စဉ်အောင်မြင်ပြီဆိုလျှင် အခြားအခြားသောပုဂ္ဂိုလ်များကိုလည်း တစ်ယောက်ချင်းမေတ္တာပို့လို့ရပါပြီ။ ကသိုဏ်ဖြစ်ရဲ့ ရိုးရိုးပို့စဉ်မဟုတ်တော့ဘဲ ဈာန်ရတဲ့ အထိ (ကိလေသာတွေကို ရှို့မြှိုက်ပြီးသည့်အထိ)မေတ္တာပို့လို့ရပါပြီ။ အဲဒီနောက် မိမိမတွေ့ဖူး၊ မသိဖူးသော်လည်း လောကကြီးတစ်ခုလုံးကို မေတ္တာပွား၊ မေတ္တာပို့လို့ရပါပြီ။

မိမိရဲ့ ဘဝဖြတ်သန်းမှုမှာ မိတ်ဆွေတွေချည်း တွေ့ဆုံခဲ့ရတာမဟုတ်။ ရန်သူ၊ မုန်းသူအဖြစ် ပတ်သက်ခဲ့တာတွေလည်း ရှိပါလိမ့်မယ်။ မေတ္တာစစ်မှာ မိတ်ဆွေ၊ ရန်သူမခွဲခြားတော့။ ဒီတော့ တစ်ခါက ရန်ဖြစ်ခဲ့ဖူးသောသူတွေကိုလည်း တာဝန်တစ်ရပ်အနေနဲ့ကို မေတ္တာပွားပို့ပါ။ မြူးသူရန်ဘက်များကိုလည်း တစ်ဦးချင်းမေတ္တာပို့ပါ။ အဲဒီမှာ ဘယ်လိုမှ မေတ္တာပို့မရတဲ့၊ တွေးမိတိုင်း မကျေမနပ်ဖြစ်ဖြစ်နေရတဲ့ 'အမုန်းဆုံး'ဆိုတာတွေ့ရှိခဲ့ပါသော် ...

နသော ဘိက္ခဝေ သဗ္ဗော သုလအရူပေါ

ယောနမာတာ ဘူတပုဗ္ဗော

ဆိုတဲ့ ဘုရားဟော 'အနမတဂ္ဂသုတ်'တော်ကို ဆင်ခြင်ပါလို့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက လမ်းပြတော်မူပါတယ်။

သူက ရန်သူမဟုတ်၊ ရှေးက မိဘအဖြစ် ငါ့အားကျေးဇူးပြုဖူးလှပေပြီ။ ဒေါသသည် ငါ့စိတ်မှာ လာရောက်ပူးကပ်နေသော ဒေါသသာ

http://www.dhammadownload.com



တည်း။ ဒေါသသည် ငါ့အားရှာန်လျှောအောင် ပြုလုပ်ခဲ့၏။ ငရဲသို့လည်း ပစ်ချခဲ့ဖူးချေ၏။ ထိုသူကား ငါ့အားရှာန်လျှောအောင်လည်း မလုပ်ခဲ့ဖူး။ ငရဲသို့လည်း ပစ်မချခဲ့ဖူးချေ။

အဲဒီလို ဆင်ခြင်နှလုံးသွင်းပြီး မိမိကိုယ်ကိုဆုံးမလျက် မေတ္တာမပျက် ဆက်၍ပို့ပါလော။ တကယ်လို့ အဲဒီရန်သူဖြစ်ခဲ့ဖူးသူကို 'ရှေးက မိဘတော်ခဲ့ဖူးပါတကား'လို့ နှလုံးသွင်းလို့ မရဘူးဆိုလျှင် သူလည်း ငါ့လို အသက်နှင့်ပါပဲလား၊ ဆင်းရဲကင်း၍ ချမ်းသာခြင်းသာ အလိုရှိတာပါတကားလို့ ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်စေပြီး မေတ္တာမပျက် မေတ္တာဆက်၍ပို့ပါလေ။

ဒီလိုနည်းနဲ့လည်း သူ့ကို မေတ္တာပို့လို့ မရသေးဘူးဆိုလျှင် အားလုံးကို မေတ္တာပွား၍ မေတ္တာအားကောင်းနေချိန်တွင် ထိုမုန်းသူအပေါ် ဦးတည်ပေးလိုက်ပါက မေတ္တာပွားပို့ပြီး ဖြစ်တတ်ပါတယ်။ အားလုံးကို မေတ္တာပို့ပြီး သူ့ကိုတစ်ဆက်တည်း မေတ္တာပို့လို့ မရတော့ပါလျှင် ဥပေက္ခာပြုလိုက်ရုံသာရှိပါတော့တယ်။ မေတ္တာစျာန်ဝင်စားရာမှာ ရှေးဦးစွာ မေတ္တာမပွားအပ်သူများကတော့

* မုန်းသူကို မေတ္တာပွားလျှင် ပွားလေမကျေနပ်လေ ဖြစ်တတ်ပါတယ်။
* အချစ်ဆုံးသူကို မေတ္တာပွားလျှင် ပွားလေသောကဝင်လေ ဖြစ်တတ်ပါတယ်။
* မချစ်မမုန်းသူကို မေတ္တာပွားလျှင် အာရုံမထင် ဖြစ်တတ်ပါတယ်။
* ရန်သူကို မေတ္တာပွားလျှင် ပွားလေဒေါသဝင်လေ ဖြစ်တတ်ပါတယ်။

ဒီလေးမျိုးကို မေတ္တာစျာန်အင်အား အလွန်ကြီးမားတဲ့ အခါမှသာ မေတ္တာမွားသင့်ပါတယ်တဲ့။ မေတ္တာစျာန်ဝင်စားရာမှာ ရှောင်ကြဉ်သင့်သူ နှစ်ဦးလည်း ရှိနေပါသေးတယ်။

* ဆန့်ကျင်ဘက်လိင်ကို မေတ္တာပွားလျှင် ပွားလေ ရာဂထကြွလေ ဖြစ်တတ်ပါတယ်။
* သေဆုံးပြီးသူမှာလည်း မိမိရဲ့ မေတ္တာစိတ်ကို ခံနိုင်တဲ့သတ္တိမရှိ၊

http://www.dhammadownload.com



အာရုံယူရန် အာရုံခံမရှိတော့လို့ မေတ္တာစျာန် ဝင်စားလို့ မရကောင်းတော့ပါဘူး။

*မှတ်ချက်*။ ။ ကုသိုလ်ဖြစ် မေတ္တာပို့ရာမှာတော့ ဆန့်ကျင်ဘက်လိင်ဟာ ရာဂကို မဖြစ်စေနိုင်ပါဘူး။ သေဆုံးသူကိုတော့ မေတ္တာပို့လို့လည်း အကျိုးမထူးတော့ပါဘူး။ သေသူကို အမျှဝေရုံသာ။

* မေတ္တာအင်အားကြီးမားသူရဲ့ ကြင်နာမှုဟာ ကရုဏာကို ဖြစ်စေပါတယ်။
* မေတ္တာအင်အားကြီးထွားသူရဲ့ နှစ်သက်မှုဟာလည်း မုဒိတာကို ဖြစ်စေပါတယ်။
* မေတ္တာအင်အား ကောင်းမွန်သူရဲ့ ဘက်မလိုက်မှုဟာလည်း ဥပေက္ခာကို ဖြစ်စေပါတယ်။

မေတ္တာဦးစွန်းရဲ့နောက်မှာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားများ လိုက်ပါလို့နေပါတယ်။ သို့သော် မေတ္တာစိတ် မပြည့်ဝသေးပါလျှင် ဆင်းရဲခံနေရသည်ကိုမြင်သော်လည်း ကရုဏာစိတ် ကြာရှည်မတည်၊ ဘာသိဘာသာစိတ်ဖြင့်သာ လျစ်လျူရှုပြီး နေတတ်တော့တယ်။ ဒါဟာ သူတော်ကောင်းလက္ခဏာမဟုတ်။

ဒီလိုပဲ၊ ချမ်းသာသုခနဲ့ ပြည့်စုံနေသူကို ကြည့်မြင်ပြီးတော့လည်း ၂၈ စ်ထောင်းအားရ သဘောကျတဲ့ မုဒိတာစိတ်ဖြစ်ဖို့ ပိုပြီးတော့တောင် ခက်လှချည်သေးတယ်။ သူရဲ့ ချမ်းသာသုခအပေါ် မနှစ်သက် မရှုစိမ့်နိုင်ခြင်း၊ မနာလိုစိတ် ပြင်းထန်လာခြင်းစတဲ့ ဣဿာတရားဆိုးသာ တိုးပွားလာတတ်ပါတယ်။

ဒါကြောင့် ကရုဏာ၊ မုဒိတာစိတ်တို့ တကယ်စစ်စစ်မှန်မှန် ပေါ်ပေါက်လာဖို့ဆိုတာ မေတ္တာကျင့်စဉ်ကိုသာ အဖန်ဖန်အခါခါ နာနာကျင့်ရမယ်လို့ ဆိုလိုပါတယ်။ သူ့ခပ်သိမ်းတို့အပေါ် မေတ္တာဖြင့်သာ လွှမ်းခြုံပေးပါ။ ကရုဏာ၊ မုဒိတာဆိုတာလည်း မေတ္တာစျာန်ရဲ့ အစိတ်အပိုင်းပဲလို့ ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ကြီးက အလေးအနက်ညွှန်ပြ

http://www.dhammadownload.com



တော်မူပါတယ်။ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ အကျိုးကို ဖြစ်စေနိုင်တဲ့ကံတို့တွင် မေတ္တာသည် အသာလွန်ဆုံး၊ အထွတ်မြတ်ဆုံးဖြစ်၍ မေတ္တာကိုအန်တုနိုင်သောကံဟူ၍ မရှိပြီလို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အတိအလင်း ညွှန်ပြတော်မူခဲ့ပါကြောင်းပါဗျာ။

အညွှန်း

* (၁၉၉၈)ခုနှစ်၊ ဇန်နဝါရီလ၊ မဂ္ဂပဋိသံယုတ္တကထာ။
* (၁၉၉၈)ခုနှစ်၊ ဒီဇင်ဘာလ၊ ဓမ္မောဝါဒကထာ(မှုသစ်)။
* (၁၉၉၈)ခုနှစ်၊ အောက်တိုဘာလ၊ ဝေဒလ္လချောင်ဩဝါဒများ။

[ အမှတ်-၆၆၊ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ၊ ဂမ္ဘီရမဂ္ဂဇင်း]

http://www.dhammadownload.com

http://www.dhammadownload.com

# ကြိုက်လောဘနှင့် ပြိတ္တာဘဝ

*မြန်မာလူမျိုးတို့ ခေါ်ဝေါ်နေကြသော တစ္ဆေသရဲအစိမ်းဘီလူး ဆိုသည်မှာလည်း ပြိတ္တာများပင်ဖြစ်ကြပါသည်။*

*ပြိတ္တာဟု လွယ်လွယ်ခေါ်နေကြသော်လည်း ထိုပြိတ္တာကား အမျိုးမျိုးရှိပါသည်။ အချို့ပြိတ္တာတို့ကား ငရဲခံရသကဲ့သို့ မပြတ်ညှဉ်းပန်း နှိပ်စက်ခြင်းကို ခံကြရသည်။ အချို့ပြိတ္တာတို့ကား နေ့ခံ ညစံ၊ နေ့စံ ညခံဖြင့် တစ်ခါတစ်ရံ နတ်ကဲ့သို့၊ တစ်ခါတစ်ရံ ငရဲတိုက်ကဲ့သို့ ဖြစ်ကြရသည်။ အချို့သော ပြိတ္တာများကား အလွန်ဘုန်းတန်ခိုးကြီး၍ လူတို့ထက် ချမ်းသာမှု သာလွန်သည်ဟု ထင်ကြရသည်'*

နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီးက ပြိတ္တာ အကြောင်းတစ်စေ့တစ်စောင်းကို အဲဒီလိုရေးဖူးပါတယ်။ (၁၉၉၈)ခုနှစ်၊ ဒီဇင်ဘာလထုတ် ဆရာမောင်ခိုင်ခန့်ရဲ့ 'ပြိတ္တာဘဝ...' တအုပ် အမှာစား

http://www.dhammadownload.com



စာမျက်နှာ(၁၃)မှာ ရေးခဲ့ခြင်းဖြစ်ပါတယ်။ ဗုဒ္ဓမေ္မစာပေမှာ ပြိတ္တာအကြောင်း ဖော်ပြချက်တွေ အတော်များများ ဖတ်မှတ်ခဲ့ဖူးကြပါလိမ့်မယ်။ အပါယ်လေးဘုံမှာပါဝင်တဲ့ ပြိတ္တာတို့ရဲ့ဘဝရှုခင်းကို ကွင်းကွင်းကွက်ကွက် ဖော်ပြထားတဲ့စာတစ်ပိုဒ်ကို လောလောလတ်လတ် ဖတ်ခဲ့ရပါတယ်။

ကျမ်းပြုအရှင်မှာ 'မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥ ေယျမေ္မသာမိထေရ်'ဖြစ်ပြီး 'သုညသင်္ခါရကထာ'ကျမ်းစာအုပ်မှာ ပြိတ္တာဘဝကို သံဝေဂယူဖွယ် ဖော်ပြထားခြင်းဖြစ်ပါတယ်။ သုညသင်္ခါရကထာဟာ ဆရာတော်ဘုရားကြီးရဲ့ (၂၇)အုပ်မြောက်ကျမ်းစာအုပ်ဖြစ်ပြီး ကန့်ဘလူမြို့နယ်၊ နတ်တလူ သာသနာပြုအသင်းကြီးက စာမူခွင့်ပြုချက်-၅၆၆/၂၀၀၁ (၉) ဖြင့် (၂၀၀၁)ခုနှစ်၊ အောက်တိုဘာလမှာ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ သုညမှစခဲ့ရသော ဘဝသင်္ခါရတို့အကြောင်းကို အဝိဇ္ဇာသုည၊ တန်ဖိုးမဲ့သုညမှ ဝိဇ္ဇာသုည အနတ္တလက္ခဏာ ဆိုက်ရောက်သည်အထိ ကျင့်ကြံအားထုတ်ရပုံများကို သဘောတရားနဲ့လက်တွေ့ ပေါင်းစပ်ဖော်ပြထားတဲ့ ထူးကဲတဲ့ကျမ်းတစ်စောင်ဖြစ်ပါတယ်။ တန်ဖိုးအမြင့်ဆုံးအနိုင်းမဲ့သုညတနိဗ္ဗာန်သို့သွားရောက်ရာခရီးစဉ်မှာ အပါယ်လေးဘုံဘဝများမှ ပြိတ္တာရှုခင်းကိုလည်း မလွဲမသွေကြုံတွေ့ဖြတ်သန်းရမှာဖြစ်ပါတယ်။

ပြိတ္တာဘဝ ဘယ်ကလာလဲ၊ ဘာကြောင့် ပြိတ္တာဖြစ်ရသလဲ၊ ပြိတ္တာဘဝမှာ ဘယ်လိုနေထိုင်ကြသလဲ၊ ပြိတ္တာတို့ရဲ့သဘော ဘယ်လိုပြောနိုင်ပါသလဲ ဆိုတာကို မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'သုညသင်္ခါရကထာ' စာအုပ်မှာ အဖြေပေး ဖော်ထုတ်ထားပါတယ်။

ဗုဒ္ဓဘာသာဝင်များနဲ့ ရင်းနှီးပြီးသားဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စကားသုံးလုံးထဲက လောဘစိတ်က တွန်းပို့လိုက်လို့သာ ပြိတ္တာဘုံဘဝသို့ ရောက်ရခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



## လောကေလဉာနတော
## ယေဘုယျေန ပေတာယံ ဂစ္ဆန္တိ

ကြိုက်စိတ်သည် အစေးဓာတ်ဖြင့် ငြိကပ်စေတတ်သောသဘာဝ သဘာရှိသောကြောင့် စိတ်စွဲရာ ရုပ်နာမ်ကျ ပြိတ္တာဘဝထဲသို့သာ အများ အပြားသွားကြရသည်။

ထိုလောဘအုပ်စုသည် အတွဲညီလှသော တဏှာ၊ မာန၊ ဒိဋ္ဌိ တို့တွင် တဏှာက အငေးကြည့်သော်အဆန်း၊ လက်ထဲတိုး အရိုးချည်း ဖြစ်သွားလေတိုင်း တွေ့ရာ၊ မြင်ရာမှန်သမျှ ငမ်းဖမ်းပေးရန်ပူဆာ၊ မာန ငါကလည်း ဘာနှင့်ပြိုင်ပြိုင် ငါကသာ အနိုင်ရစေမည်ဖြင့် လုယက်ပေး၊ ဒိဋ္ဌိငါကလည်း ဘာကိုင်ကိုင် ငါအပိုင်အမြင်ဖြင့် တွင်တွင်ဖမ်းသိမ်းပေးတို့ ဖြင့် သုံးချက်သေလုပ်ကွက် ဖော်ပေးနေကြတော့လေရာ သံသရာနယ် ကျယ်မှန်သမျှ ၎င်းတို့လက်ရာချည်းသာ။ သို့ကြောင့် ဘဝဆုံး အလွတ်ရုန်း လိုသူတိုင်း ၎င်းအုပ်စုကို အထူးဂရုပြု ရှောင်ကြရသည်။ အာရုံအထိ အထဲ သိဖြင့်သာ ပြီးပြေသွားရန် ကြိုးစားကြရသည်။ ထိုလောဘအုပ်စုသည် အပါယ်လေးဘုံသွား လက်မှတ်သုံးစောင်၊ သံသရာတစ်ခွင်လုံး၏ အုပ်ချုပ် ရေးမှူး၊ မကောင်းမှုဒုစရိုက်တို့၏ ဦးစီးတည်း'

*(သုညသစ်ရိုကထာ၊ စာ-၆၉)*

သတ္တဝါတွေအဖို့တော့ လောဘက အကြိုက်ပေး ဖျက်ဆီးထား တဲ့အတွက် လောဘကို ရန်သူလို့မထင်၊ အကြိုက်ပေးနေတဲ့အတွက် မိတ် ဆွေထင်ပြီး ကျေးဇူးတောင် တင်တတ်ကြပါသေးသတဲ့။ သတ္တဝါတို့ရဲ့ လိုချင်တောင့်တ ကြိုက်လောဘဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို မဟာ ဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလိုရှင်းလင်းဖော်ထုတ်ထားပါတယ်။ ဒီရှင်းလင်းချက်ကိုကြည့်ပြီး ပြိတ္တာဘဝဆီ ဘယ်လိုစိတ်စေတသိက်တွေ က အရောက်ပို့လိုက်တယ်ဆိုတာ ဆင်ခြင်မိကြပါလိမ့်မယ်။

'အာရုံသည် ညို့ဓာတ်ပါသဖြင့် ညို့ယူဖမ်းစားနိုင်စွမ်းရှိ၏။
အာရုံရှင်ထံရှိ အနုသယဓာတ် ညို့အားများ၏ ဆွဲအားကလည်း

http://www.dhammadownload.com



ထိုအာရုံဝယ် ပါဝင်နေသေး၏။ ရေဓာတ်ဝင်သဖြင့် အေးသောဖား၏ သဏ္ဌာန်၌ မီးဓာတ်ကိန်းသဖြင့် ပူနေသောမြွေအား ညှို့နေသောညှို့ဓာတ် အလိုလိုပါဝင်နေသည်ကို အမြင်ပေါက်သင့်၏။

မိမိတို့၌ တည်ဆောက်အပေးခံထားရသော 'ကံအိမ်'တွင် ဓာတ်လေးပါး တစ်ပါး,တစ်ပါးကို အမာခံထားအဖြစ်ဖြင့် တည်ဆောက်အပေးခံထားရလေ့ရှိရာ ထိုအမာခံဓာတ် သူ့၌ရှိသင့်သလောက် မဝင်လာပြန်လျှင်လည်း 'အလို' ဟူသည် ပေါ်စမြဲတည်း။ ထိုအမာခံဓာတ်ကို ထိန်းသိမ်းပေးကြရသော အရံဓာတ်ကူများ မဝင်လာပြန်လျှင်လည်း 'အလို' ဟူသည် ပေါ်စမြဲတည်း။ ထိုအခါ ကံအိမ်ပေါ်နေသော ဓာတ်များနှင့် ဓာတ်ပိုင်ရှင်များ ဣန္ဒြေမရကြတော့ပြီ။

ထိုသို့ ကံအိမ်ပေါ်တက်နေကြသောဓာတ်တို့ ချောက်ချောက်ချားချားဖြင့် ဖောက်ပြားရေး သွေးတောင်းနေကြတော့ရာ ၎င်းတို့လိုအပ်သောဓာတ်ကို ကံနှင့်အတူ စိတ်ကသိ၏။ သို့သော် ထိုအသိသည် အစားအစာဖြစ်လျှင် ဆာသည်ကိုသာ သိပြီး ဘာဟင်းစားရမှ၊ ဘာထမင်းနှင့် ခွံ့ပေးမှဟူ၍ အသိမရှိသေးသော ကလေးတို့၏စိတ်ပမာ သိရုံမျှသာ။ သို့ကြောင့် သိရုံမျှ ထိုသိစိတ်က အတူနေ 'ကံသင်္ခါရ'ကို ဓာတ်စာဖြည့်ပေးရန်ပူဆာရ၏။ တစ်ဖန် ကံသင်္ခါရကလည်း ပြုဖြစ်ရန် တိုက်တွန်းမှုမျှလောက်ကိုသာ သူတတ်နိုင်၏။ သို့ကြောင့် ကံအိမ်ပေါ်ကို ကံညွှန်သည့်အဖြစ် လာရောက်တည်းခိုနေသော စိတ်ကိုင်လောဘ (လောဘစေတသိက်) အား စိတ်နှင့်တွဲ၍ လိုချင်စိတ်ဖြစ်ပေါ်လာရန် ကံသင်္ခါရက တိုက်တွန်းပေးရပြန်၏။

သို့သော် ထိုလောဘကလည်း လိုချင်သည်ဟူသော စကားတစ်လုံးကိုသာ ပြောပေးတတ်၏။ ဘာကိုဟူ၍ကား မပြောတတ်။ ပြောတတ်ရန် သူ့၌ သဘာဝက ဖန်ဆင်းပေးမထား။ သို့ကြောင့် ကံသင်္ခါရသည် တစ်ဖန် အစွဲသိကိုလည်းကောင်း၊ ပညတ်ကိုလည်းကောင်း ဖန်ဆင်းပေးတတ်သော စိတ်ကိုင်သညာ (သို့မဟုတ်) သညာစေတသိက်အား သွား

http://www.dhammadownload.com



ရောက်တိုက်တွန်းပေးရပြန်၏။ တစ်ဖန် ထိုသညာကလည်း ဘာဘာညာညာကိုသာ သိလည်းသိ၊ ပြောလည်း ပြောတတ်ပြီး၊ ထိုဘာဘာညာညာ၏အတွင်း ချဉ်းနင်းကာ မစုံစမ်း၊ မစပ်စုတတ်။ သို့ကြောင့်...

ကံသင်္ခါရသည် စုံစမ်းပေးတတ်သော ဝေဒနာဆီသို့လည်းကောင်း၊ ဆုံးဖြတ်ပေးတတ်သော အစွဲမှိဝိညာဉ်စုသို့လည်းကောင်း သွားရောက်ကာ တိုက်တွန်းပေးရပြန်၏၊ ထိုအခါတွင်ကား ကံ၊ စိတ် နှစ်ပါးတို့၏ လိုက်လံစည်းရုံးမှုကြောင့် ...

* အနတ္တရုပ်ကို အတ္တလုပ်၍ နိုင်းစားတတ်သော အစွဲသိဝိညာဉ်လည်း ပါလာပြီ။
* ခံစားပေး၊ မှတ်သားပေးကြမည့် ဝေဒနာသညာများကလည်း အဆင်သင့်ဖြစ်နေကြပြီ။
* ဘာဘာညာညာ အမည်ဖော်ပေးမည့် အစွဲကိုင်သညာကလည်း ဟန်ပြင်နေပြီ။
* အသံကြားရာ လိုက်ပူဆာပေးမည့် လောဘစေတနာ စသည်များကလည်း ဟန်ပြင်နေကြပြီဖြစ်ရာ ကံသင်္ခါရသည် ကြိုက်ကောင်ကို ဆောင်ယူရာ၌ ပါဝင်လေ့ရှိကြသော တဏှာ၊ မာန၊ ဒိဋ္ဌိ စသည့် အကုသိုလ် သင်္ခါရ (၁၈)ပါးတို့ဖြင့် ကြိုက်လုပ်ငန်းကြီးက စတင်လိုက်ချေပြီ။
* ထိုစဉ် လိုနေသည်ကစာတ်၊ လိုချင်သည်က လောဘတဏှာ၊ ခံစားချင်သည်ကလည်း လောဘစေတနာ။
* ခံစားပေးနေရပါသည်ကား ဝေဒနာ၊ မှတ်သားပေးနေရပါသည်ကား သညာ၊ စီမံကြောင့်ကြစိုက်ပေးနေကြရသည်များကား လောဘအုပ်စုဝင်သက်သက်က ငါးပါးနှင့် ကြံရာပါများကား တစ်ဆယ့်သုံးပါး၊ ပေါင်းသော် (၁၈)ပါး။ အရှိန်နှင့်အဖိ တည့်တည့်ကျစေရန် ထိန်းသိမ်းပေးနေသည်က မနိန္ဒြေ။
* ကြိုက်သိ၊ မကြိုက်သိ သိရုံမျှ သိ,သိပေးနေရသည်က ပင်ကိုသိစိတ်၊

http://www.dhammadownload.com



ကောင်းစွဲ၊ ဆိုးစွဲ အစွဲထားသူများကား တဏှာနှင့်ယှဉ်သော အစွဲသိအတ္တစိတ်၊ ကိုယ့်သဘောထား၊ သူ့သဘောထား စပ်ဟပ်ပြောကြားပေးနေရသည်ကား ဝစီသင်္ခါရ၊ နှစ်ဖက်သော လုပ်သားများ ခေါင်းညိတ်၊ ခေါင်းခါနှင့်တကွသော ခိုင်းရာရာဖိ၊ ထိထိပေးနေကြရသည်ကား ကာယသင်္ခါရ၊ နှစ်ဖက်သောလုပ်သားများ နောက်ဆုံး ကောင်းမကောင်း ကြွေးကြော်ပေးလိုက်ရသူကား အစွဲမှိဝိညာဉ်များတည်း။ (နှစ်ဖက်လုပ်သားများမှာ ကံနှင့်တဏှာလို့ နားလည်အပ်ပါတယ်)

*(ငှင်း၊ စာ-၇၁)*

အဲဒီလို ကံသင်္ခါရ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သညာ၊ အစွဲ၊ ဝိညာဉ်စသည် ကွဲပြားနေသော်လည်း တစ်ခုတည်းပေါင်းလိုက်တဲ့အခါ 'ငါ'ဆိုတာကြီး ဘွားခနဲပေါ်လာပါတော့တယ်။ အဲဒီ ငါစွဲကြီးထဲက တစ်ခုချင်းဆွဲပြီးတရားစွဲသော် တရားခံဘယ်သူလဲဟေ့တဲ့။

'ယနေ့ အကောင်းထင်၊ အကောင်းကြိုက်မှုက မနက်ဖြန်အကြိုက်အပြခံရပြီး အကြိုက်မရ ရှိုက်၍ရှိုက်၍သာ တ,ရသော ပြဿာဘဝအဖြစ် အပြစ်ကျခံရန်၏အရာတည်း'

'လူသားတိုင်း ကောင်းစားချင်ကြ၏။ သို့ကြောင့်လည်း ကောင်းစားချမ်းသာမည်ထင်သော အရာများကိုချည်း ရွေးချယ်ကာ အလုပ်လုပ်နေကြ၏။ သို့တစေလည်း ထိုလူသားတိုင်း အကောင်းကို အကြိုက်ဖြင့်လိုက်၍ နှိုက်မိကြလေသောအခါ ကံဖျက်ငါ့နှိုက်မှု ပေါ်လာသဖြင့် အမှုရင်ဆိုင်ကြရတော့ကာ နောက်ဆုံးတွင် မကောင်းမှုဖြင့် အပြစ်ပေးခံကြရရှာ၏' *(ငှင်း၊ စာ-၇၂)*

ကောင်းမယ်ထင်ပြီး ကံကျူးလွန်ကာ မကောင်းရာ ဘုံဘဝပြဿာ စသည်ဖြစ်လာရာမှာ ပြဿာအကြောင်းကို မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလိုရှင်းလင်း ဖော်ပြထားပါတယ်။

http://www.dhammadownload.com



## ပြိတ္တာဆိုသည်မှာ

သေသည်နှင့်တစ်ဆက်တည်း ဤလူ့ဘဝ၊ လူရုပ်အသွင်ဖြင့် စွဲရာသွားရောက်နေခြင်းပင်။

* ထိုလူရုပ်သော်မှ သေခါနီးကာလရှိ ရုပ်သွင်နှင့် ထိုရုပ်၌ဆင်ထားသော အဝတ်အစားအတိုင်း မိမိအစွဲကပစ်ချရာ နေရာဒေသသို့ သွားရောက်နေခြင်းကိုဆို၏။

* မယားစွဲ၊ လင်စွဲသမားများက ထိုမယား၊ ထိုလင်နှင့် တစ်စပ်တည်း နေခွင့်ရရာဒေသမှာ။ သားစွဲ၊ သမီးစွဲသမားများက ထိုသား၊ ထိုသမီးများနှင့် တစ်ဆက်တည်းနေခွင့်ရရာဒေသမှာ။

* မြှုပ်နှံထားသော ပစ္စည်းစွဲသမားများက ထိုပစ္စည်းမြှုပ်နှံထားရာ၏ အနီးအပါးဒေသမှာ၊ လယ်ယာနှင့်ပြင်ပ ပစ္စည်းစွဲသမားများက ထိုလယ်၊ ထိုယာ၊ ထိုပြင်ပပစ္စည်း ထားရာသိုရာဒေသမှာ။

ထိုသို့ အာရုံ၏အစေးနှင့် မိမိ၏အစေးရှိတို့ ထိမိပြီး တစ်ဦးနှင့်တစ်ဦး (တစ်ခုနှင့်တစ်ခု) ငြိကပ်နေကြရာ နေရာဒေသနှင့်တစ်ဆက်တည်း (အနီးအပါးမှာပင်) ကပ်ငြိနေကြရရှာ၏။ *(၄င်း၊ စာ-၇၄)*

ပြိတ္တာဘဝဆိုတာ ကြိုက်စွဲ၊ ကြိုက်စိတ်ရှိရာ နေခွင့်ရပါသော်လည်း နေခွင့်ရဘဝကတော့ ဒဏ်ခတ်ခံရရှာတဲ့ နှိပ်စက်ခံဘဝများသာလို့လည်း ဆိုထားပါတယ်။

## ပြိတ္တာဘဝ ကျင်လည်လှုပ်ရှားရပုံများ

ပြိတ္တာဘဝ အဘယ်ပုံကျင်လည်လှုပ်ရှားရတယ်ဆိုတာ သံဝေဂရဖွယ် ဖတ်မှတ်ကြရပါတယ်။

* လူတို့လောကဝယ် အုပ်ချုပ်ရေးအဆင့်ဆင့်ရှိနေဘိသို့ အာရုံမှားဖဝါးကျွံ အစွဲလွန် အမှန်ထိ ခံထားကြရရှာသော ထိုဝိနိပါတိကဒဏ်ခံ (စွဲရာနောက်ဘဝပါ သွားရောက်ခံရသော အစွဲသန်ဒဏ်ခံ) ပြိတ္တာစသည်တို့ဘုံဘဝတွင်လည်း...

http://www.dhammadownload.com



* ရွာပိုင်(ၐင်းလက်အောက်၌ အိမ်၊ ခြံ၊ လမ်းပိုင်များလည်း ရှိနေကြသေးသည်)၊ ကွင်းပိုင်၊ ကုန်းပိုင်၊ နယ်ပိုင်မှ အဆင့်ဆင့် မြေတစ်ပြင်တည်းဝယ်ရှိကြ၏။ လောကသားများကို အနီးကပ်အုပ်ချုပ်ရန်တည်း။

(၁) ထို့အထက်တွင်ကား ကိုယ်ထင်ရုပ်ဘုံသားအားလုံးကို အုပ်ချုပ်သောနတ်မင်းကြီး။

(၂) နတ်(အောက်နတ် ဘုမ္မစိုး၊ ရုက္ခစိုး စသည်... )များကို အုပ်ချုပ်ရသော နတ်မင်းကြီး၊

(၃) မြွေနဂါး၊ နတ်နဂါး အားလုံးတို့အပေါ် အုပ်ချုပ်ရသော နတ်မင်းကြီး၊

(၄) သရဲ၊ သဘက်၊ ဘီလူး၊ ယက္ခ၊ ကုမ္ဘဏ် အားလုံးတို့အပေါ် အုပ်ချုပ်ရသော နတ်မင်းကြီး၊

အရပ်လေးမျက်နှာတို့မှနေ လောကကို စောင့်ရှောက်ပေးနေကြသောကြောင့် စတုလောကပါလခေါ် ထိုနတ်မင်းကြီးလေးဦးတို့ကားမြင်းမိုရ်တောင်၏ ချိုးတစ်ဝက်အရပ်တွင် ရှိနေကြ၏။ ထို့အထက်တွင်ကားနတ်တို့၏ နှစ်ပြည်ထောင်ပိုင်(စတုမဟာရာဇ် တာဝတိံသာပိုင်) သိကြားမင်းနှင့်တကွသောနတ်များ မြင်းမိုရ်တောင်၏ထိပ်ဝတွင် ရှိနေကြ၏။ ထိုသို့အဆင့်ဆင့်ရှိကြရာတွင်...

ပြိတ္တာတို့နှင့် လက်ပွန်းတတီး အုပ်ချုပ်နေကြရသူများကား ရွာတွင်းကုန်းပိုင်များပင်တည်း။

ထိုစဉ် ရွာတွင်းရှိ မယားစွဲ၊ သားစွဲ ပြိတ္တာများစွာသည် မိမိ, မိမိတို့၏ အစွဲကျရာ မယားနေ၊ သားရှိ အိမ်ဂေဟာသို့ လှည့်ပတ်နေလိုကြ၏။ သို့သော် စည်းကြပ်ဒိုင်နှင့်တူသော အိမ်တွင်းနတ်၊ ခြံတွင်းနတ် စသည်များက မောင်းထုတ်ပစ်နေကြ၏။ သို့ကြောင့် လမ်းပေါ်မှနေ ယောင်ပေယောင်ပေ လုပ်ကာ မယားအပေါ်၊ သားအပေါ် မျှော်ကြည့်နေကြရှာ၏။ ထို ကိုယောင်ပေ၊ မယောင်ပေများကိုလည်း လမ်းပိုင်တို့က သူ့လမ်း ကိုယ့်လမ်းမှနေ ညပ်စောင့်ပေး၊ ရွာတော်ရှင်(ရပ်ကွက်ပိုင်)နှင့် အဖွဲ့တို့ကလည်း

http://www.dhammadownload.com



နောက်မှပိတ်၍ မောင်းထုတ်ပစ်နေကြတော့ရာ ခမျာများ ရွာပေါက်ဝ (သို့မဟုတ်) ရွာပေါက်ဝရှိ သစ်ပင်ကြီးများတွင် (စက်ဘေးဒုက္ခသည်များ ခိုနည်းပမာ) ခိုလျက်က...

အချို့လည်း သည်အချိန် မယားထွက်လာချိန်ကွဆိုကာ အားခဲမျှော်ကြည့်နေကြရရှာ၏။ အချို့လည်း သည်အချိန် ကျုပ်သားလေး ထွက်လာချိန်ပါတော့ဆိုကာ အားခဲမျှော်ကြည့်နေကြရရှာ၏။ မသေချာသော အရာကို ကိုယ့်ဝွက်ကိန်းဖြင့် စောင့်မျှော်နေရသောအရာထက် ကြီးလေးသောဒုက္ခ ဘယ်မှာမှ မရှိချေပြီ။ ချိန်းမထားသောသူကို ကိုယ့်ဝွက်ကိန်းဖြင့် စောင့်မျှော်နေရသည်ထက် ကြီးလေးသောဒုက္ခ ဘယ်မှာမှမရှိပြီ။

(၁) မွန်းတည့်ပြီ။ နေ၏ဗဟို တည့်ဆဲကာလ ထိုအချိန်တွင် ထိုပြိတ္တာများ မိမိတို့အစွဲကျရောက်ရာ ရွာတွင်း၊ အိမ်တွင်းသို့ ဆိုင်ရာတို့က ဝင်ခွင့်ပေးကြ၏။ ပြီး... ပြန်ထွက်။

(၂) နေဝင်ပြီ။ နေ၏တစ်ဖက်ကမ္ဘာသို့ ကူးဆဲကာလ ထိုအချိန်တွင်လည်း ထိုပြိတ္တာများစွဲငြိရာ ရွာ၊ အိမ်တို့အတွင်း ဝင်ခွင့်ရ၊ နေခွင့်ရကြ၏။ ပြီး... ပြန်ထွက်။

(၃) ထိုနှစ်ချိန်ကို တစ်ချိန်ချိန်မျှ မမီလိုက်ကြသူတို့ကား နောက်ရက် နေထွက်ဆဲအချိန် ပြန်စောင့်။

ထို နေထွက်ဆဲ၊ ဝင်ဆဲများသည် အုပ်ချုပ်ရာကမ္ဘာ၏ ကြားခုလတ်ဖြစ်နေခြင်းကြောင့်တည်း။ တစ်ဖန် ဝင်ဆဲ၊ ထွက်ဆဲ၊ တည်ဆဲ ထိုသုံးချိန်စလုံးကား အုပ်ချုပ်ရေးတာဝန်ခံများ အပြောင်းအလဲလုပ်ချိန် ဖြစ်နေသောကြောင့်တည်း။ *(ဋ၄၊ စာ-၇၇)*

## ပြိတ္တာဘဝ ဒုက္ခအထွေထွေ

ထိုပြိတ္တာတို့ဘဝသည်...

အစွဲဖြင့် ဘဝကိုဖြစ်စေကြရပြီး ကြိုက်စော်ကား၊ ကြိုက်အားကိုးစသည် အကြိုက်ပါအားလုံးတို့ဖြင့်ကား ဘယ်သောကာလမျှ အလိုမတိတ်ခြင်းဒုက္ခ ခံစားကြရ၏။

http://www.dhammadownload.com



သုံးလိုရာအစာရသော်မှ ပါးစပ်ပေါက်ကျဉ်း၊ အစာသွင်းမရတော့သော ဒုက္ခလည်း ခံကြရ၏။ ဒေါသမာန်ထူပြောလွန်းလှသော မြွေဟောက် (ငန်းမြွေများပါ)သည် သူ့မာန်ပြင်း၍ သူ့ပါးကြီး အပျဉ်းထလာသည်နှင့် သူ့ပါးစပ် အလျဉ်းဟပ်မရ(ဖွင့်မရ) သည့်ပမာ။ သည့်အတူလျှင် သေခါနီး ကြိုက်ဓော စောသွားသဖြင့် မကြိုက်သောပြိတ္တာဘဝ အစွဲဖြင့် ရောက်ရ ရရသူများလည်း ယင်းလောဘမာန်ကြောင့်ထင်၏။ လောဘအောင်းသော ဝမ်းခေါင်းကားကျယ်၍ ကံရိက္ခာဖြည့်တင်းရာ ပါးစပ်ပေါက်ကျဉ်း ကျဉ်းလေးဆို၏။ စိတ်ရှိသလောက် မျိုမရသော ထိုဒုက္ခ ဘယ်သို့လျှင် အလိုတိတ်မလဲ။

ညနေ နေဝင်ချိန်ကျလာပြီ။

ထိုအချိန်ကား အစာရှာထွက်ချိန်၊ အိမ်ပြန်ချိန်တည်း။ ထိုအချိန် ရွာဝင်ရန် ဟန်ပြင်ကြရ၏။ ထိုစဉ် ရွာပေါက် (ရပ်ပေါက်)ဝဝယ် အဆင်သင့် စောင့်ဆိုင်းနေကြရသော ထိုပြိတ္တာကြီးငယ်များသည် သူ့ထက်ငါ အတင်း တိုးဝှေ့ကြလျက်ကပင်

(က) မိမိတို့ မက်နေကြသော မယားမျက်နှာ၊ သားမျက်နှာများကို တွေ့လို၊ မြင်လိုဇောများဖြင့် ကသောကမျော မယားကြော၊ သားကြော ရှိရာဆီများသို့ ပြေးဝင်လာနေကြပါသည်။

(ခ) မိမိဝမ်းဟာကို အစာဖြည့်တင်းလို၊ ရှာဖွေလိုသော အာသာရမ္မက်များဖြင့်လည်း ရွာဘက်၊ ရပ်ဘက် အစာထွက်ရှိရာသို့ ပြေးဝင်လာနေကြပါသည်။

ထိုစဉ်...

အချို့လည်း ရွာမဝင်မီ အခြားမှပြန်လာသော မိမိမယားလေး တွေ့နေရ၍ ဝမ်းသာအားရ အတူလိုက်ပါမိရာ အဝင်ဝမှာတင် ထဘီခါချထားခဲ့ခြင်း၊ တံတွေးထွေးပြထားခဲ့ခြင်းကို ခံလိုက်ရကား ဝမ်းနာပမ်းနာ ကျန်ရစ်ခဲ့ကြရှာ၏။

အချို့လည်း ရွာမဝင်မီမှာပင် အခြားမှပြန်လာသော မိမိသား

http://www.dhammadownload.com



ကလေး(သမီးကလေး) တွေ့လိုက်ရ၍ ဝမ်းသာအားရဖြင့် အတူလိုက်ဖို့ ကြိုးစားရာ ထိုကလေးများကလည်း သူ့၌စွဲကပ်နေသော ဖုန်မှုန်များတွင် အောက်အကျဆုံးသော၊ အယုတ်ညံ့ဆုံးသော ခြေဖမိုးကပ် ဖုန်မှုန်များကို နဖူးဝယ်သုတ်လိမ်း၍ တန်ပြန်အတားခံလိုက်ရခြင်း၊ တံတွေးထွေးပစ်ခဲ့ခြင်း များကြောင့် ဝမ်းနည်းပက်လက် 'သားလေးရယ်၊ ရက်စက်လှချည်လား' ဟူသော ညည်းတွားသံ ဟစ်ကျန်ရစ်ခဲ့ကြရှာ၏။

တစ်ဖန် ရွာတွင်းရောက်ပြီးသော အခြားပြိတ္တာများမှာလည်း 'မိမိတို့စွဲရာအိမ်၊ စွဲရာအတူနေများကိုလည်း အားပါးတရကြည့်မဟဲ့၊ မပြည့် သေးသော ဝမ်းစာကိုလည်း ဖြည့်ရန်ဟဲ့ဆိုကာ မိမိတို့အိမ်နား၊ လမ်း၊ တံခါးပေါက်များဆီသို့ တိုးကပ်သွားကြလေရာ ထိုစဉ် ထမင်းအိုးဆေး၊ ပန်းကန်နှင့် ခွက်ငယ်လေးများဆေးနေသော သမီးက ထမင်းလုံး ဟင်း ဖတ်ပါသော ထိုဆေးရေများကို လမ်းဘက်သွန်ပက်မည်အပြု ...

'ဟဲ့... ဟဲ့... သည်အချိန် လမ်းဘက်မပက်နဲ့၊ အိမ်နာနာဘာဝ တွေ ဝင်ကပ်တတ်သတဲ့ သမီး'

မယား၏ ထိုအသံနှင့်အတူ လမ်းဘက်ပက်မည့်ဆဲဆဲသော သမီး ၏ ရွယ်ဟန်လက်များကပါ ရုတ်သိမ်းသွားလေရာ ထိုပြိတ္တာခမျာ ထိုနေရာ မှာပင် ငါထားတဲ့စေတနာ နည်းနည်းလေးမျှ မသိတတ်ကြတော့ပါကလား ဆိုကာ ဖင်ထိုင်ချလိုက်ရှာ၏။ သို့ဖြင့်ပင် ရွာကိုစွဲလျက် ရွာဝင်ခက်သော ပြိတ္တာတို့သည် ရသောအခွင့် အချိန်တိုလေးအတွင်း ...

* အချို့လည်း ကိုယ့်အိမ်မှမရ၊ သူ့အိမ်မှရနိုးနိုးဖြင့် တစ်အိမ်ဝင်၊ တစ် အိမ်ထွက် ခရီးဆက်ကြရ၏။
* ထိုစဉ် ယခင်လူ့ဘဝတုန်းက ရင်းနှီးသူများ အိမ်ရှေ့ထွက်ထိုင်နေ သည်ကိုတွေ့ရ၍ ဝင်ထိုင်မည်အပြု အိမ်စောင့်နတ်က တင်းပုတ်နှင့် ထုသဖြင့် ထွက်ပြေးခဲ့ရသည်များလည်း ရှိ၏။ တစ်အိမ်အိမ်မှ စွန့်ပစ် ထားသော ထမင်းဟောင်းများ တွေ့ရပြန်၍ ဝမ်းသာအားရ ယူမည် လုပ်ပြန်တော့လည်း ထမင်းတစ်လုံးကိုမျှ မ,နိုင်အားရှိသော ရုပ်ကိုယ်

http://www.dhammadownload.com



မျိုးမဟုတ်ရကား အဖော်များပြေးခါကာ မနိုင်တနိုင် ထမ်းထွက်ခဲ့ရသည်များလည်း ရှိသေး၏။

* အချို့လည်း ကိုယ့်လမ်းမှမရ၊ သူ့လမ်းမှရနိုးနိုးဖြင့် လမ်းချိုးလမ်းကွေ့တွေ့သမျှ ရွာရိုးကိုးပေါက် ခေါက်တုံ့ခေါက်ပြန် သွားလာနေကြရရှာ၏။ ထိုသို့ သွားလာရှာဖွေပါလျက်ကမှ ဘာမျှမရရှိပါသော် လမ်းပေါ်ဝယ် လူတို့စွန့်ချထားသော ချွဲခန်း၊ သလိပ်များကို ထိုင်စားလျက်က ပြန်ထွက်လာကြရသည်လည်း ရှိ၏။ အကယ်တိတိ ချွဲခန်း၊ သလိပ်မျှ စားခွင့်မရခဲ့ကြပါသော်ကား ရွာအပြင်တောအစပ် လူတို့စွန့်ထားသော မစင်များကိုသာ သွားရောက်ကာ စားသောက်ကြရသည်များလည်း ရှိကြသေး၏။

*မှတ်ချက်*။ ။ ထိုအခြင်းအရာ စကားများသည် ကျမ်းထွက်ကြည့်၍ဆိုခြင်း လည်းမဟုတ်၊ စိတ်ကူးယဉ်မှန်းဆချက်လည်း မဟုတ်။ ပြိတ္တာဘဝမှ ပြန်လာသူတို့၏ ဖွင့်ဟချက်များချည်းသာ။

ထိုအဖြစ်ဆိုးများသည် အလိုကနှိပ်စက်သော အလိုဆိုးများပင်ဖြစ်ကြ၏။

* အလိုသည် စိတ်လည်းပူဆာ ဝမ်းပူဆာဖြင့် ခန္ဓာကိုညှဉ်းဆဲတတ်၏။
* အလိုသည် မိမိလိုသလောက် တစ်ဖက်တွန့်တိုတတ်ရာ ထိုစေတနာ၏ အပြန်ကိုလည်း ခံရတတ်၏။
* အလိုသည် ကောင်းမှု၏ ကံပေးစမ်းကို ခန်းစေတတ်ရာ ကောင်းကျိုးရပ် အငတ်ဘေးကြုံတတ်၏။

သို့ကြောင့် အကြိုက်သည် မိမိ၊ သူတစ်ပါး နှစ်ဦးသား၏စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သော သံကိလိဋ္ဌ သံကိလေသိက အယုတ်တရားများပင်ဖြစ်ရာ လောဘနှင့်ပေါင်း ကျောင်းပင်ဆောက် မလှူမိကြစေရာ။ ကျောင်းကြိုက်၊ ကျောင်းခိုက်သောအားဖြင့် ကိုယ့်ကျောင်းဒကာ၊ ကိုယ့်ကျောင်းကိုယ်ပြန်စောင့်နေရသော ကျောင်းပြိတ္တာ ဖြစ်တတ်သောကြောင့်တည်း။ *(ငှင်း၊ စာ-၇၈မှ ၈၁ အထိ)*

http://www.dhammadownload.com



ဘုရားတည်ရာမှာလည်း ဒီသဘောအတိုင်းသာ။ လောဘနှင့် တည်မိပါသော် ဘုရားစောင့်ပြိတ္တာ ဖြစ်တတ်လှ၍ လောဘသတ်ပြီး ဖြစ်ပျက်မြင်အောင် ရှုပြီးတည်ပါမှ ကုသိုလ်ထူးရမယ်ဆိုပါတယ်။ ဒါကြောင့် 'အကြိုက်သည် ကောင်းမှု ဟုတ် မဟုတ်' အကြိုက်ကြောင့်ဖြစ်ရတဲ့ ပြိတ္တာဘဝတည်းဟူသော အကျိုးပေးနှင့်ယှဉ်ထိုးပြီး သရုပ်သကန် ထုတ်ပြန်ကြည့်ပါလို့ လမ်းညွှန်တော်မူပါတယ်။

'လူသားတိုင်း ကောင်းစားလို၊ ချမ်းသာလိုကြ၏။ သို့အလျောက်လည်း ကောင်းစားချမ်းသာမည့် အလုပ်မျိုးကိုချည်း ရွေးချယ်လုပ်နေကြပါ၏။ သို့တစေလည်း ဆင်းရဲတွင်းကား နက်ကျယ်မြဲ နက်ကျယ်လာနေကြပါ၏။ ၎င်းကား မပေါင်းအပ်သည်နှင့် (လောဘနှင့်...) ပေါင်း၍ အကောင်းစား ရှာဖွေနေကြခြင်းများကြောင့်တည်း'*(၄င်း၊ စာ-၈၂)*

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက လောဘ၏အပြစ်တို့ကို အဲဒီလိုမှတ်ချက်ပေးရေးသားကာ တရားအလင်း ဖြန့်ဝေတော်မူလိုက်ကြောင်းပါဗျာ။

**အညွှန်း**

* (၂၀၀၁) ခုနှစ်၊ အောက်တိုဘာလထုတ်၊

သုညသမိရကထာ၊ စာမူခွင့်ပြုချက်-၅၆၆/၂၀၀၁(၉)

[ အမှတ်(၇၉)၊ ၂၀၀၂ ခု၊ ဖေဖော်ဝါရီလ၊ ဂမ္ဘီရမဂ္ဂဇင်း။ ]

http://www.dhammadownload.com

http://www.dhammadownload.com

# သာသနာပြုလမ်းကြောင်းပေါ်မှ ရဟန်းတစ်ပါး၏ လောကဓံမှတ်စုများ

(၂၀၀၁) ခုနှစ်၊ အောက်တိုဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် 'မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သာစည်မှာ သာသနာပြုခဲ့ပုံများ' ဆောင်းပါးကို ကျွန်တော် ရေးသားတင်ပြခဲ့ပါတယ်။ တောထွက်ပြီး ကျင့်ကြံအားထုတ်ရတဲ့ ရဟန်းတစ်ပါးရဲ့ဒုက္ခ၊ လောကဓံများကို အမှန်အရှိအတိုင်း သိစေလိုရင်းဖြစ်ပြီး ဒီလိုဒုက္ခတွေနဲ့ရင်းပြီး ပေးဝေခဲ့တဲ့ ဓမ္မအမွေကို ကျွန်တော်တို့ဝေနေယျတွေ အရှိအသေ အလေးအမြတ်ထားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်တယ်လို့ ဆိုရပါမယ်။ (၂၀၀၁)ခုနှစ်၊ အောက်တိုဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်း ထွက်လာတော့ ကျွန်တော့်ဆီ(ယခင်လများကထက်) ဖုန်းဆက်မေးမြန်းသံတွေ ပိုပြီးညံစည်လာခဲ့ပါတယ်။

သုဝဏ္ဏသျှမ်းစာစဉ်

http://www.dhammadownload.com



'ဆရာတော်ကြီး ယခုဘယ်မှာသီတင်းသုံးနေပါသလဲ'

'ဆရာတော်ကြီးဆီမှာ နည်းခံပြီး ကျင့်ကြံအားထုတ်လိုပါတယ်'

'ဆရာတော်ကြီး ကျန်းမာရေးကောင်းပါရဲ့လား'

စသည်ဖြင့် အနယ်နယ်အရပ်ရပ်ကနေ ဖုန်းနဲ့ဆက်သွယ်မေးမြန်း စုံစမ်းသမျှ စိတ်ရှည်ရှည်ဖြေကြားပေးခဲ့ရပါတယ်။ တယ်လီဖုန်းထဲက သာဓုခေါ်သံတွေကို ချမ်းချမ်းမြေ့မြေ့ ခံယူခဲ့ရပါတယ်။ အဲဒီမှာ ထူးထူး ဆန်းဆန်း အံ့သြစရာလိုဖြစ်ခဲ့တာက နတ်တလူသာသနာပြုအသင်းကြီးရဲ့ အကျိုးဆောင်များဖြစ်တဲ့ ရွှေဘိုမြို့က ဒေါက်တာအိုကေ၊ ဒေါက်တာ သန်းထွေးအောင်တို့က အထူးတလည် သာဓုခေါ်ခဲ့ခြင်းပါပဲ။

'ဆရာတော်ကြီး နတ်တလူကို ကြွလာတာက (၁၉၉၇) ခုနှစ် မတိုင်မီ လွန်ခဲ့တဲ့ (၁၈)နှစ်လောက်က တောထွက်စ အတွေ့အကြုံတွေ ဆိုတော့ ကျွန်တော်တို့ ဒီလောက်ပြည့်ပြည့်စုံစုံ မသိဘူး။ အခု ဆရာသွေး က ဆရာတော်ကြီး သာစည် ရွှေကျောင်းကုန်းတောင်မှာ အားထုတ်ခဲ့ပုံ တွေ၊ သာသနာပြုခဲ့ပုံတွေကို မှုရင်းအတိုင်း ဖော်ထုတ်လိုက်တော့ သိပ် တန်ဖိုးရှိပါတယ်။ ခင်းကျိုက်-ပျဉ်းမနားနဲ့ အခြားသော တောရတွေမှာ အားထုတ်ခဲ့ရပုံတွေကိုလည်း လက်လှမ်းမီသလောက် ရေးစေချင်တယ်' လို့ ဒေါက်တာအိုကေက ဝမ်းခံစကားနဲ့အတူ ထက်ထက်သန်သန် တိုက် တွန်းခဲ့ပါတယ်။

'သာစည်မှာ သာသနာပြုခဲ့ပုံများ'ကို ကျွန်တော် ရေးခဲ့တာ ဆရာ တော်ကိုယ်တိုင်ပြုစုခဲ့တဲ့ 'ရဟန်းစစ်တမ်း'(ဥလ္လုမ္ဗတု ဘိက္ခုဘာဝ ကထာ) ကို ကိုးကားရည်ညွှန်း ကောက်နုတ်ပြီး ရေးခဲ့ခြင်းဖြစ်ပါတယ်။ အောက် တိုဘာလ အကုန်မှာပဲ ရဟန်းစစ်တမ်းအပါအဝင်ဖြစ်တဲ့ ဆရာတော် ဘုရားကြီးကိုယ်တိုင်ရေး 'ရတနာစစ်တမ်း' ဆိုတဲ့ စာအုပ်ကြီး ပေါ်ထွက် လာပါတယ်။ သာစည်မြို့၊ ရွှေကျောင်းကုန်းတောင် သာသနာစာပေထိန်း သိမ်းရေးကော်မတီက စာမူခွင့်ပြုချက်-၇၃၄/၉၉(၁၂)ဖြင့် ပုံနှိပ်ထုတ်ဝေ လိုက်ခြင်း ဖြစ်ပါတယ်။ ရတနာစစ်တမ်းနှင့်အတူ ဥပုသ်သည်စစ်တမ်း၊

http://www.dhammadownload.com



သီလရှင်စစ်တမ်း၊ ရဟန်းစစ်တမ်းတို့ပါဝင်ပြီး သိမှတ်ကျင့်ကြံဖွယ်တွေ ပြည့်လျှမ်းလို့နေပါတယ်။

သာစည်မှာ သာသနာပြုခဲ့ပုံများကို ရေးစဉ်က သာစည် ရွှေကျောင်းကုန်းတောင်ကို အဓိကအားပြုပြီး ရေးခဲ့ပါတယ်။ ဇင်းကျိုက်၊ ပျဉ်းမနား စသည်များမှာ အားထုတ်ပုံတွေကိုတော့ အကျဉ်းမျှသာ သိသာ ရုံရေးခဲ့လေရာ ယခု (လေးစားအပ်သော ပရိသတ်၏ တောင်းဆိုချက် အရ) စုံစုံစေ့စေ့ တင်ပြလိုက်ရပါတယ်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးဟာ သာစည်မှာပထမအကြိမ် အားထုတ်ပြီး (၁၃၄၃)ခုနှစ်၊ ကဆုန်လပြည့်ကျော်(၄)ရက်နေ့မှာ မွန်ပြည် နယ်၊ ဇင်းကျိုက်တောင်သို့ ပြောင်းရွှေ့တော်မူခဲ့ရပါတယ်။ ဇင်းကျိုက် တောင်မှာ သုံးဝါနေစဉ်အတွင်း ပထမဇင်းကျိုက်တောင် သိမ်တော်ကြီး ထဲမှာ အားထုတ်စဉ် နွေရာသီမှာ ရေအခက်အခဲပေါ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အတူနေ ဘိက္ခုကလည်း ဆရာတော်ကို သိမ်ထဲမှာ ဆက်ပြီးမနေစေလို တော့ပါဘူး။ ဒါနဲ့ ဆရာတော်ဟာ ရသေ့မဂူကို ပြောင်းပေးခဲ့ရပါတယ်။ ရသေ့မဂူမှာလည်း တစ်လကျော်သာ ကြာလိုက်ပါတယ်။ ဂူပိုင်ရှင်ရသေ့ လေး ပြန်ရောက်လာပြီး သူ့ဂူကို ပြန်တောင်းတဲ့အတွက် မင်းတစ်ရွာ တစ်ပါးတောင်မှာ တစ်ဝါဆိုပြီးတာနဲ့ ဘုရားပြုပြင်မယ့်သူရောက်လာပြီး အထက်ပုဂ္ဂိုလ်ကြီးများ တာဝန်ပေးချက်အရ ရောက်လာရကြောင်း ပြော တဲ့အတွက် နေရာဖယ်ပေးလိုက်ရပြန်ပါတယ်။

ဆရာတော်မှာ အားထုတ်စရာနေရာ မရှိ၊ ဘုံပျောက်နေချိန် သင်ပေါင်းချောင်နေ ဦးဝိုင်၊ ဒကာကျော်ငြိမ်းတို့ ဦးဆောင်တဲ့ မွန်အဖွဲ့က ပန်းကုန်းရွာအနီး ဓားသွေးစမ်းမှာ တဲကျောင်းလေး ဆောက်လုပ်လှူဒါန်း ပါတယ်။ တဲကျောင်းလေးမှာ သီတင်းသုံးနေစဉ်မှာပဲ ...

(၁) ငါးဝါမပြည့်မီ တောထွက်မှု၊

(၂) သံဃာမပန်ကြားဘဲ ကျောင်းဆောက်မှု၊

(၃) သံဃာ့အသိမပေးဘဲ နယ်မြေအတွင်း ဝင်ရောက်နေထိုင်မှုများနဲ့

http://www.dhammadownload.com



ရုံးတော်မှာ တရားရင်ဆိုင်ခဲ့ရရှာပါတယ်။ 'ရုံးက ငါ့အား အနိုင်ပေး၏။ သို့သော် ကာယကံရှင် ကျေနပ်မှသာ အမှုပြီးပြေတော့မည်ဖြစ်ပါ၍ ဝါတွင်း ဝါခေါင်လပြည့်နေ့မှာပင် ကျောက်ခမောက်တောင်သို့ ပြောင်းရွှေ့ပစ်ခဲ့ရ၏' လို့ ရတနာစစ်တမ်း စာမျက်နှာ(၈၉)မှာဖော်ပြထားပါတယ်။

ကျောက်ခမောက်တောင်မှာ တစ်ဝါဆိုပြီး ရုံးတော်က စည်းကမ်းအရ တစ်ဝါဆိုပါမည်လို့ လက်မှတ်ထိုးခိုင်းရာမှာလည်း ထိုးပေးခဲ့ပြီး ရုံးတော်က 'အရှင်ဘုရား စိတ်ကြိုက်တစ်သက်လုံး နေလိုကနေပါ။ ဒကာတို့ ဆောက်လုပ်လှူဒါန်းပါက ရွှေကျောင်းကြီးဆောက်ဆောက် ဆောက်နိုင်ပါသည်' ပြောလင့်ကစား ထိုထိုးပေးခဲ့ပြီး ဝန်ခံစကားက ငါ့အား သရော်နေပေရာ ငါသည် (၁၃၄၆)ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်နေ့တွင် ထိုဇင်းကျိုက်ဒေသမှ ထွက်ခွာပေးခဲ့ရချေသည်။ *(၄င်း၊ စာ-၈၉)*

အဲဒီလို ဆက်လက်မှတ်တမ်းတင်ထားခဲ့ပါတယ်။

ဇင်းကျိုက်မှာနေစဉ်အတွင်း သွေးမဆင်း၊ ပြည်မထွက်တဲ့ အနာပဆုပ်ကြီး(၂၇)လုံး ပေါက်တဲ့ဒဏ် ခံခဲ့ရပုံ၊ ရာသီဥတုပြင်းထန်၊ မိုးများ၊ ကျောင်းမလုံ၊ စမ်းရေကိုသာ သောက်သုံးခဲ့ရတဲ့ ဒဏ်တွေကြောင့်ဖြစ်ပုံတွေ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဇင်းကျိုက်မှာ သုံးနှစ်တာ ဒုက္ခခံ ကျင့်ကြံခဲ့ရတာတွေဟာ 'ကြွေးဆပ်ရတာ' လို့ သုံးသပ်ပြီး ရုံးရောက်ခဲ့ရတာနဲ့ပတ်သက်ပြီးတော့လည်း ဘယ်သူ့မှ အပြစ်မတင်၊ 'ကိလေသာတရားလို့'ဟူ၍ ကိလေသာကိုသာ အပြစ်တင်ခဲ့ပုံများဟာ ဆရာတော်ဘုရားကြီးရဲ့ သူတော်ကောင်းစိတ်ဓာတ်ကို ပေါ်လွင်စေခဲ့ပါတော့တယ်။

## ဖူးကြီးသံသုမာရတောင်သို့

ဇင်းကျိုက်၊ ကျောက်ခမောက်မှသည် ပန်းကုန်းသို့ဆင်းကာ နှစ်ညတာနေခဲ့ရ၏။ ဆွမ်းဒကာ၊ ဆွမ်းအမများ ချွေးသိပ်ပေးရန်ဖြစ်၏။ တရားဟောခြင်း၊ အလှူခံခြင်းများဖြင့် ပြီးပြေ၏။ လဆန်း(၁၄)ရက် ထွက်လာခဲ့ပြီး ရန်ကုန် သာသနာ့ဗိမာန်တွင် တစ်လမျှနေ၍ မယ်တော်ကြီးနှင့်တကွ ရန်ကုန်ဒကာ၊ ဒကာမများသို့ တရားမိုးရွာသွန်းပေးခဲ့၏။

http://www.dhammadownload.com



ပြီးသော် ရန်ကုန်ဆေးရုံကြီး ခွဲစိတ်ရောင်ခြည် အထူးကုဌာနမှ ဆရာဝန်ကြီး ဦးစိုးမြင့်၏ လျှောက်ထားချက်အရ (၁၃၄၆)ခုနှစ်၊ ဝါဆိုလဆန်း(၄)ရက်နေ့တွင် ဖူးကြီးသံသုမာရတောင်တွင် နှစ်ဝါမျှနေရ၏။ ရှမ်းတို့နေရာဒေသဖြစ်သဖြင့် အေးဆေးငြိမ်သက်၏။ တရားကိုမနှောင့်ယှက်၊ ရန်ကုန်ကိုလည်း ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်းတို့၏ လပြည့်နေ့သာ လက်ခံထားရာ ထိုအတွင်းမလာချေ။ *(၄င်း၊ ၈၁-၉၀)*

(ဖူးကြီးသံသုမာရတောင်မှာ ဆရာတော် အားထုတ်ကြုံတွေ့ခဲ့ရပုံတွေကို တစ်ဆက်တည်း မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။)

'အားထုတ်၏။ တအားထုတ်၏။ ညစ်အားသုံး၍ ထုတ်၏။ သို့တစေလည်း တစ်ဝါတွင်းလုံး သွေးဝမ်းရောဂါရနေချေရာ ထင်သလောက်ခရီးမပေါက်တတ်။ အစာအိမ်က လုံးဝအလုပ်မလုပ်တော့။ ဆိုင်းကြိုးပြတ်ဘူးသီးကြီးပမာ မလှုပ်မယှက် အောက်သို့တွဲလျက်။ သို့ကြောင့် မိုးသည်ထိုးစစ်အား မကောင်းလှသေး။

ဆောင်းကာလသည် အေး၏။ သို့သော် ခံနိုင်ရည်ရှိသော အေးမြခြင်းသာဖြစ်၏။ ထိုဆောင်းကာလသည် ငါ့ကို အခွင့်အရေးအပေးဆုံးဖြစ်နေချေရာ ညနေ့မပြတ် တရစပ်အားထုတ်သာ၏။ ထိုသို့ အားထုတ်သာရန်ဆွမ်းကို (၁၁)လုတ်မှ (၁၀)လုတ်ထိ လျှော့ချထား၏။ သို့ကြောင့် ပေါ့ပါးလာ၏၊ အအိပ်နည်းပါးလာ၏။ မအိပ်ဘဲနေသည်အထိ သန့်ကြည်စွာရလာ၏။

* ညကို စကြိုကမ္မဋ္ဌာန်းက တာဝန်ယူကာ နယ်သိမ်းပေး၏။
* နေ့ကို ထိုင်ကမ္မဋ္ဌာန်းက တာဝန်ယူကာ အုပ်ချုပ်ပေး၏။

သို့ကြောင့် ငါ့ဥလ္လမ္ဗတအလုပ်သည် အရပ်ဘက်နှင့် တပ်ဘက်တာဝန်ညီသော တိုင်းပြည်ပမာ သာယာရှင်းလင်းနေ၏။ သို့သော် တန်ဆောင်မုန်းလပြည့် ရန်ကုန်တို့ လာတို့ ထိကြလေရကား ဆပ်ပြာပူဖောင်းသာသာမျှသော ငါ့ဥလ္လမ္ဗတ အကွဲအပြတို့ဖြင့် မရှုမလှ ကျန်ရစ်နေခဲ့ရပြီ။

တစ်ဖန် တန်ဆောင်မုန်း၏ လေးလလုံးလုံး 'နေသဇ္ဇိကဓုတင်' အကျင့်ဖြင့် ညမအိပ်၊ နေ့မနား အားထုတ်၏။ အားထုတ်တိုင်းလည်း ရ၏။

http://www.dhammadownload.com



သို့သော် သတိစပ်ရုံသာရှိ၍ စိုက်အားမသုံးရခြင်း၊ မာန်ဝင်နေခြင်း၊ ဖြစ်–ပျက် မမြင်သာခြင်းများကြောင့် ရေနှင့်လှေ ငြိလျက်ကနေချေပြီ။ တစ်ရက်တင်းတင်း အားထုတ်၏။ မရ။ နှစ်ရက်... သုံးရက်... ။

'ကဲ... မရ အတူတူ ပစ်လှဲအိပ်သကွာ'

တစ်ယောက်တည်း စိတ်တွင်းမှရေရွတ်ကာ တစ်ညခုတင်ပေါ် ဝယ် ပစ်လှဲချလျက်က အိပ်ပျော်သွားချေတော့ရာ (အိပ်မက်ထဲမှာ)

မိန်းကလေး ကျောင်းဆရာမ ဆယ်ယောက်ခန့် ဝင်လာကြ၏။ ထိုအားလုံးတို့သည် ငါ့ထံရှိ သင်္ကန်းများတို့တွင် ကေသိကို ဦးစွာဆွဲချုတ်ကြ၏။ ပြီးသော် သင်းပိုင်ကို ဆွဲချုတ်လိုက်ကြ၏။ ပြီးသော် ကျောင်းစိမ်းထဘီကို စွပ်ပေး၊ ဝတ်ပေးကြ၏။ .... ငါကား မိန်းမအဝတ်အစားများဖြင့် ပက်လက်၊ မိန်းမလောက်မှ ဖွဲ့သတ္တိမရှိသော သည်ဥလ္လမွတု၊ မိန်းမလောက်မှ ဉာဏ်မပါသော သည်ဥလ္လမွတု... ရှုကြပါ အရပ်ကတို့။ *(၄င်း၊ စာ–၉၂)*

အဲဒီလို ရှုမြင်လိုက်ရတဲ့အတွက် ဆရာတော်ဟာ ကျင့်နည်းတစ်မျိုးပြောင်းပြီး ဒီလိုအားထုတ်ခဲ့ကြောင်း ဆက်လက်မှတ်တမ်းတင်ထားပါတယ်။

တစ်ရက်အတွက် ညဥ့်(၁၂)နာရီမှ ညဥ့်(၂)နာရီအထိ၊ (၂)နာရီမျှသောအချိန်ကို အနားပေး၍ ကျန် (၂၂)နာရီ ပြင်းပြင်းထန်ထန် အားထုတ်နည်းပင်ဖြစ်၏။

နောက်တစ်ဆောင်းအထိ ထိုအတိုင်းကျင့်ရာ ရက်ပြည့်၊ သည်ရှုကွက်သည် ဖြစ်ပျက်တို့ချည်း မြင်ရဖန်များသဖြင့် ညောင်းသောအာရုံသည် ထို(၂)နာရီ အနားပေးလိုက်ခြင်းဖြင့် လန်းဆန်းလာပြန်၏။ စူးစိုက်အားလည်း အပြည့်အဝအသုံးချရလာတော့သဖြင့် မြို့ကို ဝိုင်းပတ်မိလာ၏။ မြို့တော်ဝင်စီးပြီး နန်းသိမ်းရန် လက်တစ်ကမ်းမျှသာလို၏။ (နန်းသိမ်းမှာ နိဗ္ဗာန်နန်းမြို့ကို တင်စားရည်ညွှန်းတယ်လို ယူဆရပါတယ်။ သို့သော်...)

မနက်ဖြန် တပေါင်းလပြည့်နေ့၊ ရန်ကုန်မှ ဒကာ၊ ဒကာမတို့ ကားအစီးမြောက်မြားစွာဖြင့် လာရောက်ကြပြန်ရာ နံနက်မှသည် ညနေ

http://www.dhammadownload.com



တိုင်အောင် အကျင့်ဖျက် တစ်ဝက်ပေးအပ်လိုက်ရတော့၏။ လေးလစာ အကျင့်တို့ကို လေးပိုင်းပါ ရွှေဝါဆပ်ပြာတောင့်များဖြင့် လဲပေးလိုက်ရ၏။ စူးစိုက်အားများကို သက်နိုးအစုံ့အစုံ ရှူဖွယ်ဝတ္ထုအကုန်လုံးတို့ဖြင့် လဲပေး လိုက်ရ၏။ ဖြစ်ပျက်မြင် မှတ်ဉာဏ်များကိုကား စားကောင်းသောက်ဖွယ် ရာ အစားအစာများဖြင့် အစားထိုးယူသွားကြ၏။ သို့ကြောင့် ရောင် (သျှောင်)ဆွဲ၍ ခုတ်ပိုင်းရန် ရွယ်ထားသောဓား လက်တွင်းကြားမှ လွတ်ချ ပစ်လိုက်ရပေပြီ။ ထိုအဖြစ်အပျက်မျိုးကား နောက်တစ်ဝါ၏ လေးလတွင် တစ်ကြိမ်ကျတည်း။

ဥလ္လမ္ဗတ ငါဘိက္ခု နန်းလုခံရပြီ။

ထိုလေးလ၊ လေးလတို့အတွင်း၌ ဖူးကြီးသို့ ရောက်လာသော ဝန်ထမ်းများကလည်း ဝင်ရောက်လာကြသေး၏။ အစွရေးသံအမတ် မိသားစုနှင့်တကွ အနောက်အုပ်စု သံအမတ်ကတော်ကြီးများ၊ သံမှူး ကတော်များ၊ သံရုံးအမှုထမ်းများလည်း ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လေသူ ဗြိတိသျှသံအမတ်ကတော်ကြီး ဦးဆောင်လျက်က တကူးတက ကားကြီး၊ ကားငယ်တို့ဖြင့် လာရောက်လေ့လာကြ၏။

ကြာကြာနေ ငါမဖြစ်ချေပြီ။ *(၄င်း၊ စာ-၉၃)*

ဒါ့ကြောင့် ဆရာတော်ဟာ (၁၃၄၈)ခုနှစ်၊ နယုန်လဆန်း(၃)ရက် နေ့ ဖူးကြီးမှ စစ်ကိုင်းချောင်သို့ ကြွတော်မူရပြန်ပါတယ်။

## စစ်ကိုင်းချောင်အတွေ့အကြုံ

ဆရာတော်ဟာ (၁၃၄၈) ခုနှစ်၊ နယုန်လဆန်း (၈)ရက်နေ့ စစ်ကိုင်းတောင်၊ မြန်အောင်ချောင်၊ ဘာဝနာကုန်းမြင့်သို့ ရောက်ပါတယ်။ ရောက်မှမရောက်သေး၊ တောင်ရိုးပျော် သီလရှင်တို့အကြား သတင်းစကား တို့ ကျော်ကြားပဲ့တင် ဘောင်ဘင်ခတ်နေခဲ့ချေပြီ။

'ဖူးကြီးကနေ စစ်ကိုင်းအထိ ခြေလျင်ကြွလာခဲ့တာတဲ့'

'ဖူးကြီးမှာ နိုင်ငံခြားသားတွေပါ ရောက်လာလို့ ရှောင်လာခဲ့ရတာ တဲ့'

http://www.dhammadownload.com



ရောက်မဆိုက် သတင်းကြီးနေလို့ အကျင့်ခရီး ရှေ့မဆက်သာ။

'သို့ကြောင့် ဝါဆိုလပြည့်နေ့တွင် ဥပုသ်ပြုကြွလာသော ချောင်ပိုင်ဆရာတော် ဦးသုဒဿနအား အကူအညီတောင်းခံရာ ၎င်း၏အကူအညီဖြင့် အရှေ့ပရက္ကမဂူထဲ ရောက်ခဲ့ရချေပြီ' *(၄င်း၊ စာ-၉၄)*

'ထိုချောင်နေ ဆရာတော်ဦးသီလာစာရသည် ငါ့အား အထူးဂရုစိုက်၏။ ပိတောက်ချောင်ဂိုဏ်း သံဃာများထံ ဂဏာဝိမုတ်အဖြစ် ပန်ကြားပေးကာ သီးခြားထားပေး၏။ နေ့တိုင်း ဂူရှေ့ တံမြက်လှည်းပေး၏။ ဂူပေါ်သို့ ရေမပြတ်တင်ပေး၏။

ထိုစဉ်က ငါတို့ကား ခုနစ်ဝါ၊ ထိုဆရာတော်ကား ငါးဆယ့်သုံးဝါ၊ သို့ကြောင့်...

'အရှင်ဘုရား၊ သည်းခံတော်မူပါဘုရား၊ တပည့်တော် ဝေယျာဝစ္စ တပည့်တော်ပင် ပြုလုပ်ပါမည်ဘုရား။ အရှင်ဘုရား ချမ်းသာစွာနေတော်မူပါဘုရား' ပန်ကြားရာ-

'တပည့်တော်က ခရီးရှည်သမား၊ အရှင်ဘုရားက ခရီးတိုက သွားနေတာ။ သည်တော့ တပည့်တော်ကပဲ ပြုစုပေးပါရစေ၊ သည်ကုသိုလ်ဖြင့် စုဆောင်းပါရစေ' မိန့်၏။ သို့ဖြင့် ထိုဆရာတော်၏ စောင့်ရှောက်ပေးမှု၊ လိုအပ်ရာရာ အကူအညီပေးမှုများဖြင့် ထိုပရက္ကမဂူတွင်းဝယ် နှစ်ဝါမျှ ကြာညောင်းသွား၏။ နေပျော်၏။ မသေပျော်သေး။

ထိုဂူတွင်းမှပင် ဝါးချက်ရွာသို့ ခုနစ်ရက် ဆွမ်းခံ၏။ ဆွမ်းအလှူရှင်တို့ သပိတ်မဆံ့များပြား၏။ ရွာထောင်စက် ခေါင်းပြင်တန်းလျားများသို့ ခုနစ်ရက်၊ ထို၌လည်း သပိတ်မဆံ့ များပြား၏။

'ဟုတ်ပြီ၊ ငါ့အဖို့ အကွက်ကောင်းတစ်ခုတော့ပေါ်လာပြီ'

စိတ်ကူးဖြင့် ပထမ-ရလာသမျှဆွမ်း ဤချောင်သံဃာတို့ ဦးဦးဖျားဖျားလှူပြီးမှသာ ငါသုံးဆောင်အံ့၊ အဓိဋ္ဌာန်၏။ ထိုအဓိဋ္ဌာန်အတိုင်း ချောင်ရှိ သရက်ပင်ကြီးအောက် စခန်းတစ်ထောက်နားပြီး ပါသမျှလှူဒါန်း၏။ တစ်ပါးစာမျှကိုသာ ဂူတွင်းသယ်ဆောင်လာခဲ့၏။ ဒုတိယ- ငါရှေ့

http://www.dhammadownload.com



လာချသော ဆွမ်းချိုင့်(ဆွမ်းအုပ်)ကြီး တစ်လုံးပြည့်မှ ပိုလျှံလာသည်ကို သာ .ငါသုံးဆောင်မည်။ ဤနည်းဖြင့် သံဃာ့ဂုဏ် ကျေးဇူးတုံ့ဆပ်အံ့။ ပြင်ဆင်သတ်မှတ်လိုက်၏။ တစ်ဝါတွင်းလုံး အဆုံးကောင်းဖြင့် အကောင်းဆုံး ဖြစ်နေတော့၏။

တန်ဆောင်မုန်းသို့ ရောက်လာပြီ။

ဝါးချက်ရှိ ကျွန်းသမားတို့ ကျွန်းထဲသို့ ပြောင်းရွှေ့သွားကုန်ကြပြီ။ ထိုတန်ဆောင်မုန်းမှ ဝါမဆိုမချင်း တစ်ရွာလုံးလှည့်သော်မှ ဆယ့်ငါးဦးထက် မပိုလွန်တော့ပြီ။ ထိုပါသမျှ ကျောင်းရောက်၍ သွန်မှောက်ချသော်မှ ဆွမ်းတစ်အုပ်လုံးက ကျော်တက်မလာပြီ။ သို့ကြောင့် ထိုဝါးချက် အလှည့်ကျသော ခုနစ်ရက်သည် အစာကင်းသော ခုနစ်ရက်တို့ချည်း ဖြစ်လာကြ၏။ ရံတစ်ခါ ဆွမ်းခံပြန် သရက်ပင်အောက်မှ စောင့်ကြိုလောင်းလှူကြသော စစ်ကိုင်းတောင်ရိုး သီလရှင်များ၊ မင်းကွန်းတောင်ရိုး သီလရှင်များထံမှ ဆွမ်းများ ခံယူရလေမှ စားသုံးရ၏။ နှစ်လုံးပေါက်ကို မဆင်ခြင်ဘဲ ဝါလမ္ဘူဖြင့်တင်သော ငါ့အစိဋ္ဌာန် ငါ့အား ထိပ်ကန်ဆောင့်ချေပြီ။

စိတ်ကား အလွန်ချမ်းသာ၏။ ရုပ်ကား လိုသလိုကျင့်ခွင့်မပေးတော့။ တစ်ဖန် သဘာဝဥတုကို အတိုက်အခံလုပ်နေသော တောင်တွင်းကျောက်ဂူကြီးအတွင်း အချိန်ပြည့် အနေကြာလာလေသောအခါ မြေဓာတ်၏ဆွဲငင်မှု၊ အားကြီးမှုကို မခံနိုင်လာတော့ရကား စင်္ကြံဖြင့် အားမထုတ်နိုင်ပြီ။ စင်္ကြံလျှောက်လေ ကိုယ်ခန္ဓာကြီး လေးပိကျလာလေ ဖြစ်နေ၏။ ထိုဂူကြီးသည် နွေ၏ရေခဲတိုက်တမျှ အေးလွန်းလှ၏။ မိုးဥ္စ အိုက်လွန်း၊ ပူလွန်း၏။ ဆောင်းဥ္စကား ချွေးပြန်နေတော့၏။ ဂူမှထွက်၍ ဆွမ်းခံသော် မျက်စိတို့ ကျိန်းစပ်နေ၏။ နှာရည်တို့ကား တတောက်တောက်ကျနေ၏။ ပေါင်းတင်ကျပ်တိုက် ခံနေရချေပြီ။

ဥလ္လမ္ဗတ ငါဘိက္ခု မရှုမလှဖြစ်နေပြီ။ *(၄င်း၊ စာ-၉၅)*

ဒါ့ကြောင့် ဆရာတော်ဘုရားကြီးဟာ စစ်ကိုင်းကခွာ၊ သာစည်ရွှေကျောင်းကုန်းတောင်ဆီ တစ်ကျော့ပြန် လှမ်းခဲ့ပြန်ပါတော့တယ်။ ဝေဘူ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒအတိုင်း စရဏနဲ့ ဝိဇ္ဇာပေါင်းစပ်ကာ

http://www.dhammadownload.com



သာသနာပြုဖို့ ကြိုးစားပါသော်လည်း ထင်တိုင်းမပေါက်ခဲ့ပြန်ပါချေ။ (သာစည်မှာ သာသနာပြုခဲ့ပုံများ ဆောင်းပါးတွင် အကျယ်ရေးခဲ့ပြီး)

သို့ဖြင့် တစ်ဝါဆို၍ တစ်ဝါပင် ကျွတ်ခဲ့ရချေပြီ။ နေရာသစ်အတွက်လည်း ရှာဖွေရန် ရန်ကုန်ဒကာရင်းများကို ပျဉ်းမနားလောက်၊ တောင်ငူလောက်ဟူ၍ စေခိုင်းလိုက်ပြီး သီတင်းကျွတ်လပြည့်ကျော်သည်နှင့် တောင်ငူမှ ဒကာများနှင့် ရန်ကုန်မှဒကာများ ရောက်လာကြ၏။ တန်ဆောင်မုန်းတွင်လည်း တစ်ကြိမ်လာ၏။ ထို့နောက် ရန်ကုန်နှင့်တောင်ငူအပေးအယူ မတည့်ကြသဖြင့် လမ်းဆုံးသွားချေပြီ။

တပို့တွဲလပြည့် မည်သည့်နေရာဟူ၍ ဆုံးဖြတ်ရန်ရှိသော်လည်း ရန်ကုန်မှ နောက်ထပ်မကြိုးစားလေသဖြင့် တစ်နေဆဲ။ သာစည် မောင်းမဆည်ဦးတင်ညွန့်၏ ဆောင်ရွက်မှုကြောင့် ဝမ်းတွင်းမြေဒေါင်သူ သာသနာပြုစခန်းက ကြွရောက်ရန် ပင့်ဖိတ်ခံရ၏။ တစ်ဖန် သာစည်မြင့်မြင့်ကြည်နှင့် ပျဉ်းမနားခင်မာကြူ၊ ရန်ကုန်ဦးအေး၊ ဦးချစ်လှိုင်၊ ဒေါ်ခင်မှုတို့နှစ်ဖွဲ့၏ ကြိုးပမ်းမှုကြောင့် ပျဉ်းမနား၊ လက်လုပ်တောင် သာသနာပြုစခန်းကလည်း ပင့်ဖိတ်ခံရ၏။

တစ်ချိန်တည်း နှစ်အိမ်တွဲတက်ဖို့ ဆွဲကုန်ကြပြီ။

(က) ဝမ်းတွင်းကိုလက်ခံလျှင် ဘုန်းကြီးမည်၊ လာဘ်လာဘပေါမည်။ သို့သော် မိမိအတွက် အားထုတ်ခွင့်မရှိ၊

(ခ) ပျဉ်းမနားလက်ခံလျှင် မိမိအတွက် လိုသလိုကျင့်။

ထိုသို့ သဘောမတူ မှုကွဲနှစ်မျိုး ရင်ဆိုင်နေရရာ တပေါင်းလပြည့်နေ့ ဆုံးဖြတ်ချိန်ကျရောက်လာသောကာလ ပျဉ်းမနား၊ လက်လုပ်တောင်ကိုသာ ရွေးချယ်ပေးလိုက်တော့၏။ ထိုတောင်ရောက်လျှင် သေမည်ဟူ၍လည်း သူတို့က ကြိုတင်သတိပေးထားကြ၏။ တရားဟောလျှင် လာဘကုလကိုမှီ၍ ပါဠိမပါဟောက စွဲချက်တင်ကာ နှင်အထုတ်ခံရမည်ဆို၏။ သည်နေရာမျိုးသည် ငါ့အတွက် အကောင်းဆုံး၊ တစ်ကိုယ်ကောင်းရေးပြုပြင်ရန် အကောင်းဆုံးတည်း။

http://www.dhammadownload.com



* ကိုယ့်ကိစ္စမပြီးစီးမီ မည်သူ့ကိုမျှ မငဲ့ခြင်းသည်သာ အကောင်းဆုံး၊
* ကိုယ့်ကိစ္စပြီးစီးလျှင် ကိုယ့်အတွက် မငဲ့ခြင်းသည်သာ အကောင်းဆုံး၊

ထိုထုံးကို နှလုံးမူလျက်က (၁၃၅၃)ခုနှစ်၊ ကဆုန်လဆန်း(၁၀) ရက် ပျဉ်းမနားရောက်ခဲ့၏။ ထိုတောင်၌ တရားမဟော၊ အဖူးတွေ့မခံ၊ ဆွမ်းခံရုံမှတစ်ပါး ဘာမှမချီးမြှောက် ဝန်ခံချက်ဖြင့် ထိုပျဉ်းမနားမှ ဒကာ၊ ဒကာမများ ပင့်ဆောင်ခွင့်ရသွား၏။ *(၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ထုတ်၊ ရတနာစစ်တမ်း၊ စာ-၁၀၃)*

## ပျဉ်းမနားလောကစံ

ထိုရောက်ကတည်းက ငါ၌ သေမည့်ကိစ္စ စိတ်ကို အမြဲသတိပေးနေတော့၏။ သေရမည်ကိုကား မကြောက်၊ ထောက်နေသည်ကား ငါ သေလျှင်...

သေမျိုးသည် 'လူသေ၊ မူသေ၊ ကိလေသာသေ' ဟူ၍ သုံးမျိုးရှိရာ လူသေကား ခန္ဓာစဲခြင်းကိုဆို၏၊ မူသေကား အကျင့်လဲသွားသည်ကိုဆို၏။ ကိလေသာသေကား ရဟန်းကိစ္စ ပြီးစီးပြတ်စဲသွားသည်ကို ဆို၏။ ထိုသေသုံးမျိုး ဘယ်အမျိုးဟူ၍ကားမသိ၊ သို့သော် မည်သည့်နည်းဖြင့် သေသေ ငါသေလျှင်ကား အတွေးဖြင့်မွှေနေမြဲ၊ ငါသေလျှင် ငါ့ဝေနေယျများအတွက် ငါသိစေလိုသောအချက်များ ရေးပြထားခဲ့ချင်ပါသေး၏။ မဟောမပြ၊ အဖူးတွေ့လည်း မခံလျှင် ခများများ ငါ့မှီ၍ ဘာမျှအမွေရကြတော့မည်မဟုတ်။

* အမွေသည် အမွေအဖြစ်ဖြင့် မငဲ့ရာမှ စောင်းလာချေပြီ။

ဒါကြောင့် ဆရာတော်ဘုရားကြီးဟာ ဝါဆိုလပြည့် ဓမ္မစကြာနေ့ကို ဦးတိုက်လျက်က 'ပဋိဘာနဉာဏဒဿနကထာ' ဆိုတဲ့ ဝိပဿနာ အလုပ်ပေးကျမ်းကြီး စီရင်ပါတော့တယ်။ တော်သလင်းလပြည့်နေ့မှာ အကြမ်းပြီးတယ်လို့ မှတ်တမ်းတင်ထားပါတယ်။ နောင်ခုနစ်နှစ်အကြာ (၁၃၆၀) ပြည့်နှစ်မှာမှ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါတယ်။ မဂ္ဂဇင်းဆိုက်၊ စာမျက်

http://www.dhammadownload.com



နှာပေါင်း တစ်ထောင်ကျော် နှစ်တွဲခွဲထုတ်ခဲ့ပြီး အဲဒီကျမ်းကြီးအကြောင်း အညွှန်းဆောင်းပါးများ ကျွန်တော် ရေးခဲ့ပြီးဖြစ်ပါတယ်။ ဒီကျမ်းကြီး အပေါ် ဆရာတော် ဘယ်လောက်အထိ မျှော်လင့်ယုံကြည် စိတ်ချခဲ့ပါသလဲ ဆိုရင် 'သေချင်ရာသေပေ့တော့၊ ငါ့မျိုးစေ့ မြေပေါ်ကျသွားပြီ' လို့ ဥဒါန်းကျူး မှတ်တမ်းတင်ခဲ့တဲ့အထိ ဖြစ်ပါတယ်။

ပဋ္ဌာနညာဏဒေသနကထာ ကျမ်းကြီးကို ရေးသားနိုင်ခြင်းဟာ ပျဉ်းမနား၊ လက်လုပ်တောင်မှာ ဆရာတော်ဘုရားကြီးအတွက် ရောမ အမြတ်အစွန်းကြီးတစ်ခုပါပဲ။ အားထုတ်မှုဘက်၌ကား မှန်းသလောက် လမ်းမပေါက်၊ အနှောင့်အယှက်တို့က အရိပ်ပမာ။

'ပျဉ်းမနားသည် အရှေ့ အနောက် ရိုးမတောင်ကြီးများအကြား ညှပ်ပိတ်ခံထားရသော ဒေသတစ်ခုဖြစ်ရာ မိုး၌ပူအိုက်လှသောဒဏ်သည် ချွေးပြိုက်ပြိုက်ကျစေ၏။ ကြာသော် ညှင်းကွက်ကြီးများ ထ,လာ၏။ တန် ဆောင်မုန်းအထိ အလူးအလဲခံနေရ၏။ တန်ဆောင်မုန်းမှကျော်သော် ဆောင်းလတို့တွင်ကား အေးသဖြင့် ခံသာ၏။ သို့သော် တစ်ပါးတည်း လွတ်လပ်မှုမရတော့။ ဇင်းကျိုက်၊ ပဲခူး၊ ရန်ကုန်တို့မှ ရဟန်းတော်များ၊ ဒကာများ တရားနည်းခံရန်ဟုဆိုကာ လာရောက်နေထိုင်ကြသဖြင့် မိမိ စားမည့်အစားအစာ အချိန်တစ်ဝက်မျှ ပေးနေရပါ၏။ ခရုလေးရာ ပက်ကျိ ပိုးသည့် ပမာတည်း။

တပေါင်းလမှ ကဆုန်လ၊ နယုန်လအထိကား ရွှေကျောင်းကုန်း ပြန်ရပြန်ချေပြီ။ ထိုရွှေကျောင်းကုန်း(သာစည်)ဝယ် အပြီးမသတ်ရသေး သော အရိယာရွှေပြည်ဆည်တော်ကြီး အပြီးသတ်ပေးရ၏။ ပန်းရန် ငှား ရမ်း၍မရ။ ငါသည်ပင် ပန်းရန်၊ ငါသည်ပင် ခေါင်းဆောင်တည်း။ ထိုမျှ မကသေး၊ မဟောပြောပါ၊ တရားမပြပါ ဆိုသည့်ကြားမှ အတင်းလာ ရောက် အားထုတ်ကြသော ရဟန်းရှင်လူ ငါးဆယ်ခန့်တို့ကိုလည်း ဟော ပြောချိန်နှင့် စစ်ဆေးပြသချိန်များ ပေးရသေး၏။ အဝေးမှ၊ အနီးမှ လာ ရောက်ဖူးတွေ့လိုသူများကိုလည်း ဖူးတွေ့ခံရသေး၏။ နံနက်အရုဏ်မှ ည

http://www.dhammadownload.com



(၁၁)နာရီခန့်အထိ အများအတွက် မတ်မတ်ကြီးနှင့် ပြုကျင့်နေခဲ့ရာ ကျန် ညအချိန်များကား မခံနိုင်တော့သော အစာအိမ်ရောဂါဖြင့် ဗိုက်မှောက် အိပ်ခဲ့ရချေပြီ။

ဥလ္လမ္ဗတု ငါဘိက္ခု ပတ်လည်ထောင်းထုခံရပြီ။

နယုန်လပြည့်အမိ ပျဉ်းမနားပြန်ရ၏။ ရောက်လျှင် ရောက်ချင်း အာရုံခံ၊ ဂန္ဓကုဋိတိုက်၊ ဓမ္မာရုံ၊ ဓမ္မမဏ္ဍိုင်၊ သာသနာ့မဏ္ဍိုင် ဟူသော ငါးဌာန ရေစက်ချပွဲပြုလုပ်ရန် တာစူရတော့၏။ ဝါဆိုခါနီးကျလေမှ ထိုပွဲ အထမြောက်၏။ ဓမ္မမဏ္ဍိုင်ကျောင်းတော်ကြီးဝယ် ဝါဆိုလိုက်ပြီ။ အုတ် တိုက်၏ ပူခြင်း၊ မိုးဥတု၏ ပူပြင်းခြင်းတို့ကြောင့် အခင်းမလှပြီ။ ကျောင်း တော်ကြီးကား ခန့်ညားထည်ဝါ၏။ အကျင့်ကား မခန့်ညား၊ မထည်ဝါ တော့ပြီ။ ကြာသော် စိတ်ဓာတ်များပါ ခက်ထန်လာ၏။ ပွဲထိန်းပေးနေရ ခြင်းမှတစ်ပါး အခြားမတတ်နိုင်ပြီ။ *(၄င်း၊ စာ-၁၀၅)*

အာဟာရကို နေ့စဉ်မှီဝဲနေကြ၏။ ထိုအာဟာရ၏အမှီရမှ ဖြစ်ခွင့် သာသော ရာဂသွေးများ ထလော့ရှိရာ ရာဂစိတ်မကင်းသူအဖို့ မီးမငြိမ်း စေနိုင်။ ငါတို့၏ လက်ရှိဘဝသည် ဥတု၊ အာဟာရတို့ခေတ်ဖြစ်ရကား ကြွင်းသော ကံ၊ စိတ်နှစ်ပါးတို့သည် နောက်လိုက်များအဖြစ်သာ ရှိချေ သည်။ စိတ်အကြံ ကံအပြု ဥတုသွေး၊ အာဟာရသွေးကချည်း စ,ရသည်။ ဥတု၊ အာဟာရသွေးတို့ အထောက်အပံ့မရက စိတ်နှင့်ကံ မကြံဖန်သာပြီ။ အတိတ်မှ ဤလက်ရှိဘဝသို့ ကူးလိုခတ်လိုရာ၌ကား ထို ကံ၊စိတ်နှစ်ပါး သည် ကြံအားပြည့်၊ ဖန်အားပြည့်တည်း။

သည့်အတူ ငါ ရဟန်း၌လည်း သတိဖြင့် အသက်သွင်းပေးထား သော သီလပန်းမညှိုးသေးခြင်းကြောင့်သာ နတ်အချစ်၊ လူအချစ် နှစ်သက် ခြင်းကို ခံယူနေရချေ၏။ ယနေ့ ငါ့သီလ ပန်းညှိုး၏။ ယနေ့ပင်လျှင် နတ် လည်းမပို့ လူလည်းမတိုးတော့ချေပြီ။ ဤ၌ နတ်ပို့ လူတိုးကား အကြောင်း ရင်းမဟုတ်၊ ငါ့ကျင့်စဉ်ခေါ် မှုမသေရန်သည် အဓိကဖြစ်လာ၏။ မှုမသေ ရန် ဘယ်သို့ကစားမည်နည်း။

http://www.dhammadownload.com



စိတ်ကို အလကားမထားနှင့်။

စိတ်ကို အလကားထားက ကစားသန်သောကလေး အလုပ်မပေး လက်သပ်မွေးပမာ ဖြစ်တတ်သည်။ ငါ့စိတ်သည် လေကဲ့သို့ မြန်တတ်၍ မျောက်ကဲ့သို့ တစ်ခုမဟုတ်တစ်ခု လုပ်နေရမှ ကျေနပ်သောစိတ်တည်း။ သို့ကြောင့် ထိုအချိန်မှစ၍ စိတ်ကိုအအားမထား၊ အလကားမထားတော့ပြီ။

ဆွမ်းခံပြန် ယမန်နေ့က စားခဲ့သော တစ်ထပ်မျှ ဆွမ်းရိက္ခာ၏ အထောက်အပံ့ ကုန်ခန်းနေချိန်၊ တရားအမှတ် စပ်ခြင်း၊ စိုက်ခြင်းဖြင့် ပြန်ထိုင်မရချိန် ဓမ္မသံဝေဂနှင့် စပ်ဆိုင်ရာ ကဗျာများကို ရေးစေ၏။ လောကဌ် ယနေ့ဖြစ်ဆဲတို့၏ မှတ်သားစရာ၊ သံဝေဂယူစရာ နီတိများကို ရေးစေ၏။ .... ဗုဒ္ဓဘာသာ မိဘနှစ်ပါးတို့မှ ဆင်းသက်လာကြသော သားငယ်၊ သမီးငယ်များ အဖျက်ဆီးမခံရရန် အမျိုး၊ ဘာသာ ကာကွယ်ရေးနှင့်စပ်ဆိုင်ရာ ကဗျာများကိုရေးစေ၏။ လောက၊ ဓမ္မနှစ်ဌာနတို့၌ နှောင်းသုတေသီတို့ လေ့လာရန် ပါဠိဂါထာများကို ရေးစေ၏။

တစ်ဖန် ဆွမ်းစားအပြီး အစာသစ်တွင် ပါဝင်ကြသော မတည့်အတူနေ ဓာတ်လေးပါးချင်း စစ်ခင်းနေကြချိန် ကိုယ်ဣန္ဒြေ မငြိမ်သက်ရကား တရားမှတ်၍ မရတဲ့နိုင်။ ထိုအခါမျိုးတွင် ရှေးရှေးပညာရှင်ကြီးတို့ အက္ခရာတင် သွန်သင်ထားတော်မူခဲ့ကြသော တရားစာပေများကို ဖတ်စေ၊ မှတ်စေခြင်းဖြင့် အချိန်ကုန်စေ၏။ ကစားမက်သောကလေး ကစားခွက်အသစ်ပေးထားခြင်း ပမာတည်း။ *(၄င်း၊ စာ-၁၀၆၊ ၁၀၇)*

ထိုနှစ်ဝါကား ကျွတ်သွား၏။ ငါကား မကျွတ်လာသေး။

မကြာပါချေ၊ တန်ဆောင်မုန်းလထဲ ရောက်သွားလျှင်ပင် ကောလာဟလတို့ တိုးဝင်လာကြ၏။ မှတ်သားမိသည်မှာ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့က ...

ထိုနေ့တွင် ဖျဉ်းမနားကားလမ်းမကြီးဘေးရှိ ရွှေညောင်ပင်ထမင်းဆိုင်ပိုင်ရှင်ဖြစ်လေသူ မူဆလင်ဘာသာဝင် ဦးပေါက်စသည် နေ့(၁၁)နာရီ

http://www.dhammadownload.com



ခန့် လုပ်ငန်းများ အေးဆေး ပြုလာပြီဖြစ်သဖြင့် ဆိုင်နောက်ဖေးသို့ထွက်၍ အပေါ့သွားသည်ဆို၏။ ထိုစဉ် ၎င်း၏ခေါင်းပေါ်မှနေကာ အစတွင်နိမ့်နိမ့်၊ မော့ကြည့်မိသည်နှင့် တဖြည်းဖြည်းနိမ့်ရာမှ မြင့်တက်သွားသော ကောင်းကင်သွား ရဟန်းတစ်ပါးကို တွေ့ရ၏။ ၎င်း၏တစ်သက်တာတွင် အလွန်ထူးဆန်းခြင်းကို ပထမဆုံးမြင်တွေ့လိုက်ရလေရာ အစတွင် တွေကြည့်နေ၏။ ပြီးသော် လူအများတို့ကို အော်ဟစ်ပြသရာ ဆိုက်ကားသမားကအစ လူ (၂၀၀)လောက်ပါ မြင်တွေ့ကြရသည်ဆို၏။

ငါတို့ ကံဆိုးချင်တော့ ထိုကောင်းကင်သွားရဟန်းသည် ငါတို့နေရာ လက်လုပ်တောင်တော်သို့ ဦးတည်ကြွသွားနေသည်ကို ထိုသူအားလုံးတို့ မြင်တွေ့ကြလေရာ ဒါ... လက်လုပ်တောင်ပဲ စွပ်စွဲကြချေတော့၏။ မကြာပါချေ၊ ထိုသတင်း တစ်မြို့လုံးပြန့်၊ နယ်တကာနယ် နှံ့သွားတော့ချေရာ လက်လုပ်တောင်ဝယ် ဖူးလိုသူများ ပျားပန်းခပ်သွားကြတော့၏။ နံနက်မလင်းမီကပင် တောင်အပြည့်ဖြစ်လာ၏။

ဥလ္လမ္ဗတု ငါဘိက္ခု၊ ဈာန်ကစားမှုပတ်လာပြီ။

ထိုနေ့၊ ထိုအချိန်မှစ၍ လက်လုပ်တောင်သည် ကြက်ပျံမကျဖြစ်လာ၏။ မုန့်ဟင်းခါးဆိုင်၊ အကြော်ဆိုင်ကလေးများသည်ပင် တစ်နံနက်ခင်းလျှင် ငါးထောင်မှ ခြောက်ထောင်ကျပ်ဖိုးအထိ အရောင်းတွင်ကျယ်လာ၏။ ပျဉ်းမနားအောက် ရေတာရှည်၊ ဆွာတို့အထိ ရွာလုံးကျွတ်မိသားစုအလှည့်ကျလာရောက်ကြရ၏။ ပျဉ်းမနားအထက် တပ်ကုန်း၊ ရမည်းသင်းအထိ ကြားရသူတိုင်း အကြိမ်ကြိမ်လာရောက်ကြရ၏။ ပရိသတ်အရေအတွက်ကား သာမန်ချိန်သုံးထောင်ကျော်၊ စနေ၊တနင်္ဂနွေ ငါးထောင်ကျော်အထိရှိ၏။ အဝေး ထားဝယ်၊ ကျိုင်းတုံ စသည်တို့မှသည် ထိုအတွင်းဒေသများမှလည်း လာရောက်ကြသေး၏။

သာသနာ့မြေ လူစည်သဖြင့် သင့်၏၊ စည်နည်းမကျသဖြင့် မတော်ချေ။

အချို့ကား အကြံအောင်ရန် ကြံရွက်စည်းလှူ၍ ပြန်ယူသွားကြ

http://www.dhammadownload.com



၏။ အောင်သပြေပန်းလှူပြီး ပြန်ယူသွားကြ၏။ အချို့ကား ကျန်းမာရေးကောင်းရန် တမာခက်များ ကပ်လှူပြီး ပြန်ယူသွားကြ၏။ သွားလမ်းတစ်လျှောက် ခင်းထားသည်မှာလည်းအပြည့်၊ ထို့အတူ ချဲလက်မှတ်၊ ထီလက်မှတ်၊ ငွေစက္ကူများလည်း အဝတ်ခင်းအောက်သို့ဝှက် ခင်းကျင်းထားကြသည်မှာလည်း လမ်းတစ်လျှောက်လုံးလုံး။ တစ်ဖန် ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ရွှေလက်စွပ် စသည့် ရဟန်းတို့ မသုံးသပ်အပ်သောပစ္စည်းများ လက်သို့၊ သပိတ်ပေါ်သို့ လာရောက်တင်သည်ကလည်းအပြည့်။ *(၄င်း၊ စာ-၁၀၈)*

အဲဒီမှာ ဆရာတော်ဘုရားရဲ့ သုံးသပ်မှတ်ချက်ချပုံကလေးဟာ အထူးမှတ်သားဖွယ်ကောင်းပါတယ်။

'ငါ ကိုယ်တော်ကြီး၏ ကျော်စောမှုကား မကောင်းသတင်း ကျော်စောခြင်းမျှသာတည်း'တဲ့။

ထိုရုန်းရင်းဆန်ခတ်မှု တပေါင်းလ ရွှေကျောင်းကုန်းတောင်က ပင့်သွားလေမှ အဓိကရုဏ်းပြေငြိမ်းသွားတော့၏။ ငါတို့လည်း သမာဓိခြွေမဟုတ်သော မျက်နှာကြောသမာဓိဖြင့် ဈာန်ပျံလုပ် ဈာန်ပျံသရုပ်နှင့် သဏ္ဍာန်တူစွာ ဟန်ဆောင်ရမှု ယခုမှပင် လွတ်ကင်းခွင့်ရတော့၏။ ထိုရွှေကျောင်းကုန်းတောင်၌ သုံးလကြာနေပေးရ၏။ ပျဉ်းမနားကိုးလ၊ ရွှေကျောင်းကုန်းသုံးလ၊ တစ်နှစ်လျှင် ထိုအချိုးကျ မျှဝေပေးရသည်။ *(၄င်း၊ စာ-၁၀၉)*

အဲဒီမှာလည်း ဆရာတော်ဘုရားကြီး နားနေခွင့်၊ အားထုတ်ခွင့်များ စိတ်တိုင်းကျမရခဲ့ပါပေ။ ဆောက်လက်စ ဆည်ကြီးကို လက်စဖြတ်စိမ်ကွပ်ကဲပေးရပါတယ်။ ရဟန်းရှင်လူ၊ ယောဂီ (၇၀)ခန့်ကိုလည်း တရားဟော၊ တရားပြပေးနေရပါတယ်။ ပျဉ်းမနား၊ လက်လုပ်တောင်ရဲ့ ဈာန်ဂယက်ကြောင့် ရွှေကျောင်းကုန်းမှာ ဖူးလိုသူတွေ ပိုများလာပါတော့တယ်။ လာသမျှပရိသတ်ရဲ့ ဆုတောင်းကား ထီဆုကြီးပေါက်ရပါလို၏။ သား... ဂျပန် သွားရေးကိစ္စ အာရုံချပေးပါဘုရား၊ ဤမျှသာတည်းလို့ ဆိုပါတယ်။

http://www.dhammadownload.com



ဆရာတော်မှာ ဓမ္မအမွေပေးလိုပါသော်ငြား ပရိသတ်ကား လိုမျှသာ။

ဆည်တော်ကြီး ရေစက်ချပွဲ ကဆုန်လပြည့်ကျော် (၈)ရက် ကျင်းပပြီးတဲ့အခါ ရွှေကျောင်းကုန်းသို့ နောက်သုံးနှစ် မလာတော့ပြီလို့ ကြေညာခဲ့ပြီး ပျဉ်းမနား၊ လက်လုပ်တောင်သို့ နယုန်လဆန်း(၁၀)ရက်နေ့မှာ ပြန်ကြွခဲ့ပါတယ်။ လက်လုပ်တောင်မှာ သာသနာ့ဟိတကာရီ(သာဟိကာ)အသင်း ဖွဲ့စည်းပေးပြီး ...

* လက်လုပ်တောင် သာသနာကိစ္စ အကြွင်းမဲ့ဆောင်ရွက်ရန်၊

* ငါတို့ထံ ကပ်ရှပ်လာသော ပရိသတ်ကို ခွာထုတ်တားဆီးပေးရန်... တာဝန်ပေးခဲ့ပါတယ်။

သာစည်၊ ရန်ကုန် အထက်-အောက် ပရိသတ်တို့ကိုလည်း တစ်နှစ်တစ်ကြိမ်သာ ဖူးခွင့်ပေးမယ်ဆိုကဲ့ စည်းကမ်းသတ်မှတ်ပေးလိုက်ပါတယ်။ သာစည်နှင့်အထက် ပရိသတ်များ ဝါဆိုလပြည့်၊ ရန်ကုန်နှင့်အောက်ပရိသတ်များ သီတင်းကျွတ်လပြည့်ရယ်လို့ ဖူးခွင့်သတ်မှတ်ပေးလိုက်ပါတယ်။

'ဤစည်းကမ်း... သာစည်နှင့်ကား လိုက်ဖက်အံဝင်၏။ ရန်ကုန်နှင့်ကား အံချော်သွားတော့ပြီ။ ဝါဆိုပြီးကတည်းက ရာထူးပြုတ်သား ရာထူးပြန်လည်အအပ်ခံရရေး၊ သာစည်သို့သွားသော ရန်ကုန်သား ပျဉ်းမနားတစ်ထောက်နား ငါတို့အား ဖူးတွေ့သွားရေး။ စာအုပ်ရိုက်သမား စာဖောင်များ မှား၊ မမှား ပြသရေး စသည်... စသည့် မဖွယ်မရာ မဖြစ်စလောက်သော အကြောင်းပြချက်ကလေးများဖြင့် ၎င်းတို့ခေါ်လိုရာ ပရိသတ်များကို ခေါ်သွင်းလာကြရာ တစ်ဝါတွင်း အလျဉ်းမရှင်းတော့ပြီ။ ကိလေသာခြေကုပ် အမြတ်ထုတ်ခွင့်ရသွားချေရကား ငါ့ဓားချက် လက်မသွက်တော့ပြီ'

'ထိုမှတစ်ဆင့် တော်သလင်းလဆန်းတွင် ရန်ကုန်၊ တိပိဋကမွေရက္ခိတအသင်းမှ ပဓာနနာယကဆရာတော်နှင့် ဥက္ကဋ္ဌ အဝင်အပါအဖွဲ့တို့ ဆရာတော်ဦးဝိစိတ္တ မပျံလွန်တော်မီက အကြောင်းကိစ္စပေါ်လျှင် ငါတို့ကို

http://www.dhammadownload.com



ပင့်ဆောင်၍ ဩဝါဒခံယူရန် မိန့်ကြားခဲ့ပါသည်ဆိုသော အကြောင်းပြစကားဖြင့် သီတင်းကျွတ်လျှင် ရန်ကုန်ကြွရောက်ရန် ပင့်ဆောင်လာမှု... ။

အဲဒီနောက် သပြေကန်ရွာ သိမ်သမုတ်ပွဲကိစ္စ ပြီးတော့ ဝါတွင်းရေပြာ့ရွာတွင် တစ်နေ့လျှင် ခုနစ်အိမ်ကျဖြင့် သပဒါနစာတင် ဆောင်ကျင့်နေစဉ် ပျဉ်းမနားမှဝင်ရောက်၍ လုယက်လောင်းကြသဖြင့် ပဋိပက္ခဖြစ်ပွားခဲ့ရမှု၊ ထိုအားလုံးတို့က စပေါင်းထိုးနက်ကြလေရာ ခိုင်ခံ့ခြင်း အလျဉ်းကင်းမဲ့နေသော ငါ့သမာဓိ ကိလေသာကို မဖိနှိပ်နိုင်၊ တိုက်အားမကောင်းသော ငါ့သီလ ကိလေသာအထကို နှိမ့်မချနိုင်၊ ခွဲခြမ်းအားသေးသော ငါ့ပညာ သူ့ဟာ၊ ကိုယ့်ဟာ ဘာကိုမျှ ဓာတ်ခွဲမပေးနိုင်'*(၄င်း၊ စာ-၁၁၃)*

ပျဉ်းမနား သာဟိကာအသင်းကလည်း တစ်ဝါတွင်းလုံး လာရောက်ထိန်းသိမ်းပေးခြင်းမရှိလို့ ဆွမ်းလောင်းသူ၊ ဖူးတွေ့သူများ စည်းမဲ့ကမ်းမဲ့ ဖြစ်ခဲ့တာကြောင့် 'သုံးနှစ်စာ ငါ့အဆုံးအဖြတ် သည်မှာပင် စခန်းရပ်ရကိန်းပေါ်လာပြီ' လို့ မှတ်တမ်းရေးခဲ့ခြင်းဖြစ်ပါတယ်။ 'အရွယ်၏အသက်ကို အချိန်ကဝါးမျိုပြီး ရဟန်းအသက်ကို ကိလေသာက ဝါးမျိုနေပြီ မဟုတ်လော' ဟု ဆန်းစစ်ဝေဖန်ထားတာလည်း တွေ့ရပါတယ်။

ရန်ကုန်အဖွဲ့ ဖူးခွင့်ရ သီတင်းကျွတ်မှာလည်း 'အမြီးအမောက်မတည့်' လို့ ဖော်ပြထားပါတယ်။ နောက်ဆုံးတော့ ဆရာတော်ဘုရားကြီးဟာ ပျဉ်းမနားဒေသမှ ဘုန်းကြီးကျောင်းပေါင်း (၆၈)ကျောင်းသို့ သက်န်းစသော လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်း လုပ်ကျွေးတော်မူခဲ့ပါတယ်။

## သုဝဏ္ဏသျှမ်တောင်သို့

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာပျဉ်းမနား၊ လက်လုပ်တောင်မှ သုဝဏ္ဏသျှမ်တောင် (ရှမ်းပြည်နယ်အရှေ့ပိုင်း၊ သံလွင်မြစ်အရှေ့ဘက်ခြမ်း)သို့ (၁၃၅၅)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်မှာ ထွက်ခွာတော်မူခဲ့ပါတယ်။ သုဝဏ္ဏသျှမ်တောင်ပေါ်တွင် သာသနာပြုတော်မူခဲ့ပုံများကို ဂမ္ဘီရမဂ္ဂဇင်းတွင် (၁၄)လတိုင်တိုင် အခန်းဆက်ဖော်ပြခဲ့ပြီး 'သုဝဏ္ဏသျှမ်တောင်မှ သုဝဏ္ဏသျှမ်တောင်သို့' ဟူ၍ လုံးချင်းစာအုပ် ပုံနှိပ်

http://www.dhammadownload.com



ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

သုဝဏ္ဏသျှမ်တောင်တော်တွင် သီတင်းသုံးစဉ်ကာလ ဆရာတော်ဘုရား၏ မှတ်စုမှတ်ချက်များမှာ–

* ဤနေရာသည် ငါ၏ပါရမီအစ ချက်မြှုပ်ရာဒေသတည်း။
* ဤနေရာသည် ငါ့အားလမ်းပြ ဥပဇ္ဈာယ်တို့နေရာဌာနတည်း။ *(ငင်း၊ စာ–၁၁၆)*
* ငါ့ခြံရှိနေသော ထင်ပေါ်ကျော်ကြားမှု၊ အများတကာတို့ အားကျကြည်ညိုမှုများသည် အတိတ်ကံထောက်ပံ့မှု၊ သူတော်ကောင်းကြီးများ အားပေးထောက်ခံမှုက် အရင်းခံဖြစ်နေကြပြီး ငါ၏ကျင့်ဆဲသိက္ခာသုံးဆင့်တို့ကား အရောင်တင်မျှသာ ရှိချေ၏။ သို့ကြောင့်လျှင် လောကဓံများနှင့် တွေ့လေတိုင်း ငါသည် ကျောက်တိုင်ဖြစ်ရမည့်အစား သက်ကယ်ပင်ဖြစ်နေရခြင်းဖြစ်၏။ *(ငင်း၊ စာ–၁၁၇)*

သုဝဏ္ဏသျှမ်တောင်မှ ဖျားနာ၊ ငှက်ဖျားစွဲ၊ ရောင်ဖော၊ ပွန်းပဲ့ရှနာမှတစ်ဆင့် ခြေမ,အဆိပ်ပိုးဝင်တို့ဖြင့် ကာယိကဒုက္ခကို အလူးအလဲခံစားတော်မူခဲ့ရပါတယ်။ ဒီကြားထဲကပဲ သာသနာ့သမိုင်းဝင် လားဟူ–လီရှော ဗုဒ္ဓဘာသာခံယူပွဲကြီးကို တိုင်းသိပြည်သိ ဦးဆောင်ကျင်းပပေးခဲ့ပြန်ပါတယ်။ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ လုပ်ဆောင်ပြခဲ့သည့်တိုင်အောင် ဆရာတော်ဘုရားကြီးဟာ မိမိကိုယ်ကို ဝေဖန်ရေးခြံနည်းနည်းမှ မညှာတာခဲ့ပါချေ။

'စင်စစ် ငါ၏ဥလ္လမ္ဗတုသည် စိတ်မည်းတူမှ စိတ်ဖြူရာသို့ ထုတ်ဆောင်ခြင်းကားမဟုတ်၊ ပုဆိုးကွက်မည်းတူမှ သက်န်းဝါဝါသို့ ထုတ်ဆောင်ထားခြင်းမျှသာ ရှိ၏။.... စရဏာသော အားသွန်ပြီး ဝိဇ္ဇာမှုန်နေခြင်းကြောင့် တောတွင်းပျော် ဖြစ်နေတော့၏'

* ရောဂါသာစု ငါဘိက္ခု ဥလ္လမ္ဗတု ဝေးချေသည်။
* လာဘ်ကျော်လူစု ငါဘိက္ခု ဥလ္လမ္ဗတု ပြေးချေပြီ။
* ဥလ္လမ္ဗတု ငါဘိက္ခု မမှုတော့ပါပြီ။ *(ငင်း၊ စာ–၁၁၈)*

**သုဝဏ္ဏသျှမ်စာစဉ်**

http://www.dhammadownload.com



ငါ့ဘက်က ဖျက်ဆီးပေးမည့်သူကား သတိတစ်လုံးတည်းလို့ လေးလေးနက်နက် မှတ်ချက်ချပါတယ်။ ရောက်လေရာရာမှာ ကိလေသာ အသင်းအပင်းကတော့ နည်းစုံလမ်းစုံ၊ မီးကုန်ယမ်းကုန်။ သို့ပါသော်လည်း ဥလ္လမ္ဗတု(ရဟန်း)၏ အသက်ကား သတိတစ်လုံးပင်ဖြစ်လေရာ ထိုသတိ တစ်လုံးဖြင့်ပင် ဆုံးမလမ်းညွှန် သွန်သင်ပြသ ဇမ္ဗအမွေ ပေးဝေနိုင်အောင် အားထုတ်တော်မူပြီးခဲ့လေပြီ။

ဥလ္လမ္ဗတု ဘိက္ခုဘာဝ ကထာစာတမ်းဟာ မိမိကိုယ်ကို စံပြ ဝေဖန်ပြခြင်းအားဖြင့် အခြားသော သာသနာ့ပြုဘိက္ခု အရှင်မြတ်တို့ကို လည်း ဟုတ်မှန်သည့်အတိုင်း စစ်တမ်းထုတ်နိုင်အောင် အလင်းရောင်ပေး နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်မိကြောင်းပါဗျာ.... ။

အညွှန်း

❊ (၂၀၀၁)ခုနှစ်၊ အောက်တိုဘာလထုတ်၊ ရတနာ့ခစ်တမ်း။

တမူခွင်းပြုချက်-၇၃၄/၉၉(၁၂)

[ အမှတ်(၈၀)၊ ၂၀၀၂ ခုနှစ်၊ မတ်လ၊ ဂန္ဓီရမဂ္ဂဇင်း။ ]

http://www.dhammadownload.com

# လူချစ်၊ နတ်ချစ် တောရရှင်

## (၁)

ကျွန်တော့်အိမ်ခန်းကျဉ်းကျဉ်းကလေးသို့ ရောက်လာတတ်တဲ့ ဧည့်သည်အများစုမှာ ဓမ္မမိတ်ဆွေများ ဖြစ်ကြပါတယ်။ ဓမ္မမိတ်ဆွေတွေထဲမှာ ရပ်နီးရပ်ဝေးက ရဟန်းသံဃာတော်များလည်း ကြွတော်မူလာတတ်ပါတယ်။ ရဟန်းသံဃာများတွင် အချို့မှာ စာပေပရိယတ္တိ၌ မွေ့လျော်သော သံဃာတော်များဖြစ်ပြီး အချို့ကား အကျင့်ပဋိပတ္တိ၌ အားသန်သော သံဃာတော်များ ဖြစ်ကြပါတယ်။ ဘယ်လိုသံဃာတော်မျိုးဖြစ်ပါစေ၊ သံဃာကို ဖူးရခြင်းသည်ပင် မင်္ဂလာတစ်ပါးဖြစ်၍ ကျွန်တော့်အဖို့ ကံထူးလှပြီလို့ ဆိုနိုင်ပါတယ်။ သံဃာတော်များ ကြွလာခြင်း၏ တူညီသော အကြောင်းတစ်ခုမှာ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မစာပေတရားတော်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြခြင်းပဲဖြစ်ပါတယ်။

စာပေပရိယတ္တိအားသန်တဲ့ အရှင်မြတ်များက...

'ဆရာတော်ကြီးက ဉာဏ်ကြီးသလောက် အာဝဇ္ဇန်းရွှင်တယ်။

http://www.dhammadownload.com



ရေးသားစီရင်ပုံ အလွန်အကွက်စေ့တယ်။ စကားလုံးသုံးနှုန်းပုံတွေ ထူးခြားတယ်။ ဥပမာပေးကောင်းတယ်။ လူပြိန်းတွေလည်း နားလည်တယ်။ ပညာရှင်တွေလည်း လက်ခံတယ်ဆိုတော့ ပြောစရာမကျန်တော့ဘူး။ ဓမ္မကဗျာတွေ ရေးလိုက်တာလည်း အယ်ဒီတာတွေ၊ ကဗျာဆရာတွေကအစ၊ ခုံခုံမင်မင် နှစ်သက်လက်ခံကြတဲ့ ကဗျာတွေဖြစ်နေတယ်။ စာ၊ ကဗျာတွေ ဖတ်ပြီးတော့ ဆရာတော်ကြီးကို ဖူးချင်တဲ့ အာသီသဖြစ်ပေါ်လာတယ်။ အဲဒါ ဒကာကြီး စီစဉ်ပေးပါ'လို့ အမိန့်ရှိပါတယ်။

ပဋိပတ္တိအကျင့်စခန်းပေါ်မှ အရှင်မြတ်များကား ဆိုဖွယ်ရာမရှိပြီ။ ယခုသွားခွင့်ရလျှင် ယခုပင်သွားပြီး ဆရာတော်ကြီးထံတော်မှာ နည်းခံချင်ကြတယ်လို့ အမိန့်ရှိပါတယ်။

'တင်ပဲ့ဘုရား။ (၁၃၆၅)ခုနှစ်ဆိုရင် အရှင်ဘုရားတို့နဲ့ ဆရာတော်ကြီးတို့ ဆုံမိကြပါပြီ။ အရှင်ဘုရားတို့ ပြောကြ ဟောကြတာတွေ တပည့်တော် နာကြားမှတ်သားချင်ပါတယ် ဘုရား'

ဒီလိုနဲ့ အာဂန္တုအရှင်မြတ်များကို ဆရာတော်ကြီးရေးခဲ့တဲ့စာအုပ်၊ ဟောတဲ့တိပ်ခွေ စသည်တို့လှူဒါန်းဖြစ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ဘက်က ကြွလာတဲ့ အရှင်မြတ်တစ်ပါးကတော့ 'ဒကာကြီးလှူလိုက်တဲ့ ရတနာစစ်တမ်းစာအုပ်ထဲက ရဟန်းစစ်တမ်းဆိုတဲ့အခန်းကိုဖတ်ပြီး သံဝေဂအကြီးအကျယ်ဖြစ်ပေါ်ခဲ့တယ်။ ဆရာတော်ကြီးလို သူတော်ကောင်းကြီးတွေတောင် လောကဓံဘေးက မလွတ်ဘူးဆိုတာ တွေ့ရတယ်။ ဆရာတော်ကြီး သူတော်ကောင်းပီသလိုက်ပုံကတော့ လာရောက်နှောင့်ယှက်နှိပ်စက်သူတွေကိုတောင် အပြစ်မမြင်ဘူး။ ဒါတွေဟာ ကိလေသာရဲ့လှည့်စားချက်တွေ။ ကိလေသာက အကွက်ဆင်ပြီး ရဟန်းတရားအားထုတ်သူကို လိုက်နှောင့်ယှက်နေတာ။ ကာမဂုဏ်နဲ့ ပျော်နေသူကို ဘယ်ကိလေသာကမှ လိုက်မနှောင့်ယှက်ဘူးဆိုတဲ့ သဘောမျိုး မှတ်ချက်ရေးပေးထားတယ်။ အဲဒီတော့မှ ဦးပဥ္စင်းလည်း ဘာလုပ်ရမယ်ဆိုတာ သဘောပေါက်သွားတယ်။ အခု ရန်ကုန်ကြွလာတာ ရိပ်သာတစ်ခုမှာ နည်းနာနိဿယ

http://www.dhammadownload.com



ပိုင်း လာပြီးလေ့လာတာပါ။ ဒီရိပ်သာက ထွက်ရင် တောထဲပဲ ပြန်သွားမှာ။ ဆရာတော်ကြီးလမ်းကို လိုက်မှာဆိုတော့ ဆရာတော်ကြီးနည်းနာတွေ ဒကာ သိသလောက် လျှောက်ထားပါ။ အားမနာနဲ့၊ မခြွင်းချန်နဲ့၊ သိသလောက်ပြော။ တရားနဲ့စပ်သမျှ အဖိုးတန်စကားချည်းပဲ။ ရွှေဆိုတာ တစ်မူးတစ်ပဲကစပြီး အဖိုးတန်သလိုပေါ့... '

'တင်ပါ့ဘုရား၊ လိုတာယူပြီး မလိုတာပယ်ပစ်ပါ ဘုရား။ တပည့်တော် ဖတ်မှတ်နာကြားခဲ့သမျှ လျှောက်ထားတင်ပြအပ်ပါသည်ဘုရား'

(၂)

## ၂၄ နာရီကို သုံးပိုင်း,ပိုင်း၍ကျင့်

'အရှင်ဘုရား...

လိုရင်းကို လျှောက်ထားအပ်ပါသည်ဘုရား။ တောထွက်ပြီး ကျင့်သူများဟာ တစ်နေ့တာ ၂၄ နာရီကို သုံးပိုင်းပိုင်း၍ ကျင့်ရမည်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ကိုယ်တွေ့ကျင့်စဉ်မှ ထုတ်နုတ်မှာကြားထားပါတယ်ဘုရား... ။

၁။ နံနက်အရုဏ်တက်မှသည် နေ့လယ် ၁၂နာရီအထိ တစ်ပိုင်း။

၂။ နေ့လယ် ၁၂နာရီမှသည် ညဥ့်လယ် ၁၂ နာရီအထိ တစ်ပိုင်း။

၃။ တစ်ဖန် ညဥ့်လယ် ၁၂နာရီမှသည် နံနက်အရုဏ်တက်သည်အထိ တစ်ပိုင်းပါ ဘုရား။

အဲဒီအချိန်သုံးပိုင်းမှာ နံနက်အရုဏ်တက်မှ နေ့လယ် ၁၂ နာရီအတွင်းသာ တောရှင်အတွက် အလုပ်များနေချိန်ဖြစ်ပါတယ်။ 'ဝနဝါသော ဗဟုကိစ္စော' လို့ဆိုတဲ့အတိုင်းပါဘုရား။ မိမိရဲ့တစ်ရက်တာ ဝမ်းစာကိစ္စ သွားရလာရ၊ ဆွမ်းခံရ၊ စားသုံးရတဲ့အချိန်ပိုင်းဖြစ်လို့ပါ ဘုရား။ နံနက်အရုဏ်တက်သည်နှင့် မိမိဆွမ်းခံမယ့်ရွာ၊ အလှည့်ကျရာရွာ၊ အဝေးအနီးချင့်တွက်ပြီး သပိတ်သင်္ကန်း ပရိက္ခရာပြင်ဆင်ခြင်းဖြင့် ဝမ်းစာကိစ္စ စတင်ပါတယ်ဘုရား။

http://www.dhammadownload.com



ပြီးတာနဲ့ သက်နဲ့သုံးသပ်ခြင်း၊ ဘုရားအာရုံပြုခြင်း၊ သွားလမ်းတစ်လျှောက်လုံး မေတ္တာပို့ထားခြင်း၊ ဆွမ်းခံရွာသို့ မေတ္တာဓာတ်ပို့လွှတ်ထားခြင်းဖြင့် သွားခရီးစထာင်ရပါတယ်တဲ့ ဘုရား။

ဘုရားအာရုံပြုနေစဉ် ဘုရားရှေ့တော်မှောက်မှ ထလုဆဲဆဲ 'ဩော်... ဘုရားရှင်ရှိတော်မူစဉ်တုန်းကလည်း မြတ်စွာဘုရားနှင့်တကွ တပည့်သာဝက သံဃာတော်များဟာ ဘုရားနှင့်အတူ ဆွမ်းခံလိုက်ပါဖို့ သည်လိုပဲ ပြုကျင့်တော်မူမှာပဲ။ ငါသည် ထိုဘုရား၊ ထိုသံဃာတော်များကို ဦးထိပ်ပြင် ပင့်တင်လျက်က ဘုရားကိုယ်စား၊ သံဃာကိုယ်စား ဆွမ်းခံကြွမှပဲ။ သက်တော်ထင်ရှား ဘုရားရှင်နှင့် အရိယာသံဃာတော်ကြီးများကို မမီလိုက်တဲ့ ဒီနေ့ဆွမ်းလောင်းမယ့်သူတွေဆီ ကိုယ်စားသွားပြီး ဆွမ်းအလှူခံရပေအံ့။ ဒီနေ့ ဒီရွာက ဆွမ်းလောင်းမယ့်သူတွေဆိုတာလည်း ဘုရားသားသမီးတွေပါပဲ'လို့ နှလုံးသွင်းအပ်တယ်လို့ မှာကြားပါတယ်ဘုရား။

ဘုရားအာရုံပြုရာက ထတာနဲ့ ခုနစ်ရက်သားသမီးများကို နေ့အလိုက် မေတ္တာပွားပို့ပေးရပါတယ် ဘုရား။ ဥပမာ ဒီနေ့ တနင်္ဂနွေနေ့ဆိုလျှင် ဒီရွာရှိ တနင်္ဂနွေသားသမီးများကစပြီး ခုနစ်ရက်သားသမီးများသည် ငါ၏သီလအမှီပြုပြီး ဒါနအမွေပေးပါအံ့။ နောက်နေ့တွေမှာလည်း သူ့ဂြိုဟ်ခွင်၊ သူ့ဂြိုဟ်သားအလိုက် အဦးအစထား မေတ္တာပွားပို့ပြီး ဆွမ်းခံထွက်ရပါတယ်ဘုရား။

အဲဒီနောက် ဆွမ်းခံထွက်ပြီဆိုတာနဲ့ မိမိလှမ်းတော့မယ့် ဖဝါးဆီသို့ မိမိသတိကို ရှေးရှုပေးပို့ထားပါတဲ့။ (စင်္ကြံကမ္မဋ္ဌာန်းကဲ့သို့ပါဘုရား) ဘယ်ညာခြေလှမ်းတွေမှာ မိမိရဲ့စိတ်သတိကပ်ပါနေပါစေတဲ့ ဘုရား။ ဒီနေရာမှာ စိတ်ကလှည်းဦးစီး၊ ခြေနှစ်ဖက်က နွားတစ်ရှဉ်း၊ ခန္ဓာကိုယ်ကြီးကတော့ လှည်းတစ်စင်းပမာနဲ့ တူပါသတဲ့ဘုရား။ ဒီလိုနဲ့ ဆွမ်းခံရွာနားသို့ချဉ်းကပ်မိတာနဲ့ မှတ်လက်စကို အာရုံဖြတ်ပြီး ရွာအရပ်သို့ မေတ္တာဓာတ်ပို့လွှတ်ပေးပါတဲ့ဘုရား။ ရွာစောင့်နတ်၊ ကုန်းစောင့်နတ်၊ ကွင်းစောင့်နတ်

http://www.dhammadownload.com



မှသည် ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးများကို ဦးစွာမေတ္တာပို့ပါလို့ မှာကြား ပါတယ်ဘုရား။

ပြီးတော့ ရိုးရာမပျက် စောင့်ကြပ်ပေးနေတဲ့ ရိုးရာစောင့်နတ်၊ ကိုယ်စောင့်နတ်၊ ခြံစောင့်နတ်၊ အိမ်စောင့်နတ်တို့ကိုလည်း မေတ္တာပို့အပ် ပါတယ်ဘုရား။ တစ်ဆက်တည်းမှာပဲ ဤနေရာ ဤဒေသနဲ့ ပတ်သက်တဲ့ သာသနာတော်စောင့်နတ်၊ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်၊ အရိယာသခင် ကျေးဇူးရှင် တို့ကိုလည်း မေတ္တာပွားပို့ပါလို့ ညွှန်ပြပါတယ်ဘုရား။ မေတ္တာပွားပုံမှာ ရိုးရိုးလေးပါဘုရား။ 'အားလုံးတို့သည် ကျုန်ုပ်၏တစ်ရက်တာ ဖြည့်ကျင့် ခဲ့ရသမျှသော ပါရမီကုသိုလ်ပုည အဖို့ဘာဂတို့၏ အာနုဘော်ကြောင့် ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပြီး ဆင်းရဲခြင်းအပေါင်းမှ လွတ်ကင်း ကြပါစေ။ သင်တို့အားလုံး ချမ်းသာကြသည့်နည်းတူ ဤဒေသရှိ ခုနစ်ရက် သားသမီးတို့ကိုလည်း သင်တို့ရင်မှ ပေါက်ဖွားသည့်တစ်ဦးတည်းသော သားပမာ ဖေးမကူညီ၊ ထိန်းသိမ်းစောင့်ရှောက်ကြပါစေကုန်သတည်း'

ဒီလိုနဲ့ ရွာပေါက်ဝ ခြေချမိတာနဲ့…

'ငါသည် သတိမပြတ်ရှုမှတ်လျက်ကသာ သီလအရင်းခံဖြင့် ဤ ရွာ၏ဆွမ်းကို ခံယူပါအံ့။ ငါ့အား တစ်ရက်တာကျင့်နိုင်အောင် လောင်းလှူ ကြသော ဆွမ်းတစ်ဆုပ်၊ ဟင်းတစ်ဖတ်သည် ၎င်းတို့အတွက် တစ်ဘဝ ကျေးဇူးပြုပါစေသတည်း' လို့ နှလုံးသွင်းဆင်ခြင်ပြီးမှ ရွာတွင်းသို့ ချဉ်းနင်း ဝင်ရောက်အပ်တယ်လို့ ဆိုပါတယ်ဘုရား'

'အလွန်ကောင်းတဲ့ နည်းနိဿယတွေပဲ ဒကာကြီး။ ကောင်းလွန်း လို့ ကြားဖြတ်ပြီး ဘာမှဝင်မပြောတော့ပါ။ ဆက်ပြောပါ ဒကာကြီး'

'ရွာတွင်းဝင်တဲ့အခါ အချိန်မှန်အောင်ကြိုးစားရင် ပိုကောင်းပါ တယ်တဲ့ ဘုရား။ ဘာဖြစ်လို့တုန်းဆိုတော့ ဆွမ်းခံဝင်နေကျအချိန်ထက် နောက်ကျပြီးဝင်မိရင် ဒီနေ့ ကြွမှကြွပါတော့မလား၊ တစ်ခုခုများဖြစ်နေ ရှာသလားနဲ့ ဆွမ်းအလှူရှင်တွေ သောကများတတ်လို့ပါတဲ့။ ဆွမ်းအလှူ ရှင်ရဲ့စေတနာက ဆွမ်းလိုပဲ ဖြူဖြူစင်စင်၊ မိမိကြောင့် သောကဝင်သွား

http://www.dhammadownload.com



ရင် ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို ဖြစ်သွားမယ်တဲ့။ တကယ်လို့ ဆွမ်းခံ ဝင်ချိန် စောပြန်ရင်လည်း အချိန်ကိုက်ပြီး ချက်ပြုတ်နေတဲ့ ဆွမ်းကိစ္စတွေ တိုးလိုးတန်းလန်း ဖြစ်သွားမယ်။ ဒီမှာလည်း သောကစွက်ဖက် စိတ် ကယောက်ယက်ဖြစ်သွားရင် သူတို့စေတနာသန့်သန့်ကလေးတွေ ညစ်နွမ်း ညှိုးနွမ်းသွားနိုင်တယ်။ စေတနာကိုသာ အလှူခံပြီး စေတနာကို သာသနာ ပြုနေတဲ့အတွက် ဆွမ်းခံဝင်ချိန်ကစပြီး ဂရုစိုက်ပါလို့ မှာလိုက်ပါတယ် ဘုရား။

ပြီးတော့ ဆွမ်းခံရပ်တဲ့အခါ အချိန်တိုတို မရပ်သင့်ပါတဲ့ဘုရား။

အချိန်တိုတိုရပ်ပြီး ဆက်ကြွသွားရင် ဆွမ်းအလှူရှင်တွေ ဖူးမြင် ချိန် မရလိုက်တော့တဲ့အတွက် နံနက်စောစောထပြီး ကြိုးစားချက်ပြုတ်ခဲ့တဲ့ ဆွမ်းကုသိုလ် အလကားဖြစ်သွားမှာ စိုးလို့ပါတဲ့ ဘုရား။ မိမိကြောင့် သူ့ တစ်ဘဝတာရမယ့်အခွင့်အရေး လက်လွတ်ဆုံးရှုံးသွားစေနိုင်တဲ့အတွက် စိတ်ရှည်ရှည် ဆွမ်းခံရပ်ပေးသင့်ပါတယ်တဲ့ ဘုရား။ စိတ်ရှည်ရှည်ဆိုလို့ အကြာကြီးလည်း ရပ်မနေသင့်။ သူတို့ခမျာ ဒီနေ့မပြည့်စုံလို့ ဆွမ်းအလှူ့ငှာ မတတ်သာကြရင် ရှိပါစေ။ မိမိက ပေရပ်နေတာမြင်သွားပြီးမှ သူတို့စား မယ့်အထဲက ဖဲ့လှူ၊ ခွဲလှူမယ်ဆိုရင် စေတနာကို လုယူရာရောက်သွားနိုင် ပါတယ်တဲ့ဘုရား။ အလွန်သိမ်မွေ့ပါတယ်ဘုရား။ ဒီမှာ အလှူရှင်တွေဘက် ကလည်း တာဝန်သိတတ်ရမည်လို့ ဆိုပါတယ်ဘုရား။

ဘယ်လိုတာဝန်သိတတ်ရပါသလဲဆိုတော့ မိမိအိမ်ရှေ့ ဆွမ်းခံ ရပ်တော်မူတဲ့ ရဟန်းကိုမြင်တာနဲ့ လောင်းလှူဖို့ ခူးခပ်ပြင်ဆင်နေတုန်း ဆိုရင် 'ရပ်တော်မူပါဦးဘုရား' လို့ လျှောက်ထားအသံပေးသင့်ပါတယ်။ ဆွမ်းအဆင်သင့် မဖြစ်ဘူးဆိုရင် 'ကန်တော့ဆွမ်းပါဘုရား' လို့အသံပေး လျှောက်ထားရပါမယ်။ ကန်တော့ဆွမ်းပါဘုရားဆိုတာ ဆွမ်းမလောင်း ပေမဲ့ စေတနာလောင်းလှူရှာတာပဲလို့ ဆွမ်းခံရဟန်းက မှတ်ယူအပ်ပါ တယ်တဲ့ဘုရား။

အဲဒီမှာ ဆွမ်းခံရင်း ၄က်မသင့်အောင် မဟာဗောဓိမြိုင်ဆရာ တော် ဘုရားကြီးက ဒီလိုသတိပေးလိုက်ပါတယ်ဘုရား'

http://www.dhammadownload.com



'လုပ်စမ်းပါဦး ဒကာ။ ဒါ... အရေးကြီးတယ်'

'ဆွမ်းခံရင်း တွေ့ကြုံရတဲ့ အဆင်း၊ အသံ၊ အနံ့ စတဲ့ 'ဝိဘာဂ' အာရုံတွေမဝင်အောင် သတိစိတ်စိုက်၊ သပိတ်ပိုက်ပြီး ဆွမ်းခံရမှာပါတဲ့ ဘုရား။ ကမ္မဋ္ဌာန်းအာရုံ မလွတ်ပါစေနဲ့တဲ့။ သပိတ်အဖွင့်အပိတ်မှာ သတိကလေးကပ်လိုက်ပြီး ရှုမှတ်နေရမှာပါတဲ့ဘုရား။ သပိတ်ထဲကျလာတဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေဆီလည်း အာရုံမရောက်ပါစေနဲ့တဲ့။ ဒါလည်း အမှတ်ပျက်သွားစေနိုင်ပါတယ်တဲ့ ဘုရား'

'ဟုတ်တယ်။ အာပတ်လည်းသင့်တယ်'

'ဆွမ်းခံအသွား မှတ်လာပါသော်လည်း အပြန်မှာ အမှတ်ပျက်သွားတတ်တဲ့ရဟန်း၊ အသွားမမှတ်ဖြစ်သော်လည်း အပြန်မှတ်ဖြစ်တဲ့ရဟန်း၊ အသွားအပြန် သတိအမှတ်ကပ်ပါနေတဲ့ ရဟန်းနဲ့ အသွားလည်းမမှတ်၊ အပြန်လည်း သတိမကပ်တဲ့ ရဟန်းဆိုပြီး စာတွေထဲမှာ ရဟန်းလေးမျိုး ဖော်ပြထားတယ်လို့လည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ထပ်ဆင့် ဖော်ပြထားပါတယ်ဘုရား။

အဲဒီမှာ အသွားမှတ်၊ အပြန်မှတ်သတိကပ်တဲ့ ရဟန်းသာလျှင် တောရရှင်ဂုဏ်အင်္ဂါနှင့် ညီပါတယ်တဲ့။ သမာဓိလည်းအလိုလိုရနေပါသတဲ့။ တမင်လုပ်ယူထားတဲ့ မျက်နှာကြော တင်းသမာဓိမဟုတ်တော့ဘဲ ဣန္ဒြေရတဲ့ ကြည်ညိုဖွယ်ရာသမာဓိဆိုတာ အမှတ်မလွတ်တဲ့ ရဟန်းမှာသာဖူးတွေ့နိုင်ပါသည်တဲ့ဘုရား။ ဆွမ်းစားရာမှာလည်း ဘောဇနေမတ္တညုခေါ်တဲ့ ဆွမ်းရဲ့အတိုင်းအရှည်ကို သိရမယ်ဆိုပါတယ်ဘုရား။ ဆွမ်းရဲ့အတိုင်းအရှည်မှာ မိမိဝမ်းဗိုက်က လေးငါးလုတ်ခန့် ဆန့်ဦးမယ့်အချိန် ဆက်မစားတော့ဘဲ ရပ်လိုက်ပါ၊ ဆွမ်းဆက် မစားတော့ဘဲ ရေသောက်ဖြည့်တင်းလိုက်ပါလို့ ညွှန်ပြပါတယ်ဘုရား။ ဒီလောက်ဆို ရဟန်းတရားအားထုတ်ဖို့ လုံလောက်ပါပြီတဲ့ ဘုရား။ ဗိုက်ပြည့်၊ ဗိုက်အင့်အောင် ဆွမ်းစားလိုက်ရင် ငြီးစီစီ မအီမလည်ဖြစ်ပြီး တရားအားထုတ်လို့မကောင်းတော့ဘူးတဲ့ ဘုရား'

http://www.dhammadownload.com



'အမှန်တွေချည်းပဲ ဒကာ... ဆက်ပြောပါဦး'

'တင်ပါ့ဘုရား။ ဆွမ်းလျှော့စားတာ တစ်ပတ်လောက်ကျင့်လိုက်ရင် အဆင်ပြေ အသားကျသွားပါတယ်တဲ့ဘုရား။ ရဟန်းဆိုတာ စိတ်ကို အအား၊ အနားမပေးဘဲ တရစပ် မှတ်နေရမယ်တဲ့။ သတိတစ်လုံး လက်သုံးတော်ရွှေဓားကဲ့သို့ ကိလေသာတွေကို ပိုင်းဖြတ်နေရမယ်တဲ့။ ဆွမ်းခံပြန်လာချိန်နဲ့ ဆွမ်းစားပြီးစအချိန်တွေမှာ ဗိုက်ဟာချိန်နဲ့ ဗိုက်တင်းချိန်ဖြစ်လို့ အမှတ်လွတ်နေတယ်လို့ သတိပေးတာပါတဲ့ဘုရား။ အဲဒီအချိန်မျိုးတွေမှာ သဒ္ဓါတိုးစေမယ့် ဓမ္မစာကဗျာတွေ ရေးလိုရေး၊ ဖတ်လိုဖတ် တစ်ခုခုလုပ်အပ်ပါသတဲ့။ ကိလေသာ ကြားဝင်မယ့်အစား ဓမ္မစာကဗျာတွေ ကြားဝင်ဟန့်တားထားတာက ကောင်းပါတယ်လို့ ဆိုလိုကြောင်းပါဘုရား'

'သာဓု... သာဓု... သာဓု... အချိန်သုံးပိုင်းမှာ ပထမပိုင်း ဆွမ်းခံ၊ ဆွမ်းစား၊ အားလုံးပြည့်စုံသလောက် ရှိသွားပါပြီ။ နေ့ ၁၂ နာရီနောက်ပိုင်း အချိန်ကို ဆိုပါဦး'

(၃)

## ဝိကာလ အထူးအချိန်

'နေ့ ၁၂နာရီကစတင်တဲ့အချိန်ကို 'ဝိကာလ' အထူးအချိန်လို့ ဆိုပါတယ်ဘုရား။

ဝိ... အစာကင်းရမယ့်အချိန်။

ဝိ... အထူးပြုကျင့်ရမယ့်အချိန်... လို့ ဖွင့်ဆိုပါတယ် ဘုရား။

ရဟန်းတို့ ညစာမစားအပ်ခြင်းမှာ ညစာကြောင့် အချိန်ပိုအလုပ်များပြီး ကျင့်ချိန်နည်းသွားစေခြင်း၊ ညစာသည် သုက်သွေးကိုဖြစ်ပေါ်စေတတ်ခြင်း၊ ညစာသည် အပူအပုပ်ကို ဖြစ်စေပြီး အအိပ်ကြီးစေခြင်းတို့ကြောင့်ဖြစ်ပါတယ်။ နံနက်က စားခဲ့ပြီးဆွမ်းဖြင့်ပင် ဉတုဒဏ်ခံနိုင်ပြီ၊ ကျင့်အားကောင်းစေပြီလို့ ဆိုပါတယ်။ ညစာတော့မစား၊ အထူးမကျင့်လျှင်

http://www.dhammadownload.com



ခရီးမပေါက်၊ ခရီးပေါက်အောင် 'နေ့ ၁၂နာရီမှ ည ၁၂နာရီအထိ' အထူးကျင့်ချိန်အဖြစ် သတ်မှတ်ပါတဲ့ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ဆွမ်းခံချိန်ကဲ့သို့ ကိစ္စမများတော့ခြင်း၊ ဥတုက မိမိဘက်မှ အားပေးနေခြင်းတို့ကြောင့်ဖြစ်ပါတယ်တဲ့ဘုရား။ ဥတုရဲ့ အပူခိုးအပူငွေ့ကြားက မွေးဖွားကြီးထွားလာရတဲ့ ခန္ဓာဟာ ဒီအချိန် ဝိကာလမှာ အပူငွေ့စုပ်ယူခြင်း၊ ကန်ထုတ်ခြင်းတို့ကို အထူးလှုပ်ရှားပြသနေတဲ့ အချိန်ဖြစ်လို့ ခန္ဓာဖြစ်ပျက်ကို ရှုကွက်ထားပြီး မှတ်လို့အလွန်ကောင်းချိန်ဖြစ်ပါတယ်တဲ့။ မွေးညင်းပေါက်တို့ဖွင့်ချည်၊ ပိတ်ချည် ကစားပြနေချိန်၊ အရှူနဲ့ အရှိုက်တို့ဟာလည်း ကံစိတ်ကြားမှ လှုပ်ရှားပြသနေတတ်ပါတယ်တဲ့ဘုရား။ စားထားတဲ့ အာဟာရသတ္တိတွေကလည်း အချင်းချင်းတွန်းခြင်း၊ ကန်ခြင်းတွေနဲ့ လှုပ်ရှားပြသနေတဲ့အတွက် ဘယ်နေရာက ရှုရှု မှတ်မှတ် ခန္ဓာဖြစ်ပျက်ထင်ရှားတဲ့အချိန်ဖြစ်ပါတယ်တဲ့ဘုရား။ ကိလေသာရန်သူကို စိတ်ကြိုက်ထိုးစစ်ဆင်နိုင်တဲ့အချိန်လို့ ဆိုပါတယ်ဘုရား။

ဒါကြောင့် နေ့ ၁၂ နာရီနဲ့ ည ၁၂နာရီကြား 'ဝိကာလ' ကို ထိုင်တစ်လှည့်၊ စင်္ကြံတစ်လှည့်ဖြင့် စိတ်ကို အနားမပေးဘဲ ကြိုးစားအားထုတ်ဖို့မှာလိုက်ပါတယ်ဘုရား။ စင်္ကြံလျှောက်ပြီးမှတ်၊ အထိုင်အားသန်ရင် ထိုင်ပြီးတော့မှတ်။ ထိုင်ပြီးမှတ်တဲ့အခါ သုံးနာရီဆက်တိုက် သို့မဟုတ် ခြောက်နာရီဆက်တိုက်မှတ်။ စင်္ကြံကိုတော့ ခန္ဓာသွေးသားလှုပ်ရှားနိုင်အောင် တစ်နာရီ၊ နာရီဝက်လောက်လျှောက်ပြီးတော့ လေ့ကျင့်ပါတဲ့ ဘုရား။ စင်္ကြံကိုတစ်နာရီ၊ နှစ်နာရီလျှောက်ပြီး မှတ်နိုင်သူဟာ အထိုင်ကို အနည်းဆုံးတစ်နာရီဖြစ်ပျက်မြင်သာအောင် ထိုင်မှတ်ပေးရမယ်ဆိုပါတယ်ဘုရား။

ဒီလိုသာ အချိန်ပေးအားထုတ်မယ်ဆိုရင် 'မြတ်သော အကျင့်အဆင့်မြင့်' သို့ ရောက်နိုင်တယ်လို့ အာမခံတော်မူပါတယ်ဘုရား။ ဒီလိုကျင့်နေရင်းကပဲ ဝိကာလ(နေ့ ၁၂ နာရီနှင့် ည ၁၂နာရီကြား)မှာ 'စရဏဝတ်' ပြုကျင့်အပ်ပါတယ်လို့ ဆိုပါသေးတယ်ဘုရား။ စေတီယင်္ဂဝတ်၊ ဗောဓိယင်္ဂဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ် စသည်ပြုကျင့်တာကို စရဏဝတ်

http://www.dhammadownload.com



လို့ ဆိုပါတယ်ဘုရား။ မိမိကိုအကြောင်းပြုပြီး ပတ်ဝန်းကျင်နှင့် အတူနေတို့ ချမ်းသာစေဖို့ပါဘုရား။ ပြီးတော့ ညနေ ငါးနာရီ မှာ ပန်း၊ ရေချမ်း ဘုရားရှင်သို့ ရည်မှန်းကပ်လှူ၊ (ပန်းမရလျှင် ရေ)၊ ည ၇ နာရီ (ညခုနစ်နာရီ) ဆီမီးအမွှေးတိုင် ဘုရားရှင်သို့ ပုံမှန်ကပ်လှူခြင်းတို့ဟာလည်း စရဏကျင့်စဉ်ထဲ ပါဝင်တယ်လို့ ဆိုပါတယ်ဘုရား။

* ဤအချိန်ကား ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်တုန်းက သာဝကတို့ ရေလှူချိန်

* ဤအချိန်ကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တုန်းက သာဝကတို့ ဖူးမြော်ချိန်

ဒီလို နှလုံးသွင်းကာ ဝေယျာဝစ္စနှင့် စရဏကျင့်ဝတ်များ ပြုကျင့်အပ်တယ်လို့ ဆိုပါတယ်ဘုရား။ အဖေ့မျက်နှာကြောင့် သားသမီးများ လှူရာဝင်သလို ဘုရားမျက်နှာကြောင့် တပည့်သား သံဃာတော်များလည်း ဆွမ်းစသော လှူဖွယ်တို့ကို အလှူခံရရှိခြင်းဖြစ်လို့ နံနက်ဆွမ်းခံက ပြန်ကြွလာကတည်းကပင် သပိတ်ကို ဘုရားထံ ရှေးဦးစွာကပ်လှူပြီးမှ ဆွမ်းစားရပါတယ်။ ဘုရားထံ ဆွမ်းကပ်လှူစဉ်မှာလည်း အလွန်ကြီးကျယ်ခမ်းနားတဲ့ အဆောင်မြင့်ဦးထိပ်မှာ ဘုရားရှင်နှင့်သံဃာတော်များ သီတင်းသုံးရန် စိတ်နဲ့ပဲ စီမံဖန်ဆင်းပေးအပ်ပါတယ်တဲ့ဘုရား။ အောက်အဆင့်မှာတော့ လက်ဝဲဘက်မှာ ဆရာ၊ လက်ယာဘက်မှာ မိဘတို့အတွက် ရည်မှန်းကာ နေရာချထားအပ်ပါတယ်ဘုရား။ အဲဒီနောက် ဘုရားရှင်သီတင်းသုံးရာ ရည်မှန်းပြီး ရှေ့တော်မှောက် မနီးမဝေး လေအောက်ထောင့်အရပ်မှ ခြေစုံရပ်ကာ သပိတ်ကို ဦးထိပ်ပေါ် ကျော်လွန်မြှောက်လျက်က...

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား...'

ဘုရားတပည့်တော် ဆွမ်းခံပြန်ကြွလာပါပြီဘုရား။ ဆွမ်းဒကာ၊ ဒကာမများကို ချီးမြှောက်သောအားဖြင့် ဘုဉ်းပေးတော်မူပါဘုရား'လို့ စိတ်ရောကိုယ်ပါ လှိုက်လှဲစွာကပ်လှူရပါတယ်။ ပြီးတော့မှ လက်ဝဲလက်ယာရှိ သာဝကကြီးများ၊ တေဒဂ်ပန်း ဆင်မြန်းထားပြီးသော သာဝက

http://www.dhammadownload.com



ကြီးများ၊ ဘုရားရွှေလက်ထက်တော်မှသည် ယနေ့ခေတ်အထိ ပွင့်လင်းပြီးသော အရှင်မြတ်ကြီးအသီးသီးတို့အား တစ်မျှော်တစ်ခေါ် မိမိစေတနာကာ၊ ဉာဏ်ပေါ်သလွှေ့ စုံစုံစေ့စေ့ ကပ်လှူပါတဲ့ အရှင်ဘုရား'

အဲဒီနောက် ဆရာများစွာတို့ကိုလည်း သိက္ခာစဉ်အတိုင်း ရဟန္တာဆရာ၊ အရိယာတန်းဝင်ဆရာ၊ မဟိဒ္ဓိဝင်ဆရာ၊ ရိုးရိုးဆရာအဆင့်ဆင့်။ မိဘဆိုရာမှာ ယခုလက်ရှိမိဘ၊ သမ္မာလမ်းပြ ဘဝဟောင်းပေါင်းများစွာမှ မိဘများ၊ ဒီနေရာမှာ မိမိကသံဃာဖြစ်နေတဲ့အတွက် မိဘတို့အတွက် ပွဲပြင်ပေးရုံမျှနဲ့ ပြီးပြေစေပြီး ရဟန်းဆရာနှင့် သံဃာတော်များကိုကား ရိုသေတုပ်ကွ သဟတ္ထိကဖြင့် ကပ်လှူရမယ်လို့ ဆိုပါတယ်ဘုရား။

အနန္တငါးပါးမှာ တရားတော်ကိုကား ဘုရား၊ သံဃာ၊ မိဘ၊ ဆရာတို့ထံ ကိန်းလျက်ရှိသော အငြိမ်းဓာတ်ကိုသာ အာရုံပြု အမွှမ်းတင်ထားရပါတယ်။ ဒီလို အနန္တငါးပါး ကပ်လှူပွဲကြီးပြုအံ့ဆဲဆဲ ဆွမ်းခံရွာက ရွာစောင့်နတ် စတဲ့တာဝန်ခံတို့ကို ဆွမ်းဒကာ၊ ဒကာမတို့ကိုယ်စား မိမိနှင့်အတူကပ်လှူရန်ဖိတ်ခေါ်ရပါတယ်။ အနန္တငါးပါးကပ်လှူပွဲကြီးပြီးတာနဲ့ နောက်သို့ တရွေ့ရွေ့ တဖြည်းဖြည်းဆုတ်ခဲ့ပြီး နိမိတ္တကျောင်းတော်ကြီးရဲ့ တံခါးဝအရောက်မှာ ခြေစုံရပ် လက်အုပ်ချီပြီး...

'ဘုရားတပည့်တော်၏ ဤကောင်းမှုကြောင့် ယခုဘဝမှာပင် အရဟတ္တမဂ်အထိ ခရီးပေါက်၊ ရဟန်းကိစ္စပြီးမြောက်ရပါစေသား အရှင်ဘုရား' လို့ ဆုပန်ရပါတယ်။ အဲဒီနောက် ရွာစောင့်နတ်မင်းကြီးနှင့်တကွ ဆွမ်းအလှူရှင်များကို အမျှပေးဝေ၊ သုံးဆယ်တစ်ဘုံသားတို့ကိုလည်း အမျှမေတ္တာပေးဝေပါတဲ့ဘုရား...'

* ဤကောင်းမှုကို အကြောင်းပြု၍ အားလုံးပင် သာဓုခေါ် နိုင်ကြပါစေ။
* ဤကောင်းမှုကို အကြောင်းပြု၍ အားလုံးပင် တောင်းဆုပြည့်ကြပါစေ။

ပင့်ဖိတ်ထားတဲ့ ရွာစောင့်နတ်၊ သာသနာတော်စောင့်နတ်တို့ကို ဘုရားသားတော်၊ သမီးတော်များ၊ ဒကာ၊ ဒကာမများကို စောင့်ရှောက်ဖို့

http://www.dhammadownload.com



တိုင်တည်မေတ္တာပွားပို့ပြီး သူ့နေရာသူ ပြန်စေရပါတယ်။

မိမိရဲ့သောက်ရေသုံးရေတို့ကိုလည်း နံနက်ပိုင်းမှာပင် ပြီးစီးအောင် လုပ်ဆောင်ထားရပါတယ်။ ရေချိုး၊ သကၤန်းလျှော်၊ ခေါင်းရိတ် စသည်တို့ကိုကား လပြည့်လကွယ် နံနက်ပိုင်းမှာ ပြီးစေအပ်ပါတယ်။ လက်သည်းကို ဆယ်ရက်တစ်ကြိမ်၊ ခြေသည်းကို ရက်နှစ်ဆယ်မှာ တစ်ကြိမ် သုတ်သင်အပ်ပါတယ်။ ကျင်စွယ်မုတ်ဆိတ်ပယ်ရိတ်မှုကိုကား ငါးရက်တစ်ကြိမ် နံနက်ပိုင်းမှာပင် ပြုလုပ်ရမယ်လို့ ဖော်ပြထားပါတယ်ဘုရား။

## အထူးထက်ထူးသော အထူး

စရဏဝတ်ပြုကျင့်ပြီးတဲ့အခါ ည ၁၂ နာရီကို ထိုင်ချိန်ထားပါက ည ၁ နာရီမှာ 'အထူးကာလ' ပြီးဆုံးသွားပါတယ်။ ည၌တစ်နာရီမှ နံနက်အရုဏ်တက် ငါးနာရီအချိန်ပိုင်းကိုတော့ 'အထူးထက်ထူးသော အထူးကာလ'လို့ သတ်မှတ်အပ်ပါတယ်ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ဥတုအားဖြင့် အအေးပိုလာချိန်၊ ကျင့်လိုစိတ်ဆန္ဒအားလည်း ကျလာချိန်ဖြစ်လို့ပါဘုရား။ ဒီအချိန်ပိုင်းမှာ ဝီရိယအား အထူးမြှင့်တင်ပေးထားရပြီး သွေးအေးသဖြင့် လေးလံနေတဲ့ ကိုယ်ကောင်ကြီးကို စင်္ကြံကမ္မဋ္ဌာန်းနဲ့ ဓာတ်နှိုးပေးအပ်တယ်လို့ ညွှန်ပြပါတယ်ဘုရား။

'သတ္တဝါအားလုံး အိပ်မောကျနေချိန်မှာ ငါကား မအိပ်၊ သို့ကြောင့် ငါသည် အများတကာတို့ထက် အထူးတည်း။ သတ္တဝါအားလုံး အချိန်ကို မေ့ပစ်လိုက်ကြပြီ။ ငါကား မမေ့။ သို့ကြောင့် ငါသည် အများတကာတို့ထက် ထူးခြားနေသူတည်း' လို့ နှလုံးသွင်းပြီး စိတ်ဓာတ်မြှင့်တင်ပေးအပ်တယ်လို့ ဆိုပါတယ်ဘုရား၊ အထူးဆုံးသော အထူးအချိန်မှာ ပြုကျင့်စရာကား...

* နေသဇ္ဇိကဓုတင် – လဲလျောင်းခြင်းနှင့်တကွ အိပ်စက်ခြင်းကို လုံးဝခွင့်မပြုသော ဓုတင်။

http://www.dhammadownload.com



* အဇ္ဈောကာသိကဂူတင် – အရိပ်တွေ့ အိပ်လေ့ရှိတတ်ခြင်းကို ဖြိုခွင်းသော လွင်ပြင်နေဂူတင်။

ဒီဂူတင်နှစ်ပါးကို အထူးအားထားရမယ်လို့ လမ်းညွှန်ပါတယ်။ စိတ်က ကျောင်းထဲဝင် ကုလားထိုင်ပေါ်တက်ထိုင်ချင်စိတ် ဖြစ်လာရင် မထိုင်ချင်နှင့်။ ကုလားထိုင်ပေါ်မှာ မြွေပွေးကြီးခွေနေတယ်လို့ ကိုယ့်စိတ်ကို ခြိမ်းခြောက်ပေးရမယ်။ စိတ်က အရိပ်ထဲဝင် သစ်ပင်ကိုမှီပြီးနေချင်တယ်ဆိုရင် သစ်ပင်ရင်းမှာ ကျားကြီးရောက်နေတယ်လို့ ခြောက်လှန့်ပေးရမယ်လို့ ဆိုပါတယ်။ ဘုရား၊ လွင်ပြင်၊ စင်္ကြံလမ်းမှာ သွားလိုက်၊ ညောင်းရင် ရပ်ပေးလိုက်၊ ရပ်လို့ တောင့်လာရင် စင်္ကြံလျှောက်ပြီး ဖြေပေးလိုက်ဖြင့် အချိန်ကို အသုံးချရမယ်လို့ မှာကြားပါတယ်ဘုရား။ ဒီနည်းကို ကျင့်သုံးရာမှာ ပထမတစ်ရက်နှစ်ရက် စိတ်မပါဖြစ်ချင်ဖြစ်မယ်။ သုံးရက်မြောက်မှာ စိတ်ပါလာပြီး ဆိတ်ငြိမ်အေးချမ်းတဲ့အရသာ ပေါ်လာ၊ တွေ့လာလိမ့်မယ်လို့ ဆိုပါတယ်ဘုရား။ သတ္တဝါတွေ အိပ်မောကျချိန် ငါကား နိုးနိုးကြားကြား တရားဖြင့်နေလျက်... ၊ သို့သော် နာတစ်ဖျားသာရုံလောက်သာရှိသေးရဲ့။ ဆက်ကြိုးစားရမှာပါလားလို့ နှလုံးသွင်းရင်းပဲ မိုးလင်းလို့လာပါတယ်။ မိုးလင်းပြီဆိုပြီး ဝီရိယကိုလျှော့မချလိုက်ပါနဲ့တဲ့။ ဝီရိယရဲ့နေရာမှာ အပျင်းသာ ဝင်လာမှာမုချပါ။ တစ်ညလုံး မအိပ်ခဲ့လို့ အိပ်ချင်စိတ်ပေါ်လာသည့်တိုင် မအိပ်လိုက်ပါနဲ့။ တံမြက်လှည်းခြင်းထဲ ဝေယျာဝစ္စကုသိုလ်ဖြင့် အိပ်ချင်စိတ်ကို အနိုင်တိုက်ပါတဲ့ဘုရား။

ဒီနည်းနဲ့ သုံးရက်ဆက်ကျင့်ရင် သုံးရက်မြောက်မှာ အိပ်ချင်စိတ်မပေါ်တော့ဘဲ ထူးထူးခြားခြား လန်းဆန်းနေတာ တွေ့ပါလိမ့်မယ်လို့ မှာကြားလိုက်ပါတယ်ဘုရား။ အကျင့်စခန်းလမ်း တန်းလာတဲ့အခါ တောရအရှင်ဟာ မိမိကိုယ်ကို ကြည်ညိုတတ်လာပါပြီတဲ့ဘုရား'

'မှန်လိုက်တာကွယ်။ သာဓု... သာဓု... ဆက်ပါဦး'

'မိမိကိုယ်ကို ကြည်ညိုတယ်ဆိုတာ ဘဝင်မြင့်တာမဟုတ်ပါ။ မိမိရဲ့ မအိပ်မနေ ကြိုးစားခြင်းကြောင့် မှတ်ရှိန်ကောင်းလာခြင်း၊ သမာဓိ

http://www.dhammadownload.com



ကောင်းလာခြင်းအပေါ် သတိနဲ့ ဣန္ဒြေ(သတိဣန္ဒြေ) ရင့်ကျက်လာတဲ့ သဘောကို ဆိုလိုပါတယ်တဲ့ဘုရား။ ဒီအခြေအနေမှာ တောရရှင်ဟာ ဆွမ်းခံထွက်ရမှာတောင် စိတ်မကစားတော့။ သပိတ်ကိုပိုက် ဘုရားသို့ အာရုံစိုက်ပြီး မိမိဖြန့်ပို့လိုက်တဲ့မေတ္တာစာတ် ကပ်ခနဲ... ကပ်ခနဲ စေလိုရာ စေလို့ရသွားပြီလို့ ဆိုပါတယ်ဘုရား။

မိမိကျင့်ခဲ့သမျှ သီလအားကြောင့် ရွာတော်ရှင်၊ သိုက်နန်းရှင်များ၊ ကုန်းပိုင်၊ ကွင်းပိုင်များ၊ ဆွမ်းအလှူရှင်များအားလုံး ကြီးပွားချမ်းသာကြပါစေကုန်သတည်းလို့ မေတ္တာပို့လိုက်တာနဲ့ ဆွမ်းအလှူရှင်များ ညကပင် အိပ်မက်ကောင်းရနေကြပြီး မိမိဆွမ်းခံဝင်တာနဲ့ ရွှင်ရွှင်ပျပျနဲ့ ထူးခြားတဲ့ အမူအရာကို တွေ့ရတတ်ပါတယ်တဲ့ဘုရား။

## ဆွမ်းကြွေးတင်တတ်တယ်

ဒကာ၊ ဒကာမတို့လှူတဲ့ ဆွမ်းကိုစားပြီး တရားမကျင့်ရင် ဆွမ်းကြွေးတင်တတ်ပါတယ်တဲ့။

တစ်နေ့တာကို အချိန်သုံးပိုင်းပိုင်းပြီး ကျင့်အပ်ပုံကို တင်ပြခဲ့ပါပြီ။ တစ်ချိန်နှင့်တစ်ချိန် သတိအမှတ်ဆက်စပ်နေစေရပြီး ရှေ့ဉာဏ်အကူထောက်၊ နောက်ဉာဏ်ပေါက်သောအားဖြင့်လည်း အသိချင်းစပ်နေရမယ်လို့ ဆိုပါတယ်ဘုရား။ မထိတထိ သတိမျိုးလည်း မဖြစ်စေသင့်။ မသိတသိ အသိမျိုးလည်းမဖြစ်စေသင့်။ ရဟန်း၏အသက်ကိုချေဖျက်မယ့်ကိလေသာ မွေချက်ပြင်းသော် စာပေဖတ်မှတ်ရေးသားခြင်းဖြင့်လည်းကောင်း၊ တံမြက်လှည်းခြင်း စတဲ့ဝေယျာဝစ္စလုပ်ခြင်းဖြင့်လည်းကောင်း ခုခံကျော်လွှားရမယ်လို့ မိန့်မှာပါတယ်ဘုရား။

ဝီရိယကျဆင်း အပျင်းဝင်လာစေတဲ့ အချိန်များကိုလည်း သတိပြုဖွယ် ဖော်ထုတ်ပေးခဲ့ပါတယ်။

၁။ ဆွမ်းခံမသွားမီနှင့် ဆွမ်းခံမှပြန်လာပြီး ... နှစ်ချက်
၂။ ဝေယျာဝစ္စ မပြုကျင့်မီနှင့် ပြုကျင့်အပြီး ... နှစ်ချက်

http://www.dhammadownload.com



၃။ နာဖျားစပြုချိန်နှင့် နာလန်ထစ ... နှစ်ချက်

၄။ ဆွမ်းမစားမီနှင့် ဆွမ်းစားပြီးချိန် ... နှစ်ချက်

လေးဌာနနှင့် အချက်ရှစ်ချက်တို့မှာ ဝီရိယမခိုင်ခဲ့တတ်။ အဲဒီမှာ ကုစားနည်းကတော့ 'ဆွမ်းခံသွားလျှင် ကျင့်ဆဲအကျင့်များ အားနည်းသွားတော့မည်။ ထိုအားနည်းမှုကို ထေမိကာမိစေရန် ယခုကပင် ကြိုတင်ကြိုးစားထားဦးမည်' လို့ ကြောင့်ကြစိုက်ပြီး ဝီရိယရဲဆေးတင်ပေးရမယ်လို့ လမ်းညွှန်ပါတယ် ဘုရား။ ကျန်ကိစ္စတွေလည်း ဒီနည်းအတိုင်းပါပဲတဲ့။ ပျင်းရိဆုတ်နစ်စိတ်နဲ့ ရဲရင့်စိတ်တို့ ယှဉ်ပြိုင်ရလိမ့်မယ်တဲ့ ဘုရား။ ကျင့်ချိန် သုံးပိုင်းလုံးမှာ ဝီရိယလျော့ခဲ့ပါသော်...

* ကြွေးစာရင်းကပ်၊ ဘေးချင်းထပ်၊ တေးမှတ်ထားပါလေ။

* နောက်ခံဝဋ်ကြွေး မအေးသေး၊ ရေးရေးမြင်ပါစေ။

ကြွေးတင်တော့မည်ကိုပြ၍၊ ဘေးတွေ့တော့မည်ကိုပြ၍ စိတ်ကိုပြုပြင် အကျင့်ခရီးနှင်ပါလေတဲ့ဘုရား။ ဝိကာလနဲ့ ထူးထက်ထူးသောညကာလများမှာ အိပ်ချင်စိတ်ဝင်လာလို့ မှတ်လို့မကောင်းခဲ့ရင်တောင်မှ မအိပ်လိုက်ပါနဲ့။ မအိပ်လျှင်တော်ပြီလို့ နှလုံးသွင်းပြီး စင်္ကြံပြင်းပြင်း လျှောက်ပါလေတဲ့ ဘုရား။ ညရဲ့ ဆိတ်ငြိမ်တဲ့အချိန်တွေကို မဖြုန်းတီးပစ်ပါနဲ့တဲ့။

* တောထွက်လာတာ အာရုံဆိတ်ငြိမ်မှုရစေဖို့၊ အာရုံဆိတ်ငြိမ်မှုသည် စိတ်ဆိတ်ငြိမ်မှုရစေဖို့။

* အာရုံမငြိမ်၊ စိတ်မငြိမ်သော် နိဗ္ဗာန်၏ဆိတ်ငြိမ်ခြင်းကို မရစေနိုင်။

* တောသည် တောစိုးတို့နေရာဖြစ်၍ တရားမဆက်က တရားပျက်တတ်သည်။

* အတွေးဖြင့် အာရုံများကာ စိတ်ကစားနေလျှင် စိတ်မစင်ကြယ်တော့သဖြင့် အကျင့်စင်ကြယ်ရန် ခက်ခဲလှချေ၏။

လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက မှာကြားသတိပေးခဲ့ပါတယ်ဘုရား။

http://www.dhammadownload.com



တောရှင်မှာ အကျင့်စင်ကြယ်ခြင်း သီလလက်နက်သာ အားကိုးရာပါဘုရား။ အကျင့်မစင်ကြယ်တော့လျှင် တောကလည်း ခြောက်၊ မိမိစိတ်ကလည်း မိမိကိုပြန်ခြောက်နဲ့ လက်မြှောက်အရှုံးပေးတတ်ပါတယ်တဲ့ဘုရား။ ကိလေသာ တဏှာတို့ကို သတိဖြင့် အချိန်ပြည့်ပယ်သတ်နိုင်ပါမှ လူချစ်နတ်ချစ် တောရှင်အစစ်ဖြစ်နိုင်တယ်လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက မှတ်သားဖွယ် မိန့်မှာခဲ့ကြောင်းပါ အရှင်ဘုရား'

'သာဓု... သာဓု... သာဓု'

အညွှန်း

- ၉၇ ၊ မတ်လထုတ်၊ ပါရမီပရိယာယကထား တာမှုခွင့်ပြုချက်–၁၄/၉၇(၁၁)
- ၂၀၀၁၊ အောက်တိုဘာထုတ်၊ ရတနာ့စစ်တမ်း။ စာမူခွင့်ပြုချက်–၇၃၄/၉၉(၁၂)

[ အမှတ်(၀၂)၊ ၂၀၀၂ခု၊ မေလ၊ ဂမ္ဘီရမဂ္ဂဇင်း ]

❁

http://www.dhammadownload.com

## ဓမ္မကွန်ရက်ဖြန့်ကျက်ရာ

### ပန်ကြားလွှာ
### "ဖြည်းဖြည်းဖတ်ပါ"

အရသာတကာတို့တွင် တရားအရသာသည် အသာလွန်ဆုံး၊ အထွတ်မြတ်ဆုံးရယ်လို့ ဗုဒ္ဓမြတ်ဘုရား မိန့်ကြားတော်မူခဲ့ဖူးပါတယ်။ တရားအရသာကို ကိုယ်တိုင်အားထုတ်ရာက ရရှိတဲ့ခံစားမှုမျိုး ပြည့်ပြည့် ဝဝကြီး မခံစားဖူးသေးပါသော်လည်း အရိယာအရှင်မြတ်ကြီးများ ပေး သနားတော်မူတဲ့ ဓမ္မစာပေ၊ တရားတိပ်ခွေ စသည် ဖတ်မှတ်နာကြားပြီး ခံစားမွေ့လျော်ခြင်းတော့ အကြိမ်ကြိမ်ဖြစ်ပွားနေလျက် ရှိပါတယ်။

ကျွန်တော် အကြိမ်ကြိမ် ဖတ်မှတ်မွေ့လျော်နေလေ့ရှိတဲ့ စာအုပ် ကြီးတစ်အုပ်ကတော့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရား ကြီး ရေးသားပေးသနားတော်မူခဲ့တဲ့ စာမျက်နှာတစ်ထောင်ကျော်ရှိသည့် 'ပဋ္ဌာန ဉာဏဒဿနကထာ' ကျမ်းကြီးပဲ ဖြစ်ပါတယ်။ ဒီကျမ်းကြီးကို တစ်ဆက်တည်းလည်းဖတ်၊ ခေါင်းစဉ်တစ်ခုချင်းလည်း အထပ်ထပ်ဖတ် နေမြဲဖြစ်ပါတယ်။ ဒီလိုဖတ်တဲ့အခါ တရားအရသာနှင့်တကွ စာပေရသာ

http://www.dhammadownload.com



(စကားလုံးသုံးနှုန်းပုံ၊ ဝါကျများချိတ်ဆက်ပုံ၊ အခန်းဖွဲ့ပုံ၊ ကျမ်းပြုစီရင်ပုံ) စသည်တို့ကိုပါ တစ်ပြိုင်တည်းမှတ်သားကြည့်ရှုခွင့်ရပါတယ်။

ယခုဖော်ပြလိုက်တဲ့

* ဖြစ်ရာဒုက္ခနှင့် ချစ်ရာသမုဒယ
* အချိန်၌ ကာလသုံးပါးမရှိ
* မြေမှလာ၍ မြေသို့သာပြန်ရမည်ငါ

တို့မှာ ကျွန်တော် ဖတ်မှတ်ခဲ့သည့်အတိုင်း ကောက်နုတ်တင်ပြလိုက်ခြင်းသာ။ ကျွန်တော်၏ စာညွှန်းစကားဆက် စကားစဉ်များမပါရှိဘဲ မူလစာပေရသမပျက်အောင် မူရင်းအတိုင်း မိတ်ဆက်တင်ပြခြင်းဖြစ်ပါကြောင်း ဝန်ခံပါရစေ။ ဓမ္မရသ၊ စာပေရသနှင့် ဒဿနများပေါ်လွင်အောင် 'ဖြည်းဖြည်းဖတ်ပါ' လို့ ကြိုတင်တောင်းပန်ပါရစေ။

## ဖြစ်ရာဒုက္ခနှင့် ချစ်ရာသမုဒယ

**သစ္စာဖြစ်ရာမှ အဘယ်သို့စခဲ့သနည်း**

သင်ဟူသောသတ္တဝါတစ်ဦး၏ သံသရာခွင်ဘဝ အခြေချစဉ်၌ ခန္ဓာဟူ၍ ပီပြင်လာချိန်ဝယ် 'မသိခြင်း' လျှင် ဦးစီး၍ ခန္ဓာဒုက္ခသည် ရှေ့ပြေးဖြစ်ခဲ့ဘိ၏။ ခန္ဓာအား ဥတု၊ အာဟာရ ဘေးရန်တို့ ထိပါးဖျက်ဆီးမှုကို မသိမှုနှင့်အတူ ခန္ဓာဒုက္ခသည် ဦးစွာနှိပ်စက်ဖျက်ဆီးချေတော့၏။ သင်ဟူသော သတ္တဝါကောင်သည် ထိုထိုဒုက္ခတို့ကို ခံစားရမိလေတိုင်း မိမိကိုယ်မိမိ ခင်မင်စိတ်နောက်လိုက်အဖြစ် ဝင်ရောက်လာချေတော့၏။ 'မခံသာစိတ် ဒုက္ခ' သည် 'ခံသာလိုစိတ် သမုဒယ' အား မွေးဖွားပေး၏။ မခံသာမှုဒုက္ခ တစ်ကျပ်သားပေါ်လျှင် ခံသာလိုမှု သမုဒယလည်း တစ်ကျပ်သားအမျှ ကပ်ရှိလာ၏။

ထိုအခါ မိမိခန္ဓာနှင့် သင့်တော်မည့် အာရုံတို့ကို သူ့ဆိုင်ရာတံခါးပေါက်မှ စိတ်သည်ထွက်ပြူလျက် သုံးသပ်ခံစားကြည့်မိ၏။ မိမိခန္ဓာနှင့် သင့်တင့်သည့် ဝတ္ထုအာရုံ တို့ကို တွေ့ထိခံစားရပါမှုကား 'ကြိုက်စိတ်'သည် ပေါ်လာချေ၏။ ထိုကြိုက်စိတ်သည် ဥတုဘေးရန် ကာကွယ်ရန်အတွက်

http://www.dhammadownload.com



'နေရာဒေသ' ဖြစ်၍ အာဟာရဘေးရန် ကာကွယ်ရန်အတွက်မှာ ရုပ်စာကား ရသာစုံခြောက်ပါးဖြစ်ပြီး စိတ်စာကား အာရုံခြောက်ပါးတည်း။

ထိုသို့ ခန္ဓာဒုက္ခ ဖြေရှင်းရန်အတွက် ခန္ဓာသမုဒယနှင့် အရင်းတည်၍ ဝမ်းစာထိန်းကျောင်းရင်းမှ အကြိုက်အာရုံရွေးချယ်ခံစားလျက်ကကြိုက်စွဲသည် တမြည့်မြည့်နှင့် တတိတတိဝင်ရောက်ကိန်းခိုမိချေ၏။ အစဦကား တွေ့၍ စားသည်သာရှိ၏။ ထို့နောက်ကား မတွေ့သော် မျှော်တတ်၏။ ထို့နောက်ကား မျှော်မှမရသော် လိုက်၏။ လိုက်၍မှ အသာတကြည်မရသော်ကား သတ်ဖြတ်ခြင်း၊ လုယက်ခြင်း စသည်ဖြင့် ကံကျူးဝမ်းစာရှာဖွေမှုကို တက်ရောက်လာချေတော့၏။ မသိ၍ရလာသော ခန္ဓာဒုက္ခဖြေရှင်းရာမှ အကြိုက်သည် နောက်လိုက်အဖြစ် ပါလာခဲ့ပြီ။ တစ်ဖန်အကြိုက်လွန် အစွဲနယ်ကျွံသောအခါတွင်ကား မသိမှုသည် နောက်ပါအဖြစ်လွှမ်းမိုးထားချေသဖြင့် ငရဲတွင်းသို့ ဆင်းမှန်းမသိ ဆင်းမိခဲ့ချေပြီ။

အစွဲသည် အထဲသို့ တစ်သက်တာပတ်လုံး ဝင်မွေလျက် ခန္ဓာ၏အတွင်းရော အပြင်ပါ ကံဖျက်ရာသို့သာ လက်ညှိုးထိုး၍ ခိုင်းစေတော့လေသတည်း။ ဤကား သစ္စာဖြစ်ရာမှ စပုံ... ။

## ချစ်ရာမှထလာသောသစ္စာ

သင်သည် သံသရာ၏အစ ပထမဘဝ ကွယ်လွန်ချိန်တွင် လက်ရှိခန္ဓာဒုက္ခ၊ ခန္ဓာသမုဒယကြောင့် ပေါ်ပေါက်ခဲ့ရသော ကာမသမုဒယ၊ ဘဝသမုဒယ သစ္စာနှစ်ပါးစုံသည်(ထိုထိုအာရုံတို့ကို မျက်စိ စသည့် တံခါးကြားမှတစ်ဆင့် အတွင်းမနောတံခါး စိတ်နှလုံးသားထဲသို့ နေ့စဉ်ဆွဲယူသွင်းထားမိသော အစွဲမျိုးစုံမှ) သင်၏အကြိုက်ဆုံး၊ အစွဲဆုံးနှင့် အနီးကပ်ဆုံးသော အာရုံတစ်ခုကို အတွေးအမြင်ဖြင့် ဖမ်းဆုပ်ဆွဲယူပြီးမှ ဒုတိယ စသည့်ဘဝသို့ ကူးခတ်ရမည်ဖြစ်ရာ ထိုဒုတိယဘဝမှစ၍ ယနေ့တိုင် သမုဒယသည် ဘဝကိုဦးဆောင်လမ်းပြပေး၍ ဘဝဒုက္ခ၊ ခန္ဓာဒုက္ခသည် နောက်မှထက်ကြပ်မကွာ ခြေရာနင်း၍ ညှဉ်းဆဲနေ၏။

http://www.dhammadownload.com



အစွဲသည် ပညတ်နယ်မြေမှ ဆင်းသက်၏။

သင်ဟူသော သတ္တဝါကောင်သည် သူဟူသောသတ္တဝါကောင်များနှင့် အာရုံချင်းဖလှယ်၍ တွေ့ထိခံစားလိုရာ သူဟူသော သတ္တဝါကောင်၏လက်ဝယ်ရှိ ဝတ္ထုအာရုံတို့ကို သင်ဟူသော သတ္တဝါကောင်၏လက်ဝယ်ရှိ ဝတ္ထုအာရုံများနှင့် လဲလှယ်ခံစားလိုရာ ထို 'လိုရာနှစ်မျိုး' ပေါ်ပေါက်လာတိုင်း တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး အပေးအယူပြုလုပ်တတ်ရန်အတွက် ကမ္ဘာဦးတည်စလူသားဘဝတွင် မာဂဓဘာသာခေါ် ပညတ်စကားအမှတ်ထား၍ ပေးယူကြရာ၏။ ထိုထိုတိရစ္ဆာန် ဘဝမျိုးစုံတို့၌လည်း ထိုမာဂဓဘာသာစကား ပညတ် အမှတ်အသားဖြင့်ပင် အပေးအယူပြုလုပ်ကြရာ၏။ ယခု နောက်ပိုင်းတွင်ကား ကာလသားစကား အတည်ထား၍ ပညတ်စကားတို့သည်အလွှားလွှားအလွှား ပွားတိုးကုန်ရာ၏။ မတူသူနှစ်မျိုးကြား ကွဲပြားသောဝါဒစကားကို မှီ၍လည်း နားလည်မှုမှာ ဘာသာစကား အလွှားလွှား ပွားတိုးကုန်ရာ၏။

ထိုပညတ်စကားတို့သည် မိမိစွဲနေသော အာရုံကို အမည်ဖော်ပြောကြရာမှ ကြားခံအဖြစ် ပေါ်လာပြီး ထိုပညတ်ကို အမှီပြု၍ ကြိုက်-မကြိုက် အစွဲတို့သည် ကြီးထွားကြလေကုန်၏။ ဝတ္ထုချင်းကား တစ်ခုထိ၊ တစ်ခုသိ၊ တစ်ခုပျောက် စမြဲဖြင့် ခွဲ၍မရစကောင်းပြီ။ ဝတ္ထု၌ မှီတွယ်နေသော ရုပ်ငါးစုံ အာရုံငါးသင်းတို့လည်း ထိုဝတ္ထုချင်း အတိုင်းပင်လျှင် တစ်ခုထိ၊ ဟာစ်ခုသိ၊ တစ်ခုပျောက်နှုန်းချည်းသာတည်း။

ထိုထိုရုပ်ဝတ္ထုအာရုံချင်း ထိတွေ့ပွတ်တိုက်မိရာမှ ပညတ်အသိများဖြင့် မနောအာရုံကြား ပြေးလွှားခိုအောင်းနေသော အစွဲသည်သာ သမုဒယဖြစ်စေ၍ ဒုက္ခကိုဖြန့်ပို့ပေးနေချေသည်။ စကားသည် အကြားမှတစ်ဆင့် အာရုံလဲလှယ်ရန်အတွက် အမှတ်အသားမျှသာဖြစ်သော်လည်း ထိုအမှတ်အသားသည် အမှတ်မှားရာမှ အကျင့်မှား၊ အသွားမှားဖြင့် 'သမုဒယ၊ ဒုက္ခ' မီးနှစ်ပွားကို တွန်းဆွလှုံ့ဆော်ပေးနေကြောင်း သတိပြုရာ၏။

http://www.dhammadownload.com



* အမြင်ကို ထိတွေ့ခံစားလိုရာ၌ စကားဖြင့် သူလက်ခံလာအောင် ပြောဆိုနှစ်သိမ့်ပြီးမှသာ လိုသလိုခံစားခွင့် ရရှိသည်ကို သတိပြုလေ။
* အနံ့ကို ထိတွေ့နမ်းရှုပ်လိုသော် စကားဖြင့်ပင် သူကျေနပ်စေ၍ နမ်းရှုပ်ခွင့်ရသည်ကိုလည်း သတိပြုလေ။
* အရသာကို ကိုင်တွယ်စားသုံးလိုသော် စကားဖြင့်ပင် သူ့ကိုနှစ်သိမ့်၍ ကိုင်တွယ်စားသောက်ခွင့်ရသည်ကိုလည်း သတိပြုလေ။
* အတွေ့အထိကို ဖလှယ်လိုသော် စကားဖြင့်ပင် သူ ကြည်ဖြူအောင် ဖျောင်းဖျစေပြီးမှ နှီးနှောဖလှယ်ခွင့် ရရှိသည်ကိုလည်း သတိပြုပါလေ။
* ထို့အပြင် အာရုံငါးပါးတို့ကို အငွေ့အဖြစ် တွေးယူခံစားလိုသော် ထိုထိုအာရုံအပေါ် စကားငွေ့တင်ပြီးမှသာ စွဲယူခံစားခွင့်ရသည်ကိုလည်း သတိပြုစေချင်၏။

စကားများသည် အသွားမှား၊ အကျင့်မှားသို့သာ သက်စေပြီး အလိုအကြိုက်မှသည် မလိုမကြိုက်ခြင်း၊ မသိမမြင်ခြင်း၊ တက်ကြွခြင်း၊ အယူမှား၊ အမြင်မှားခြင်း စသော အယုတ်တရား(၁၀)ပါးနှင့် ယုတ်စိတ်(၁၀)မျိုး တိုးပွားခြင်းသို့ ရောက်စေကုန်၏။ ဤကား သစ္စာ ချစ်ရာမှ စပုံ... ။

**ချစ်လွန်း၍ ဒုက္ခခံရသလို ဒုက္ခခံ၍လည်း ချစ်နေတတ်၏။**

ဒုက္ခကြောင့် သမုဒယ ဖြစ်စေဘိသို့ သမုဒယကြောင့်လည်း ဒုက္ခ ဖြစ်နေသည်ကို ကောင်းကောင်းကြီး သတိပြုခဲ့ပါလော့။ 'ဖြစ်ရာဒုက္ခနှင့် ချစ်ရာသမုဒယ'ကို အမြဲသတိပြုပါလော့။

မသိခြင်းကြောင့် အကြိုက်ပေါ်ဘိသို့ အကြိုက်ကြောင့်လည်း မသိမှုပေါ်လာသည်ကို ကောင်းကောင်းကြီး ရိပ်မိခဲ့ပါလော့။ 'မသိကြိုက်နှင့် ကြိုက်မသိ' ကို ရိပ်မိပါစေလော့။

http://www.dhammadownload.com



တစ်ဖန် အကြိုက်ကိုမှီ၍ မကြိုက်မှုပေါ်ဘိသို့ မကြိုက်ကိုစွဲ၍လည်း ကြိုက်မှုပြန်ပေါ်လာသည်ကိုလည်းကောင်း၊ အကြိုက်မှ အထင်ကြီးမြတ်နိုးမှု၊ မြတ်နိုးမှုမှ ကြိုက်မှုသည်လည်းကောင်း၊ အကြိုက်မှပင် အမြင်မှားမှု၊ အမြင်မှားမှုမှ အကြိုက်သည်လည်းကောင်း၊ တစ်ဖန် မသိမှုမှ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ မြတ်နိုးခြင်း၊ အမြင်ယွင်းမှားခြင်း စသည်လည်းကောင်း ပေါ်ပေါက်လာသော ယုတ်စိတ်၏ မီးခိုးကြွက်လှျောက်ကိုလည်းကောင်း သတိပြု ရိပ်မိခဲ့ပါလော့။

မီးသည် လောင်စာနှင့်တွေ့ရာမှ ပေါ်ပေါက်လာပြီး မီးခိုးသည်ကား မီးနှင့်လောင်စာကြားမှ ပေါ်ထွက်လာချေသည်။ သည့်အတူ အာရုံသည် ဝတ္ထုနှစ်ခု ထိတွေ့ရာမှ ပေါ်ပေါက်လာပြီး အစွဲကား ထိုနှစ်ခုအကြားမှ ပေါ်ထွက်လာချေပြီ။ သို့ကြောင့် သမုဒယဒုက္ခဟူသော မီးသည် ဝတ္ထုကိုမှီ၍ ထိုသမုဒယဒုက္ခကို ပြန်လည်၍ ခင်မင်နေခြင်းသည်ကား အစွဲကြောင့် ဖြစ်ကြောင်း မှတ်ချက်ချပါလေ။

မီး၏အလောင်နှင့်အစွဲသည် တစ်တွဲတည်းဟု ထင်ရသော်လည်း တကယ့်ဖြစ်စဉ်၌ကား အလောင်သည် အောက်ရှိ ထင်း၌သာ ငုံရုံငုံထားပြီး အစွဲသည်ကား ဘေးသို့လွှင့်စင် အထက်တစ်ခွင်သို့ အခိုးအငွေ့အဖြစ်ဖြင့် တက်နေကြောင်း ကွဲသိပါလေ။ ဒုက္ခကား မိမိခန္ဓာမှီ၍ဖြစ်တတ်ပြီး သမုဒယကား တစ်ဖက်အာရုံမှီ၍ ဖြစ်တတ်၏။ လက်ရှိဘဝ၌ ခင်တွယ်၍ ဖြစ်သော သမုဒယသည်ပင် ခန္ဓာတွင်း၏ သွေးဆူမှု၊ စိတ်ပူဆာမှု၊ ဒုက္ခခံမှုကြောင့်လည်းကောင်း၊ တစ်ဖက်ရှိ မိမိကြိုက်အာရုံ ရယူခံစားရခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်ရချေရာ သမုဒယသည် လောင်စာမှထွက်လာသော စွဲအားနှင့် ဘာမျှမခြားပြီ။

အလောင်ရပ်စေလိုသော် အစွဲကို အရင်ပယ်လိုက်ပါလေ။

အစွဲပြတ်စေလိုသော် လောင်အားကို ဦးစွာလျှော့ချလိုက်ပါလေ။

ဖြစ်ရာနှင့်ချစ်ရာသည် သင့်အတွက် နေ့ရှိသရွေ့ဖြစ်ပေါ်နေလျှင် သင်သည် နေ့ရှိသရွေ့ ဝဋ်သစ္စာနှစ်ပါး (ဒုက္ခနှင့်သမုဒယ)နှင့် ကစားနေ

http://www.dhammadownload.com



သည်ကို သတိပြုရာ၏။ အမှုမဲ့အမှတ်မဲ့ အာရုံခံစားနေသမျှ ထိုဝဋ်သစ္စာ နှစ်ပါး မကင်းပြီ။ သစ္စာကို သစ္စာမှန်း မသိနိုင်လောက်အောင် အစွဲလွန် အမှေ့ကြီးနေသောကြောင့်သာပင်။ ရောဂါဖြစ်စေသော ဆေးသကြားကို ရေလဲဖြင့် သုံးစားနေသည်သို့ အာရုံတို့သာ တစ်မျိုးပြီးတစ်မျိုး လဲလှယ်ပြီး ခံစားနေသော်လည်း သစ္စာကား 'ကြိုက်ညှဉ်းနှင့် မကြိုက်ညှဉ်း' ချည်းပင် တည်း။ (သို့မဟုတ်) ကြိုက်၍ ဖျက်ဆီးခံရခြင်းနှင့် မကြိုက်၍ ဖျက်ဆီးခံရ ခြင်း နှစ်မျိုးချည်းပင်တည်း။

*(အညွှန်း – ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ ပဋိဘာနဉာဏ ဒဿနကထာ၊ ပထမတွဲ၊ စာ–၇၀ မှ ၇၅)*

## အချိန်၌ ကာလသုံးပါးမရှိ

အချိန်သည် ပစ္စုပ္ပန်တည့်တည့်မှာသာရှိ၏။ အဖြစ်နှင့်အပျက် ကြား နားသက်ရုံမျှသာရှိ၏။ အတိတ်၊ အနာဂတ်အားဖြင့် လက်ကျန် ချန်ထားခဲ့ခြင်းမရှိ။ အချိန် မရောက်သေး ရောက်ပြီး မရှိ၊ လူမှာသာရှိတတ် ၏။ ဩကာသလောကသည် လည်းကောင်း၊ သင်္ခါရလောကသည်လည်း ကောင်း၊ သတ္တလောကသည်လည်းကောင်း ဤအချိန်နှင့်အတူ နေရာ၌ပင် ဖြစ်ပေါ်လာကြပြီး ယင်းဖြစ်ပေါ်နေရာ၌ပင် ပျောက်ချုပ်သွားရသည် သာရှိ၏။ အချိန်စောသေး၊ နောက်ကျမရှိ။ စင်စစ် အတိတ်၊ အနာဂတ် နှစ်မျိုးတို့သည် အစွဲစိတ်၏ တွေးတောမှုမှ ပေါ်လာခြင်းသာတည်း။ အနာ ပေါက်ရာမှ ကျန်ရစ်ခဲ့သော အမာရွတ်သည် အနာမဟုတ်သည်ကို သတိ ရှိရာ၏။ ပန်းကန်တွင်းမှ လက်တွင်းထမင်းသည် ဆန်မဟုတ်တော့သည် ကိုလည်း သတိပြုရာ၏။ ထို့အတူ ပေါက်ဆဲအနာသည်လည်းကောင်း၊ ဆန်အိုးတွင်းရှိ ဆန်များသည်လည်းကောင်း အမာရွတ်နှင့် ထမင်းများ မဟုတ်ကြသေးသည်ကို သတိပြုရာ၏။

သို့ကြောင့် ယင်းအနာသည် အမာရွတ်နှင့် တစ်ဆက်တည်းအား ဖြင့် အကြောင်းခံ အစွန်းထွက်အားဖြင့် မကင်းနိုင်ရကား 'ကာလသုံးပါး

http://www.dhammadownload.com



ရှိ၏’ ဟု စာဒကတက်သော် မကောင်းသည်ကားမှန်၏။ သို့တစေလည်း အနာဂတ်နှင့်အမာရွတ်သည် တခြားစီဟူသော သဘာဝကိုထောက်၍လည်းကောင်း၊ အမာရွတ်သည် အနာ၏ပြင်းထန်မှုကို မှီ၍ဖြစ်သော အစွဲဟူသော သဘာဝကိုထောက်၍လည်းကောင်း၊ အနာသည် မပေါ်ခင်ကလည်းမရှိ၊ ပေါ်ပြီးနောက်လည်း မရှိဟူသော သဘောထားကို ပိုင်နိုင်စွာမှတ်ချက်ချရာ၏။ ဖြစ်ဆဲ၌ပင် တစ်ချက်ဖောက်ပြန်ရာ၌သာရှိသော အနာသည် နောက်တစ်ချီ ဖောက်ပြန်မှုသို့ ရောနှော၍ မပါသွားချေပြီ။ နောက်တစ်ချီ ဖောက်မှုကြောင့်ဖြစ်သော ထိုအနာသည် ထိုနောက်တစ်ချီဖောက်ပြန်မှု သက်သက်သာဖြစ်ချေ၏။ လောကရှိ ခေါ်ဝေါ်သုံးစွဲရသော ကာလသုံးပါးသည် စင်စစ် ပညတ်နယ်ပယ်၏ သမုတိမျှသာတည်း။ (သို့မဟုတ်) သင့်စိတ်က ဖန်တီးပေးသော ကာလခွဲမှုသာတည်း။

အတိတ်၊ အနာဂတ် နှစ်မျိုးတို့သည် အစွဲတင်းလင်း မကောင်းရှင်းသော သင့်တွေးတောစိတ်၏ ဖန်ဆင်းမှုသာဖြစ်ချေ၏။ စိတ်သည် ပစ္စုပ္ပန်မှထိုင်၍ နောက်ပြန်သော် အတိတ်ဖြစ်ပြီး ရှေ့ကြိုသော် အနာဂတ်ဖြစ်လာ၏။ ထိုနှစ်ခုလုံး ဘာမှမရှိသော ‘လွန်ပြီးနှင့်မရောက်သေး’ တို့ချည်းသာဖြစ်၍ ပြောစရာပညတ်မျှသာ။ သင့်စိတ်သည် အာရုံများနှင့် ရင်ဆိုင်တွေ့မိလေတိုင်း အာရုံ၏ဆွဲငင်ရာနောက်သို့ ကောက်ကောက်ပါသည်သာ ဖြစ်၏။ သင့်ထံရှိ သညာအမှတ်သည်လည်း အစွဲသိပြောသည့်အတိုင်းပင် လိုက်လံမှတ်သားပေးနေသည်သာ ဖြစ်၏။ အစွဲသိသည်လည်း သူပြောလူပြောစကား နားယောင်လျက်က စွဲနေခြင်းသာဖြစ်၏။ မအေဖြစ်သူက ဝက်သားကောင်းသည်ပြောရာမှ ဝက်သားကို စွဲထင်လာခဲ့ခြင်း ဖြစ်၏။ အကယ်တိတိ မြန်မာတို့က ဝက်သားခေါ်သော ထိုဝတ္ထုမျိုးကို အခြားလူမျိုးများက ၎င်းတို့သင်္ကေတအလိုက် ခေါ်ဝေါ်သုံးစွဲနေရာသို့ သင်သည် ထိုလူမျိုးခြားထံ သားသမီးအဖြစ် တစ်ဖန်ပေါက်ဖွားလာခဲ့ပြန်ချေသော် ထိုလူမျိုးခြားတို့ အခေါ်အဝေါ်အတိုင်းသာ စွဲ၍သိမည်သာဖြစ်ချေတော့၏။ သို့ကြောင့် အစွဲသိသည် သင့် ပင်ကိုသိမဟုတ်။ သင့်ကိုယ်ပိုင်ဉာဏ်

http://www.dhammadownload.com



လည်း မဟုတ်၊ သင့်ထံ၌ ကပ်နေသည်လည်း မဟုတ်ချေ။ ဝက်၌ စွဲထားသူသည် ဝက်မြင်သည်နှင့် ဝက်နောက်ပါသွားပြီ။ ထိုဝက်စွဲစိတ်သည် သေပြီး ဝက်နောက်သို့လည်း လိုက်တတ်၏။ မစားရသေးသည့် ဝက်ထံသို့လည်း တန်း၍ပြေးတတ်၏။

ထိုအခါ အတိတ်သည်လည်းကောင်း၊ အနာဂတ်သည်လည်းကောင်း ပေါ်လာပြီ။

မသေသေးသောငါးကို တို့ကြည့်ရာမှ အမြီးလှုပ်လျှင် ခေါင်းယမ်းဘိသို့ အတိတ်ကိုမှီ၍ အနာဂတ်သည် ပေါ်ပေါက်ချေ၏။ ထိုအတိတ်၊ အနာဂတ်ရှိ ဝက်သားတို့သည်ကား သင်၏စားဆဲလျှာဖျားရှိ ဝက်သားကဲ့သို့ အီမည်၊ ဆိမ့်မည်ကားမဟုတ်။ စင်စစ် အတွေးဖြင့် အီကြည့်၊ ဆိမ့်ကြည့်ခြင်းမျှသာတည်း။

မစားရသေးမီက အီသောဝက် အစွဲ၏လက်ချက်မျှသာ။

စိတ်သည် ဝက်နောက်သို့လိုက်လျက်က ရှေ့ရောက်နောက်ပြန်ဖြစ်နေခြင်းများသည် အာရုံခံစားဆဲခေါ် ပစ္စုပ္ပန်တည့်တည့်၌ အစွဲစိတ်မဝင်စေဘဲ ကိုယ်ပိုင်စိတ်ဖြင့် မခံစားမိခြင်းကြောင့်ဖြစ်၏။ သက်ဆိုင်ရာတံခါးပေါက် သတိအစောင့်ချမထားခြင်းကြောင့် ဖြစ်၏။ မြင်လျှင် မျက်လုံးထိပ်၊ ကြားလျှင် နားထိပ် စသည်ဖြင့် သတိကပ်လျက်က စေ့စပ်စွာမရှုမှတ်နိုင်သောအာရုံသည် အပြင်မှဆွဲချူပြီး အစွဲသိသည် အတွင်းမှ လှုပ်ထ၏။ ထိုအခါ ဘဝင်လေသည် ငြိမ်သက်စွာ ဝပ်နေရာမှ နိုးလာပြီး အထက်အလုပ်ခန်းရှိ နှလုံးသွေးနှင့်တကွသော အသည်း၊ ကျောက်ကပ်စသည်တို့ကို တို့ထိစေ၏။ နှလုံးသွေးနှင့်တကွသော အသည်း၊ ကျောက်ကပ်၊ အဆုတ် စသည်တို့လည်း အသက်ဝင်လာပြီး စွဲထင်နေသော အစွဲရုပ်ပုံဟောင်းများကို သူမြင်ခဲ့၊ ကြားခဲ့စဉ် နဂိုပုံစံမပျက် ဆက်စပ်၍ ပြသကြလေ၏။

ရင်းကို ဆင်ခြင်စိတ်က ထပ်၍နှောက်လိုက်ချေသော်ကား အတိတ်မှ စွဲထင်နေသော ခြံလှောင်ဝက်တို့သည် အသက်ဝင်လာချေတော့

http://www.dhammadownload.com



၏။ အပြင်ရှိ မြင်ရ၊ ကြားရသော ဝက်တို့နှင့်လည်း အဆက်အသွယ်ပြုကြလေကုန်၏။ သို့ကြောင့်ပင် အပြင်ဝက်တို့သည် မစားရခင်ကပင် (ပန်းကန်တွင်းမှပင်) ကြိုတင်၍ အီဆိမ့်နေကြလေကုန်၏။ ထိုအဆင်း၊ အသံ စသည့်အာရုံ၏ ဆွဲချူခြင်း၊ အတွင်းရှိ အစွဲသိစိတ်၏ လှုပ်ထခြင်းများကိုမှီ၍ ခံစားဆဲ၌ ဆင်ခြင်မှုများဝင်လာပြီး အာရုံကို ငံ့လင့်စောင့်စားနေခြင်း၊ ဝင်လာသမျှ အာရုံတို့ကို ရယူရန်ဆုံးဖြတ်ချက်ချခြင်း၊ ထို့နောက် ရယူရန်ကြိုးစားခြင်း၊ အကြိမ်ကြိမ်လက်ခံသိမ်းပိုက်ခြင်း၊ ထို့နောက် ထိုလက်ခံသိမ်းပိုက်ပြီး အာရုံများကို မှတ်မိသည်ထက် မှတ်မိသွားစေရန် နှစ်ကြိမ်တိုင်တိုင် တစ်ဖန်လှည့်၍ အာရုံပြုခြင်းများဖြင့် ကာလလက်ကျန်ပမာ အစွဲထားချေတော့၏။ ထိုအစွဲသည် စိတ်စွဲကြီးလျှင် ကြီးသလောက် တင်ကျန်နေရစ်ခဲ့ပြီး တစ်ဖန်ပြန်တွေးတိုင်းလည်း ထိုမြင်ခဲ့ရ၊ ကြားခဲ့ရသည့်အတိုင်းသာ ပုံပေါ်စေ၏။ အသက်ဝင်လှုပ်ရှားစေ၏။

ဖလင်ကော်ပြားပေါ်ရှိ အရုပ်များကို စက်အားဖြင့်လှည့်ပတ်စေသောအခါ အသက်ဝင်လှုပ်ရှားမှုများပမာပင် ဖြစ်ချေတော့၏။ ဤသည်မှာ သင့်စိတ်ကဖြစ်သော 'အတိတ်သရုပ်'ပင် ဖြစ်ချေတော့၏။

ထိုအတိတ်သရုပ်ကိုမှီ၍ အသစ်ပြုလုပ်ရန် ခံစားယူခြင်းသည် 'အနာဂတ်'ပင် ဖြစ်ချေတော့၏။ သို့ကြောင့် အတိတ်နှင့်အနာဂတ် အချိန်နှစ်မျိုးတို့သည် ဖြစ်ဆဲ၌ သင်သတိလစ်နေသဖြင့် သင့်စိတ်က 'ပစ္စုပ္ပန်ကို ဖွဲ့စားနေခြင်း'မျှသာ ဖြစ်ချေ၏။ အစွဲမကင်းသေးသော လောကသားတို့၏ အာရုံသိမှီးစုဆောင်းထားရာ ဂိုထောင်သဖွယ်သာဖြစ်ဘိ၏။ ကိလေသာနိဗ္ဗာန် ဝင်စံတော်မူကြပြီးသော သက်ရှိဘုရား၊ ရဟန္တာများ၌သော်လည်းကောင်း၊ ခန္ဓာပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော သက်မဲ့ဘုရား၊ ရဟန္တာတို့၌လည်းကောင်း ထိုအတိတ်တို့၊ အနာဂတ်တို့သည် အလျဉ်းမရှိပြီ။ သို့ကြောင့် ထိုဘုရား၊ ထိုရဟန္တာတို့ စုတေ၍ လူပြန်ဝင်စား ပြန်မဖြစ်ပြီ၊ အတိတ်မရှိတော့၍တည်း။ စင်စစ် ထိုအတိတ်၊ ထိုအနာဂတ်တို့သည်

http://www.dhammadownload.com



ပရမတ်နယ်ပယ်မှာမရှိ။ ပုထုဇဉ်လောကတို့၏ ပညတ်နယ်ပယ်မှာသာ စိတ်ဖြင့်ဖန်ဆင်း ဆွဲယူထားခြင်းမျှသာ ဖြစ်ချေ၏။ အရိယာတို့၏ စိတ်တော်၌ ရှေ့ရောက် နောက်ဖြစ်ခြင်း၏ ခိုနားစရာကလည်း မရှိပြီ။ မေးစရာက ပေါ်လာ၏။

ပုဗ္ဗေနိဝါသ၊ အနာဂတံသ ဉာဏ်တော်များဖြင့် မိမိ သူတစ်ပါး၏ အတိတ်အစွဲ သိရှိရာကိုလည်းကောင်း၊ မိမိ သူတစ်ပါး၏ အနာဂတ်အစွဲ သိရှိရာကိုလည်းကောင်း၊ 'ညွှတ်ခြင်း'သည် ကြိုသိမှုပင်ဖြစ်သော်လည်း စိတ်ကစားခြင်းမျိုးကားမဟုတ်၊ ဉာဏ်ကစားခြင်းများသာဖြစ်သည်ကို မိမိတို့ဖြည့်ကျင့်ခဲ့သည့် ပါရမီအင်အားအလိုက်သာလျှင် ထိုးဖောက်မြင်နိုင်စွမ်းရှိသည်ကိုထောက်ဆ၍ သိနိုင်ချေ၏။ ဉာဏ်တော်၏ ဖြန့်ကျက်ခြင်းဟု ဆိုလို၏။ ဥဒ္ဒစ္စကဲ့သို့ စိတ်၏ဖြန့်ထွက်ခြင်းမျိုးမဟုတ်ဟု သိစေလို၏။ ထိုအမျှော်တို့သည် အတိတ်ကိုသိသော်လည်း အတိတ်ကိုမရောက်၊ အတိတ်ရှိ အာရုံဟောင်းများကသာ မိမိ၏ ပစ္စုပ္ပန်တည့်တည့် ဉာဏ်ဝ၌လာရောက်ထင်ဟပ်မှုသာဖြစ်၏။ အနာဂတ်၌လည်း ဤနည်းအတိုင်းပစ္စုပ္ပန်မှာ ပေါ်နေချေ၏။ ထိုအနာဂတ်ဆီသို့ စိတ်ရောက်သွားခြင်းမျိုးမရှိချေ။

တရားရှာသမားများသည် စိတ်ဖြင့် အတိတ်သို့လည်း မသွားနှင့်၊ သင့်စိတ် အတိတ်သို့ ပို့လွှတ်ခြင်းသည် သေပြီးမသာအလောင်း အခေါင်းဖော်ကြည့်စေသည်သို့ ဘာမျှအကျိုးမရှိ။

တရားရှာသမားသည် စိတ်ဖြင့် အနာဂတ်သို့လည်း မရောက်စေသင့်။ အနာဂတ်ကာလကို စိတ်ဖြင့် မဖန်ဆင်းသင့်၊ သင့်စိတ်မရောက်သေးသည့် အချိန်ပိုင်းဆီသို့ ပို့လွှတ်ခြင်းသည် ကိုယ်ဝန်ဆောင်မိုက်ထဲက ကလေး နာမည်ရွေးပေးနေသည်သို့သာ ရှိ၏။ အထီးမှန်း၊ အမမှန်း မသိသေးဘဲလျက် ဘာအဖြေမှ ထွက်မည်မဟုတ်။

*(အညွှန်း – ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ ပဋိဘာနဉာဏဒဿနကထာ၊ ပထမတွဲ၊ စာ–၄၉၇ မှ ၅၀၂)*

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



# မြေမှလာ၍ မြေသို့သာပြန်ရမည့်ငါ

ဆန်ဟူသည် ဗီဇနိယာမမျိုးစုတစ်ခုမှ ပေါ်ထွက်လာသော အရာတစ်ခုဖြစ်ချေ၏။ ၎င်း၏ဖြစ်စဉ်မှာ ဦးစွာမဆွ ရှေးရှေးနှစ်၏ အပင်မှ ပေါ်ထွက်လာသောစပါးတည်း။ ထိုစပါးကို မျိုးအရာထား၍ မိုးရေလယ်မြေအတွင်း ကြဲစိုက်ပျိုးလိုက်သောအခါ အညှောင့်ထိုးလျက်က ပျိုးပင်ဘဝရောက်ရ၏။ စိုက်ချိန်အရွယ်ရောက်၍ စိုက်ခင်းထဲထိုးစိုက်မိသောအခါ ကောက်ပင်အရာသို့ ရောက်ရ၏။ ထိုမှတစ်ဆင့် ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်တော့သီး၊ မှည့်ချိန်တန်တော့မှည့်လျက်က အမှည့်လွန်လာသောအခါ လယ်ရှင်သည် ရိတ်လှီးဖြတ်တောက်၍ စပါးအဖြစ်သို့ ဖန်တီးခံရချေတော့၏။ ထိုစပါးကိုလည်း သည်အတိုင်းမထားသေး၊ အခွံချွတ်၍ ဆန်အဖြစ်သို့ ဖန်တီးခြင်းခံရချေ၏။

ဆန်ဖြစ်သော်လည်း အနားမရသေး၊ ထမင်းအိုးအတွင်းထည့်သွင်းလျက်က ရေနှစ်ခြင်း၊ မီးပြင်းတိုက်ခြင်းတို့ဖြင့် ထမင်းအဖြစ်သို့ ဖန်တီးခံရချေတော့၏။ ဆန်မှဖြစ်သော ဆန်ထမင်းကား ပုံပန်းသဏ္ဌာန်ပီသစွာရှိချေသေး၏။ သို့ပါသော်လည်း ယင်းဆန်ထမင်းနှင့် အနားမရလေသေး။ ပိုင်ရှင်သည် ပါးစပ်အတွင်းသွင်း၍ ညက်ညက်ပါအောင် ဝါးလျက်က စားသုံးမျိုချခံရသောအခါ ဝမ်းတွင်းမီး၏အကြား အစာအိမ်ထားရာ အရပ်မှာပင် ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိသည့်အဖြစ်သို့ ရောက်ရချေတော့၏။ ထိုမှ တစ်ညဉ့်လွန်မြောက်၍ မြေသို့စွန့်ချ အပစ်ခံရတော့သော အခါ ပထမကား လူ့မစင်ခဲကြီးမှန်းလည်း မြင်ရုံမျှနှင့် သိခွင့်ရ၏။ လူ့မစင်အနံ့ မှန်းလည်း နမ်းရှူ့မိရုံမျှဖြင့် သိခွင့်ရသေး၏။ ထိုမှ ရက်စွန်း၍ လ၊နှစ်သို့ ရောက်သောကာလတွင်ကား မြေနှင့်ရောလျက်က အဆင်းရောအနံ့ပါ မြေအတိုင်းသာ အသွင်တူ၊ အမြင်တူသို့ ရောက်ရချေတော့၏။

ဤဆန်ဥပမာသည် လူ့ဘဝစဉ်နှင့် ကိုက်ညီသင့်ရာ၏။

လူသည်လည်း ရှေးရှေးဘဝက ကံဝိညာဉ်ခေါ်သောကောင်းမှု၊ မကောင်းမှုပြုစဉ်ကာလက အသိဉာဏ်အတိုင်းသာလျှင် သေသောကာလ

http://www.dhammadownload.com



မျိုးအဖြစ်သို့ သက်ရောက်ရ၏။ ထိုကံမျိုးစေ့သည် နောက်ဘဝကို မျှော်ကိုးသော တဏှာတည်းဟူသော မိုးရေ၊ ထိုဘဝကို လိုမှုဖြင့် ပြုလုပ်သည့် ကံတည်းဟူသော လယ်ယာ၊ ၄င်းသုံးမျိုးမှီ၍ ဒုတိယဘဝဟူသော ဖြစ်စဉ်တစ်ခုပေါ်ပေါက်ရ၏။ (သို့မဟုတ်) မိုးဦးကာလ ပျိုးကြဲချဘိသို့ ပဋိသန္ဓေနေရ၏။ ထိုမှ မွေးဖွားခြင်း၊ အရွယ်ရောက်ခြင်း၊ အိုမင်းရင့်ရော်လာခြင်း၊ နာဖျားခြင်း၊ ကံကုန်သဖြင့်အသက်ဆုံးရခြင်းတို့သည် ထမင်းအဆင့်နှင့် ညီမျှ၏။ အစာသစ်၊ အစာဟောင်းများသည် လူ့သေကောင်ဘဝနှင့်ညီမျှ၏။ တစ်ညဥ့်လွန်၍ စွန့်ပစ်ချရာသည် အရိုးတို့ စုပုံထားသည်နှင့်ညီမျှ၏။ မစင်၏ အဆီခန်းခြောက်၍ တဖြည်းဖြည်းချင်း မြေအဆင်း၊ မြေအနံ့တို့ အတိုင်းရောနှောသွားခြင်းသည် ထိုအရိုးတို့ ဖြူဖွေးဖွေးပွတတမှ ဆွေးမြည့်အပြီး အရိုးမှုန့်ဆွေး မြေလှေးဘဝသို့ ဆင်းသက်သွားသည်နှင့် ညီမျှ၏။

တစ်ဖန်လည်း မျိုးစပါးသည် လယ်၏မြေဆီကိုမှီ၍ ပျိုးအဖြစ်သို့ ရောက်ရ၏။ ပျိုးမှတစ်ဆင့် ကောက်ပင်သို့ကူးရာ၌ ပျိုးခင်း၏မြေဆီချည်း မလုံလောက်တော့၍ စိုက်ခင်း၏မြေဆီအဆင့်ဖြင့်တစ်ဆင့် ကောက်ပင်လူလားမြောက်ရန်၊ သီးပွင့်နိုင်ခွင့်ရရန် အထောက်အကူပြု၍ ပြောင်းလဲကူးယူစိုက်ပေးရ၏။

ထိုပျိုးပင်ဘဝ၊ စိုက်ပင်ဘဝတို့၌ မြေဆီကိုသာ အမာခံအဖြစ်စုပ်ချူ၍ အပင်သန်မာထွားကျိုင်းစေခြင်း၊ ပွင့်ခြင်း၊ သီးခြင်းများဖြင့် အမာခံအဆံအထိ တွန်းပို့ခဲ့ရ၏။ မြေဆီကိုစုပ်၍ မြေသရုပ်ဖြင့် မွေးထုတ်ထားကာ ထိုဆန်သည်ကား ထမင်းမှ မစင်သို့ ရွေ့လျား၍ ယင်းထမင်း၏သတ္တိကုန်ခန်းသွားသောအခါ မြေအတိုင်းသာ ရောနှော၍သွားချေရကား မြေမှလာသော အမာခံသတ္တိသည် ယင်းမြေထဲသို့ပင်သက်၍ မြေအဖြစ်သို့ လက်ဆက်သွားချေတော့သကဲ့သို့ သင်ဟူသော လူသားသည်လည်း အတိတ်ကံဖြင့်မလုံလောက်၊ ပစ္စုပ္ပန်ကံအထောက်အမဖြင့် လူ့ဘဝကြီးပြင်းလာရပြီ။ နောက်... နောက်ဘဝများစွာအတွက် ကောင်းမှု၊ မကောင်းမှုတည်းဟူသော အသီးအပွင့်များစွာတို့ကို ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြုကျင့်အား

http://www.dhammadownload.com



ထုတ်ခဲ့ရ၏။ ထိုသို့ အားထုတ်ရာ၌ ကောင်းမှု၊ မကောင်းမှု၌ ရက်ရောသော၊ စေတနာနှင့်ယှဉ်သော အသိသည် မျိုးစေ့အဖြစ်သို့ ရောက်ရှိဦးမည်ဖြစ်ရာ ထိုမျိုးစေ့သည် လူ၊ နတ်၊ ခွေးစသော မြေဆီစားမျိုး ဘဝမျိုးသို့ ညွှတ်ထား၏။ လက်ရှိပင်ကိုယ်ရုပ်ကြီးကား ထမင်းစသား မြေဆီစားမျိုးကို မျိုသွင်းလျက်က မူလမြေသို့ညွှတ်ထား၏။ (သို့မဟုတ်) စိတ်ကား အစွဲဖြင့် နောက်ရမည့်ဘဝနှင့် နောက်ရုပ်၏မြေဆီကိုစား မြေသို့သွားရမည်ကို ဦးတည်ပြီ။ ရုပ်ကား အစားဖြင့် ယခုရသည့်ဘဝနှင့် မြေဆီကိုစား မြေသို့သွားရမည်ကို ဦးတည်ထားချေ၏။

စိတ်ကားမျိုးထား၊ ရုပ်ကားမျိုးစားဟူ၍ ခွဲခြားရာ၏။ (သို့မဟုတ်) စိတ်ကား နောင်အတွက် စရန်ယူ၊ ရုပ်ကားသခင်၏ စားကြွင်းစားလည်းဖြစ်၊ ယခု၏ အသစ်စားလည်းဖြစ်ချေ၏။

ဤနည်းဖြင့်ပင် သင်သည် မြေမှလာ၍ မြေသို့သာ သွားရပြီး တစ်ဖန် မြေသို့သွားပြီး မြေပေါ်ပြန်ရောက်ခြင်းဖြင့်လည်းကောင်း၊ မြေကိုမှီ၍ မြေကိုနင်း မြေမှာစင်း၍ မြေနင်းသမားတို့ နင်းသားအဖြစ်သို့ ပြန်ရောက်ရှိခြင်းအဖြစ်လည်းကောင်း မကင်းနိုင်သော ကရွတ်ကင်းလျှောက်သည့် လူးလာခေါက်ပြန်သာ ဖြစ်ရချေဦးမည်မှာ သေချာနေပြီဖြစ်၏။

သင်၏ ယခုကာလ လူ့ဘဝဖြစ်စဉ်ကိုကြည့်လျှင်ပင် မျိုးစေ့နှင့် အပင်ကြား မြေကိုသက်သေထား၍ ကြီးထွားခြင်း၊ ပျက်ကျခြင်းများ ပြောင်းလဲနေပုံကို သဘောကျလောက်မိရာ၏။

အညွှန်း

* ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ ပဋိဘာနညာဏဒဿနကထာ၊ ပထမတွဲ၊ စာ–၁၈၄ မှ ၁၈၇

[ အမှတ်–၆၉၊ ၂၀၀၁ ခု၊ ဧပြီလ၊ ဂမ္ဘီရမဂ္ဂဇင်း ]

# နတ်တလူတောရမှ မင်းဘိသိက်ခံဘုရား

## ဦးကုန်းမှ နတ်တလူသို့

ဆိုင်ကယ်နှစ်စီး တရိပ်ရိပ် တခုန်ခုန်ပြေးနေသည်။ ကတ္တရာလမ်းမကြီးပေါ်မှာမဟုတ်။ လယ်ကန်သင်းပေါ်မှာဖြစ်သောကြောင့် တရိပ်ရိပ်သာမက တစ်ခုန်ခုန်ပြေးနေရခြင်းဖြစ်သည်။ လယ်ကန်သင်းဖြစ်ခြင်းကြောင့် လှည်းလမ်းတမျှပင် ဖြောင့်တန်းခြင်းမရှိ၊ အချိုးချိုးအကွေ့ကွေ့များလှသည်။ လမ်းမည်ကာမတ္တမို့ ဆိုင်ကယ်ဘီးချသာရုံ၊ သို့သော် ဆိုင်ကယ်မောင်းသူနှစ်ဦး၏ ကျွမ်းကျင်မှုကြောင့် နှောင့်နှေးစမ်းဝါးခြင်းမရှိ၊ ပကတိလမ်းကြီးပေါ်မောင်းနှင်နေသည့်အလား ကွမ်းတဝါးဝါး စကားတပြောပြောဖြင့်ပင် လယ်တောများ၊ ယာခင်းများကို ဖြတ်ကျော်သွားခဲ့သည်။ ဤလယ်ကန်သင်းများပေါ်မှာ ညဉ့်နက်သန်းခေါင်မရွေး နေပူမိုးရွာမရှောင် မောင်းနှင်သွားလာခဲ့ဖူးလှပြီ။ ယခုပင်လျှင် အခါမဲ့မိုး(မုန်တိုင်းမိုး) ရွာထားသောကြောင့် အချို့နေရာတွေမှာ ရေအိုင် ဗွက်အိုင်ကြီးများ ဆီးခံနေသည်။ ဆိုင်ကယ်ကိုမ၍၊ ထမ်း၍ကျော်ရသည်။

http://www.dhammadownload.com



'ဒါမျိုးတွေရှိနေပါပြီဗျာ'

ဟု တစ်ယောက်က အပြုံးမပျက် ပြောသည်။

မှန်သည်။ သူတို့သည် သုံးနှစ်လုံးလုံး သည်ခရီး သည်လမ်းကို ပျားပန်းခတ်သလို သွားနေခဲ့ကြသည်။ သုံးနှစ်၊ထိုသုံးနှစ်မှာ သူတို့တစ်သက် ကျွန်တော်တို့တစ်သက်၊ မမေ့နိုင်သော နှစ်ကာလများဖြစ်သည်။ ပြီးတော့ ထိုသုံးနှစ်မှာ ပြန်လိုချင်၍ မရနိုင်တော့သောနှစ်ကာလများ။ ရွှေရောင်နှစ်ကာလများ ဖြစ်သည်။ ဘာသာရောင် သာသနာရောင် ထွန်းပြောင်ခဲ့သော သုံးနှစ်သုံးမိုးဖြစ်ခဲ့သည်။ ရွှေဘိုတစ်နယ်လုံးကို အထူးသဖြင့် နိုးကြားစေခဲ့သော သုံးနှစ်ဖြစ်ခဲ့သည်။ မြန်မာတစ်ပြည်လုံးက ပဋ္ဌာန်းဆက်ဝေနေယျများဖြင့် စည်ကားလှုပ်ရှား အသက်ဝင်ခဲ့သောကာလဖြစ်ခဲ့သည်။

'အေးဗျာ... အဲဒီတုန်းကတော့ ပင်ပန်းလိုက်ကြတာ၊ အခု အဲဒီပင်ပန်းမှုမျိုးတွေ့ပြန်လိုချင်လို့မရတော့ဘူး'

တစ်ယောက်က လွမ်းလွမ်းမောမောပြောလိုက်ပြန်သည်။

သာသနာပြုအသင်းကြီးကို ဦးဆောင်ရသူများအနေဖြင့် မည်၍မည်မျှပင်ပန်းမည်ကို ကျွန်တော်စာနာနိုင်ပါသည်။ အနယ်နယ်အရပ်ရပ်က ရောက်လာကြသော လူအမျိုးမျိုး စရိုက်အမျိုးမျိုးကို အဆင်ပြေအောင် ဆက်ဆံရသည်က အခက်ဆုံးဖြစ်လိမ့်မည်။ ရေ၊ မီး၊ နေရာထိုင်ခင်း၊ ကျောင်း၊ ဓမ္မာရုံစသည်ဖြင့် ဝါးတစ်လုံး နီးတစ်ပင်ကအစ တစ်ကစခဲ့ရသော အသစ်မွေးဖွားခြင်းဖြစ်သည်။ ထိုမွေးဖွားခြင်းသည် 'နတ်တလှူသာသနာပြုအသင်းကြီး'ဟူ၍ ချက်ချင်းပင်ကြီးထွားရှင်သန်ကာ တိုင်းနိုင်ငံပြည်အလုံး ဖုံးလွှမ်းပျံ့နှံ့ကျော်ကြားသွားတော့သည်။

နတ်တလှူသာသနာပြုအသင်းကြီးသည် လည်းကောင်း၊ အားလုံးသော တပည့်ဒကာဝေနေယျတို့သည် လည်းကောင်း၊ ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဘုန်းရိပ်၊ ကံရိပ်၊ မေတ္တာရိပ်၊ စေတနာရိပ်၊ ပညာရိပ်မှာခိုလှုံခွင့်ရခဲ့ကြလေသဖြင့် သာသနာ့အကျိုး၊ လောကအကျိုး၊ မိမိအကျိုးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သယ်ပိုးခွင့်ရခဲ့ကြ

http://www.dhammadownload.com



သည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်နယ်အရှေ့ပိုင်း သုဝဏ္ဏသျှမ်တောင်မှ ဤတောရသို့ ၁၉၉၇ ခုနှစ်၊ ဇွန်လက ကြွတော်မူခဲ့ သည်။ ဤကုန်း ဤမြေကို နတ်တလူသာသနာပြုအသင်းကြီးကို ဖွဲ့စည်း ပေးခဲ့ပြီး ကိုယ်တော်တိုင် အားပါးတရ သာသနာပြုတော်မူခဲ့သည်။

ယခု ဆိုင်ကယ်မောင်းသူနှစ်ဦးအနက်တစ်ဦးမှာ နတ်တလူသာ သနာပြုအသင်းကြီး၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်းဖြစ်ပြီး ကျန်တစ်ဦးမှာ ဘဏ္ဍာရေးမှူးဒေါက်တာလှထွန်းဝင်းဖြစ်သည်။ သူတို့နှစ်ဦးလုံး ဓိးကုန်းမြို့ မှဖြစ်သည်။ ဓိးကုန်းနှင့်နတ်တလူသည် ဆယ်မိုင်ကျော်ဝေးသည်။ ထိုဆယ် မိုင်ကျော်ခရီးကို ဆိုင်ကယ်ဖြင့် လာခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်နှင့် သာစည်မှ ဦးသာဆန်းတို့က ဆိုင်ကယ်နောက်မြီးပေါ်မှ လိုက်လာခဲ့ကြ သည်။

'မင်းကုန်းရောက်ပြီ'

ဤရွာကလေးမှာ ဆရာတော်ဘုရားကြီး၏ ဇာတိအမိမြေဖြစ် သည်။ ဆရာတော်ဘုရားကြီးသည် အမိမြေကို သာသနာပြုခြင်းဖြင့် ကျေး ဇူးဆပ်ရန် ပြန်ကြွတော်မူလာခဲ့ခြင်းဖြစ်သည်။ ရွာအတွင်းသို့ဝင်မိလျှင်ပင် 'ဥယျာမြေချက်သို တံခွန်တိုင်'ကြီးကို ထီးထီးမားမားတင့်တင့်တယ် တယ်ဖူးမြော်ရသည်။ တံခွန်တိုင်ကြီးခြေတော်ရင်းသို့ရောက်သော် ပို၍ လှိုက်လှိုက်မောမောခံစားရသည်။ ဤတံခွန်တိုင်စေတီတော်ကြီးသည် ဆရာတော်ဘုရားကြီး၏ ကိုယ်စားတော်စစ်စစ် ဖြစ်ပါပေသည်။ ဥယျာမြေ ချက်သိုတံခွန်တိုင်စေတီအကြောင်းနှင့် ဤတံခွန်တိုင်ရိပ်တွင် ဆရာ တော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များအကြောင်းကို ဂန္တိရမဂ္ဂဇင်းတွင် အခန်းဆက်ရေးခဲ့ပြီးဖြစ်သည်။

ဒေါက်တာလှထွန်းဝင်းက တံခွန်တိုင်ကြီး၏အုတ်ခုံပေါ်မှ အမှိုက် သရိုက်များကို လှည်းကျင်းသည်။ ကျွန်တော်တို့အားလုံး တံခွန်တိုင်စေတီ တော်ကို ဖူးမြော်ကြပြီး ဆက်လက်လုပ်ဆောင်စရာရှိသည်တို့ကို လေ့လာ မှတ်သားကြသည်။ ထို့နောက် ဤတံခွန်တိုင်ကြီးနှင့် မျဉ်းတစ်ဖြောင့်တည်း

http://www.dhammadownload.com



တည်နေသော တစ်မိုင်ကျော်မျှသာဝေးတော့သော နတ်တလူတောရသို့ ခရီးဆက်ကြသည်။ ရှေ့မြင်ကွင်းထဲတွင် ကား... နတ်တလူတောရမှ "မင်းဘိသိက်ခံဘုရား"ကို ကြည်ကြည်ညိုညိုဖူးမြော်ကြရပြန်သည်။

## မင်းဘိသိက်ခံဘုရား

ကျေးရွာရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး နတ်တလူတောရသို့ ကြွတော်မူကာစကပင် ဘုရားတည်ပေးဖို့လာရောက်လျှောက်ထားသူ တွေရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် တရားဟောတရားပြ နားရသည်မရှိသည့်ကြားကပင် ဘုရားတည်ရေးကို ကိုယ်တော်တိုင်ဦးဆောင်ကြီးပမ်းတော်မူခဲ့ပါသည်။ ကျေးရွာရှင်ဆရာတော်ဘုရားကြီးသည် ရသေ့ဝတ်ခဲ့သည်မှစ၍ သာသနာပြုပုဂ္ဂိုလ် ဘဝ၌ "လောက၊ ဉာတ၊ သာသနာ့အကျိုး" ဟူသော အကျိုးပြုလုပ်ငန်းစဉ်ကြီးသုံးမျိုးကို အာရုံယူ၍ ဘုရားသုံးဆူပြည့်မြောက်အောင် တည်ထားကိုးကွယ်မည်ဟု ဆန္ဒကတိပြုလျက် အဓိဋ္ဌာန်တင်တော်မူခဲ့ပါသည်။

ထိုသို့အဓိဋ္ဌာန်တင်တော်မူသည်နှင့်အညီ

၁။ ၁၃၃၉ ခုနှစ်တွင် ရသေ့ဝတ်သာသနာပြုဘဝဖြင့် ကျိုက်လတ်မြို့နယ်၊ ဆင်ကူးကြေးချောင်းတွင် ဉာဏ်တော်(၂၄) တောင်ရှိတော်မူသော "ပြည်လုံးချမ်းသာဖေါင်တော်ဦး ဘုရား" ကို ဦးစွာပထမ တည်ထား၍ ၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ ထီးတော်တင်လှူ ပူဇော်နိုင်ခဲ့ပါသည်။

၂။ ၁၃၄၁ ခုနှစ်တွင် ရဟန်းတော်ဝတ် သာသနာပြုဘဝဖြင့် သာစည်မြို့နယ်၊ ရွှေကျောင်းကုန်းတောင်တော်ပေါ်တွင် ဉာဏ်တော် (၁၁ တောင်၊ ၁၁ လက်မ)ရှိသည့် "လောကမုနိဘုရား"ကို လောကီဘုံသားဝေနေယျအများတို့အား တစ်ဆယ့်တစ်ပါးသော ကိလေသာမီးများငြိမ်းအေးစေရန် ရည်သန်စိတ်ထား မေတ္တာပွား၍ တည်ထားကာ ထိုနှစ် တပေါင်းလပြည့် ထီးတော်တင်လှူ ပူဇော်ခဲ့ပြန်ပါသည်။ နတ်

http://www.dhammadownload.com



တလူတောရ "မင်းဘိသိက်ခံဘုရား"သည်ကား ...

ထုံးဖြူဖြူ ကုန်းကမူအမောက်မှာကွယ့်
နှန်းမတူ ဘုန်းတလူလူ တောက်ပါရဲ့
သုံးဆူမြောက်ပါကွယ့် ဘိသိက်ခံ...

ဟူ၍ လေးချိုးကဗျာရေးကာဖွဲ့လောက်အောင် ဆရာတော်ဘုရားကြီး၏ အဓိဋ္ဌာန်ပြည့်မြောက်သော ဘိသိက်တော်ကောက် သုံးဆူမြောက်ဘုရားပေတည်း။ မင်းဘိသိက်ခံဘုရား တည်ထားကိုးကွယ်တော်မူရာ နတ်တလူသာသနာသည် ပျူခေတ်၊ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်တို့မှစ၍ ခေတ်အဆက်ဆက် သာသနာတော် စည်ပင်ထွန်းကားပြန့်ပွားခဲ့ရာ အောင်မြေနေရာဖြစ်ခဲ့ဖူးပါသည်။

ဗုဒ္ဓမြတ်စွာစိန္တေယျသည် ကိလေသာမာန်ငါးပါးကို ပယ်သတ်အောင်မြင်နိုင်ခဲ့၍ လောကသုံးပါး၌ တရားမင်းတည်းဟူသော အောင်သူတကာထိပ် အောင်ပွဲဘိသိက်ကို ခံယူတော်မူခဲ့ပါသည်။ အလားတူမင်းဘိသိက်ခံဘုရား ရင်ပြင်ခြေတော်ရင်းသို့ ဦးခိုက်ခိုလှုံလာကြကုန်သော ဝေနေယျ ပုဂ္ဂိုလ်အပေါင်းတို့လည်း တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတည်းဟူသော ကိလေသာတရားဆိုးများကို ပယ်သတ်၍ အရိယာသူတော်စင်ဘဝဖြင့် အောင်ပွဲဘိသိက်ခံယူနိုင်ကြစေရန် ရည်ရွယ်တော်မူခဲ့ရင်းဖြစ်ပါသည်။ သို့ကြောင့်ပင် ...

မာရ်ကိလေ လုံးစုံတိုက်ခိုက်ပြီးသည်ကြောင့်
အရဟံဇိနေ ဘုန်းဂုဏ်ဆိုက်တဲ့ပြင်
သုံးဘုံမကိုင်ဆိုတဲ့ ဟိတ်ကရုံ။
ဆုလိုချင်၊ သူ့ကိုပင် ဦးခိုက်ကြပါတော့
ကုသိုလ်ရှင်တို့၊ သူ့လိုပင် အထူးပိုက်ရအောင်
ကူးလိုက်ပါ့အဓိဋ္ဌာန်၊ စိတ်အကြံကမင်းဘွဲ့ညွှန်း။
လောကုတ်ရဲ့ဗိုလ်အသွင်၊ သဘောသရုပ်ဖိုလ်အဝင်မို့
လိုချင် ကြိုတင် ပြင်ဆင်ထားလိုက်ကြကွယ်တို့

http://www.dhammadownload.com



နဂိုရ်ဉာဉ် ဖြိုဖျင်လို့သွားခဲ့ရင်
တရားဓမ္မစစ်ကဖြင့်၊ ဆပွားအသစ်သစ်တွေနဲ့
ဘုရားအဖြစ်နှင်းမယ့်မော်ကွန်း။
ဟူ၍ ညွှန်ပြတော်မူခဲ့ခြင်းဖြစ်သည်။

မင်းဘိသိက်ခံဘုရား၏ခြေတော်ရင်းသို့ ဦးခိုက်ခိုလှုံ ကျင့်ကြံကြိုး ကုတ်အားထုတ်လာကြသော ပုဂ္ဂိုလ်အသီးသီးတို့သည် -

၁။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သတ်နိုင်ပြီး အပါယ်လေးဘုံမှ လွတ်ကင်းသော သောတာပန်အဖြစ် ဘိသိက်ခံယူနိုင်ခြင်း။

၂။ ချစ်ခြင်း၊ မုန်းခြင်း ဗျာပါဒနည်းပြီး ကာမ၊ ရာဂတို့ကို လျှော့ချနိုင်သော် သကဒါဂါမ်အဖြစ် ခံယူနိုင်ခြင်း။

၃။ ကာမ၊ ရာဂ၊ ဗျာပါဒတို့ကို အပြီးအပိုင်ပယ်သတ်နိုင်သော် အနာဂါမ်အဖြစ်ဘိသိက်ခံယူနိုင်ခြင်း။

၄။ ဘဝ၊ မာန၊ အဝိဇ္ဇာအရင်းထား၍ ကြွင်းကျန်သော ကိလေသာအားလုံးကို ပယ်သတ်နိုင်သော်ကား ရဟန္တာအဖြစ် ဘိသိက်ခံနိုင်ခြင်း... ဟူသောရည်ရွယ်ချက်ဖြင့် မင်းဘိသိက်ခံဘုရား ဘွဲ့အမည်ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်ပါသည်။

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် မိမိ၏ ကမ္ဘာအဆက်ဆက်ဖြည့်ကျင့်ခဲ့ရသမျှ ပါရမီကုသိုလ်တော်၊ မိမိ၏တစ်သက်တာအတွင်း ဖြည့်တင်းခဲ့ရသမျှ ပါရမီကုသိုလ်တော်၊ ထိုမှတစ်ဆင့် တစ်ဒေသအတွင်းတွင် ထိုတစ်ဒေသ၏ တစ်ရက်တာ၊ တစ်လတာ၊ တစ်နှစ်တာအတွင်း၌ ဖြည့်တင်းခဲ့ရသမျှ ပါရမီကုသိုလ်တော်များနှင့် ကျင့်ဆဲသီလတော်များကို အာရုံယူအဓိဋ္ဌာန်ပြုလျက်က ဘုရားရှင်နှင့် ပဋ္ဌာန်းဆက်မကင်းကြပါကုန်သော...

မြင်အပ် မမြင်အပ်၊ အနီးအဝေး ဝေနေယျအားလုံးတို့အတွက်

(က) လောကုတ္တရာအမွေတော် ရယူလိုကြပါသော် လောကုတ္တရာ အမွေခံအဖြစ်ဖြင့် ဘိသိက်ခံနိုင်ကြစေရန်၊

http://www.dhammadownload.com



( ခ ) လောကီအမွေတော်ရယူလိုကြပါသော် လောကီအမွေခံအဖြစ်ဖြင့်ပင် ဘိသိက်ခံနိုင်ကြစေရန်၊

ဤသို့ဖြင့် လောကီ၊ လောကုတ္တရာဘက်စုံအဖြစ် မင်းဘိသိက်ခံ ဟူသောအမည်ဘွဲ့တော်ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။ ထိုသို့ ကိုးကွယ်ရာ၌ သက်ရှိထင်ရှားဘုရားရှင်၏ အရပ်တော်အတိုင်း (၁၈) တောင်ပင် ဖြစ်ပါသည်။ မင်းဘိသိက်ခံဘွဲ့တော်ကို နံသင့်ဇောက်လျှင်

မင်း + ဘိ + သိက် + ခံ

၅ + ၅ + ၆ + ၂ = ၁၈ ပင်ဖြစ်ရာ

ထို (၁၈)သည် ဘုရားရှင်တော်၏အရပ်တော်ကို ရည်ညွှန်းပူဇော်ခြင်းဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးရဘိသကဲ့သို့ အတိတ်၊ နိမိတ်၊ ဟိတ်များထည့်သွင်းပူဇော်ထားသည်မှာ...

(က) နီပေါ၊ အိန္ဒိယတို့မှ ရယူလာသော လုမ္ဗိနီ၊ ဂယာ၊ မိဂဒါ၊ ကုသိနာ္ဒ လေးဌာနအောင်မြေများ၊

( ခ ) အလောင်းတော်မင်းတရား ဦးအောင်ဇေယျ၏ အောင်မြေများ ဖြစ်ပါသည်။

## မင်းဘိသိက်ခံဘုရား အဆင့်ဆင့်တည်ထားခဲ့ပုံ ကုန်းတော်မြေသတ်မှတ်ခြင်း

နတ်တလူသာသနာပြုစခန်းတွင် မင်းဘိသိက်ခံဘုရား ကိန်းဝပ်စံပယ်တည်ထားကိုးကွယ်တော်မူရန် ဘုရားကိန်းတော်မြေအား ကျေးဖူးရှင်ဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးဆောင်လမ်းညွှန်တော်မူလျက် ၁၃၅၇ခု၊ တပေါင်းလဆန်း(၁၁)ရက်နေ့ နံနက်(၈)နာရီ(၃၀)မိနစ် အချိန်တွင် ဘုရားတည်ရာကို နေရာစိစစ် ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ ဘုရားတည်ထားရန် ကုန်းတော်မြေအား အတောင်သုံးရာပတ်လည် သတ်မှတ်တော်မူ၍ တပည့်သာဝကကြီးဦးသိန်းအောင်၊ ဦးမောင်ရင်၊ ဦးသန်းဝေ၊ ဦးဝင်းဆွေ၊ ဦးကျော်ဌေး၊ ဦးလှထွန်းဝင်းတို့မှ မျဉ်းဖြောင့်ကြိုးဆွဲပြီး သတ်မှတ်တိုင်များ

http://www.dhammadownload.com



စိုက်ထူခဲ့ကြပါသည်။ မင်းဘိသိက်ခံဘုရား ကိန်းဝပ်စံပယ်ရန် (၁၈)တောင် ပတ်လည်ရှိ မြေရေယာအတွင်း၌ အနက်ငါးတောင် မြေသားကျင်းတူး ဖေါ်ကြရန်မိန့်မှာတော်မူပါသည်။

၁၃၅၉ ခု၊ တပေါင်းလဆန်း (၁၂)ရက်နေ့ နံနက်(၇)နာရီ (၁၇)မိနစ်အချိန်တွင် သာဝကကြီးများဖြစ်ကြသောဦးထွန်းဖေ၊ ဦးကျော်စိန်၊ ဦးချို၊ ဦးမြတ်သူ၊ ဦးအေးမောင်၊ ဦးသန်းထွေး၊ ဦးလှအောင်တို့သည် မြေသားတူး ရန်နှင့် ပန္နက်တင်တော်မူရန် နယ်နိမိတ်တိုင်များစိုက်ထူခဲ့ကြပါသည်။

မှတ်ချက်။ ။ ဘုရားကုန်းတော်မြေအား မင်းကုန်းရွာမှ မြေရှင် ဦးညိုတင် + ဒေါ်ပိုမိသားစုမှ လှူဒါန်းခဲ့ပါသည်။

## ပန္နက်တင်မင်္ဂလာ

၁၃၅၉ ခု၊ တပေါင်းလဆန်း (၁၄)ရက်၊ ည(၈)နာရီ အချိန်တွင် နတ်တလူသာသနာပြုစခန်း၏ ပထမအကြိမ်ကျင်းပသော တပေါင်းပွဲတော်သို့ ပင့်ဖိတ်ကြွရောက်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်(၅၄)ပါးတို့မှ ဘုရားကုန်းတော်မြေအား မြေနုတ်ကမ္မဝါစာများ ရွတ်ဖတ်တော်မူကြခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။

တပေါင်းလပြည့်နံနက်(၇)နာရီ တိတိအချိန်တွင် ကျေးရူးရှင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်မှ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" ဖြင့် ဥဒါန်းသုံးကြိမ်ကျူးရင့်ပါသည်။ ဇမ္ဗူဒီပနိမိတ္တနှင့်လျော်ညီသော နေ့သင့် နံသင့် အမည်နာမများကို တပည့်သာဝကများစွာထဲမှ ရွေးချယ်တော်မူ၍ တနင်္ဂနွေထောင့်အစ သောကြာထောင့်အဆုံး ထောင့်ကြီးရှစ်ထောင့်နှင့် အလယ်ဗဟိုတည့်တည့်တို့တွင် ဓိုးသားပန္နက်တိုင်ကို ထိန်သားလက်ရိုက်ဖြင့် ပန္နက်ရိုက်မင်္ဂလာပြုလာခဲ့ကြပါသည်။

http://www.dhammadownload.com



## အောင်နိမိတ်ပြသခြင်း

မင်းဘိသိက်ခံဘုရား ပန္နက်တင်မင်္ဂလာပြုချိန်တွင် စာမရိငှက် မျိုးနွယ် အောင်တော်ငှက်သည် တောင်အရပ်မှ မြောက်အရပ်သို့ အောင်သံ ပေး သိကြွေးလျက် ပျံသန်းပြခဲ့ပါသည်။ ၎င်းစာမရိငှက်မျိုးတို့၏ ဇီဇသတ္တိ သည်မိမိကိုယ်မှ အမွေးအတောင်များကို အသက်နှင့်လဲ၍ကာကွယ်ကြ ကုန်၏။ ထို့ကြောင့်ပင်လျှင် ရှေးမင်းမျိုးအသီးသီးတို့မှ စာမရီသားမြီး ယပ်တောင်များကို ကိုင်ဆောင်သုံးစွဲကြသည်မှာလည်း မိမိတို့အတွင်းစိတ် သန္တာန်၌ မျိုးချစ်စိတ်ဓာတ်မာန်များ အမြဲရှင်သန်နေကြောင်း ရည်ရွယ်ကာ ပြသနေခြင်းပင်။ ထို့အတူ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်လည်း သာသနာပြုတော်မူရာတွင် ဦးလည်မသုန် စေ့စပ်တော်မူကုန်လျက် မိမိ အသက် မငဲ့မကွက်ဘဲ ဖြည့်စွက်တော်မူခဲ့သော အဓိဋ္ဌာန်များသည် မင်း ဘိသိက်ခံ ဘုရားပန္နက်တင်သည့်နေ့မှစ၍ ပြည့်ဝတော်မူမည့် အတိတ် ဆောင်နိမိတ်ဆောင် အောင်လက္ခဏာပင် ဖြစ်ပါပေတော့သည်။

## ဓာတ်မြစ်စီမင်္ဂလာ

၁၃၆၀ပြည့် တန်ခူးလပြည့်နေ့ နံနက်(၈)နာရီတွင် ဓာတ်တော် တိုက်အတွင်း ကိန်းဝပ်ရာတွင် နားခိုမည့် ရတနာအုတ်များဖြစ်ကြသော–

(က) ဘုရားဂုဏ်တော်ကိုးပါး အာရုံပြု၍ ရတနာပတ္တမြားအုတ်တော်... (၉)ချပ်

(ခ) တရားဂုဏ်တော်ခြောက်ပါး အာရုံပြု၍ ရတနာရွှေအုတ်တော်... (၆)ချပ်

(ဂ) သံဃာဂုဏ်တော်ကိုးပါး အာရုံပြု၍ ရတနာငွေအုတ်တော်... (၉)ချပ်

တို့ကို တပည့်သာဝကကြီးများမှ ထီးဖြူတော် (၄)လက်ဖြင့် အုပ်မိုး ပူဇော်၍ ဘုရားကုန်းမြေသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ခဲ့ ကြပါသည်။

http://www.dhammadownload.com



ထိုနေ့ နံနက်(၉)နာရီအချိန်တွင် ပင့်သံဃာ(၉)ပါး အရှင်သူမြတ်ကြီးများသည် မင်းဘိသိက်ခံမွှောရုံတော်သစ်ကြီးတွင် ကြွရောက်အပူဇော်ခံလျက် ရွှေဘိုမြို့ ဝေဠုဝန်တိုက်သစ်မှ ဆရာတော်ကြီး ဦးလာဘမှ သီလပေးတရားတော်များဟောကြားပြီး ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပါသည်။ ဆရာတော်ကြီးကိုးပါးတို့မှ ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို အလှူခံတော်မူပါသည်။

၁၃၆၀ ပြည့်နှစ်၊ တန်ခူးလပြည့်နေ့ (၁၂) နာရီ(၁၅) မိနစ်အချိန်တွင် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားစတင်ကျင်းပပါသည်။ ရတနာအုတ်တော်များ ခမ်းခမ်းနားနားပင့်ဆောင်ကြပုံမှာ သာသနာ့အလံကိုင်အဖွဲ့၊ ရတနာပုံရာဇာဝင်း၊ ပုဂံရာဇာဝင်းတို့ပါဝင်သော အောင်စည်အောင်မောင်းအဖွဲ့၊ ဗြဟ္မာသိကြားအဖွဲ့တို့ဖြင့် တင့်တယ်ဆန်းပြားလှပေသည်။

နတ်တလူတောရ၏ နာယကဆရာတော်ဦးတိဿမှ ဓမ္မဝိဟာရကျောင်းတော်တွင် သီတင်းသုံးတော်မူလျက်ရှိသော သံဃာတော်အရှင်သူမြတ်ကြီးကိုးပါးတို့အား ဂါရဝပြုလျှောက်ထား ပင့်ဆောင်ခဲ့ပါသည်။ ဆရာတော်ကြီးကိုးပါးတို့အား ထေရ်စဉ်ဝါအလိုက် ရွှေထီးတော်များအုပ်မိုးခြံရံလျက်၊ ပင်ပန်းတော်မူခြင်းမရှိကြစေရန် တစ်ပါးစီတစ်ပါးစီကို မော်တော်ယာဉ်များဖြင့်ပင့်ဆောင်ခဲ့ပါသည်။

ထို့နောက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဝနဝါသီဥ ယျဓမ္မသာမိထေရ် အမှူးပြုလျက် သီတင်းသုံးဖေါ်တရားစခန်းဝင် သံဃာတော်ခုနှစ်ပါးတို့သည် ရှုမြင်ဆင်ခြင်နှလုံးသွင်းတော်မူလျက် မင်းဘိသိက်ခံဘုရားကုန်းမြေတော်သို့ ကြွရောက်တော်မူရာတွင်လည်း တပည့်သာဝကကြီးများက ရွှေထီးများဖြင့် အုပ်မိုးပူဇော် ပင့်ဆောင်ခဲ့ကြပါသည်။

ဆရာတော်ကြီးများအား ပင့်ဆောင်ရာနောက်မှ အထူးဖိတ်ကြားထားသော ဧည့်သည်တော်လူကြီးမင်းများ၊ ၎င်းတို့နောက်မှ နတ်တလူသာသနာပြုအသင်း လူကြီးမင်းများ၊ အမှတ်စဉ်(၃)တရားစခန်းဝင်ယောဂီများ(အမျိုးသား၂၁ ဦးနှင့်အမျိုးသမီး ၄၀)၊ ၎င်းတို့နောက်မှ ရွာစားရွာ ဦးသုခနှင့် ဘုရားဒါယကာ ဒါယကာများဖြစ်ကြသော ခင်ဦးမြို့နယ်မှ

http://www.dhammadownload.com



ဦးအောင်သန်း + ဒေါ်ခင်နွဲ့ မိသားစုတို့ လိုက်ပါလာကြပါသည်။ ၄င်းတို့နောက်မှ မင်းခမ်းမင်းနားအသွင်ဖြင့် ...

၁။ ရတနာပုံရာဇဝင်း ...၊ ၂။ ပုဂံရာဇဝင်းတို့တွင် ဘူးကုန်း၊ မင်းကုန်း၊ ရွာစား၊ အကျိုလက် စုပေါင်း(၄)ရွာတို့၏ (၅၂)ဦးသော အမျိုးသား၊ အမျိုးသမီးလူငယ်များသည် စစ်သည်တော်ဗိုလ်ခြေထုပါမကျန် မင်းဘိသိက်ခံဘုရားကုန်းမြေသို့ လိုက်ပါပို့ဆောင် ပူဇော်ကြပါသည်။ ရာဇဝင်းများနောက်မှ ဝေနေယျပရိသတ်များ လိုက်ပါလာကြရာ နေ့ ၁၂ နာရီ ၃၀မိနစ်တွင် ပရိသတ်လေးပါးစုံညီစွာဖြင့် အောင်မဟာမဏ္ဍာပ်ကြီးတွင် နေရာယူစုဝေးမိကြပါသည်။

ပင့်သံဃာ (၉)ပါး၊ ဆရာတော်ဘုရားကြီးအမှူးပြုသော သံဃာတော် (၇)ပါး၊ ပေါင်းသံဃာ (၁၇)ပါးတို့သည် မြင့်မြတ်သောအရှေ့အရပ်တွင် သီတင်းသုံးနေရာတော်ယူကြပြီး မင်းဘိသိက်ခံဘုရားအုတ်မြစ်စီတော်မူခြင်းအခမ်းအနားကို ၁၃၆၀ ပြည့်၊ တန်ခူးလပြည့်နေ့၊ နေ့ ၁၂နာရီ ၅၀ မိနစ်တွင် စတင်ဖွင့်လှစ်ပါသည်။ ပင့်သံဃာတော်ကိုးပါးနှင့်ဆရာတော်ဘုရားကြီးအမှူးပြုသော သံဃာတော်များမှ နမောတဿစသော ပါဠိတော်ဖြင့် သုံးကြိမ်ရွတ်ဆိုတော်မူ၍ ပူဇော်ချီးမြှင့်ကြပါသည်။ ဆက်လက်၍ "ဇယန္တောဗောဓိယာမူလေ"စသော ဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်ကြပြီး ကြွရောက်လာသောပရိသတ်ကြီးမှ သာဓုသုံးကြိမ် ခေါ်ဆိုကြပါသည်။

ထို့နောက် အုတ်မြစ်စီမင်္ဂလာကို နေ့တစ်နာရီတွင် စတင်ပါသည်။

ပတ္တမြားအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ကို သတ်မှတ်ထားသော ထောင့်အသီးသီးတို့တွင် စနစ်တကျဂါရဝဖြင့် အုတ်မြစ်စီကြပါသည်။ တနင်္ဂနွေထောင့်အရပ်မှ စတင်၍ လက်ယာရစ်လှည့်လည်ပူဇော်လာကြရာ သောကြာထောင့်အရပ်တွင် အုတ်မြစ်စီတော်မူခြင်း မင်္ဂလာပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ရှိတော်မူပါသည်။ နေ့ ၁ နာရီ ၅၀ မိနစ်တွင် "အောင်ပြီ... အောင်ပြီ"ဟူသော ကြွေးကြော်ပူဇော်သံများ ဘဝဂ်ထိလျှံတက်သွားခဲ့ပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



## ဌာပနာသွင်းခြင်း

မင်းဘိသိက်ခံဘုရား၏ ဌာပနာတော်တိုက်တွင် အတွင်းမဏ္ဍိုင်ကြီးအပါအဝင် အုတ်ရိုးသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အုတ်ရိုးတစ်ခုနှင့်တစ်ခု (၃)ပေအကွာအဝေး ရှိနေကြပါသည်။ ဌာပနာတော်တိုက်အတွင်းသို့ အဆင်းအတက်ပြုရန် အနောက်တောင်ထောင့်အရပ်နှင့် အနောက်မြောက်ထောင့်အရပ်တို့မှ အုတ်လှေကားတစ်စင်းစီ တည်ပေးထားပါသည်။ ဌာပနာဟူသည်...

(က) တန်ဖိုးမဖြတ်နိုင်သောရတနာများ သိုထားရာဖြစ်သဖြင့် ဌာပနာ၊

( ခ ) ဤဘုရား နောင်ယိုယွင်းသောအခါ ပြန်လည်ပြုပြင်ရန် သိုထားသဖြင့် ဌာပနာ၊

( ဂ ) အရိမေတ္တယျဘုရားရှင်လက်ထက် ကျောင်းတော်ဆောက်ရန် အမိဋ္ဌာန် ချက်ဖြင့် သိုထားရာဖြစ်သဖြင့် ဌာပနာ၊

(ဃ) ဘုရားရှင်အား မိမိတို့ အမြတ်နိုးဆုံးရတနာတို့ဖြင့် ပူဇော်ကာ သိုထားရာဖြစ်သဖြင့် ဌာပနာ၊

( င ) ရတနာမည်သည် နတ်စောင့်ရာဖြစ်၍ ယင်းရတနာသိုထားသော် နတ်များသည်လည်း အလိုလိုပင်ဝင်ရောက် စောင့်မည်ကိုရည်၍ သိုထားရာဖြစ်သဖြင့် ဌာပနာ... မည်ပေသည်။

ထိုနေ့ ဌာပနာသွင်းမင်္ဂလာ၏အခမ်းအနားမှာလည်း ခမ်းနားဆန်းပြားလှပါဘိတော့သည်။ သာသနာ့အလံတွေတလူလူ၊ အောင်စည်အောင်မောင်းသံတညံညံ၊ ပရိသတ်ဗိုလ်ပါစုံညီစွာ ပင့်သံဃာဆရာတော်ကြီးကိုးပါးနှင့်တကွ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအမှူးပြုသော သီတင်းသုံးဖော်သံဃာတော်များ၊ မင်းခမ်းမင်းနားအသွင်ဖြင့် ပုဂံဝင်း၊ ရတနာပုံဝင်း၊ ညှော့သည်တော် လားဟူနှင့် ရှမ်းတိုင်းရင်းသားများဖြင့် ထူးခြားလှပါပေသည်။

နတ်ရောလူပါ တသသ အောက်မေ့ရမည့်မြင်ကွင်း၊

နတ် သိကြား ဗြဟ္မာတို့ တလူလူ တလွင့်လွင့် သက်ကြတက်ကြသည့်မြင်ကွင်း၊

http://www.dhammadownload.com



ထိုမြင်ကွင်းများဖြင့် တင့်ရှန်းထွန်းပနေပေရာ နတ်တလူ၏ ကြောင်းရာဖျူပွတ် အတ္တုပတ်ကား ဘွားဘွားကြီးထင်ပေါ်လျက်ပင်ရှိနေခဲ့ပါသည်။ သာသနာတော်ကြီးစည်ပင်ထွန်းကားနေသဖြင့် လူ၊ နတ်၊ ဗြဟ္မာ အားလုံးတို့ လာရောက်ခိုမှီ ပါရမီတော်များ ဆည်းပူးထည့်သိုနေကြသည် ဆိုက မမှားတန်ရာပါပြီ။

သံဃာတော်အရှင်သူမြတ်ကြီးကိုးပါးတို့မှ နမောတဿပါဠိတော် သုံးကြိမ်ပူဇော်ကာ အခမ်းအနားကိုဖွင့်လိုက်လျှင်ပင် တစ်ခဲနက်သော သာဓုခေါ်သံများ မိုးမြေသိမ့်သိမ့်မျှ ထွက်ပေါ်လာပြီးနောက် သတ္တဋ္ဌာန ဘုရားရှင်များကို ပင့်ဆောင်ကြပါသည်။ သတ္တဋ္ဌာနရုပ်ပွားတော်များ အနက် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း ကိုယ်ပွားတော်ကြီးသည် တနင်္ဂနွေထောင့်တွင် ၁၃၆၀ပြည့်နှစ် ကဆုန်လပြည့်နေ့ နံနက်(၈)နာရီ ဗုဒ္ဓဟူးအချိန်တွင် ကိန်းဝပ်စံပယ်တော်မူခဲ့ပါပေသည်။

ထို့နောက်အစီအစဉ်အတိုင်း –

(က) ရုပ်ပွားတော်(၁၀)ဆူအား ဌာပနာထည့်သွင်းပူဇော်ကြခြင်း၊

( ခ ) ဓမ္မစေတီနှင့်ငွေစေတီ(၁၃)ဆူအား ဌာပနာထည့်သွင်းပူဇော်ကြခြင်း၊

( ဂ ) ဘုရားရှင်နှင့်ရဟန္တာတို့၏ ဓာတ်တော်များ ဌာပနာထည့်သွင်းပူဇော်ကြခြင်း၊

(ဃ) ငွေဗောဓိပင်(၁၇)ဆူအား ဌာပနာထည့်သွင်းပူဇော်ကြခြင်း ပြုကြပါသည်။

လက်ဝတ်ရတနာများ ထည့်သွင်းပူဇော်ရာတွင် အလှူရှင်များ ကိုယ်တိုင်ထည့်သွင်း ပူဇော်စေခဲ့ပါသည်။ ထိုသို့ပူဇော်ချိန်တွင် ရွှေဘိုစည်တော်ကြီးအဖွဲ့၏ မြင့်လွန်းခေါင်ဗွေရတုပိဒ်စုံကို ကျူးရင့်သီဆိုသည်မှာ သာယာလှိုက်မောဖွယ်ကောင်းလှပါပေသည်။ လားဟူတိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့သောအကနှင့်တီးမှုတ်သော အိုးစည်ဗုံမောင်းသံတို့သည် နားအေးစိမ့်ချိုလှပါတော့သည်။

http://www.dhammadownload.com



မင်းဘီသိက်ခံဘုရားကုန်းမြေ၌ တစ်ခေတ်တစ်ခါက သာသနာ၏ ဆွေတော်မျိုးတော်တို့သည် ယခုပြန်လည်ဆုံတွေ့ကြရသောအခါ ဝမ်းသာကြည်နူးပီတိထူးများနှင့် မင်းဘီသိက်ခံဘုရား၏ ဓာတာတော်ကို အရှေ့မျက်နှာ အတွင်းမဏ္ဍိုင်မုခ်ဝတွင် ဓမ္မစေတီနှင့်အတူ ဌာပနာသွင်းပူဇော်ခဲ့ပါသည်။ မင်းဘီသိက်ခံဘုရားသို့ ဌာပနာသွင်းပူဇော်ခြင်းပြုကြကုန်သော ရွှေငွေကျောက်မျက်ရတနာများ၏ တန်ဖိုးမှာ ကျပ်သိန်းသုံးဆယ်နီးပါးဖြစ်ပါသည်။

ဌာပနာသွင်းပူဇော်ခြင်းပြီးသည်နှင့် သံဃာတော်အရှင်သူမြတ်ကြီး(၉)ပါးတို့က 'ဇယန္တော ဗောဓိယာမူလေ' ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ကျူးရင့်တော်မူကြပါသည်။ ကြက်ပျံမကျသော ပရိတ်သတ်ကြီး၏ သာဓုခေါ်သံများနှင့် တစ်ဆက်တည်း "အောင်ပြီ... အောင်ပြီ"ဟူသော ကြွေးကြော်သံများတစ်ခဲနက်ပေါ်ထွက်လာပါသည်။ ထို့နောက် ပရိသတ်အပေါင်းတို့သည် ဘုရားပတ်လည်တွင် ဖြန့်ခင်းထားသော ကုန်းဘောင်အောင်မြေပေါ်တွင် အောင်မြေနင်းကြပါသည်။

ထို့နောက် အတွင်းဌာပနာတိုက်တော် သံတံခါးကြီးအား ဝရိန်မှတ်စက်ဖြင့် အပြီးသတ်ပိတ်ခဲ့ကြပါသည်။ ၎င်းသံတံခါးကြီးမှာ အလျား (၆)ပေ၊ အနံ(၂ပေ ၆လက္မ)နှင့်ထုထည်ငါးမူးထုရှိပြီး မျက်နှာပြင်ပေါ်တွင်...

၁၃၆၀ ပြည့်နှစ်

မြန်မာပြည်အရပ်ရပ်၌

တောရပ်မှီပျော်နေလေ့ရှိသော

ဝနဝါသီဥဿယျဓမ္မသာမိထေရ်

အမှူးပြု၍

မြန်မာပြည်သူပြည်သား

အများကောင်းမှု

ဟူ၍ ကမ္ပည်းမော်ကွန်း ရေးထိုးမှတ်တမ်းတင်ထားပါသည်။

သုဝဏ္ဏသျှမ်စာစဉ်

http://www.dhammadownload.com



ဤသို့လျှင် ဌာပနာတိုက်တော်ပိတ်ခြင်းအမှုသည်လည်း ၁၃၆၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ နံနက်(၁၀)နာရီ(၅)မိနစ်အချိန်တွင် အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

## ထီးတော်တင်မင်္ဂလာ

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဂုဏ်အစုံကြောင့် မင်းဘိသိက်ခံဘုရားကြီးသည် မြေသန့်ပန္နက်တင်သည်မှစ၍ ထီးတော်တင်လှူပွဲအထိ တစ်နှစ်တာကာလအတွင်း အောင်မြင်တော်မူခြင်းသို့ ရောက်ရှိတော်မူခဲ့ပါသည်။ ထိုသို့အောင်မြင်တော်မူသော မင်းဘိသိက်ခံဘုရား ငှက်ပျောဖူးတော်၏ အင်္ဂါထောင့်တွင် သရီရဓာတ်တော်များနှင့် သပိတ်မှောက်တော်၏ အရှေ့တောင်ထောင့် အင်္ဂါအရပ်တွင် ဘုရားရှင်၏ အသွေးတော်များမှဖြစ်သော ဓာတ်တော်များ၊ အသားတော်များမှဖြစ်သော ဓာတ်တော်များ၊ အရိုးတော်များမှဖြစ်သော ဓာတ်တော်များကို ၁၃၆၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့တွင် ထပ်မံထည့်သွင်းပူဇော်ကြပါသည်။

မင်းဘိသိက်ခံဘုရား၏ ထီးတော်တင်လှူပွဲကိုကား ၁၃၆၀ပြည့်နှစ်၊ တပေါင်းလအခါသမယတွင် ကျင်းပကော်မူခဲ့ပါသည်။ တပေါင်းလဟူသည် ကမ္ဘာမြေကြီး စတင်ပေါင်းစည်းမိရာ လပေမို့ အတိတ်နိမိတ်ထူးခြားလှသည်နှင့်အညီ သာသနာတော်ကြီး၏ ဆွေတော်မျိုးတော်များ၊ ဓမ္မမိတ်ဆွေများ၊ ဝေနေယျများစုံညီပေါင်းစည်းမိရာ အခါကောင်းဖြစ်ပေသည်။ ဤမင်းဘိသိက်ခံဘုရားထီးတင်ပွဲသည် နတ်တလှူတောရ၏ ဒုတိယအကြိမ်မြောက် တပေါင်းပွဲတော်ကြီး၏ အထွတ်အထိပ်ဖြစ်သော အောင်မြင်မှုကို ပြသနိုင်ခဲ့ပေသည်။ ရှမ်းပြည်အရှေ့ပိုင်းမှ ရောက်လာကြသော လားဟူ လီရှောတိုင်းရင်းသားများ၊ တောင်ကြီးမီးပုံးပျံအဖွဲ့၊ ရှမ်းသိုင်းအဖွဲ့၊ အဝေးအနီးမြို့ကြီး မြို့ငယ်၊ ကျေးရွာနယ်ပယ်အသီးသီးမှ ရောက်လာကြသော သိန်းချီသောပရိသတ်ကြီးက ပေါင်းစည်းမှု၏လက္ခဏာကို သက်သေထူနေပေတော့သည်။ ပင့်သံဃာ(၆၄)ပါး တို့ကိုလည်း ကြီးမားသော

http://www.dhammadownload.com



သံဃာ့ သမဂ္ဂီအဖြစ် ဖူးမြင်ကြရပေသည်။ ထီးတော်တင်ပွဲကျင်းပ အောင်မြင်ရေးအတွက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကိုယ်တိုင် နေ့ညမအားကြပ်မတ်စီမံတော်မူလျက် နတ်တလူသာသနာပြုအသင်းကြီး၏ အကျိုးဆောင်များလည်း မနားမနေပြင်ဆင်လုပ်ဆောင်ခဲ့ကြရသည်။ သာစည်၊ ပျဉ်းမနား၊ ရန်ကုန်သာဟိကာအသင်းများမှလည်း အင်တိုက်အားတိုက်ပါဝင်ခဲ့ကြသည်။

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၄)ရက်၊ တနင်္ဂနွေနေ့၊

မင်းဘိသိက်ခံဘုရား ရွှေထီးတော်တင်လှူပွဲမြင်ကွင်းကား မမေ့နိုင်စရာ။

သာသနာ့ အလံကိုင်အဖွဲ့၊ ရွှေထီးတော် ထီးဖြူတော်အဖွဲ့၊ အောင်စည်အောင်မောင်းအဖွဲ့၊ နတ်ပြဟ္မာအသွင်ဖြင့် ဒေဝါဝင်းအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ နိုင်ငံတော်အကြီးအကဲမိသားစု၊ ညွှန့်သည်တော်များ၊ ထို့နောက် မင်းခမ်းမင်းနားအသွင်ဖြင့် ရတနာပုံရာဇာဝင်းနှင့် ပုဂံရာဇာဝင်းတို့ ခြံရံလျက် သရဖူရွှေထီးတော်ကြီးအား သာဝကကြီး (၂၄)ဦး ပင့်ဆောင်လာခြင်း၊ ဘုရားဒကာ၊ ဒကာမများ၊ ထီးဒကာ၊ ဒကာမများ၊ သာဟိကာအသင်းများ၊ လားဟူ လီရှော ရှမ်းတိုင်းရင်းသားများ၊ အနယ်နယ်အရပ်ရပ်မှ ညွှန့်သည်တော်များ... အားလုံးကို ကုန်စင်ပြည့်စုံအောင် မဖော်ပြနိုင်တော့သည်အထိ စည်ကားများပြားလှပါဘိသည်။

မင်းဘိသိက်ခံဘုရား၏အင်္ဂါထောင့်တွင် ဘုရားကိုမျက်နှာမူဆောက်လုပ်ထားသော နေရာတော်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် သံဃာတော်အပေါင်းတို့အလယ်တွင် နေမင်းလမင်းတို့၏ တင့်တယ်ခြင်းဖြင့် စံပယ်တော်မူလျက် တစ်ခဲနက်သော ပရိသတ်၏ ဖူးမြော်ခြင်းကို ခံယူနေပေသည်။

အချို့သော ပရိသတ်ကြီးက ကြိုတင်ဝေငှဓမ္မဒါနပြုထားသော မင်းဘိသိက်ခံဂါထာတော်ဖြင့် မင်းဘိသိက်ခံဘုရားကို ရှိခိုးပူဇော်နေကြသည်။

http://www.dhammadownload.com



**ပဋ္ဌမာရော ဖယေဖေဇ္ဇေ**

**ဒမေမေတ္တံစ၊ သေနိယော**

**ဒေသော ဝေဒိတာ လောကံ**

**မံ စာရေတု မင်းဘိသိက်ခံ။**

## အနက်အဓိပ္ပါယ်အကျဉ်းမှာ

အကြင် အရှင်မြတ်သည် မာရ်ငါးပါးကိုအောင်တော်မူခြင်းကြောင့် လောကတွင် အမြတ်ဆုံး အကြီးဆုံးတည်း။ လောကသုံးပါးတို့၏ ဦးအတိုက်ခံ မင်းအမှန်တည်း။ လာရောက်တိုက်ခိုက် ရန်စစ်သည် အမိုက်တို့ အားလုံးကိုလည်း စေးလှံမဖက် မေတ္တာစိတ်သက်သက်ဖြင့်သာ ဆုံးမတော်မူတတ်သောကြောင့်လည်း လောကတွင် အမြတ်ဆုံး၊ အကြီးဆုံးတည်း။ အောင်သူတကာတို့၏ထိပ် ဘိသိက်ခံခြင်းတည်း။ ရှိရှိသမျှ ဝေနေယျအစားစားများကိုလည်း ကိုယ်တော်နှင့်မခြား အလားတူ ကံကျိုး၊ ဈာန်ကျိုး၊ ဉာဏ်အကျိုးနှင့် တန်ခိုးတေဇ ကျိုးဖလကို မျှဝေခံစားစေတော်မူပါ၏။

ထိုဘုရားမြတ်သည် တပည့်တော်အား မှန်ရာကိစ္စ ဒိဋ္ဌအောင်မြင် အောင်ပွဲဆင်အဖြစ်သို့ တန်ခိုးတော်အဟုန်၊ ဘုန်းတော်အစုံဖြင့် လွှမ်းခြုံ ကူထောက် ချီးမြှောက်ပေးသနားတော်မူပါဘုရား။

မင်းဘိသိက်ခံဘုရား၏တောင်ဘက်မှာ ပန်းရထားလမ်းဖြင့် ထီးတော်ကြီး၏အစိပ်အပိုင်းများ တစ်ခုပြီးတစ်ခု တင်လှူပူဇော်ခဲ့ကြသည်။ အစီအစဉ်များ တစ်ခုပြီးတစ်ခုဆက်နေတော့သည်။

ရွှေထီးသရဖူ တင်လှူခြင်းပြီးသောအခါ ရတနာခုနစ်ပါးတို့ခြံရံ လျက်စီမံထားသော စိန်ဖူးတော်ကြီးကို တင်လှူဆက်ကပ်ကြပြန်ပါသည်။ ထိုအချိန်တွင် သာသနာတော်ရှည်မြင့်စွာ တည်တံ့ပါစေရန် ရည်သန်၍ မင်းဘိသိက်ခံမော်ကွန်းဖြင့် ပြိုင်တူရွတ်ဆိုပူဇော်ကြပြန်ပါသည်။

**အစိန္တေယျ၊ အပ္ပမေယျ၊ ဇေဋ္ဌ၊ သေဋ္ဌ**

http://www.dhammadownload.com



အနန္တကံ၊ အနန္တဉာဏ်၊ အနန္တဘုန်းလျှံ၊ အနန္တတန်ခိုးရှာန်၊ ဖြိုးဖြိုးလျှံကြွ၊ ဗိုင်းရံခဖြင့်၊ နှိုင်းမရတူ၊ ဘက်မပြုကြောင့်၊ လူအမင်းမင်း၊ နတ်မင်းမကွာ၊ ဗြဟ္မာမကြွင်း၊ အမင်းမင်းတို့၊ ဝပ်ဆင်းကော်ရော်၊ ဖူးမြော်မာန်ချ၊ ဦးခိုက်ရသည့်၊ သကျနွယ်ဖွား၊ ရှင်တော်မြတ်ဘုရား... ။

ရှင်ပင်ဘုရား၊ စိုးပိုင်ထားသော၊ တရားမကိုဋ္ဌ၊ မင်းယဉ်ပိုက်၏၊ အရိုက်အရာ၊ ဆက်ခံသာဖို့၊ အာဏာတော်စု၊ မိန့်ခွင့်ပြုသည့်၊ ဓာတုမွေ့၊ ဥဒ္ဒိဿနှင့်၊ ဘောဂသညီ၊ မွေ့သရီတို့၊ ကိန်းတည်နာမ်ချဉ်း၊ ဓာတ်သက်နှင်းကြောင့်... ။

မင်းဘိသက်ခံ၊ နာမံထင်ရှားရှင့်ကိုယ်ပွားအား၊ ကျွန်ကားခိုလှုံ၊ ဆယ်ဖြာရုံလျက်၊ ဆယ်စုံဒါန၊ ဆယ်သီလဖြင့်၊ ဦးချမာန်ခွာ၊ ကန်တော့ပါ၏။

တစ်ဖြာပိုင်းခြား၊ တွဲဖက်အားဖြင့်၊ ဆပွားကြည်ယုံ၊ သဒ္ဓါထုံလျက်၊ ဆယ်စုံဒါန၊ ဆယ်ဝရသို့၊ စိတ်မှမကွာ၊ ဆုပန်ပါ၏။ ဆယ်ဖြာအထု၊ ဤကောင်းမှုနှင့်၊ တောင်းဆုမွေ့ခံ၊ မြတ်ဆုပန်ကား၊ ကြံတိုင်းလျှင်အောင်၊ ဆောင်တိုင်းလျှင်ပြီး၊ ဆောင်းရွှေထီးဖြင့်...

ပြည့်ကြီးနိဗ္ဗာန်၊ ဘိသိက်ခံသည်၊ စိတ်ကြံလျှင်ဆော ပြည့်စေသော... ၊

သဗ္ဗညုမြတ်ရှင်စော၊ သြကာသ... သြကာသ... ။

ရှင်းလင်းချက် ။ ။ ဆယ်စုံဒါနမှာ လက်ဆယ်စုံ(ဝါ)သစ်သီး ဆယ်မျိုး၊ ပန်းဆယ်မျိုးစသည် ... ။

ဆယ်ဒါန = ပါရမီဆယ်ပါး။

ဆယ်ဝရ = မဂ်လေးပါး ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ပေါင်း (၁၀)ပါး။

ဤသို့ဖြင့် ၁၃၆၀ပြည့်နှစ်၊ တပေါင်းလဆန်း(၁၄)ရက် တနင်္ဂနွေနေ့ နံနက်(၈)နာရီမှ စတင်ခဲ့သောရွှေထီးသရဖူတင်လှူပွဲကြီးသည် နံနက်(၉)နာရီ (၁၀)မိနစ်တိတိတွင် "အောင်ပြီ... အောင်ပြီ"ဟူသောကြွေးကြော်သံများဖြင့် အောင်ပွဲသဘင် ဆင်ယင်နိုင်ခဲ့ပါချေပြီ။

http://www.dhammadownload.com



ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ယနေ့သက်ရှိထင်ရှား ဝေနေယျအများတို့ကိုသာမက ထားကျန်ရစ်သော သာသနာတော်အတွင်းရှိ နောက်နှောင်းလူတို့အတွက်ပါ မေတ္တာထားတော်မူသောကြောင့်...

မင်းဘိသိက်ခံဘုရားသည် လောကုတ်၊ လောကီနှစ်လီသော အကျိုးစီးပွားကို ပြည့်စုံစေ၍ စရဏအကျင့်၊ ဝိဇ္ဇာအကျင့်၊ ဘက်စုံဖြည့်သင့်သော ပါရမီတော်အသီးသီးတို့ကို ပွားစည်းအောင်မြင်ရာ သာသနာပြုအဓိဋ္ဌာန်စခန်းကြီးတစ်ခုအဖြစ် တည်ရှိနေချေပြီ။

ဆရာတော်ဘုရားကြီး၏ လောက ဓမ္မ နှစ်ဌာနနှင့် သာသနာ့အကျိုးတော်များ ပြန့်ပွားစည်ပင်စေရန် ချမှတ်ကြိုးပမ်းချက်များသည် တိုင်းသားပြည်သူ များဗိုလ်လူတို့အား မှားနေသောလမ်းကြောင်းထဲမှ သတိကောင်း၊ အသိကောင်းတို့ဖြင့်ယှဉ်လျက် အကျင့်ကောင်း၊ အကျင့်မြတ်များ ပွားများအားထုတ်စေရန် ရည်သန်တော်မူခဲ့ပါပေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အဓိဋ္ဌာန်ပြည့်မြောက်တော်မူသော မင်းဘိသိက်ခံသည် သတင်းဖိတ်လျှံစွာဖြင့် သာသနာ၏အလင်းတံဆိပ်တော်များ ခပ်နှိပ်လျက် သူတော်စင်အပေါင်းတို့ ခိုအောင်းမှီခိုကျင့်ကြံလိုရာ မင်းဘိသိက်ခံအလိုတော်ပြည့် ဘုရားတစ်ဆူအဖြစ် ကမ္ဘာတည်သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါသည်။

ကျေးဇူးရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အဓိဋ္ဌာန်ဖြင့်တည်ထားခဲ့သော လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ဖြင့်ပြည့်လျှမ်းစေသော မင်းဘိသိက်ခံဘုရားကို ဤသို့ပူဇော်ဆုတောင်းကြပါစို့။

မင်းဘိသိက်ခံ၊ တံဆိပ်နှံသား၊ ဗိမ္ဗကိုယ်ပွား၊ ရှင်တော်အားလျှင်၊ ဝပ်တွားမပြတ်၊ ဆည်းကပ်ရှိသေ၊ တစ်ထွေရေချမ်း၊ ဆီမီးပန်းနှင့်၊ ဆွမ်းဘောဇဉ်စု၊ ပွဲဝင်ဆုဖြင့်၊ အာရုံပြု၏၊ လှူဒါန်းမှုကံ၊ အကြောင်းဖန်လျက်၊ ပန်ဆင်ဆုခင်း၊ တောင်းခံခြင်းကား...

http://www.dhammadownload.com



* မင်းဘိသိက်ခံ၊ တံဆိပ်နှံ၊ စိတ်ကြံအရှိ ပြည့်စေသော်... ။
* မင်းဘိသိက်ကို၊ အရိပ်ခို၊ စိတ်ကိုယ်ရန်ဘေး အေးစေသော်... ။
* ဘိသိက်မှာတွင်၊ သိက္ခာတင်၊ ဝိဇ္ဇာသခင်ဖြစ်စေသော်... ။

ကိုးကား

* နတ်တလှသာသနာပြုအသင်းမှ ဖြန့်ချိသော မင်းဘိသိက်ခံဘုရားဖြစ်စဉ်အကျဉ်းချုပ်၊
* ၃-၃-၉၉ ထုတ် ပေါ်ပြူလာဂျာနယ်မှ မောင်သွေးချွန်၏ဆောင်းပါး။

[ အတွဲ-၁၊ အမှတ်-၆၊ ဖွန်လ ၂၀၀၀ ပြည့်၊ အပ္ပမာဒမဂ္ဂဇင်း ]

မောင်သွေးချွန်

http://www.dhammadownload.com

# မဟာဗောဓိမြိုင်ဆရာတော်၏တရားတော်များ

## မောင်သွေးချွန် စုစည်းပူဇော်ခဲ့သမျှ

၁။ ကိလေသာတောင်တန်းကြီး
၂။ အမေ့အတွက် မမေ့တရား
၃။ ဘာ့ကြောင့်-၁
၄။ ဘာ့ကြောင့်-၂
၅။ အောင်မြင်ကြီးပွား မင်္ဂလာခြေလှမ်းများ
၆။ အစစ်အမှန်အောင်နိုင်ခြင်း
၇။ ပယ်လမ်း လျှောက်လမ်း ပေါက်စခန်း
၈။ မသိရာမှ သိရာသို့(အလုပ်ပေးတရားစု)
၉။ တံခွန်ထူ နတ်လူ သိစေသား
၁၀။ ဘဝသေမှ ဘဝရှင်သို့(ဗုဒ္ဓဘာသာဝင်တို့၏ တစ်နေ့တာပြုကျင့်ရပုံများ)
၁၁။ သုဝဏ္ဏသျှမ်တောင်မှ သုဝဏ္ဏသျှမ်တောင်သို့
၁၂။ ကာမမှ ဓမ္မသို့
၁၃။ ဆယ်ဆ သာရမယ်
၁၄။ တလူလူ တလွင့်လွင့် အဆင့်မြင့်လူ
၁၅။ အကြွေးရှင်း ကြွေးကင်းတရားစု
၁၆။ အကောင်းဆုံးကို ရအောင်ယူ
၁၇။ နတ်တလူ အလုပ်ပေး တရားစု
၁၈။ လမ်းနှင့်ပန်းတိုင်
၁၉။ သီလဂုဏ်ရည် ရွှေတိုင်းပြည့်
၂၀။ ပါရမီတို့၏သဘောသရုပ်
၂၁။ နီတိနှင့်ပီတိ
၂၂။ ပေါင်းကူးမြှင့်တင်တရားစဉ်
၂၃။ ဘာ့ကြောင့် ၁+၂ ပေါင်းချုပ်
၂၄။ မြတ်ဗုဒ္ဓ၏နဝဂုဏ်တော်
၂၅။ ဘဝကြမ်းမှ ဓမ္မလမ်းသို့(မြောင်းမြဝါးကျောင်းဆရာတော်ဦးပဏ္ဍိတ + အရှင်ဝိမလ)
၂၆။ လမင်း၏အလင်းသစ္စာ
၂၇။ မသိရာမှ သိရာသို့ + နတ်တလူ အလုပ်ပေးတရားစုပေါင်းချုပ်
၂၈။ မေတ္တာဟူသည် ညီမျှခြင်း

http://www.dhammadownload.com

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၁၁

ကျေးဇူးတော်ရှင်

## မဟာဗောဓိမြိုင်ဆရာတော်

၏

# ကိလေသာဖောင်တန်းကြီး

(မမ္မဆိုင်ရာ ပုံပြင်၊ အလင်္ကာ၊ ဒဿန ဩဝါဒများ)

## မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ တာဝန်ခံမြင့်ပြုချက်အမှတ် - ၇၈၆/၂၀၀၁(၁၁) ]

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၂

ကျေးဇူးတော်ရှင်

## မဟာဗောဓိမြိုင်ဆရာတော်

၏

# အမေ့အတွက်မမေ့တရား

## မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ တာဝန်ခံမြင့်ပြုချက်အမှတ် -၅၆၀/၉၉(၁၀)၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၃/၉၉(၁၀)]

ဒုတိယအကြိမ်

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၁၅

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

၏

# ဆယ်ဆသာရမယ်

(ဒုတိယအကြိမ်)

မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ စာမူခွင့်ပြုချက်အမှတ် - ၇၄၆/၂၀၀၀(၁၀)]

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၁၆

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

၏

# အောင်မြင်ကြီးပွားမင်္ဂလာခြေလှမ်းများ

မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ စာမူခွင့်ပြုချက်အမှတ်-၂၁၂/၂၀၀၂ (၁) ]

ဒုတိယအကြိမ်

http://www.dhammadownload.com

http://www.dhammadownload.com

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၂၀

ကျေးရွာတော်ရှင်

## မဟာဗောဓိမြိုင်ဆရာတော်

၏

# ဘာ့ကြောင့် ၁+၂ ပေါင်းချုပ်

ကြောင်းကျိုးဆက်သဘောအချက်များ

## မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ စာမူခွင့်ပြုချက်အမှတ် -၅၄/၂၀၀၃(၂) ]

သုဝဏ္ဏသျှမ်သာသနာပြုစာစဉ် - ၂၁

ကျေးရွာတော်ရှင်

## မဟာဗောဓိမြိုင်ဆရာတော်

၏

# မြတ်ဗုဒ္ဓ၏နဝဂုဏ်တော်

ဂုဏ်တော်အဖွင့် ဂုဏ်တော်အကျင့်လမ်းညွှန်

## မောင်သွေးချွန်

စု စည်း ပူ ဇော် သည်။

[ စာမူခွင့်ပြုချက်အမှတ် -၅၆၀/၉၉(၁၀)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၃/၉၉(၁၀)]